www.burmeseclassic.com

REAL EVENT CRIME MAGA ZINE

# ပုံရိပ်

အမြင်

NOVEMBER 2013






LUCKY STAR

သားသမီးရတနာ မထွန်းကားသူများအတွက်

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)

Boy Baby 生男孩專方 x + y = ♂

Girl Baby 生女孩專方 x + y = ♀

Twin Baby 雙生兒專方



တိုက်(D)၊ အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email @ sanmy... 5688@gmail.com


www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE

ရှုခင်း အမြှင့် မဂ္ဂဇင်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်စဉ် (၁၀၄)

★ **အယ်ဒီတာချုပ်**

အောင်ကျော်ဇော

★ **တာဝန်ခံအယ်ဒီတာ**

ထက်ထက်ဦးဝေ (B.Sc.Physics)

★ **အယ်ဒီတာအဖွဲ့**

ဦးရဲလွင် (ရဲဘိုင်အို)

ညိုမိအောင် (B.A.Myanmar)

အေးအေးခိုင်

★ **ထုတ်ဝေသူ**

ဦးအောင်လွင် (၀၄၁၄၉)

★ **ပုံနှိပ်သူ**

ဦးမြင့်ဦး(၀၁၅၈၃)

သိန်းသန်းဦးပုံနှိပ်တိုက်

၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

★ **မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်**

မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

**ကာမြင်** ဦးဝင်းတင်

**ဒီဇိုင်း** စည်သူကျော်

**တွန်ပျူတာစာစီ** နေမျိုးအောင်

**တန်ဖိုး - ၃၀၀**

**အုပ်ရေ - ၁၀၀၀**

**ဆောင်းပါး**

- အသဒ်ယာ --၈၅
(ဒုက္ခတွေကြားက အပြုံးလေးတစ်ခု)

**နိုင်ငံတကာသတင်း**

ဆောင်းပေါ်မန် - - ၁၄၈

**ဇာတ်လမ်း**

- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် - - ၁၅၈
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်



**ရှုခင်းအမြှင့်မဂ္ဂဇင်း**

အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၃၈၅၃၆၉၊ ၀၉-၄၉၂၉၄၂၁၈

www.burmeseclassic.com

www.burmeseclassic.com

## မှုခင်းဝတ္ထု


- နွေအလွန် --- ၁၄
(မမြင်နိုင်သော နှောင်ကြိုး)
- ရှင်လွန်းမယ် --- ၃၂
(မျက်ဝန်းတစ်စုံရဲ့နောက်ကွယ်)
- ထွန်းအုံ့ဝေ (ခနဖြူ) --- ၄၂
(နှလုံးသွေးနဲ့ရေးတဲ့စာ)
- ဉာဏ်မင်း --- ၆၀
(အသိတရားကို ဆန္ဒကအနိုင်ယူသော်)
- ထားဝယ်လေး --- ၆၉
(အမေ့ကိုဘယ်လိုပြောရမှာလဲ)
- မောင်သိန်းနိုင် --- ၈၀
(တယ်လီဖုန်းသံစဉ်များ)
- ဟန်ထွဋ်အောင် --- ၉၀
(ဝဋ်ကြွေး)
- ခင်ဦး (ပုတီးကုန်း) --- ၉၈
(ချစ်ဝိညာဉ်ရှိရာ)
- ဆုမွန်ဦး (ဟသ်ာတ) --- ၁၀၆
(အလင်းမဲ့ဆည်းဆာ)
- ရေနဂါး --- ၁၁၆
(သတင်းထောက်ကြီးရဲ့အမေ)
- ထက်ထက်ဦးဝေ --- ၁၂၄
(ကောင်းကျိုးကိုယ်၌တည်စေချင်)
- အောင်ကျော်ဇော --- ၁၃၈
(ပန်သစ္စာ) (အခန်းဆက်ဝတ္ထု)


## ကာတွန်း


အေကော၊ ရွှေကိုဦး၊ သူရိန်၊ ဒီကျေ၊ မောင်တင်ယု။


## ကဗျာ


ဒီလူညာ၊ သွန်းနှင်းဆွေ (ကျောင်းကုန်း)။
မင်းငြိမ်းခေ၊ မောင်လွမ်းနိုင် (စံပယ်ငုံ)။
ဆုမွန်ဦး (ဟသ်ာတ)။ မောင်ထည်ဝါ (မျော်ဘွယ်)။
မင်းထက်သာညီ (တောင်ငူ)။ မင်းကြွယ်စင်သွန်း။




www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) ၀၆၇-၄၁၂၂၀၁
- အထူးအဖွဲ့(မြစ်ကြီးနား) ၀၇၄-၂၂၃၃၆
- အထူးအဖွဲ့(ဗန်းမော်) ၀၇၄-၅၀၁၉၉
- အထူးအဖွဲ့(လွယ်ဂျယ်) ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်)
- အထူးအဖွဲ့(မူဆယ်) ၀၈၂-၅၂၈၉၀
- အထူးအဖွဲ့(လောက်ကိုင်) ၀၈၂-၇၂၀၀၃/၇၂၀၃၆
- အထူးအဖွဲ့(လားရှိုး) ၀၈၂-၂၃၀၁၇/၀၉၅၂၃၅၉၆၂
- အထူးအဖွဲ့(တောင်ကြီး) ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇
- အထူးအဖွဲ့(ကျိုင်းတုံ) ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄
- အထူးအဖွဲ့(တာချီလိတ်) ၀၈၄-၅၃၀၂၂
- အထူးအဖွဲ့(မြဝတီ) ၀၅၈-၅၀၂၆၈
- အထူးအဖွဲ့(မော်လမြိုင်) ၀၅၇-၂၆၉၈၃
- အထူးအဖွဲ့(ကော့သောင်း) ၀၅၉-၅၁၉၈၁
- အထူးအဖွဲ့(မြိတ်) ၀၅၉-၄၁၀၄၁/၄၁၀၀၄
- အထူးအဖွဲ့(ပုသိမ်) ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉
- အထူးအဖွဲ့(ရန်ကုန်) ၀၁-၂၀၇၅၁၆/၀၉၅၀၁၂၈၈၂၆
- အထူးအဖွဲ့(ပဲခူး) ၀၅၂-၂၁၀၃၀/၂၁၂၅၉
- အထူးအဖွဲ့(စစ်တွေ) ၀၄၃-၂၃၆၂၅
- အထူးအဖွဲ့(မောင်တော) ၀၄၃-၅၅၀၈၉
- အထူးအဖွဲ့(ကလေး) ၀၉၄၇၀၇၂၂၀၂
- အထူးအဖွဲ့(မကွေး) ၀၆၃-၂၃၃၇၄/၂၅၀၁၆
- အထူးအဖွဲ့(မိတ္ထီလာ) ၀၆၄-၂၄၇၁၄/၂၃၀၅၄
- အထူးအဖွဲ့(မန္တလေး) ၀၂-၇၃၈၃၀
- UNIAP ၀၁-၂၅၄၈၅၂/၂၅၄၈၅၃

အထူးအဖွဲ့- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မွေးရပ်မြေသို့ အလည်တစ်ခေါက်

သွန်းနှင်းဆွေ (ကျောင်းကုန်း)



◎ တို့ငယ်ငယ်က
ရွာအဝင်.....ခရေပင်ရိပ်
အမောဖြေ ချွေးသိပ်
မှေးအိပ်ခဲ့ဖူးတယ်။

◎ တို့ငယ်ငယ်က
လသာတဲ့ညမှာ
ထုပ်ဆီးတိုးတမ်း၊ ဖန်ခုန်တမ်းနဲ့
စိန်ပြေးတမ်းလည်း ကစားခဲ့ဖူးတယ်။

◎ တို့ငယ်ငယ်က
တို့ရွာတစ်ခို ပြို့မလိုနဲ့
မိုးတွေညို့ရင် ဖိုးချို၊ ဖိုးငို
ညီအစ်ကိုနဲ့
လယ်ကွင်းကိုထွက် ကြွက်တွင်းတွေလည်း
တူးခဲ့ဖူးတယ်။

◎ အရွယ်ရောက်လို့
ကြီးပြင်းတဲ့အခါ တစ်နေရာစီထွက်ခွာ
မွေးရပ်ရွာသို့ မရောက်ဖြစ်တာ
အတော်ကြာပေါ့။

◎ ငယ်ကပေါင်းသင်း သူငယ်ချင်းတွေ
ဆံဖြူ သွားကြွေ သေတဲ့သူသေ
သားတစ်ထွေ မြေးတစ်လှေနဲ့
နေတဲ့သူတွေလည်းရှိ ဝေနေတာကတော့
တို့ရွာအဝင် ခရေပင်ကြီး။

◎ ခရေပင်အောက်
ခဏအမောဖြေ ခရေမြစ်ဆုံဘေး
တစ်ရေးအိပ်ပြီး
ငယ်ကအကြောင်း ထပ်လောင်းတွေးကာ
ခရေရိပ်က ခွာခဲ့တယ်။ ။




www.burmeseclassic.com

www.burmeseclassic.com



# အပယ်ခံကဗျာ

မင်းထက်သားညီ (တောင်ငူ)



ရာသီတိုင်း နာရီတိုင်း
အတ္တပင်လယ်မှာ ရှက်လွင့်လို့
သမုဒယတွေ၊ ကရုဏာရေကြည်တွေနဲ့
ဝေးရာမှာနေထိုင်
မာန်မာနအလံကို မလဲစတမ်း စိုက်ထူထား
သခါရတရားနဲ့ ကုသိုလ်တရားတွေကို
မျက်နှာလွှဲခဲပစ်လုပ်ပြီး အသက်ရှူနေလေရဲ့။

နာမည်ကြီးဖို့အတွက်ဆို
သားသမီးကိုတောင် ခုတုံးလုပ်ထား
မိတ်ဆွေများရဲ့ နောက်ကျောကို
ဓားနဲ့ထိုးဖို့လည်း ကြံစည်တတ်
ကျေးဇူးတရားတွေ သိဖို့
စာအုပ်တွေ မဖတ်ထားဘူး
မေတ္တာတရားတွေ ပြန့်ပေးဖို့
မိဘစကားက နားစည်ထဲမှာ မရှိဘူး။

ကိုယ်ကျင့်သိက္ခာ စိန်ပွင့်တွေ လက်လက်ထနေတာဟ
ပေါင်မုန့်ထောပတ်သုတ်တစ်ပွဲလောက်
ကြီးကျယ်ခမ်းနားမှု မရှိပါဘူးလို့
ကြက်ခြေခတ်ဝါဒတွေနဲ့.....
လမ်းမှားတဲ့ ခြေလှမ်းတွေနဲ့.....
ကြုံရာသစ်ပင်မှာနား.....
တွေ့ရာစင်မြင့်မှာ သီချင်းဆို.....
ပျိုမျစ်နုနယ် တင့်တယ်ဖို့၊ ဘဝကူးကောင်းဖို့
သီလတရားနဲ့ မိတ်ကပ်အဝတ်အစား ဒီဇိုင်းပညာရှင်
မရှိတဲ့သူဟာ
လက်ရှိ သတ္တကမ္ဘာကြီးမှာ
"အပယ်ခံကဗျာ"ဖြစ်လို့နေတာ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ရုပ်သေးရုပ်

ကိုယ့်ဘဝ ကိုယ်မပိုင်
ကျုပ်အဖြစ်က
ကိုယ့်ဘဝခရီး ကိုယ်ကိုယ်တိုင် ဖန်တီးနိုင်တာမှမဟုတ်ဘဲ
မော်ကြွားဖို့ နေနေသာသာ
ထောင်လွှားဖို့ နေနေသာသာ
မာနဆိုတာ ဝေလာဝေး
ပကာသနဆိုတာ ဝေလာဝေး
ကြိုးကိုင်သူကို မျက်နှာချိုသွေးလို့
တစ်နေ့တစ်နေ့ အသံမဲ့တေးတွေကိုပဲ
ရွတ်ဆိုပြီး နေခဲ့ရတယ်။
သူက သီချင်းတွေဆို
ကျုပ်ကိုတော့ ကြိုးဆွဲပြီးကခိုင်း
အသံကောင်းတော့ လူတွေက သူ့ကိုချီးမွမ်း
အသံမကောင်းတော့ လူတွေက ကျုပ်ကိုအပြစ်တင်
ခြောက်.....
ကျုပ်ဖြစ်အင်က
ဟန်မကျ
ရုပ်သေးရုပ်တစ်ရုပ်ရဲ့ဘဝ။ ။

ဆုမွန်ဦး (ပုသိမ်)





www.burmeseclassic.com

www.burmeseclassic.com



# ပန်းသစ္စာ

စိမ်းကားနွဲ့ကြုံ၊ လှမ်းမပန်လည်း
နန်းဆန်လျက်ပါ မွှေးမြဲသာ။
ဂုဏ်တု၊ ဂုဏ်ထည်၊ ပေးမဝယ်လည်း
မွှေးကြွယ်သင်းဘိ သူ့သတ္တိ။
မပန်ချင်ပစ်၊ နင်းချေရစ်လည်း
ပစ်သည့်နေရာ ဆွတ်ပျံ့ဖြာ။
အကိုက်ကိုဆစ်၊ သရစ်ကိုဖြတ်
ပွင့်ဖတ်ကိုမွှေ၊ ရိုက်ချခြေလည်း
မြေထဲ လေထဲ၊ မွှေးနေဆဲပါ
အသည်းကြီးကြီး ဖွဲ့ကြီးကြီး။
မဆင်သင့်၍၊ လွှင့်ချင်လွှင့်ဦး
မချစ်ချင်၍၊ ပစ်ချင်ပစ်ပါ
သစ္စာမေတ္တာ၊ မပြယ်ပါတည့်
မြေမှုလည်းမွှေး၊ လေထဲတွေးအံ့
ဈေးသောအသည်း၊ မပြောင်းလဲပါ
ကြည်ဆဲရနံ့၊ တည်မြဲသန့်၏
ဆွတ်ပျံ့မွှေးချို၊ လှုလည်းပို၏
အို့ အသင် ပန်းလိုသစ္စာရှိပါစေ။
ပန်းလိုသတ္တိရှိပါစေ။
ပန်းလိုထုံသင်းမြဲပါစေ။ ။



**မောင်လွှမ်းနိုင်** (စံပယ်ငုံ)



www.burmeseclassic.com

www.burmeseclassic.com



# မရှိတဲ့မှတ်စု

◎ ထစ်ခနဲဆို ထိုးမယ်ကြိတ်မယ်ဆိုပဲ
နွေရာသီက အတိတ်မေ့နေတော့
ပိုးမွေးသလို မွေးရတဲ့ဒဏ်ရာက
တစ်ခါတလေတော့ မာန်တက်ချင်ရဲ့။

◎ အစကတည်းက ဒီခရီးကို အဆုံးသတ်ဖို့
ဟိုဘက်ကမ်းက မီးထိန်ထိန်လင်းနေခဲ့တာ
ဒါပေမဲ့
ညဟာ ဘယ်တော့မှ ဒူးမထောက်ခဲ့ဘူး
ခုထက်ထိပါပဲ။

◎ အမေ့ဖို့ဆိုတဲ့စကားတွေ အော်မပြောခဲ့ဘူး
အဖေ့ဖို့ဆိုတဲ့စကားတွေ အန်မပြခဲ့ဘူး
နေ့ဟာနေ့
ညဟာနေ့
အဲသလို ခွဲမှတ်ပြီး
မေတ္တာဓာတ်နဲ့ ခြုံအိပ်တတ်ဖို့
ပူပြင်းလှတဲ့ ဆောင်းနှင်းတွေကြား
ကိုယ့်တရားကိုယ်စီရင်
ဆန်ရေထဲ မျောပါဖို့ လက်ပစ်ကူးနေတယ်။ ။



ဒီလူညီ



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြေနန်းသို့



ငါ့ညီစွမ်းနိုင်၊ မျိုးဂုဏ်ပိုင်ရေ.....
သမိုင်းခေတ်မှာ၊ အရိုင်းမဖြစ်
သစ်လွင်တက်ကြွ၊ စိတ်ဓာတ်လှလွန်း
တန်ခိုးသွန်းဖြိုး၊ ဇမ္ဗူကျွန်းယာ
တို့မြန်မာသွေး၊ ကမ္ဘာ့ရေးမှာ
ဈေးဈေးနီတောက်၊ ထိပ်တန်းရောက်တာ
မင်း သိမှာပါ။

တောင်တွေးမြောက်တွေး၊ တောင်ယောင်မြောက်ယောင်
သန်းခေါင်ယံမှာ၊ ရှာဖွေလရောင်
မီးရောင်ငတ်လင့်၊ ကြယ်ကြွေလွင့်နိုး
မျှော်ကိုးစိတ်ဓာတ်၊ ပြတ်ဖို့လိုပြီ။

ခေတ်ကိုပြစ်တင်၊ ရပ်နေလျှင်တော့
သမင်မျိုးလို၊ ကျားဆိုးတွေကြောင့်
စိုးနှောင့်ဗျာမွေ၊ ဘာတွေဖြစ်မယ်
သိတယ်မဟုတ်လား။

ကိုယ့်မီးကိုယ်ထွန်း၊ ကိုယ့်ကျွန်းသာအောင်
စွမ်းဆောင်ရာမှာ၊ ဝတ်ကာစားကာ
ဂုဏ်တုကာဖြင့်၊ လွင့်လာအမှိုက်
ပြည်ခြားတိုက်ကို၊ မင်းမပိုက်နဲ့။

ပြည်ခြားလူမျိုး၊ လွန်ကြိုးစားကာ
စွမ်းတာမှန်ရင်၊ တုယူယှဉ်ပြီး
တို့ပြည်ကြီးကို၊ ခရီးတိုတွင်း
ပြင်းပြင်းနှင်စမ်း။

အောင်မြေနန်းမှာ
အောင်သပြေပန်းတွေ ပွင့်ဝေဖို့
အမောင်ရေ.....
သန်းခေါင်နွေလမ်းကို ဖောက်ထွက်စမ်း။

မင်းကြွယ်စင်သွေး



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတန်ဖိုး

နှစ်ပေါင်းတစ်ရာ၊ သက်ရှည်ကြာလည်း
ခန္ဓာရုပ်နာမ်၊ ဖြစ်ပျက်ဟန်ကို
အမှန်အရှိ၊ မြင်မသိလျှင်
မြူမင်ပိတ်ဖုံး၊ လူဖြစ်ရှုံး၏။

တစ်ရက်တာမျှ၊ သက်ရှင်ရလည်း
ခန္ဓာရုပ်နာမ်၊ ဖြစ်ပျက်ဟန်ကို
ကေန်အရှိ၊ မြင်အောင်ကြည့်မှ
ဘဝတန်ဖိုး၊ အလှတိုး၏။

သူငါမဟုတ်၊ နာမ်နှင့်ရုပ်ကို
ခွဲထုတ်ဆင်ခြင်၊ ဖြစ်ပျက်မြင်လျက်
ဉာဏ်စဉ်တက်၍၊ လေ့ကျက်ပွားများ
ရှုမှတ်သွားက၊ တရားလည်းတွေ့
စိတ်ပျော်မွေ့သည်
ချမ်းမြေ့နိဗ္ဗာန်ရောက်ကြောင်းတည်း။ ။




မောင်ထည့်ဝါ [ပျော်ဘွယ်]



www.burmeseclassic.com

www.burmeseclassic.com

# အသွင်တူရာ



"မြွေမြွေချင်းတော့ ခြေမြင်"
ခြေမြင်သူချင်း
တရင်းတနှီး
တစ်လှေတည်းစီး တစ်ခရီးနှင်
ရန်သူပင်ဖြစ်ငြား
မိတ်ဆွေလိုထင် (မိတ်ဆွေများထင်)။ ။

မင်းငြိမ်းသ



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မမြင်နိုင်သောနှောင်ကြိုး

## နွေအလွန်

လူပျိုကြီး ကိုသက်လွင်သည် အသက်ကြီးမှ အိမ်ထောင်ကျသူဖြစ်၏။ ယူထားသော ဇနီးချောလေးက သူ့ထက် အသက် ၁၀ နှစ်ကျော်ကွာသည်။ သည်တော့ ဘယ်အချိန်၊ ဘယ်နေရာသွားသွား စိတ်မချပေ။ ဥမ္မာစိုးက ဤသည်ကို မကြိုက်ပါ။ သူမအတွက် မလွတ်လပ်၍ စိတ်ကျဉ်းကျပ်နေရ၏။ အခုလည်းကြည့်လေ။ တက္ကစီကားထဲတွင်ရှိနေစဉ် ဖုန်းသံမြည်လာသည်။

"ဘယ်ဆီကို...မင်းရောက်နေလဲ...ဘယ်သူနဲ့ မင်းရှိနေလဲ...ဘာတွေကို...မင်းလုပ်နေမလဲ....တွေးမိပါတယ်.....လွမ်းမောနေ....."

ဖုန်းပါဝါကို မြန်မြန်ဖွင့်လိုက်ရ၏။ နေးကွေးနေလျှင် အားနာရာများ ဖြစ်နေရပေမည်။ ဥမ္မာစိုးမှာ တက္ကစီယာဉ်မောင်းမျက်နှာအားရဲရဲပင်မကြည့်ရဲတော့။

"ဟယ်လို...ကိုကိုသက်၊ ဘာပြောမလို့လဲ"

"မိန်းမ၊ မင်းဘယ်ရောက်နေလဲ"

"တက္ကစီပေါ်မှာ၊ အိမ်ပြန်လာနေပြီ၊ ဒီမှာ လမ်းတွေပိတ်နေလို့"

"ဟုတ်လား၊ ကိုယ် အိမ်ကပဲ စောင့်နေမယ်နော်"

"အင်း.....အင်း၊ ဒါပဲနော်"

တမင်ပင် အလုပ်မရှိအလုပ်ရှာ ပြောနေခြင်းဖြစ်၏။ ရုံးမှပြန်လာလျှင် ဥမ္မာစိုးက အိမ်သို့ပြန်လာနေကျပါ။ ကိုသက်လွင်လည်း အလုပ်တိုက်မှ အိမ်သို့ပြန်၏။ မိန်းမအား သက်သက်စုံစမ်းနေခြင်းဖြစ်သည်။ အိမ်ရောက်မှ Ringtone ကို ပြောင်းခိုင်းမှဖြစ်ပေမည်။ ထိုသီချင်းသံအား ကိုသက်လွင်က သူ့စိတ်ကြိုက် သွင်းထားခြင်းဖြစ်၏။ တစ်ခါတလေတွင် ဥမ္မာစိုးက အစည်းအဝေးခန်းမထဲ ရောက်သည် ဖြစ်စေ၊ အထက်အရာရှိနှင့် စကားပြောနေ စဉ်ဖြစ်စေ ဖုန်းခေါ်သံက စိတ်အနှောင့်အယှက်ဖြစ် စေရသည်။ ပြီးတော့ အားနာစေရပြန်သည်။



သည်တော့ အိမ်ပြန်ရောက်သည်နှင့် ဖုန်း Ringtone သံကိုစွ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောရတော့၏။

"ဒါမှ ယောကျ်ားကို သတိရနေအောင်ပေါ့ကွာ၊ ဩော်.....ငါ့ယောကျ်ား စိတ်ပူနေပါလား၊ ငါ မြန်မြန်ပြန်မှဖြစ်မယ်ဆိုတဲ့ အတွေးမျိုးရအောင်ပေါ့ မိန်းမရာ"

"ဟင့်အင်း.....ကြိုက်ပါဘူး၊ အဲဒီအသံကြီး ပြောင်းပေးပါ ကိုကိုသက်ရာ.....နော်၊ လူကြီးတွေနဲ့ရှိနေရင် အားနာစရာဖြစ်လို့ပါ"

"ဘာအားနာစရာရှိလဲကွာ၊ ကိုယ့်အကြောင်းလည်း သိနေကြတာပဲ၊ မပြောင်းပါနဲ့ မိန်းမရာ"

"ဟင်း....အဲဒါဆို ဖုန်းကိုလဲကိုင်တော့၊ ရှင်လည်း ရှူဆေးဘူးလေးတွေကြားထဲမှာ မိန်းမကိုမေ့နေတာပဲမဟုတ်လား၊ အလုပ်လုပ်နေရင် မိန်းမ ဖုန်းဆက်ရင်တောင် မကိုင်ချင်ဘူး၊ အလုပ်များသလေးဘာလေးနဲ့ ဆင်ခြေပေးတတ်တယ်"

ကိုသက်လွင်က သဘောကျရင်း ပြုံးလိုက်၏။

"ကိုယ်က မင်းထက်အသက်ပိုကြီးတယ်ကွ၊ ကိုယ့်ကို မစဉ်းစားနဲ့"

"ဟင်း.....အသက်ကြီးသူတွေပဲ ပြောရခက်နေတာ၊ စိုးတို့က ကိုယ့်ယောကျ်ားကလွဲပြီး ဘယ်ယောကျ်ားကိုမှ ရင်မခုန်ပါဘူးနော်၊ ယောကျ်ားစိတ်ကုန်မှာပဲ ကြောက်ရတယ်"

ထိုစကားက ကိုသက်လွင်ပြောရမည့်စကားသာလျှင် ဖြစ်ပါလိမ့်မည်။ ငယ်ငယ်ရွယ်ရွယ် ဥမ္မာစိုးက လူချစ်လူခင်များ၏။ မိတ်



ဆွေပေါများ၏။ နောက်ဆုံး ဈေးဝယ်ထွက်လျှင်ဖြစ်စေ ဥမ္မာစိုးကို မတွေ့လျှင် ဈေးရောင်းသူများက "အစ်မ မပါဘူးလား'၊ 'အစ်မကိုမတွေ့တာ ကြာပြီနော်' စသည်ဖြင့် မေးကြသည်။ 'အစ်မကိုချစ်လို့ ပိုပေးလိုက်တာနော်' ဆိုတာကရှိသေး၏။

လမ်းထဲတွင်လည်း ကိုသက်လွင်ထက် ဥမ္မာစိုးက လူသိပိုများပြန်သည်။ ကိုသက်လွင်မှာ သူ့အားနှုတ်ဆက်သူရှိလျှင်တောင် မသိပေ။ 'ဘယ်အခန်းကလဲ'၊ 'ဘယ်သူလဲ' စသည်ဖြင့် မေးတတ်သည်။ သူသိ သူဆို၍ မရှိပေ။ သူ့အနေနှင့် အလုပ်နှင့်အိမ်သာလျှင်ရှိ၏။ ပတ်ဝန်းကျင်နှင့် စိမ်းစိမ်းနေတတ်သူ ဖြစ်နေသည်။

"ကဲ.....ထမင်းစားကြစို့ကွာ၊ မင်းလည်း အမောပြေပြီး ရေချိုးတော့၊ ကိုယ်စောင့်နေမယ်"

ဥမ္မာစိုး ပြန်လာသည်နှင့် ထမင်းဟင်းက ချက်ပြီးအဆင်သင့် ဖြစ်နေပေပြီ။ ကိုသက်လွင်က အချက်အပြုတ်ဝါသနာပါသူဖြစ် သည် အတိုင်း အလုပ်မှအပြန်တွင် အိမ်အတွက် ဟင်းစားဝယ်လာပြီး ချက်ပြုတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ပြန်အလာတွင် အဆင်သင့်ဖြစ်နေတတ်၏။ တစ်ခါတစ်ခါတော့လည်း ကိုသက်လွင်ကို သနားမိ၏။ သူ့ခမျာ သူ့အကြိုက်ထက် မိန်းမအကြိုက်ကို ဦးစားပေးရှာသည်။ မိန်းမကြိုက်တတ်သည့်ကို ချက်ပြုတ်ထားပြီး အိမ်အပြန်ကို အပြုံးနှင့်ကြိုနေတတ်၏။

ဖဖဖဖဖ

တစ်နေ့ ဥမ္မာစိုးတစ်ယောက် အိမ်အပြန်နောက်ကျခဲ့သည်။ အလုပ်ကိစ္စ အရေးကြီးနေသဖြင့် တစ်ဖွဲ့လုံး ရုံးတွင် အလုပ်လုပ်နေရ၏။ ဥမ္မာစိုးက ကိုသက်လွင်ထံ ကြိုတင်အကြောင်းကြားထားပြီးဖြစ်၍ ဖုန်းကိုပိတ်ထားလိုက်မိသည်။ တော်ကြာ ပြန်မလာသေးဘူးလား၊ ဘယ်ရောက်နေလဲ၊ လာကြိုရမလားနှင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်စိုး၍ဖြစ်၏။

"ဖယ်ရီနဲ့ပြန်ပို့လို့ တော်ပါသေးရဲ့နော်၊ နို့မို့ဆို တက္ကစီ မစီးရဲဘူး၊ တစ်ယောက်တည်းဆိုရင် အန္တရာယ်များတယ်"

"စိုးရေ ရှင့်ကိုကိုသက်ကြီး မျှော်နေမှာပဲနော်"

"အင်းပေါ့၊ ယောက်ျားကိုကြို ပြောထားလို့ တော်သေးတယ်"

"ဟော့.....အားလုံးစုံရင် ဖယ်ရီထွက်ပြီနော်"

"ထွက်တော့၊ ထွက်...ထွက်၊ ခုလောက်ဆို အိမ်က စိတ်ပူနေကြပြီ"

ဖယ်ရီနှင့်ပြန်လိုက်ပို့သဖြင့် အားလုံးအဆင်ပြေသွားကြသည်။ သို့ပေမယ့် ဥမ္မာစိုးမှာ အိမ်ပြန်ရောက်သည်နှင့်.....

"ဩော်.....ပျော်လာရွှင်လာကြပြီပေါ့လေ၊ ကိုယ်က အိမ်ထောင်သည်ဆိုတာများ သတိရပါဦး၊ ဘယ်သူ့အခန်းထဲမှာ နှစ်ယောက်တည်းအတူရှိနေလို့ ဖုန်းပိတ်ထားရတာလဲ၊ ပြောစမ်းပါဦး"

ယောက်ျားက မျက်ထောက်နီကြီးနှင့် ပြောဆိုနေရာ ဥမ္မာစိုးလည်း မောမောပန်းပန်းနှင့်ဖြစ်၍ စိတ်ဆိုးသွားတော့သည်။

"မောလာတဲ့အထဲ ရန်မဖြစ်ချင်ဘူးနော်"

"အေးလေ၊ မောလာလောက်အောင် မင်းက ဘာတွေလုပ်နေခဲ့လို့လဲ"

ဥမ္မာစိုးအကြည့်က ကိုသက်လွင်ထံ စူးစူးရှရှ ကြည့်ပစ်လိုက်၏။ ဤသည်ကို ကိုသက်လွင်ကသိပြီး အလျှော့ပေးလိုက်ရသည်။ မိန်းမလက်ထဲမှ ဆွဲခြင်းကို ဆွဲကိုင်ယူပြီး လေပြည်ထိုးလိုက်၏။

"ရေသောက်မလား မိန်းမ"

**တစ်နေ့**
**ဥမ္မာစိုးတစ်ယောက်**
**အိမ်အပြန်နောက်ကျခဲ့သည်။**
**အလုပ်ကိစ္စ**
**အရေးကြီးနေသဖြင့်**
**တစ်ဖွဲ့လုံး ရုံးတွင်**
**အလုပ်လုပ်နေရ၏။**
**ဥမ္မာစိုးက ကိုသက်လွင်ထံ**
**ကြိုတင်**
**အကြောင်းကြားထားပြီးဖြစ်၍**
**ဖုန်းကိုပိတ်ထားလိုက်မိသည်။**
**တော်ကြာ.....**

"သောက်ဘူး၊ ရုံးမှာ ခေါင်းမဖော်တမ်း အလုပ်လုပ်ခဲ့ရတာနော်၊ စာရင်းတွေ အမြန်လုပ်ရမယ်ဆိုလို့ တစ်ရုံးလုံး အချိန်ပိုဆင်းရတာရှင့်"

"သိပြီးပါပြီကွာ၊ မင်းက ဖုန်းပိတ်ထားလို့ ရဲနောင်ဆီ ဖုန်းဆက်မေးခဲ့ပြီးပါပြီ"

"ဟင်း.....အဲဒါများ သိရဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားတွေကျတော့
မိန်းကလေး
တစ်ယောက်ရဲ့စိတ်ကို
အရင်စမ်းသပ်တတ်တာကွ၊
နာဘူး မဟုတ်တဲ့
ယောက်ျားမျိုးကမိန်းမ
တစ်ယောက်ရဲ့
အတွင်းစိတ်ကို
ထိုးဖောက်မြင်နိုင်ကြတယ်၊
ဒီတော့ရိုးသားစိတ်ရှိ၊မရှိကို
ချက်ချင်းသိတယ်၊
အကဲခတ်နိုင်ကြတယ်၊
ဒါကြောင့်မို့မင်းလည်း……

အမောဆို့အောင် လုပ်နေတယ်''

''စိတ်ပူတာပေါ့ မိန်းမရာ၊ မင်းက ကိုယ့်ထက်ငယ်တယ်၊ ယောက်ျားတကာ စိတ်ဝင်စားကြတော့ စိုးရိမ်တာပေါ့၊ ဒီကောင့်ရင်ထဲမှာ ဘယ်လောက်ပူလောင်နေရလဲ၊ မိန်းမအကြိုက် ဟင်းလေးကိုချက်ထားပြီး မိန်းမပြန်အလာကိုစောင့်နေရသူပါကွာ၊ ကိုယ့်လက်ရာလေးကို မြိန်မြိန်လေး မင်းစားနေတာကိုကြည့်ပြီး ကျေနပ်ပီတိဖြစ်နေရတာပါ''

ယောက်ျား၏မျက်နှာကိုကြည့်ပြီး ဥမ္မာစိုးမှာ သနားသွားမိသည်။ သို့ပေမယ့် လျှာအရိုးမရှိသည့်အတိုင်း ပြောတတ်သည့်ယောက်ျားများ၏စကားအား မယုံကြည်သင့်ဟု ကြားဖူးခဲ့သည်။ သည်တော့လည်း ကိုသက်လွင်အား အပြည့်အဝ မယုံကြည်ချင်ပေ။

''လူရိုးဆိုတာ သချိုင်းမှာပဲရှိတယ်တဲ့၊ စိုးကြားဖူးတာပါ''

''ကိုယ့်အကြောင်း မင်းသိမှာပါ မိန်းမရာ၊ တို့နှစ်ယောက် အိမ်ထောင်သက်က ကိုးနှစ်တောင်ကျော်လာပြီနော်''

''အဲဒါ ရှင်သိဖို့ပဲ၊ ကိုယ့်မိန်းမအကြောင်းကို သိနေမှ စကားတွေသက်သက်များနေတယ်၊ မိန်းမတစ်ယောက်ကိုကြည့်ရင် မျက်လုံးနဲ့အပြုအမူကိုကြည့်၊ သူ့ရိုးသားမှုကမျက်လုံးမှာပေါ်နေတယ်၊ ရှုံးကအေးသီရိကျော်ကိုကြည့်ပါလား၊ ယောက်ျားတွေတွေ့ရင် မျက်လုံးကမတည်ငြိမ်တော့ဘူး၊ ပြီးတော့ လူရှေ့သူရှေ့မှာ ထဘီဖြန့်ဝတ်တတ်တဲ့ အကျင့်ရှိတယ်၊ ဒါကြောင့်မို့သူ့ကာရိုက်တာက မကောင်းတာပေါ့''

ကိုသက်လွင်လည်းယောက်ျားအကြောင်းကို ဆက်ပြောပြ၏။

''ယောက်ျားတွေကျတော့ မိန်းကလေးတစ်ယောက်ရဲ့စိတ်ကို အရင်စမ်းသပ်တတ်တာကွ၊ နာဘူးမဟုတ်တဲ့ ယောက်ျားမျိုးက မိန်းမတစ်ယောက်ရဲ့ အတွင်းစိတ်ကို ထိုးဖောက်မြင်နိုင်ကြတယ်၊ ဒီတော့ ရိုးသားစိတ် ရှိ၊ မရှိကို ချက်ချင်းသိတယ်၊ အကဲခတ်နိုင်ကြတယ်၊ ဒါကြောင့်မို့ မင်းလည်း သတိထားပေါ့ကွာ၊ ငါ့ယောက်ျားမသိဘူးဆိုပြီး ဘယ်သူ့နားမှသွားမကပ်နဲ့၊ သိကွာကျလိမ့်မယ်''

''အောင်မာ.....ပြောရင်းနဲ့ မိန်းမက ပါလာပြန်ပြီ၊ စိုးမှာ အဲဒီစိတ်မျိုးရှိရင် ရှင်နဲ့ကွဲတာ ကြာလှပြီမှတ်၊ ရှင်လည်း အထာပေးပြီဆိုပြီး သွားမတို့နဲ့၊ အခုခေတ်ဟာတွေက အလည်တွေ၊ ရှင့်ကို ပီကေလိုပြန်ဝါးသွားလိမ့်မယ်၊ ဟင်း.....''

တစ်ယောက်နှင့်တစ်ယောက် စကားနာ အပြန်အလှန်ထိုးရင်း


www.burmeseclassic.com

www.burmeseclassic.com



...နပ်သွားကြသည်။ သည့် ...က်တွင် ထမင်းဝိုင်းလေးလည်း ...သည့်အသက်ဝင်လာတော့၏။

သည်နေ့ အလုပ်တိုက်တွင် ...င်ပန်းလာသော ကိုသက်လွင် ... အိမ်ပြန်လာသည်မှာ မရွှင် ...ပေ။ အမှားမှားအယွင်းယွင်း ... အပြစ်ပြောခံခဲ့ရ၏။ အလုပ် ...ချင်စိတ်ဖြစ်လောက်အောင် ...စ်လာခဲ့သည်။ အလုပ်မှမပြီး ...သော အလုပ်များကို ဆက် ...ရသဖြင့် ဈေးလည်းမဝယ်နိုင်၊ ...ချင်လည်း မဝင်နိုင်ဖြစ်နေ၏။

“ယောက်ျား တံခါးဖွင့်ပါဦး”

“တောက်....သောက်လုပ်ကို ...ယ်ကွာ”

အလုပ်မှပြန်လာသည့် ဥမ္မာ ... တံခါးချက်ချထားသည့် ... ကိုသက်လွင်ကို ခေါ်လိုက် ...နှင့် တိုက်ခန်းထဲမှ ဒေါသသံ ... ကြားရတော့၏။ သည်တော့ ...ကတ်ကတ်ဖြစ်၍ လူခေါ်ဘဲလ် ... ဆက်တိုက်နှိပ်လိုက်ရာ ကျယ် ...သော ဆူညံသံကြောင့် ပို ...သွားပုံရ၏။

“ဟာ..ဘယ်လိုဖြစ်နေတာလဲ ... ရှင့်မှာပေါ့၊ တောက်.....”

တံခါးဖွင့်လိုက်သည်နှင့် ဥမ္မာစိုးလည်း နှုတ်ခမ်းတစူစူဖြင့် အိမ်ထဲ ဝင် သွား ၏။ ကို သက် လွင် က တံခါးဖွင့်ပြီးနောက် သူ့အလုပ်ကိုပြန်ဆက်လုပ်နေလိုက်သည်။ ဥမ္မာစိုးလည်း မည်သည့်စကားမျှမပြောတော့ဘဲ အဝတ်လဲလှယ်ပြီး ရေချိုးခန်းထဲတွင် တဝုန်းဝုန်းနှင့် ရေချိုးနေလိုက်၏။ ပြီးနောက် ဘုရား ဝေယျာဝစ္စပြုပြီး ပုတီးထိုင်စိပ်နေလိုက်တော့သည်။



ပုတီးစိပ်ပြီးနောက် ထမင်းစားရန် ယောက်ျားကိုကြည့်လိုက်ရာ ယောက်ျားဖြစ်သူက အလုပ်ကိုသာ သဲသဲမဲမဲလုပ်နေသည့်အတွက် ခြင်ထောင်ချပြီး အိပ်ရာထဲဝင်အိပ်နေလိုက်၏။

“မောမောနဲ့ပြန်လာတဲ့မိန်းမကို ဆီးဟောက်နေသေးတယ်၊ နေပေါ့၊ ရှင်ချက်ထားတဲ့ ထမင်းဟင်းကို မစားဘူး၊ ကော်ဖီနဲ့မုန့်စားလည်း စိုးတို့က ဗိုက်ပြည့်တယ်၊ ရှင့်လို ဖိဇာမကြောင်ဘူး”

ဥမ္မာစိုးက ယောက်ျားထံမှ တင်းတင်းမာမာစကားနှင့် မျက်နှာထားကြောင့် တစ်ဖက်စောင်းအိပ်ရင်း မျက်ရည်များ တရစပ်ကျလာ၏။ ကိုသက်လွင်သည် သူမအား တစ်ခါမျှ ထိုသို့မဆက်ဆံဘူးပေ။ တွေးရင်းနှင့် ဝမ်းနည်းနေရ၏။

“ဟုတ်ပါပြီ၊ အချစ်သစ်တွေလို့ ငါ့ကိုအော်နေတာပေါ့၊ သူမှာ အဲဒီလိုစိတ်မျိုးမရှိပါဘူး၊ ...အပေါ်မှာ ကြင်နာတတ်ပါတယ်၊ ဒါဟာ

www.burmeseclassic.com



မရှိးသားဘူး''

ဥမ္မာစိုး၏အတွေးများက သံသယဖြစ်စေရ၏။ ထိုအချိန်မှစ၍ သံသယစိတ်သည် နှလုံးသား တစ်နေရာတွင် ဝင်ရောက်ခိုဝင်လာပြီး တစ်စထက်တစ်စ ကြီးထွားလာ တော့သည်။ သို့ပေမယ့် ယောကျ်ား ဖြစ်သူကို မပြောပြပေ။ တစ်ယောက်တည်း ကျိတ်ခံနေ၏။ မျက်ရည်များက ပါးပြင်ပေါ်မှ တစ်ဆင့် ခေါင်းအုံးပေါ်သို့ အဆက်မပြတ်ကျသွား၏။

''သူ့ဘာသာဖြစ်တာနဲ့ နောက်ဆုံးတော့ ငါ့ပဲ လာမဲတယ်၊ ဖြစ်လာရင်လည်း ပွင့်ပွင့်လင်းလင်းပြောပေါ့၊ အခုတော့ မိန်းမကို မာန်မဲနေတာများ ငါ့မိဘတွေသိရင် စိတ်ကောင်းမှာမဟုတ်ဘူး''

တွေးရင်းနှင့် မျက်ရည်စီးကြောင်းများက တသွင်သွင်ကျနေတော့သည်။ ဥမ္မာစိုးသည် မိဘအိမ်တွင် အလိုလိုက်ခံထားသူဖြစ်သည့် အပြင် အိမ်ထောင်ကျပြန်တော့လည်း ယောကျ်ားဖြစ်သူ၏ ကြင်နာမှုကို ရထားသူဖြစ်၏။ သည်တော့ ဆိုးဆိုးနွဲ့နွဲ့ နေလာသူဖြစ်၍ ကိုသက်လွင်၏ တင်းမာမှုကို သူ မခံစားနိုင်ပါ။ မာနစိတ်ဖြစ်မိ၏။

''တောက်...ထမင်းဟင်းလေး တောင် ချက်မထားတဲ့မိန်းမ၊ အပြင်မှာ ဗိုက်ဝအောင် စားသောက်လာတော့ ဘယ်ဆာတော့မလဲ၊ ယူချင်ဦးလေ မိန်းမ၊ ဩော်...သက်လွင်သက်လွင်၊ မင်းက မိန်းမယူတာမှ မဟုတ်ဘဲ၊ သခင်မယူတာကိုး၊ ဒီတော့ ခံပေါ့ကွာ၊ ဒါကြောင့်မို့ အမေကပြောတာ၊ ထမင်းဟင်းချက်တတ်တဲ့ မိန်းမမှ မင်းနဲ့အဆင်ပြေမှာတဲ့၊ မှားပါတယ် အမေရာ၊ ကျွန်တော် နောင်တရပါပြီဗျာ''

ကိုသက်လွင်က အဆို၊ အငို၊ အပြောလေးနှင့် ဇာတ်သဘင်ပညာရှင်တစ်ဦးပမာ ပြောဆိုနေ၏။ ရယ်ချင်စိတ်ကို မျိုသိပ်၍ ဥမ္မာစိုးက အိပ်ချင်ယောင်ဆောင်နေလိုက်၏။ မီးဖိုခန်းထဲတွင် ပန်းကန်သံ၊ ခွက်သံ၊ ဇွန်းသံ၊ ချက်ပြုတ်သံများနှင့် အတူ နာရီဝက်ခန့်အကြာတွင်တော့ ကိုသက်လွင်က သူအိပ်နေသည်ကို အတင်းဆွဲခေါ်နေတော့၏။

''လာ.....ထ၊ ထမင်းဟင်းကျက်ပြီ၊ အပျင်းမလေး''

ဥမ္မာစိုးက အိပ်ချင်ယောင်ဆောင်နေလိုက်ရာ ကိုသက်လွင်က မရပေ။ နေရာအနှံ့ ကလိထိုးလိုက်သည့်အတွက် ဆက်၍ဟန်မဆောင်နိုင်ပေ။

''ထစမ်းပါ မိန်းမရာ၊ အိပ်ချင်ယောင်ဆောင်မနေနဲ့''

''ဖယ်ပါ၊ အခုမှလာချော့မနေနဲ့၊ မစားဘူး''

''မစားလို့မဖြစ်ဘူးကွ၊ ကဲ....ထ၊ မိန်းမက လိမ္မာပါတယ်ကွ ထ.....ထမင်းခူးပြီးပြီ''

သည်တော့လည်း သနားစိတ် ဖြင့် ထမင်းထစားရတော့ နောက်တော့ တစ်ခဏချင်း ဥမ္မာစိုးတစ်ယောက် စိတ်ဆိုး သွားရသည်။ လင်နှင့်မယား လျှာ နှင့်သွားပမာ တစ်ခါတစ်ခါတော့ လည်း စိတ်ကောက်လိုက်၊ ပြန်ချော့ လိုက်နှင့် နှစ်ယောက်တစ်ဘဝ အား ဖန်တီး တည်ဆောက်နေ ရ၏။ အတူနေသူစိမ်းနှစ်ဦးအဖြစ် သံယောဇဉ် တစ်စတစ်စတိုးလာ မှ ချစ်ခြင်းမေတ္တာကို ဖန်တီးတည် ဆောက်ခွင့်ရနိုင်၏။ ထိုချစ်ခြင်း မေတ္တာကြောင့်ပင် တစ်ဦးကိုတစ် ယုံကြည်ခြင်း၊ အားကိုးခြင်း၊ ကြင် နာခြင်းများဖြင့် အိမ်ထောင်ရေး အောင်မြင်စွာဖန်တီးခွင့် ရပါလိ မည်။ တစ်ဦး၏လွဲမှားမှုကို တစ် က ခွင့်လွှတ်ပေးနိုင်လျှင် အဆင် ပြေသော အိမ်ထောင်တစ်ခု ဖြ လာမည်မှာ မလွဲပေ။ ကိုသက်လွ နှင့် ဥမ္မာစိုးတို့၏ အိမ်ထောင်ရေး က ထိုသို့ပင်ဖြစ်နေ၏။

❀❀❀❀❀

''ဒီနေ့ ဘာနေ့လဲယောက်

''သောကြာနေ့လေကွာ''

''ဟင်း.....အဲဒါကို ပြော



www.burmeseclassic.com

www.burmeseclassic.com

...ဟုတ်ဘူးရှင့်၊ ဒီနေ့ဟာ ကိုသက်...မွေးနေ့မဟုတ်ဘူးလား၊ မနေ့ညနေ...ဈေးဝင်ပြီး သစ်သီးကိုးမျိုးနဲ့...န်းတွေဝယ်လာတာလေ၊ ကဲ... ...ခု မနက်စောစောထပြီး...ကျားမွေးနေ့အတွက် ကုသိုလ်...ပြုပေးတာပေါ့၊ သွားလေ၊ ရေမိုးချိုး...ကိုယ်လက်သန့်စင်လိုက်ဦး၊ ပြီး...ဘုရားကို ကပ်ရမယ်နော်"

ကိုသက်လွင်က ဥမ္မာစိုးပြော...သတိရမိ၏။ သူ့အဖို့ အလုပ်...ပန်းမှု၊ စိတ်ပင်ပန်းမှုများကြောင့်...မွေးနေ့ပင် မှတ်မှတ်ရရ မရှိ...ပေ။ မိန်းမဖြစ်သူကို ကျေးဇူး...ရင်း စိတ်ချမ်းမြေ့သွားရသည်။...ချိုးခန်းထဲဝင်ရင်း ပြောလိုက်သေး...၏

"အဖေနဲ့အမေရေ သားကို...လွှတ်ပါဗျာ၊ အမေ့ချွေးမ သတိ...လို့ဗျို့၊ နို့မို့ဆိုရင် မိဘကျေးဇူး...သိတတ်တဲ့သားသားလေး ဖြစ်...မှာဗျ၊ ဒီလိုတော့လည်း ငါ့...က တော်သားပဲ၊ ဟဲ...ဟဲ... ...၏"

ဥမ္မာစိုးမှာ ဘာသာရေးတွင်...စရာမလိုပေ။ အကောင်းဆုံးကို... လုပ်ဆောင်တတ်သည်။ သစ်...ဆိုလည်း ကောင်းပေ့၊ ပန်းဆို...လည်း လှပေ့၊ သာသနာပွဲဆိုရင်...လည်း ညွှန့်ပေ့ဆိုသည်များကိုသာ...တတ်၏။ အိမ်လာလိုက်လျှင် ဧည့်သည်များက ချီးကျူးသွားကြ၏။ ဤသို့ဆိုလျှင် ဥမ္မာစိုးမျက်နှာမှာ ကျေနပ်ခြင်းများဖြင့် ပီတိဖြစ်နေတတ်သည်။

နံနက်မိုးလင်း အိပ်ရာထသည်နှင့် ဥမ္မာစိုးက ကိုယ်လက်သန့်စင်ပြီး ဘုရားဝေယျာဝစ္စလုပ်တတ်သလို ကိုသက်လွင်သည်လည်း ဝရန်တာတွင် စာကလေးများကို အစာကျွေးနေကျ။ စာကလေးများက ကိုသက်လွင်မလာမချင်း တကျီကျီနှင့် အော်မြည်အစာတောင်းနေတော့သည်။ ကိုသက်လွင်လာသည့်တိုင် ထွက်မပြေးဘဲ အလုအယက် အစာလုစားနေကြ၏။ မြင်ရသည်မှာ ကြည်နူးစရာပင်။

"ကဲ.....သားတို့၊ သမီးတို့၊ ဖေကြီးလာပြီ၊ မင်းတို့ကို ငါအစာကျွေးမှ မင်းတို့စားရမှာနော်၊ မင်းတို့အမေက မင်းတို့ကို ဂရုစိုက်တာမဟုတ်ဘူး"

မိန်းမဖြစ်သူအား ရည်ရွယ်ပြောနေခြင်းဖြစ်၏။ သို့ပေမယ့် ဥမ္မာစိုးက မိန်းမထက် တခြားအရာကို စေတနာပိုလျှင် မကြိုက်ပေ။ ကိုသက်လွင်က နောက်ပြောင်စောင်းမြောင်းပြောနေမှန်းသိသော်လည်း ဥမ္မာစိုးက အပြောမခံပေ။ စာကလေးများနှင့်အပြိုင် ဆိုးနေတတ်သေး၏။

"ကိုကိုသက် City Mart လိုက်ပို့နော်၊ စိုး ဝယ်စရာရှိလို့ပါ"

"မအားဘူးကွာ၊ ဒီနေ့အလုပ်များတဲ့နေ့၊ ထွက်လို့မရဘူး"

"ဟင်း.....သူများတွေနဲ့များကွာပါ့"

ဥမ္မာစိုးက သူမ၏ မကျေနပ်ချက်အား ရင်ထဲမထားတတ်ပေ။ ဖွင့်ပြောပြလိုက်ရမှ ကျေနပ်သူပင်။ ကိုသက်လွင်၏ အားနည်းချက်က အချိန်ဆင်းရဲခြင်းပဲဖြစ်သည်။ မိန်းမဖြစ်သူကို ကိုယ်တိုင်ကိုယ်ကျအဖော်လိုက်ပေးရန် အချိန်မရှိပေ။ အလုပ်ထဲရောက်လျှင် အားလုံးကို မေ့သွားတတ်၏။ ယုတ်စွအဆုံး ထမင်းစားချိန်ပင် မေ့နေတတ်၏။ တစ်ဖက်တွင်လည်း ဥမ္မာစိုးအတွက် စိတ်မကောင်းဖြစ်ပြီး စာနာမိပြန်သည်။ သည်တော့ မိန်းမ ကျေနပ်စေရန်.....

"မင်း ဝယ်ချင်တာဝယ်ကွာ၊ ငွေယူသုံးလိုက်၊ လိုရင် ထပ်ပေးမယ်"

ထိုစကားဖြင့်သာ ဥမ္မာစိုးကျေနပ်စေရန် လွယ်လွယ်ကူကူ နှစ်သိမ့်ပေးလိုက်မိ၏။ ကြာတော့လည်း ဥမ္မာစိုး တစ်ယောက်တည်းသာ ဈေးဝယ်ထွက်ရခြင်းမှာ မဆန်းတော့ပေ။ အပေါင်းအသင်းများနှင့်လည်း မသွားတတ်တော့သည်အထိ ဥမ္မာစိုးက ကိုယ့်ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ချက်နှင့် ကိုယ်ဝယ်နေရ၏။

"ဒီနေ့ ဂမုန်းပွင့်သွားမယ် စိုးရေ၊ အဝင်းတို့နဲ့ လိုက်ခဲ့ပါလား၊ တော်ဝင်စင်တာလည်းဝင်မယ်၊ ဖာ လှူဒါသွားသောက်မယ်"

"ဟင့်အင်း၊ မနေ့ကပဲ ယောက်ျားနဲ့ သွားခဲ့ပြီးပြီကွာ"

အကြောင်းပြချက်နှင့် ငြင်းပယ်ခဲ့သည်ချည်းပင်။ ဥမ္မာစိုးကအဖော်များနှင့် ဟိုလျှောက်၊ သည်ကြည့် လုပ်ရန် အချိန်မရှိပေ။ လိုချင်သည်ကိုတွေ့လျှင် ဝယ်ပစ်လိုက်၏။ လျှောက်ကြည့်ပြီး မဝယ်သည်ကို မကြိုက်ပေ။ ပြီးတော့လည်း အချိန်မဖြုန်းချင်ပါ။ အပေါင်းအသင်းများက ဥမ္မာစိုးအကြောင်းကို မသိဘဲ ပြောသမျှ ယုံနေတတ်သည်။

"ဒါက ယောက်ျားလိုက်ဝယ်ပေးတာလေ၊ ဈေးများလို့ မယူဘူးဆိုလည်း မရဘူး"

"ကိုသက်လွင်ကြီးက ချစ်တာကိုး စိုးရဲ့၊ မင်းကံကောင်းပါတယ်ကွာ"

ကံတော့ကောင်း၏။ သို့ပေမယ့် ရင်ထဲတွင် ခံစားမှုမကောင်းပေ။ အိမ်ထောင်မကျခင် ချစ်သူဘဝလောက် ပျော်စရာ၊ ကြည်နူးစရာမကောင်းတော့မှန်း သိလာ၏။

"အင်း.....အိမ်ထောင်သက် အနှစ် ၂၀ လောက်ဆို ငါ့ကို လှည့် တောင်ကြည့်ပါဦးတော့မလား၊ ငါ မအိုသေးပါဘူးနော်"



ကိုယ့်ရုပ်ကို မှန်ထဲပြန်ကြည့်ပြီး လိမ်းလိုက်၊ ခြယ်သလိုက်နှ ဝယ်လိုက်ရသည့် အလှဆီနှင့်မိတ် ကပ်ဖိုးက တစ်လတစ်လ မနည် ပေ။ ကိုယ့်လခ ကိုယ်သုံးလို့ မလောက်သည့် ဥမ္မာစိုးပါ။ ကို သက်လွင်မှာလည်း မိန်းမဆန္ဒ မဖြည့်စွမ်းနိုင်ပေမယ့် ခင်ပွ ကောင်းပီသသူဖြစ်၏။ သည်တေ ဥမ္မာစိုးအတွက် ငွေရေးကြေးရေ မပူပန်ရပေ။ လိုတရသော်လည် တစ်ခုခုလိုနေသလို ခံစားနေရ

"အင်းလေ ယောက်ျ အလုပ်ကြိုးစားတဲ့ဥစ္စာ၊ ငါက လည်ပေးရမှာပေါ့၊ သူရှာနေတာ အတွက်ပဲလေ၊ ငါ့ဘက်က လည်ပေးရမှာပဲပေါ့"

ဤသို့ ကိုယ့်ကိုယ်ကိုယ် သိမ့်လိုက်ရတော့သည်။

888888

တစ်နေ့ ဥမ္မာစိုး အိမ် ရောက်သည်နှင့် ကိုသက်လွ အိမ်အဝမှရပ်စောင့်ပြီး ခနဲ့တဲ့ အမူအရာဖြင့်.....

"ဒီနေ့ နေ့လယ်မှာ ဘယ် သွားသေးလဲ မိန်းမ"

ဥမ္မာစိုးက စဉ်းစားဟန် တွေးပြီးမှ ပြောလိုက်၏။

www.burmeseclassic.com

လယ် ရုံးမှအလုပ်ပါးချိန်တွင် မုန့်တီသောက်ရန် ထွက်လာခဲ့၏။ သူငယ်ချင်းများက မုန့်တီသောက်နေစဉ် ဥမ္မာစိုးမှာ ဝယ်စရာရှိ၍ အနီးအနားမှ စတိုးဆိုင်လေးထဲသို့ ဝင်ခဲ့၏။

"မုန့်တီသောက်ပြီး စတိုးဆိုင်ကိုသွားခဲ့တယ် ကိုကိုသက်"

"မင်းမှာ ဝတ်စရာတွေ များနေပြီနော်၊ ဗီရိုနဲ့တောင် မဆံ့တော့ဘူး၊ ဒါလည်း ထပ်ဝယ်နေတာပဲလား"

ဥမ္မာစိုးက ကိုသက်လွင်၏ ထူးခြားမှုကြောင့် အံ့သြသွား၏။ တစ်ခါမျှ ထိုသို့မပြောခဲ့ဘူးပါ။ ဘေးယောဂကြောင့်လား၊ သူကိုယ်တိုင် အပမှီသွားသလား မပြောတတ်ပေ။ မိန်းမအား စိမ်းစိမ်းကြည့်နေ၏။

"ရှင့်ကို ဘယ်သူတွန်းလိုက်ပြီလဲ ကိုကိုသက်၊ စိုးတို့က အေးအေးဆေးဆေး နေတတ်တယ်နော်၊ မဟုတ်တာလာပြောလို့ကတော့ လက်မခံဘူး"

"စတိုးဆိုင်ကို ဘယ်သူနဲ့သွားခဲ့တာလဲ"

"ဟင်း...ကိုယ့်မိန်းမသိက္ခာ ယုံကြည်ရင် ဒီမေးခွန်းကို မေးအကြောင်းမရှိဘူး၊ ရှင့်အမေး ပြန်ရုပ်သိမ်းပေးပါ ကိုကိုသက်"

"မင်းကိုတွေ့တဲ့လူက တွေ့ကျွာ"

ဥမ္မာစိုးက ကိုသက်လွင်၏
ထူးခြားမှုကြောင့်
အံ့သြသွား၏။
တစ်ခါမျှ ထိုသို့
မပြောခဲ့ဘူးပါ။
ဘေးယောဂကြောင့်လား၊
သူကိုယ်တိုင် အပမှီသွားသလား
မပြောတတ်ပေ။
မိန်းမအား...

"အိုး..ဟိုး..ဟိုး၊ ကြားစကားတွေနဲ့ လာရစ်နေတာကိုး၊ အဲဒါဆိုတွေ့တဲ့လူက မဟုတ်တာလုပ်ခဲ့လို့ သူ့အကြောင်းသိမှာစိုးပြီး သူတစ်ပါးကို အပြစ်ပုံချနေတာပဲ ဖြစ်ရမယ်"

ကိုသက်လွင်ကို တစ်ယောက်ယောက်က ဘေးတီးပေးခြင်းသာ ဖြစ်ပေမည်။ ဥမ္မာစိုးက တစ်ယောက်တည်းသွားသော်လည်း သွားသွက်သွက်၊ လာသွက်သွက်ပင်။ စိတ်လည်းမြန်၏။

"မင်းဘေးမှာ အမျိုးသားတစ်ယောက် ပါသေးတယ်ဆို၊ သူကဝယ်ပေးတာလား၊ မင်းကဝယ်ပေးတာလား"

"စကားကို စဉ်းစဉ်းစားစားပြောဦးနော်၊ ကိုယ့်ယောကျ်ား ချွေးနဲ့ရင်းပြီး ရှာတဲ့ငွေကို ဘယ်သူ့မှ ဝယ်ပေးဖို့ စိတ်ကူးမရှိဘူး၊ ဇယားရှုပ်တယ်"

"ဩော်.....ဒါဆိုရင် ဟိုကဝယ်ပေးလိုက်တာပေါ့နော်"

ဥမ္မာစိုးက မျက်လုံးထောင့်ကပ်၍ ကြည့်ပစ်လိုက်၏။ အခြေအမြစ်မရှိသော စကားများအား မတုံ့ပြန်ချင်တော့ပေ။

"ဒါကြောင့်မို့ အပြင်ထွက်တိုင်း တစ်ခုမဟုတ်တစ်ခု ပါလာတတ်တာကိုး၊ ပြောပါဦး၊ မောင်လေးကို့ရှာထားပြီလား၊ ယောကျ်ားက အသုံးမကျတော့ အသုံးကျတဲ့....."

"ကိုကိုသက်.....ရှင် တော်တော့နော်၊ စိုးကို သိက္ခာချချင်ရင် တခြားဟာတွေနဲ့ အကြောင်းပြ၊ ပတ်ဝန်းကျင်မှာ ဖောက်ပြန်တဲ့သူလို့ ယုံသွားအောင် အော်ချက်ထုတ်မနေနဲ့၊ ရှက်တယ်"

အိတ်ကို စားပွဲပေါ်ပစ်တင်ပြီး ဥမ္မာစိုးက အိပ်ခန်းထဲဝင်သွားမှ ကိုသက်လွင်လည်း တံခါးကို အမြန်သော့ခတ်၍ ဥမ္မာစိုး၏အိတ်ကိုရှာဖွေကြည့်နေသည်။ ဖုန်းနှင့် မှတ်စုစာအုပ်အပြင် ပိုက်ဆံအိတ်နှင့် ခေါင်းလျှော်ရည်တစ်ဘူးကိုသာတွေ့

www.burmeseclassic.com



ရ၏။ ကြည့်ရသည်မှာ ခေါင်းလျှော်ရည်သွားဝယ်ခြင်းသာ ဖြစ်ပေမည်။ ကိုသက်လွင်ရင်ထဲ စိုးရိမ်စိတ်ပေါ့သွား၏။

"ဒီမှာတွေ့လား၊ ရှန်ပူကုန်နေလို့ သွားဝင်ဝယ်တာ"

ဥမ္မာစိုးက အိမ်ရှေ့ပြန်ထွက်လာပြီး သူ့ဆလင်းဘက်အိတ်ထဲမှ ခေါင်းလျှော်ရည်ဘူးကို ထုတ်ပြ၏။ ကိုသက်လွင်လည်း သူ့အမှားကိုသိသည်နှင့် စိတ်ဆိုးသွားသောမိန်းမကို ပြန်ချော့လိုက်သည်။

"ဟဲ...ဟဲ သိပါတယ် မိန်းမရာ၊ ဒီနေ့ စာစောင်တစ်ခုမှာ ဇေဒင်ဖတ်လိုက်ရတယ်၊ ယတြာက မိန်းမကို စိတ်ဆိုးအောင် စလိုက်ပါတဲ့၊ အဲဒါကြောင့်မို့ ပြောရတာပါကွာ"

"သွားပါ၊ ဒါကဇေဒင်ကြောင့်မဟုတ်ဘူး၊ ဟိုဟာကြောင်ပြီးပြောနေတာ၊ ရှင့်ကို တစ်ယောက်ယောက်က ချွန်တွန်းလုပ်လိုက်တာသေချာတယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒါကြောင့်မို့ မိန်းမ ဘယ်သွားတယ်ဆိုတာ တပ်အပ်ပြောနိုင်တာပေါ့"

"ဒီမိန်းမ လည်သားပဲ၊ ဟဲ...ဟဲ"

ဥမ္မာစိုးက မျက်စောင်းထိုးလိုက်ပြီး.....

"ဟင်း.....စတိုးဆိုင်ကိုသွားတာ တွေ့တဲ့လူကပြောလည်း ငါ့မိန်းမ ဘာသွားဝယ်လဲဆိုတာ အရင်မေးပြီး စုံစမ်းဦးပေါ့၊ မဟုတ်ဘဲ စွပ်စွပ်စွဲစွဲ ပြောတာလောက် ခံရခက်တာမရှိဘူး၊ စိတ်ဆိုးအောင်လုပ်လို့ရတယ်နော်၊ စိတ်နာအောင်လာမလုပ်နဲ့"

"ဟုတ်ပါပြီဗျာ၊ နောင်ကိုမှတ်ထားပါ့မယ်၊ ကဲ.....ငါ့မိန်းမ မောလာတယ်မဟုတ်လား၊ ခဏနားလိုက်ဦးနော်၊ ပြီးမှရေချိုး"

ကိုသက်လွင်၏ အကြင်နာများက မိန်းမအတွက် အမောပြေစေရသည်။ နောင်ကို သံသယအတွေးမျိုး မဝင်ပါနဲ့လို့ ဥမ္မာစိုးက ပင့်သက်ချ၍ ပြောလိုက်ချင်၏။

"စိုးချစ်တာ ကိုကိုသက်တစ်ယောက်တည်းပါနော်၊ နောင်ကို သံသယတွေ မဝင်ပါနဲ့ ကိုကိုသက်ရယ်၊ ကိုကိုသက်ကို စိုးယုံကြည်သလို စိုးကိုလည်း ကိုကိုသက်က ယုံကြည်ပေးပါ၊ ဒီလို တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိရင် ဘယ်သူဖျက်ဖျက် မပျက်နိုင်ပါဘူးနော်"

"ဒါပေါ့ မိန်းမရာ၊ သစ္စာမဏ္ဍိုင် မြဲနိုင်ဖို့သာ အရေးကြီးပါတယ်"

ဥမ္မာစိုးအဖို့ သစ္စာသည်သာ ကိုးကွယ်ရာဖြစ်ကြောင်း ရင်ထဲမှ ပြောပြနေမိ၏။ သူများတွေလို သားသမီးနှောင်ကြိုးများနှင့် ရှိချင်သည်။ သူက နှောင်ကြိုးမဲ့ကြိုးတစ်ချောင်း ဖြစ်နေမည်လားမသိပေ။

သည်နေ့ ဥမ္မာစိုးမွေးနေ့ဖြစ် ရ... ကိုသက်လွင်က မမေ့သည့် အတွက် ကျေးဇူးတင်မိ၏။ မနေ့ ညနေက တည်းက ဘုရားကပ်ရန် သစ်သီး ကိုးမျိုးနှင့် ပန်းများကိုဝယ် လာပေး သည်။

"ရှော့.....မင်းမေ့နေမှာစိုးလို့ မင်းအတွက် ဝယ်ပေးထားတာ အလုပ်ကအပြန် ဝယ်ဖို့မေ့နေတယ် မဟုတ်လား"

"ဟင့်အင်း.....ကိုယ့်မွေးနေ့ တော့ ဘယ်မေ့ပါ့မလဲ ကိုကိုသက် ရယ်၊ စိုးက နှစ်ယောက်အတူသွား ဝယ်ချင်တာပါ"

"တွေ့လား၊ ကိုယ့်အပြစ်ကို ဘယ်တော့မှ ဝန်မခံချင်ဘူး၊ လု... မနေနဲ့၊ ကိုယ့်မိန်းမအကြောင်း ကိုယ်သိတယ်၊ မွေးနေ့မှာ အ... ကြီးတာက ဘုရားကန်တော့ပြီး... ကိုယ့်ကိုမွေးပေးတဲ့ မိဘနှစ်ပါး... ကန်တော့ရမယ်နော်"

"သိပါတယ် ကိုကိုသက်... နှစ်တိုင်း ဒီလိုပဲ ကန်တော့နေ... ဥစ္စာ"

"စိုးရဲ့ဖေဖေကို ကန်တော့... အခါ ဖေဖေလှူချင်တာ လှူ...

www.burmeseclassic.com



အောင် ကိုယ်က ငွေကြေးနဲ့ ကန်တော့ရမယ်နော်''

''မနက်ဖြန်ပဲ သွားကန်တော့မယ် ကိုကိုသက်၊ ရုံးကအပြန်ဖြစ်ဖြစ် သွားကြမယ်နော်''

ဥမ္မာစိုးက ဝမ်းသာအယ်လဲ ပြောနေရာ ကိုသက်လွင်က တစ်ခုခုကိုတွေးတောစဉ်းစားလိုက်ပြီး....

''မနက်ဖြန်ညနေ ညီ့သည်တစ်ယောက်နဲ့ ချိန်းထားတာရှိတယ်၊ ကိုယ်လိုက်နိုင်မှာမဟုတ်ဘူးနော်''

ဥမ္မာစိုး စိတ်ထဲတွင် ဒေါသထောင်းခနဲထွက်သွား၏။ သူ့ညီ့သည်က ဘယ်လောက်များအရေးကြီးနေလို့လဲ၊ ပြီးတော့ ညီ့သည်က အမျိုးသမီးဖြစ်နေလို့ မိန်းမထက် အရေးပေးစရာလူလားဟု မေးလိုက်ချင်သည်။ မျက်နှာပျက်သွားသော မိန်းမဖြစ်သူ၏ ခံစားမှုကို နားလည်စွာဖြင့် ကိုသက်လွင်က.....

''ဒီမှာ စိုးအတွက် မွေးနေ့လက်ဆောင်နော်၊ ရော့...မင်းစိတ်ကြိုက် ဝယ်တော့''

ကိုသက်လွင်ကို ဥမ္မာစိုးက မော့ကြည့်မိ၏။ ဖြစ်နိုင်လျှင် ထိုငွေများအား တစ်ရွက်ချင်းစီ လွှင့်ပစ်လိုက်ချင်နေသည်။ စိတ်ကိုချုပ်ထိန်းပြီး ကိုယ့်စိတ်ကို ဖြေသိမ့်လိုက်ရ၏။ ရှင်ရော အရင်လို မိန်းမနဲ့အတူ အဖော်မလိုက်ပေးတော့ဘူးလားဟု မမေးချင်တော့ပါ။ မလိုက်ချင်လို့များ အလုပ်ကိစ္စဖြင့် အကြောင်းပြနေရော့သလားဟု တွေးမိ၏။ ကိုသက်လွင်သည် ငွေများအား မိန်းမလက်ထဲသို့ ထည့်ပေးပြီးနောက် မီးဖိုထဲဝင်သွားတော့သည်။ ဥမ္မာစိုး တစ်ယောက်တည်းသာ ခံစားကျန်ရစ်ခဲ့ရသည်။

နောက်တစ်နေ့ အဖေ့အိမ်ရောက်သော်လည်း စိတ်ထဲတွင် တစ်ခုခုလိုနေသလို ခံစားရပြန်၏။ အဖေကတော့ သမက်ကို မျှော်လင့်ပေမယ့် သမီးအား နှစ်သိမ့်ပေးရှာသည်။

''အလုပ်မှ မအားလပ်တာဘဲ သမီးရယ်၊ ဖေဖေ နားလည်ပါတယ်၊ သမီးလည်း စိတ်မကောင်းမဖြစ်နဲ့၊ ဖေဖေ့သမက်က အလုပ်မှာ လောဘကြီးတယ်ကွဲ့၊ ဒီတော့ကိုယ်က ခွင့်လွှတ်တတ်ရမယ်''

ဖခင်လောက်တော့ ဥမ္မာစိုးက သဘောထားမကြီးနိုင်ပါ။ အမြဲတမ်း အတူတူသွားလာရာက တစ်ယောက်တည်း သွားရသည်မှာ ခြောက်ကပ်ကပ်နှင့် ဖြစ်နေသည်။ နောက်တော့လည်း ကိုယ့်စိတ်ကို ဖြေသိမ့်ရပြန်၏။

''ဩော်.....သေရင်တောင် ယောကျ်ားနဲ့ ခွဲရဦးမှာပဲလေ၊ သခါၤရတရားကို အခုကတည်းက ကြိုတွေးထားရမှာပေါ့၊ သေခြင်းတရားကို ဘယ်သူက လွန်ဆန်နိုင်ပါ့မလဲ''

စိတ်ဓာတ်ကိုတင်းလိုက်ပြီး ကိုသက်လွင်အပေါ် ကြိတ်မိုတ်ခွင့်လွှတ်ပေးလိုက်၏။ ထိုနေ့က အိမ်ပြန်လာသည့်တိုင် ရင်ထဲမကောင်းနိုင်ပေ။ သို့သော် ခွင့်လွှတ်စိတ်ဖြင့် နားလည်ပေးနိုင်ခဲ့သည်။

''မွေးနေ့မှာတော့ သူကိုယ်တိုင် လိုက်နိုင်ကောင်းပါရဲ့လေ''

မျှော်လင့်ချက်ဖြင့် အသက်ရှင်ခဲ့ရပြန်၏။ သို့ပေမယ့် ကိုယ်ထင်သလို ဖြစ်မလာပေ။

''အစည်းအဝေးသွားရမယ် မိန်းမရေ၊ ကိုယ်မလိုက်နိုင်တော့ဘူး''

''ဟင်း.....ဒီအစည်းအဝေးကလည်း ဒီနေ့မှပဲ လုပ်ဖြစ်မှာတဲ့လား၊ အင်းလေ ကိုယ့်ကုသိုလ်ကံပဲပေါ့''

ဥမ္မာစိုးမှာ ဒေါသဖြစ်ပြီးရင်းဖြစ်နေ၏။ သည်တော့ ထိုနေ့က စိတ်ကူးတည့်ရာ လျှောက်သွားနေလိုက်သည်။ ပထမဆုံး ရွှေဆိုင်ကို ဝင်ရန် စိတ်ကူးလိုက်သည်။ လင်မယားနှစ်ယောက်ဖြစ်ဟန်တူ၏။ အမျိုးသားက အမျိုးသမီးဝတ်ဆင်လိုက်သော ဘယ်ကရွှေဆွဲကြိုးကုံးလေးကို ကြည်နူးစိတ်ဖြင့်ကြည့်၍ ပီတိဖြစ်နေသည်။ ထိုမြင်ကွင်းက ဥမ္မာစိုးကို စိတ်မကောင်းခြင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားစေရ၏။ သည်တော့ ခြေလှမ်းကို တခြားသို့ ခြေဦးလှည့်လိုက်မိသည်။

"ဖိနပ်တစ်ရန်လောက် ဝင်ဝယ်လိုက်ပါဦးမယ်လေ"

ဖိနပ်ဆိုင်ထဲသို့ ဝင်လိုက်ရာ စိတ်ကြိုက်ဖိနပ်အား ရွေးယူနေစဉ် သူ့နောက်ကျောရှိ ဖိနပ်များကို ကြည့်နေသော အမျိုးသားနှင့် အမျိုးသမီးအသံကို ကြားရပြန်သည်။

"အနက်လေး စီးကြည့်ဦး ချစ်ရဲ့၊ ချစ်ခြေထောက်နဲ့ပေါ်တယ်"

"အသားရောင်လေးရော မကောင်းဘူးလား"

"ကောင်းတာပေါ့၊ ချစ်ကြိုက်တာယူလေ"

"မောင်ရွေးပေးတာပဲစီးမယ်"

အမျိုးသမီးအသံလေးက ချွဲချွဲလေးနှင့် ချစ်စရာကောင်းသူပါ။ ဥမ္မာစိုးက ခပ်စွေစွေလေး စောင်းငဲ့ကြည့်လိုက်မိ၏။ အမျိုးသားက ချစ်သူ၏ ဖွေးဖွေးဖောင်းဖောင်း ခြေဖမိုးလေးကိုကိုင်၍ ဒေါက်မြင့်ဖိနပ်အနက်လေးအား တယုတယ စီးပေးနေသည်။

"ရေကြီးမယ် မောင်ရဲ့ မကိုင်နဲ့လေ"

"ဘာဖြစ်လဲ၊ ကိုယ့်ချစ်သူပဲဥစ္စာ"

ထိုမြင်ကွင်းလေးက ဥမ္မာစိုးအတွက် ဝမ်းနည်းစေရပြန်သည်။ ကိုသက်လွင်ကို သတိရခြင်းနှင့်အတူ မျက်ရည်များဝဲတက်လာရ၏။ ရင်ထဲကဆန္ဒတစ်ခုအား မျိုသိပ်ခြင်းနှင့်အတူ ဖြစ်မလာနိုင်သောဆန္ဒအား မောင်းထုတ်ပစ်လိုက်၏။ ထို့နောက် ဖိနပ်ဆိုင်ထဲမှ ဥမ္မာစိုးထွက်လိုက်သည်နှင့် မျက်ရည်တစ်စက်က ပေါက်ခနဲ ထွက်ကျသွား၏။

အနော်ရထာလမ်းမကြီးမှလမ်းကြားတစ်ခုကို ဖြတ်အထွက်တွင် ဗိုလ်အောင်ကျော်လမ်းမကြီးဘေးရှိ စိန်ဂေဟာကိုတွေ့ရ၏။ ဥမ္မာစိုးအဖို့ စိတ်မပျော်လျှင် Shopping ထွက်လိုက်မှ စိတ်ကြည်လင်သွား၏။

"စိန်ဂေဟာထဲ ဝင်ကြည့်လိုက်ဦးမယ်လေ"

အပေါ်ထပ်ရှိ အိတ်မျိုးစုံကောင်တာသို့ လိုက်ကြည့်မိ၏။ ပြီးနောက် အင်္ကျီတန်းကောင်တာသို့ လိုက်ကြည့်ပြန်ရာ အင်္ကျီဝယ်နေသော စုံတွဲတစ်တွဲကို တွေ့ရပြန်သည်။

"ဒီပုံလေးပဲယူပါလား မိန်းမရာ၊ ဒါလေးက ယဉ်တယ်"

"ပါးလို့ ယောကျ်ားရဲ့ တော်ကြာ ရှင်ပဲ အင်္ကျီပါးတယ်ပြောဦးမယ်"

"ဇာကွပ်ထားတာပဲကွာ၊ ချိတ်အနီရဲရဲလေးနဲ့ဝတ်ရင် အတော်ပဲ၊ ပြီးရင် ချိတ်ဆိုင်ကိုသွားကြမယ်"

"ယောကျ်ားသဘောပါရှင်"

အမျိုးသမီးက နောက်တစ်ကြိမ် မှန်ရှေ့တွင်ကပ်ကြည့်ရင်း ပီတိဖြစ်နေ၏။ သူမနေရာတွင် ဥမ္မာစိုးက စိတ်ကူးယဉ်နေမိသည်။ အမျိုးသားနေရာတွင် ကိုသက်လွင်ဖြစ်နေပြန်၏။ စိတ်ကူးတွင် ကြည်နူးနေသည်မှ အားမရသေးပေ။

"အစ်မ.....ဒီအင်္ကျီယူမှာလားဟင်"

လက်ထဲတွင် မည်မျှကြာကြာကိုင်ထားမိသည်မသိပါ။ အရောင်းစာရေးမလေးက သတိပေးမှ ရှက်သွားရ၏။

"ဩော်.....ဟိုလေ အရောင်လှလှလေးတွေ မရှိဘူးလားဟင်"

"အစ်မက ဘာအရောင်ယူမှာလဲ"

"ကျေးဥစိမ်းရောင်"

ကောင်မလေးက ခေါင်းလေးကုတ်သွားသည်။ ဥမ္မာစိုးပြောသည့်အရောင်ကို သိပုံမရချေ။ သည်တော့ ခေါင်းခါပြ၏။ ဥမ္မာစိုးလည်း ရှက်ရှက်နှင့် အထည်ကောင်တာပြန်ထွက်ခဲ့သည်။

"ဟင်း...ဟိုနေရာသွားလည်း ဒါပဲ၊ ဒီနေရာသွားလည်း ဒါပဲ၊ စိတ်ညစ်ပါတယ်ဆိုမှ ဒီမြင်ကွင်းတွေ မျက်လုံးထဲလာမြင်နေတာပဲ၊ စိတ်ညစ်သွားပြီ၊ အိမ်ပဲပြန်တော့မယ်"

အိမ်သို့ ပြန်လာခဲ့သော

၀၀၀၀



www.burmeseclassic.com

www.burmeseclassic.com

ညမိုးစုံးစုံးချုပ်မှ ကိုသက်လွင်က ရောက်လာ၏။ သူ့လက်ထဲတွင် ဘဲကင်ဘူးလေး ပါလာသည်။

"ရော့....မိန်းမ၊ ဟင်းမချက်နဲ့တော့၊ ဒါနဲ့ပဲစားလိုက်"

ဘဲကင်ဆိုင်တွင် ဝင်ဝယ်လာခြင်းဖြစ်ပေမည်။ ကိုသက်လွင်က သူပေးလိုက်သောဘဲကင်ဘူးကိုမယူသည့်အတွက် ဥမ္မာစိုးတစ်ယောက် စိတ်ဆိုးနေပြီဖြစ်မှန်း သိလိုက်၏။

"ရော့ကွာ၊ ဘာဖြစ်ပြန်ပြီလဲ၊ ကောက်မနေနဲ့၊ စိတ်ညစ်တယ်"

"ဩော်...စိတ်ညစ်ရင်လည်း ရှင်စိတ်ပျော်တဲ့သူဆီ သွားပေးလိုက်၊ ကျွန်မက ရှင့်ထက်ပိုစိတ်ညစ်တယ် သိလား"

"မင်းက ဘာတွေစိတ်ညစ်နေပြန်ပြီလဲ၊ ပြောပါဦး၊ ဒီလောက်ကောင်းကောင်းနေရတာတောင် မကျေနပ်သေးဘူးလား"

တဖြည်းဖြည်းနှင့်ရန်ပွဲအသွင်သို့ ဆောင်သွားကြ၏။ ဥမ္မာစိုးကသည်း သူမ၏ မကျေနပ်ချက်အားတစ်ခုပြီးတစ်ခု ထုတ်ဖော်ပြောလိုက်ခြင်း မျက်ရည်များ တရစပ်ကျနေသည်။ အသားများတဆတ်ဆတ်ဆူနေပြီး ကလေးတစ်ဦးပမာအအီးအီးနှင့် ငိုနေတော့၏။

"ကျွန်မလိုချင်တာ အကြင်နာပါတဲ့ မေတ္တာမျိုးပါ၊ ကိုယ့်အပေါ် မကြင်နာတဲ့ယောကျ်ားတစ်ယောက်ကို ဆက်ပေါင်းနေလို့ အလကားပဲ"

"ဒါဆို မင်းက ကြင်နာတဲ့ယောကျ်ားကို ရှာတွေ့ပြီလား၊ ဒါကြောင့်မို့ ငါ့ကို စိတ်ကုန်နေတာပေါ့လေ"

"တစ်ဖက်သားအပေါ် နည်းနည်းလေးမှ ငဲ့မကြည့်တဲ့ယောကျ်ား၊ ကိုယ့်အလုပ်ပဲ ဂရုစိုက်နေပြီး မိန်းမကို ပစ်စလက်ခတ်ထားတတ်တဲ့ယောကျ်ား၊ ဖောက်ပြန်တဲ့မိန်းမဆိုလင်မယားကွဲတာကြာပြီ"

"အေးလေ၊ မင်းက ကွဲချင်နေတာ အသစ်တွေ့လို့မဟုတ်လား၊ ရတယ် ဥမ္မာစိုး၊ သက်လွင်ဆိုတဲ့ကောင်က စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်ရဲတယ်၊ မင်းကြိုက်သလို ဆုံးဖြတ်၊ ငါ့ဘက်က ကွာရှင်းစာရေးပေးမယ်"

အရင်လို မိန်းမကို ပြန်ချော့မည်ဟု စ်ာကူးထားသော်လည်း ကိုသက်လွင်က တင်းမာနေ၏။ သည်တော့ မာနချင်းပြိုင်ပြီး ဥမ္မာစိုးက စကားတစ်ခွန်းကို နာကျင်အောင် ပြောလိုက်သည်။

"ရတယ်လေ၊ ကျွန်မလည်း ရှင့်လိုပေါ့၊ ဘယ်တော့မှ အိမ်ပေါ်ပြန်တက်မလာနဲ့၊ ရှင့်မျက်နှာကို မတွေ့ချင်ဘူး"

"မင်း တကယ်ပြောတာနော်"

"တကယ်....တကယ်၊ ဆင်းသွား...ဆင်းသွားတော့၊ မိန်းမကို ကြင်နာရကောင်းမှန်း မသိတဲ့ယောကျ်ား၊ ရှင့်ဆီက နာကျင်မှုတွေကိုပဲ ကျွန်မ ရခဲ့တယ်၊ ရှင်နဲ့ လမ်းခွဲတာ အကောင်းဆုံးပဲ"

ကိုသက်လွင်သည် လာလမ်းအတိုင်း သူ့အိတ်ကို ဆွဲကိုင်ပြီး ပြန်ဆင်းသွား၏။ ယောကျ်ားထွက်သွားချိန်တွင် ဥမ္မာစိုး၏ရင်ထဲတွင် ဟာဆင်းသွားပြီး စိတ်ကိုလျှော့ရကောင်းမှန်း မသိပေ။ နာကျင်ခြင်းများဖြင့် လမ်းခွဲလေးသို့ ရောက်သွား၏။ ဒေါသအရှိန်ကြောင့် စိတ်ပျက်စွာ ငိုကြွေးမိတော့သည်။ အနားတွင် မည်သူမျှ ရှိမနေခြင်းက ဥမ္မာစိုးအတွက် အမှားဖြစ်ခဲ့ရ၏။ စိတ်လွတ်ကိုယ်လွတ်ဖြင့် မာနကြောင့် အရာရာကို ဂရုမစိုက်ခဲ့ပေ။

ကိုသက်လွင်ဝယ်လာသော ဘဲကင်ဘူးလေးက စားသူမဲ့ဖြစ်နေတော့သည်။ ထိုညက ထမင်းမစားဘဲ အိပ်ရာထဲဝင်အိပ်လိုက်၏။ သို့ပေမယ့် အိပ်မရပြန်ပေ။ ဗိုက်ထဲတွင် တကြုတ်ကြုတ်နှင့် ဆာလာသည်။ ဆာလာသည့်စိတ်ကို တင်းထားပြီးနောက် အိပ်ပျော်အောင် အိပ်ဆေးသောက်လိုက်၏။

ပိုဆိုးသည်က အိပ်ဆေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း အိပ်မပျော်ပေ။ ဥမ္မာစိုးမှာ အတွေးများကြောင့် ပိုအိပ်မရဖြစ်နေသည်။

"ငါ့အခုလို တစ်ခုလပ်ဖြစ်သွားတာကို ဖေဖေသိရင် ငါ့ကိုဆူမလား၊ ပြီးတော့ ပတ်ဝန်းကျင်က အထင်သေး ကဲ့ရဲ့ကြဦးမယ်၊ ငါ့ဘက်က ဖောက်ပြန်လို့ပဲလို့ ထင်နေကြမှာပဲ၊ ဟင်း.....ဘယ်လိုလုပ်ရပါ့မလဲ၊ ကိုသက်လွင်က သတင်းစာထဲကနေ ကြေညာမှ ငါအရှက်ကွဲမှာ"

ထိုအတွေးများထက် ကိုသက်လွင်အပေါ် စိတ်မချဖြစ်လာပြန်သည်။

"ကိုသက်လွင် ဘယ်ကိုထွက်သွားလဲ၊ သူဘယ်မှာအိပ်မှာလဲ၊ မိုးလည်းချုပ်နေပြီ၊ တော်ကြာ အမှုးသမားတွေနဲ့တွေ့ရင် ရန်ဖြစ်နေမှာပဲ၊ သူက စိတ်တိုတဲ့အထဲ ဒေါသနဲ့ လက်ပါရင် ဒုက္ခ၊ အချုပ်ထဲပဲရောက်နေမလား၊ ဒါမှမဟုတ်ရင် လမ်းပေါ်က တွေ့ရာမိန်းမတွေနဲ့ ပါသွားမလား၊ ညဥ့်ငှက်တွေနဲ့တွေ့နေမှဖြင့် ဟင်း....."

စိတ်မချဖြစ်ခြင်းနှင့်အတူ သူ့မိတ်ဆွေများထံ ဖုန်းဆက်အသိပေးရကောင်းမလား၊ လိုက်ရှာပေးဖို့ အကူအညီတောင်းရကောင်းမလားနှင့် ယောကျ်ားအပေါ်တွင် စိတ်ပူလာသည်။

"သူ ထမင်းစားပြီးမှာမဟုတ်သေးပါဘူး၊ စိတ်တိုပြီး ထမင်းမစားဘဲနေရင် ရောဂါဖြစ်နေဦးမယ်၊ သူ့မှာ အစာအိမ်ရောဂါလည်း ဖြစ်ချင်နေတာ၊ ဆေးတွေမှ ပါသွားရဲ့လား"

အိပ်ရာထက်မှ လူးလဲထကြည့်မိပြန်၏။ ဆေးထုပ်က စားပွဲပေါ်တွင် ရှိနေဆဲပါ။ ညဥ့်နက်နေပြီဖြစ်သည့်အတွက် မည်သည့်ဆေးဆိုင်မှ ရှိတော့မည်မထင်ပါ။

"သူ့ဖုန်းကို ခေါ်ကြည့်မှပဲ"

ဖုန်းခေါ်မည်အပြုတွင် မာနက တားဆီးနေပြန်သည်။ သူ့ဘက်ကစပြီး အရှုံးမပေးလိုပေ။ သည်တော့ ဖုန်းမဆက်ဖြစ်တော့ဘဲ မီးဖိုထဲဝင်ပြီး ကော်ဖီတစ်ခွက်နှင့် ဘီစကွတ်ကို စားနေလိုက်သည်။

"ငါကတော့ အဆာပြေအောင် စားနေတယ်၊ ကိုကိုသက်ရော ငါ့လိုမှ စားနေပါ့မလား၊ လက်ဖက်ရည်ဆိုင်တွေ ပိတ်ကုန်ရောပေါ့"

မျိုမကျဖြစ်ရပြန်သည်။ နာရီကို လှမ်းကြည့်လိုက်ရာ ညဥ့်နက်နေပြီဖြစ်သည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ခါတစ်ရံ ထွက်ပေါ်လာသော ခွေးအူသံကြောင့် ကြက်သီးထမိပြန်သည်။ အိပ်ရာပေါ်တွင် အခုလို ခွေးအူသံကိုကြားလျှင် ကြောက်စိတ်ကြောင့် ကိုသက်လွင်ရင်ခွင်ထဲ တိုးဝင်ခဲ့မိသည်။ အခုတော့ တိုးဝင်စရာရင်ခွင်မရှိတော့ပေ။

အိမ်ထဲတွင် မီးမှိတ်ပြီး အိပ်ခန်းမီးမှိန်မှိန်လေးသာ ထွန်းအိပ်တတ်ရာက အနားတွင် အားကိုးအားထားပြုစရာ ယောကျ်ားမရှိသည့်အတွက် မမြင်နိုင်သော နာနာဘာဝကို တွေးကြောက်မိ၏။ သည်တော့ အိပ်ဆေးသောက်ပြီး အိပ်လိုက်သော်လည်း အိပ်မရတော့ပေ။

"အဖေ့အိမ်ကို ဖုန်းဆက်ရကောင်းမလား၊ ဒီအချိန်ကြီးမှာ သူတို့လည်း လာနိုင်မှာမဟုတ်ပါဘူးလေ၊ ဟင်း...ငါဘာလုပ်ရကောင်းမလဲ"

ကြောက်စိတ်က ကြီးစိုးလာသည့်အဆုံး ခင်ပွန်းဟူသည် မိမိရှေ့တွင် မားမားမတ်မတ် ရပ်တည်ပေးပြီး ဘေးအန္တရာယ်များစွာကို ကာကွယ်ပေးနိုင်သူ၊ မိမိဘဝ လုံခြုံရေးအတွက် အားကိုးအားထားပြုရသူ၊ မိမိကို ကျွေးမွေးစောင့်ရှောက်သူတစ်ဦးအဖြစ် နားလည်လာရ၏။ သည်တော့ ကိုယ့်အမှားကို သိသွားတော့သည်။


♛♛♛♛♛

"မနက် ၃ နာရီတောင် ထိုးတော့မှာပါလား၊ ခုချိန်ထိ တစ်မှေးမှ မအိပ်ရသေးဘူး၊ ရိုးတက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပဲ''

အိပ်ရာထက်တွင် မီးပိတ်ပြီး အိပ်ကြည့်၏။ သို့ပေမယ့် မီးမှောင်လျှင် အိပ်မရသည့်အတွက် အိပ်ခန်းမီးရောင် မှိန်မှိန်လေးကို ထွန်းထားလိုက်ပြန်သည်။

"ကိုကိုသက်ကို ငါဘယ်လို တောင်းပန်ရမလဲ၊ တကယ်တော့သူဟာ ငါ့ဘဝရဲ့ ကျေးဇူးရှင် တစ်ယောက်ပါလား၊ သူ့မှာ အခက် အခဲလေးရှိတာကြောင့် ငါက နားလည်မှုမပေးရင် ငါဟာ ဇနီးကောင်း တစ်ယောက်မဟုတ်နိုင်တော့ဘူးပေါ့၊ ဟုတ်ပါတယ်လေ၊ မွေးနေ့ဆိုတာ နှစ်တိုင်းတည်ရှိနေတာတဲ့ အရာပဲ၊ ငါဟာ အသေးအဖွဲကိစ္စလေးနဲ့ ယောကျ်ားကို ရန်လုပ်နေရင် အိမ်ထောင်က ဘယ်လိုလာပြီး တည်မြဲနိုင်ပါတော့မလဲ၊ တစ်ဦးစိတ်ကို တစ်ဦး ပြုပြင်ရင်း ဘဝတစ်ခုကိုတည်ဆောက်ကြရင် အိမ်ထောင်ရေး သာယာလာမှာပါလား''

ဉမ္မာစိုးက မိတ်ဆွေတစ်ဦး၏ အိမ်ထောင်ရေးကို တွေးလိုက်မိသည်။ အတွင်းကျကျ သိထားသူဖြစ်ရာ သူတို့အဖြစ်နှင့် ဘာမျှဆိုင်ပေ။

"ဒေါ်သအလျောက် ပြိုကွဲတဲ့ အိမ်ထောင်မှာ နောက်ဆုံးတော့ ကြေကွဲမှုတွေနဲ့ နောင်တရပြီးအဆုံးသတ်ခဲ့ရပါလား''

သစ်သစ်က ယောကျ်ားနှင့် စကားများရာကစပြီး မကျေနပ်စိတ်၏တွန်းအားကြောင့် ဓားနှင့်ထိုးခဲ့မိသည်။ ယောကျ်ားဖြစ်သူလည်း ဆုံးရှုံး၊ သစ်သစ်လည်း အရှက်တကွဲဖြစ်ပြီး ထောင်ကျနှင့် နောက်ဆုံးတော့ သုံးနှစ်အရွယ် ကလေးငယ်လေးမှာ မိဘမဲ့ဘဝဖြင့် ဆွေမျိုးတစ်ယောက်အိမ်တွင် မျက်နှာငယ်ငယ်ဖြင့် နေရတော့သည်။

အိမ်ထောင်ရေးပြဿနာသည် ကြီးမားသော လူမှုရေးကိစ္စတွင် တွေ့ကြုံရသော ပြဿနာတစ်ခုဖြစ်၏။ လောကကြီးတွင် ဖြစ်မှုပေါင်းများစွာအနက် လင်ကမယားကို သတ်၊ မယားက လင်ကိုသတ်နှင့် ဒေါသကို မထိန်းချုပ် နိုင်ခဲ့ကြသည့် အိမ်ထောင်ရေး ဖြစ်မှုက အဆိုးဆုံး ဖြစ်နေသည်။ နောင်တရပြီး တသသ ဝမ်းနည်းနေရသည်မှာ နောက်ဆုံး ထွက်သက်အထိပင်။ တစ်ဦးကိုတစ်ဦး ချစ်ခင်စုံမက်ပြီး သံယောဇဉ်နှောင်ကြိုး အထပ်ထပ်ရစ်ပတ်ခဲ့ပြီးမှ တစ်ရက်တည်းနှင့် ဖြတ်တောက်ပစ်ရန် မည်သူမျှကြို တင်စဉ်းစားမိမည် မဟုတ်ပါ။ အရက်စက်ဆုံးနှင့် နောင်တအရဆုံး ဖြစ်မှုမျိုးဖြစ်၏။

White Boardပေါ်က ကိုသက်လွှင်ရေးထားသော အမှာစာလေးကို တွေ့သွားသည်။

"စိုး ငါးပိထောင်းစားချင်တယ်ဆိုလို့ နေပြည်တော်သွားတဲ့ သူငယ်ချင်းကို ၁၁၅ မိုင်က ဝယ်ခဲ့ဖို့ မှာထားတယ်၊ ခဏစောင့်၊ ဒူးရင်းသီးကို ရေခဲသေတ္တာထဲ ထည့်ထားတယ်၊ နည်းနည်းပဲစား၊ အပူကန်မယ်နော်''

"ဩော်...ကိုကိုသက်....ကိုကိုသက်၊ အဲဒီလောက်တောင် စိုးအပေါ် ကြင်နာရသလား၊ စိုးက ဒါကြောင့်မို့ ပိုဆိုးနေတာထင်ပါရဲ့

နော်၊ စိုးဆီ ပြန်လာပါ ကိုကိုသက်ရယ်၊ စိုးအမှားကို သိပါပြီကွယ်"

လက်ရေးသွက်သွက်လေးကို ကြည့်ပြီး ဥမ္မာစိုးက တမ်းတမ်းတတ ပြောလိုက်စဉ်.....

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

အပြင်မှ တံခါးခေါက်သံကြောင့် ဥမ္မာစိုး ထိတ်လန့်သွားမိ၏။ နောက်တစ်ခါ တံခါးအခေါက်တွင် အိမ်ရှေ့လှေကား မီးကိုဖွင့်ပြီး ကျွန်းတံခါးအား ဝေးဝေးမှနေ၍ ဖွင့် ကြည့်လိုက်သည်။ သံပန်းတံခါးကို သော့မဖွင့်ရဲပေ။

"ဟင်.....ကိုကိုသက်၊ စိုးဆီ ပြန်လာတယ်နော်"

"ဘယ်သွားလို့ ပြန်လာရမှာလဲ၊ အပြင်မှာ ထမင်းထွက်စားပြီး ကိုယ့်မိန်းမဆီ ပြန်လာတာပေါ့၊ တံခါးဖွင့်မပေးမှန်းသိလို့ အပေါက်ဝမှာထိုင်စောင့်နေတာ၊ နှစ်ရေးနိုးပြီ"

"ဟယ်.....ဒါဆို ကိုကိုသက်က ရှိနေတာပေါ့"

"ရှိတာပေါ့ဗျာ၊ ကိုယ့်မိန်းမက ဘယ်အကောင်ကိုများ ဖုန်းဆက် ခေါ်မလဲလို့ စောင့်ကြည့်နေရတာပေါ့၊ ယောကျ်ားကို မောင်းထုတ်နေမှ သူ့မှာ အကြံအစည်တစ်ခုခုရှိနေ ရမယ်လေ၊ မဟုတ်ဘူးလား"

"ပြောစရာလိုသေးလို့လား၊ ဘယ်သူ့မှဖုန်းမဆက်တဲ့နောက် စိုးက ရိုးသားလို့ဆိုတာ သက်သေပြ



နေပြီလေ"

"ယုံပါတယ်ဗျာ၊ ဒါကြောင့်လည်း မိန်းမအနားက မခွာနိုင်တာပေါ့၊ ကဲ.....တံခါးဖွင့်ပေး တော့လေ၊ စိတ်ဆိုးနေတဲ့ မယားလေးကို ပြန်ချော့ရဦးမယ်"

"ဟင့်အင်း၊ စိုး စိတ်မဆိုးတော့ပါဘူး ကိုကိုသက်ရယ်၊ စိုးကတောင် ကိုကိုသက်ကို တောင်းပန်ရဦးမှာပါ၊ နောင်ဆို ယောကျ်ားအပေါ် အနိုင်မယူဘဲ နားလည်မှုများစွာနဲ့ သက်ဆုံးတိုင် ချစ်သွားပါ့မယ်နော်၊ ကိုကိုသက်လည်း ဒေါသစိတ်ကို လျှော့တော့"

"လျှော့ပါ့မယ် မိန်းမရာ၊ စိုးဆီက အခုလိုစကားမျိုးကြားရတာ သိပ်ဝမ်းသာတယ်၊ အဲဒါဟာ ကိုယ်အဖြစ်စေချင်ဆုံး ဆန္ဒပါပဲကွယ်"

ကြင်နာမှုမျက်ဝန်းများဖြင့် အကြည့်ချင်းဆုံမိကြစဉ်တွင် နှစ်ဦး သားရင်မှာ နှောင်ကြိုးများစွာဖြင့် အထပ်ထပ်ရစ်ပတ် နှောင်ဖွဲ့ခိုင်မြဲသွားကြ၏။ မြင်နိုင်သော နှောင် ကြိုးများထက် မမြင်နိုင်သောနှောင် ကြိုးက ဥမ္မာစိုး၏ အားငယ်စိတ်များစွာအား ချေဖျက်သွားနိုင်ခဲ့၏။ သည်တော့ ကိုသက်လွင်၏ ရင်ခွင်တွင် ခိုမှီရင်း ဥမ္မာစိုးက မျက်လွှာလေး ချထားလိုက်မိတော့သည်။

"ကိုကိုသက်ရဲ့ မမြင်နိုင်တဲ့ နှောင်ကြိုးလည်း စိုးအတွက် ခိုင်မြဲနေပါစေကွယ်"

**လေးစားစွာဖြင့်**

**နွေးအ**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## မျက်ဝန်းတစ်စုံရဲ့နောက်ကွယ်

ရှင်လွန်းမယ်

"ဒါ ဖိတ်စာနမူနာလေ၊ ငြိမ်းကြည့်လေ၊ ငြိမ်းကြိုက်ရင် ဖိတ်စာအပ်တော့မယ်လေ"

ကိုလေးက သူမလက်ထဲသို့ အရောင်အသွေးစုံသည့်၊ ဒီဇိုင်းစုံသည့် ဖိတ်စာတစ်ထပ် ထည့်ပေးလေသည်။ သူမက ဖိတ်စာထပ်များကို သာမန်ကာလျှံကာကြည့်ပြီး ားသို့ချလိုက်ကာ.....

"ကိုလေးကလည်း သိပ်လောာပဲ၊ မင်္ဂလာပွဲရက် သတ်မှတ်ရက်က အဝေးကြီးလိုသေးတာကို"

သူမစကားကြောင့် ကိုလေးျက်နှာသည် အနည်းငယ် မှုန်မှိုင်းသွား၏။ မင်္ဂလာရက် အဝေးကြီးလိုသေးသည်ဆိုတာကလည်း သူမတောင်းဆိုမှုကြောင့်သာဖြစ်သည်။ ကိုယ်တူနီးဖို့အတွက် ကိုလေးက်မှ အားတက်သရော ရှိလောက် သူမဘက်ကတော့ းစက်စက်နဲ့ရှိနေကြောင်း လူအားလုံးက ဝေဖန်ကြသည်။ ဘယ်သူဝေဖန်ဖန် သူမ ဂရုမစိုက်ပါ။ ကိုယ့်ရင်တွင်းခံစားချက်ကိုသိအောင်မည်သူ့ကိုမှလည်း ရှင်းပြဖို့မလိုပါ။

လူတွေအထင်ကြီးအောင် ကိုယ့်ချစ်သူအပေါ် ဖူးဖူးမှုတ်အလိုလိုက် ချစ်တတ်သူမှ ချစ်တတ်သူဆိုလျှင် အပေါ်ယံက အေးစက်စက်လုပ်နေသလောက် နှလုံးသားထဲမှာ အချစ်တွေပြည့်နေသူ သူမကိုတော့ မချစ်တတ်သူမို့လား၊ သိပ်



ချစ်တတ်တဲ့သူ၊ အချစ်ကြီးတဲ့ အချစ်ဆုံးသူဆိုတဲ့ အချစ်များကို ဘယ်ပေတံနှင့် တိုင်းတာတတ်ကြသလဲ မေးကြည့်ချင်ပါသည်။

ကိုလေး ကောင်းထက်လင်းက သူမကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ ချစ်သူ။ ရုပ်ရည်၊ အရည်အချင်း အစစအရာရာအားလုံး သူမထက်သာလွန်သူတစ်ယောက်ဖြစ်သည်။ ဩော်.....ဒီကြားထဲ မဆီမဆိုင် သူမနဲ့ကိုလေး တွဲသွားတွဲလာပြုသည့်အခါ မလိုက်ဖက်တဲ့ရုပ်ရည်ကြောင့် ကိုလေးကို သနားပါတယ်ဆိုတဲ့သူက ရှိသေးရဲ့။ သူမအတွက်ကတော့ ချောပါတယ်ဆိုတဲ့ ကိုလေးရဲ့ရုပ်ရည်ကို သနားပါတယ်ဆိုတဲ့ လူတွေကိုလှူချင်ပါရဲ့။ အဟုတ်ပါ။

မတည်မြဲတဲ့ ရုပ်ရည်တွေပေါ်မှာ မက်မောပြီး ကိုလေးကို ချစ်ခဲ့တာမဟုတ်ပါ။ ဒါကို ကာယကံရှင်ဖြစ်သူ ကိုလေးကိုယ်တိုင်သိသည်။

သူမ ချစ်ခဲ့တာ ကိုလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား။ စာရေးဆရာမဆိုတဲ့ သူမရဲ့အလုပ်အပေါ် နားလည်ပေးနိုင်တဲ့ ကိုလေးရဲ့နှလုံးသားကို ချစ်တာပါ။ စာမဖတ်ကြတဲ့ လူတော်တော်များများက စာရေးဆရာမဆိုတာကို အထင်သေးချင်ကြတယ်။ နှလုံးသားကလာတဲ့အရာကို ဦးနှောက်နဲ့ ခံစားရေးတာကို နားလည်မှု မပေးနိုင်ကြချေ။ စာရေးတယ်ဆိုတာ ပျင်းတဲ့စိတ်ကို မွေးမြူတာတဲ့။

ကိုလေးနဲ့ သူမဆိုတာက စာရေးသူနဲ့ စာဖတ်သူအနေအထားနဲ့ စတွေ့ကြတာပေါ့။ သူမ,ရေးတဲ့စာတွေကို ဖတ်ရင်း၊ သဘောကျရင်း ကိုလေးက မဂ္ဂဇင်းတိုက်မှာ လိပ်စာစုံစမ်းပြီး မိတ်ဆက်စာရေးလာတာဖြစ်သည်။ နောက် ရက်ကြာလာသောအခါ သူမအိမ်ကို လာလည်တဲ့အဆင့်အထိ ဖြစ်သွားခဲ့သည်။

ဒါပေမဲ့ တစ်ခုတော့ရှိသည်။ သူစိမ်းတွေက သူစိမ်းတွေမို့ ဝေဖန်တာ ထားပါတော့။ ကိုလေးကိုယ်တိုင်က သူမဟာ သူ့အပေါ် သူချစ်သလောက် မချစ်ဘူးထင်တယ်ဟု စွပ်စွပ်စွဲစွဲ လုပ်လာခဲ့သည်။ ခက်ပါရဲ့ရှင်။ အကောင်အထည်မမြင်ရတဲ့ ချစ်ခြင်းတရားကို ဒီလိုပုံစံနဲ့ ဒီလောက်ကြီးချစ်ပါတယ်ဟု မည်သို့ပြောပြရမည်နည်း။ ကဲ..... ထင်ချင်သလိုသာ ထင်ပါတော့ကွယ်။

♛♛♛♛♛

"ခင်လေးက သူ့ကို ဘယ်လိုခေါ်သလဲ"

သူ့မျက်နှာ ရှုံ့မဲ့သွားကာ.....

"ကိုလေးလို့ခေါ်တယ်၊ ဘာဖြစ်လို့လဲ"

ခင်လေးဆိုတာက ကောင်းထက်လင်းရဲ့ညီမဖြစ်ပြီး သူမနှင့်မှ ရွယ်တူဖြစ်သည်။

"ငြိမ်းရဲ့ဝတ္ထုတွေထဲကလို ကိုကိုတို့၊ မောင်မောင်တို့ခေါ်ပါလား"

သူမက မျက်နှာနီနီဖြင့်

"သွားစမ်းပါ၊ ကလေးကလား၊ ဘာတွေပြောနေတာလဲ၊ အဲဒီ ကိုကိုတို့၊ မောင်မောင်တို့က ဝတ္ထုထဲမှာ ခေါ်ရတာကောင်းတာ၊ အပြင်မှာခေါ်ရင် ကလက်တယ်လို့ ကျွန်မတော့ထင်တယ်"

"ဒါဆို ဘယ်လိုခေါ်မှာလဲ"

"ကိုလေးလို့ခေါ်မယ်လေ၊ ကောင်းသားပဲ"

"ငြိမ်းက ကိုယ့်ညီမလေးမှ မဟုတ်တာ"

ဘာပဲပြောပြော သူနဲ့သူမတို့ကြားမှာ ကိုလေးဆိုတဲ့ အသုံးအနှုန်းက အတည်တကျဖြစ်သွားခဲ့သည်။ သူကတော့ သူမနာမည်






www.burmeseclassic.com

www.burmeseclassic.com





'ငြိမ်းဆုပန်'ကို ငြိမ်းဟုအဖျားဆွတ်ခေါ်ခဲ့သည်။ သူမကို ခင်မင်သူတော်တော်များများက 'မဆု'၊ 'ဆုဆု'ဟု ခေါ်တတ်ကြသဖြင့် သူက ငြိမ်းလို့ခေါ်တာ နားထဲမှာ စိမ်းနေတတ်သည်။

သူမကစာရေးသူတစ်ယောက်ဖြစ်သော်လည်း ဒဿနိကဗေဒမေဂျာနှင့် ကျောင်းပြီးသူ။ ကိုလေးကတော့ မြန်မာစာနှင့် ကျောင်းပြီးသူ၊ လေ့လာမှုအားလည်းကောင်းသည်။ အဖွဲ့အနွဲ့များသော ရသစာပေများကိုလည်း သဘောကျသူဖြစ်၏။

"လာလုငယ်...လာလုလု.....တမ်းခုခုငေး.....မျှော်ပါရေးရယ်နှင့်...ဗျာမဆယ်..မယ့်ကြင်နိုင်.....ကြဉ်ရှောင်တိမ်းတယ်.....စိမ်းသင့်မှစိမ်း"

ဆိုသည့်အနောက်နန်းမတော်မမြလေး၏ စိမ်းသင့်မှစိမ်းပတ်ပျိုးကို ရွတ်ပြသောအခါ သူမက ကိုလေးကို မျက်စောင်းခပ်ဖွဖွထိုးရင်းဖြင့်.....

"ဘုရင်ရဲ့မိဖုရားကိုး ကိုလေးရယ်၊ တစ်နေ့တစ်နေ့ သူတို့မှာ ဘာအရေးရှိတာမှတ်လို့၊ ကိုယ့်ခင်ပွန်းမလာတာကိုပဲ တဖွဲ့တနွဲ့နဲ့လုပ်ရင်းအဆွေးကဗျာတွေရေးနေတာ၊ သာမန် အောက်ခြေလူတန်းစားတွေကျတော့လည်း ဝမ်းရေးအတွက်ရုန်းကန်နေရတာနဲ့ ဆွေးတယ်ဆိုတာ ဘာမှန်းသိမှာမဟုတ်ဘူး"

"ဒါဆို ကိုယ်မေးခွန်းတစ်ခုလောက် မေးချင်တယ်၊ အကယ်၍ ကိုယ်သာမရှိတော့ရင်၊ ဒါမှမဟုတ် အဝေးရောက်နေရင် ငြိမ်းစာထဲမှာ ကိုယ့်ကိုလွမ်းကြောင်း၊ သတိရကြောင်း ထည့်မရေးဘူးလား ပြော"

"ကိုလေးကလည်း ဘာမရှိတော့ရင်လဲ၊ မပြောစမ်းပါနဲ့၊ အလွမ်းအဆွေးတွေကို မခံစားချင်ပါဘူး၊ ခံစားချက်ဆိုတာ နှစ်မျိုးရှိတယ်၊ ဖွင့်ဟလို့ရတဲ့ ခံစားချက်ရှိသလို ဖွင့်ဟလို့မရတဲ့ ခံစားချက်လည်းရှိတယ်၊ ကိုယ့်ချစ်သူကိုသတိရခြင်းကတော့ အမြဲရှိနေမှာပေါ့"

သူမရဲ့အဖြေကို ကိုလေးကသဘောကျဟန်မတူပေ။

♛♛♛♛♛

"မှောင်နေပြီ၊ မနက်ဖြန်မှသွားဖိတ်ရအောင်လေ"

"ကိုလေးကလည်း ဆိုင်ကယ်နဲ့သွားတာပဲ၊ ဘာကြာတာမှတ်လို့လဲ၊ သွားရအောင်ပါ၊ ကျွန်မသူငယ်ချင်းက အားတာမဟုတ်ဘူး၊ လာမယ်ပြောပြီး မလာရင် ပြောနေဦးမယ်၊ သွားလိုက်ပါ"

ကိုလေးရဲ့တားမြစ်မှုကို နားမထောင်ဘဲ သူငယ်ချင်းရှိရာ ဧလ



www.burmeseclassic.com

www.burmeseclassic.com

ယာဉ်ကွင်းဘက် မောင်းနိုင်းလိုက်သည်။ မင်္ဂလာပွဲနီးလာသဖြင့် အိမ်တွင် ဆွေမျိုးများ၊ မိတ်ဆွေများဖြင့် စည်ကားနေသည်။ ဒါတောင် နီးမှလာမယ့် နယ်ကဆွေမျိုးများကလည်း ရှိသေးသည်။ ပြောရမည်ဆိုလျှင် ကျွက်ကျွက်ညံနေသည်။

မင်္ဂလာပွဲက လေးရက်သာလိုတော့သည်။

သူငယ်ချင်းဆီရောက်တော့ ချက်ချင်းထပြန်လျှင် မကောင်းသဖြင့် စကားပြောနေရသေးသည်။ အပြန်ရောက်တော့ မိုးကစုံးစုံးချုပ်နေပြီ။

လားရှိုးကြီးမီးပွိုင့်ရောက်သောအခါ မီးပွိုင့်က နီနေသည်။ ကိုလေးက ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်းရပ်လိုက်သည်။ လက်ကနာရီကို ငုံ့ကြည့်လိုက်တော့ ည ၈ နာရီခွဲနေပြီ။

"ဟော့.....အဲဒါ ဘူလေးလဲ၊ အဲဒါ ဘူလေးလဲ"

သူမအကြည့်က ဘေးဘက်သို့ ရောက်သွားသည်။ ဆိုင်ကယ်တစ်စီးနှင့် ယောကျ်ားသုံးယောက်ဖြစ်သည်။ ပုံစံများကလည်း ဗရုတ်ဗရက် စုတ်စုတ်ပြတ်ပြတ်။ ဘယ်လိုပုံစံတွေများ ဝတ်ဆင်ထားသလဲမသိပေ။ အဝတ်အစားများက တန်ဖိုးမနည်းသော်လည်း တမင်ဖြဲထားတာလား၊ ဖောက်ထားတာလားမသိ။ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီများက ဒူးနားမှာပေါက်လိုပေါက်၊ ဖွာလိုဖွာ။ လားရှိုးမှာ အုပ်စုဖွဲ့၍ ဆိုင်ကယ်နှင့်ရမ်းကားမှုသည် ခေတ်စားလာသည်။

ကိုလေးက တစ်ဖက်ဆိုင်ကယ်ကို စူးစူးစိုက်စိုက်ကြည့်နေသဖြင့် သူမကိုလေးရဲ့ခါးကို ခပ်တင်းတင်းဖက်လိုက်သည်။ နောက် လေသံ တိုးတိုးဖြင့်.....

"ကိုလေး ကြည့်မနေနဲ့၊ ဒီလို

လူတွေနဲ့ဖက်ဖြစ်မနေနဲ့၊ အလကာ
ပုံစံက လူရမ်းကားပုံစံတွေ"

"ဩော်.....ဟော် ဘယ်
များလဲလို့၊ မမစာရေးဆရာမကို


ထိုထဲကတစ်ယောက်ယော
က သူမကို သိနေဟန်။ စကား
များက လေးလေးကန်ကန်နှင့်
ချိန်ကိုက်လာဟန်တူသည်။ မီးပွို
စိမ်းသွားသဖြင့် ဆိုင်ကယ်ကိုမော
ထွက်လိုက်ရင်း ကိုလေးက ချ
ထိန်းထားရသည့်လေသံဖြင့်.....

"မနှောင့်ယှက်ကြပါနဲ့ ကို
ညီတို့၊ ကိုယ့်လမ်းကိုယ် အေးအေ
သွားကြပါ"

သူတို့က ဆိုင်ကယ်သံ
တဗျင်းဗျင်းမြည်အောင် လီဗာ
ဆွဲရင်း ရမ်းရမ်းကားကားဖြင့်.....

"အလို.....ကျွန်တော်တို့သွ
နေတာ အများပိုင်လမ်းဗျာ၊ ခင်ဗျာ
နဲ့ ဘာဆိုင်လဲ"

"ဟိတ်ကောင်.....ဆွဲကွ
သက်သက်ကြောတာ မခံနိုင်ဘူး





www.burmeseclassic.com

www.burmeseclassic.com



**သူမ ထိတ်လန့်တုန်လှုပ်သွားသည်။ ကိုလေးက ဒေါသဖြစ်ပြီး ဆိုင်ကယ်ကိုရပ်၍ ရင်ဆိုင်လိုက်လျှင် ဒီလူသုံးယောက်နှင့် ဘယ်လိုမှ ယှဉ်နိုင်လိမ့်မည်မထင်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ဥဒဟိုသွားလာနေသည့် ကားများ၊ ဆိုင်ကယ်များ ရှိနေသော်လည်း**

"နေကြပါဦး သူငယ်ချင်းတို့ရေ့၊ ဒီကိစ္စက ငါ့ကိစ္စပါ၊ သူ့မောင်လေးနဲ့ပတ်သက်ပြီး ငါ့ကိုများ လာရန်စွာတဲ့မိန်းမ၊ မရဘူး၊ ဒီနေ့တော့ အဲဒီကိစ္စ အပြတ်ရှင်းရမယ်"

"အေး.....ရှင်းကွာ"

သူမ ထိတ်လန့်တုန်လှုပ်သွားသည်။ ကိုလေးက ဒေါသဖြစ်ပြီး ဆိုင်ကယ်ကိုရပ်၍ ရင်ဆိုင်လိုက်လျှင် ဒီလူသုံးယောက်နှင့် ဘယ်လိုမှ ယှဉ်နိုင်လိမ့်မည်မထင်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ဥဒဟိုသွားလာနေသည့် ကားများ၊ ဆိုင်ကယ်များ ရှိနေသော်လည်း လူမိုက်တွေနဲ့ ဖက်မဖြစ်ချင်သလား ဘာလားတော့မသိ။ စပ်စပ်စုစုတောင် ကြည့်မသွားကြပါ။ နောက်တော့ သူမတို့ကျောဘက်တွင်လည်း လူသုံးယောက်နှင့် ဆိုင်ကယ်တစ်စီး ရောက်လာပြန်၏။ ကိုလေးက ဆိုင်ကယ်လီဗာကို မြှင့်လိုက်သဖြင့် သူမ ကြောက်လန့်တကြား ကိုလေး ရဲ့ခါးကိုဖက်ထားရင်း

"ကိုလေး မလုပ်နဲ့ မလုပ်ပါနဲ့ ကိုလေးရယ်"

"ကိုယ့်ကို ဒီလောက်စော်ကားနေတာကို ခံရမှာလား ငြိမ်း၊ တော်တော်လူဝါးဝနေတာ၊ ကိုယ်ယောကျ်ားပါ"

ကိုလေးက ယောကျ်ားမာနကို အကြောင်းပြနေသည်။ လူအင်အားမမျှသဖြင့် ထိုယောကျ်ားမာနကလည်း ရမည်မထင်။ ဘေးနားက ဆိုင်ကယ်များကလည်း ဆူညံလွန်းလှသည်။ သူ့ရဲ့သူငယ်ချင်းများကလည်း အားပေးအားမြှောက်ပြုလျက် တဟေးဟေး၊ တဟားဟား အော်လျက်။ သူမတို့ဆိုင်ကယ်နား အတင်းဘေးချင်းယှဉ် ကပ်လိုက်ကပ်၊ ဟီးဟီးဟားဟားနှင့်အော်ရယ်၍ ဆိုင်ကယ်လက်ကိုင်ကို လှမ်းကိုင်လိုက်ကိုင်နှင့် အမျိုးမျိုး နှောင့်ယှက်လျက်ရှိသည်။ ကျောဘက်ဆိုင်ကယ် ပေါ်မှ လူတစ်ယောက်ကလည်း ခြေနင်းကို နင်းထားသေး၏။

"ဟိတ်ကောင်တွေ...မင်းတို့အဲဒီလို နှောင့်ယှက်မနေနဲ့၊ ရှေ့မှာ ဆိုင်ကယ်ရပ်၊ အဲဒီမှာရှင်းမယ်၊ ရှင်းလို့ ဆင်းရင်ဆင်း၊ မဆင်းရင် မင်းတို့ သေဖို့သာပြင်"

ကိုလေးက တော်တော်ဒေါသထွက်နေပုံရသည်။ သူမ တတွတ်တွတ်နှင့် တောင်းပန်မှုများကိုလည်း နားမဝင်တော့ချေ။ ဆိုင်ကယ်များ၊ ကားများ ကျပ်နေသည့်ကြားမှာ ထိုးဖောက်ဖို့ ကြိုးစားသည်။

စပ်ဖြဲဖြဲမျက်နှာနှင့်လူက သူမလက်တစ်ဖက်ကို လှမ်းကိုင်လိုက်သဖြင့် ပြုတ်ကျမှာကြောက်သဖြင့် ဆုပ်ကိုင်ထားသည့်လက်ကို ခါထုတ်လိုက်သည်။ ကိုလေးက ကားနှင့်ဆိုင်ကယ်ကြားမှာ သူမတို့ဆိုင်ကယ်ကို အတင်းမောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





"ဟာ....."

"ဒုန်း....."

"ကိုလေး....."

ကိုလေးသည် သူ့ရဲ့ဆိုင်ကယ် အရှိန်ကို မထိန်းနိုင်တော့ချေ။ လမ်းပေါ် ကန့်လန့်ဖြစ်သွားကာ ဆိုင်ကယ်သည် တစ်ဖက်လမ်းကြောမှာ ရှိသော အုတ်ခုံကို ဝင်တိုက်သည်။ အရှိန်နှင့်ပြန်လည့်ကာ သူ့လမ်းကြော သူမောင်းနေသည့် ကားဆီသို့ ဦးတည်သွားပြန်သည်။

"အား....."

ဒယိမ်းဒယိုင်ဖြင့် ထလာသော ကိုလေးကို သူမ သဲကွဲစွာ မမြင်ရ တော့ချေ။ သူမရဲ့မျက်နှာ တစ်ခုလုံးသွေးများရဲနေသည်။ နာကျင်မှုနှင့်အတူ သူမ သတိလစ်လုလုဖြစ်နေစဉ် သူမကို တစ်စုံတစ်ယောက်က ပွေ့ပိုက်လိုက်မှုနဲ့အတူ.....

"ဗြိမ်း....."

♛♛♛♛

"သမီး.....သမီးလေး"

"မမဆု....."

ခေါ်သံများက နီးကပ်လာပေမယ့် သူမ ဘာကိုမှမမြင့်ရ။ သူမရဲ့မျက်နှာကို တစ်စုံတစ်ရာဖြင့်ဖုံးအုပ်ထားလေသည်။ ထိုဖုံးအုပ်ထားမှုကြောင့် အလင်းဆိုသည့်အရာကို အနည်းငယ်မှ မမြင်ရချေ။ နောက် သူမဘေးနား၌ ခေါ်သံ၊ ပြောသံများ ဆူညံနေသည်။ သို့သော် ထိုခေါ်သံများ၊ အော်သံများက သူမနှင့် လုံးဝရင်းနှီးမှုမရှိချေ။

"ဘယ်သူလဲ၊ ရှင်တို့တွေက ဘယ်သူတွေလဲ၊ ကျွန်မကကော ဘယ်သူလဲ၊ ကျွန်မမျက်လုံးကို ဘာဖြစ်လို့ ဖုံးကွယ်ထားတာလဲ"

မေးခွန်းမျိုးစုံ ထွက်လာသောအခါ သူမဘေးမှာရှိသောလူများရဲ့ အသံများ တိတ်ဆိတ်သွားခဲ့ကာ တစ်စုံတစ်ယောက်က ထိတ်လန့်တကြားရေရွတ်မှုနှင့်အတူ "ဒေါက်တာကို သွားခေါ်မှဖြစ်မယ်"ဆိုပြီး ပြေးထွက်သွားသံကို ကြားလိုက်ရသည်။

ဒေါက်တာ.....။ ဒါဆို သူမက ဆေးရုံပေါ်ရောက်နေသလား၊ ဘာကြောင့် သူမက ဆေးရုံပေါ်ရောက် နေရတာတဲ့လဲ။ သူမဘေးနား၌ ငို ရှိုက်သံသဲ့သဲ့များကို ကြားလိုက်ရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်မိသည်။ ဘာအတွက် ငိုနေကြရတာလဲ။

ဆရာလာပြီဟု ပြောသံနှင့်အတူ တစ်စုံတစ်ယောက်က သူမရဲ့လက်ကို ခပ်သာသာကိုင်လိုက်သဖြင့် သူမလက်များ တွန့်သွားသည်။

"သမီး စိတ်ကိုတင်းမထားနဲ့နော်၊ သမီးလေး သိပ်ကံကောင်းပါတယ်၊ သမီးမျက်လုံးက အစားထိုးခွဲစိတ်လို့ရပါတယ်၊ ပိုပြီးကံကောင်းတာက အဲဒီအလှူရှင်ကလည်း သမီးအတွက် အဆင်သင့်ရှိနေတယ်၊ ခွဲစိတ်ဖို့ဆိုတာ သမီးကျန်းမာရေးကောင်းမှ ဖြစ်မှာပါ၊ ဒါကြောင့် သမီးအရင်ဆုံးလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com

မှာက ကျန်းမာအောင်နေ၊ ကျန်းမာရင် သမီးမျက်လုံးတွေကို ဆရာတို့က ခွဲစိတ်ပေးမှာ''

ဒါဆို သူမကို စကားပြောနေသူက ဆရာဝန်ပေါ့။ သူမ ဆရာဝန်ရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်ကာ.....

''ဆရာ...ကျွန်မ ဘယ်သူလဲဟင်၊ ကျွန်မ ဘာဖြစ်လို့ ဆေးရုံရောက်နေရတာလဲ''

''ဖြည်းဖြည်းပေါ့ သမီးရယ်၊ နောက်တော့ သိရမှာပေါ့၊ အခု သမီး အနားယူလိုက်ပါ၊ ဦးနှောက်ကို သိပ်အလုပ်မပေးပါနဲ့၊ အထူးသဖြင့် သမီးသိရမှာက သမီးဘေးမှာ ရှိနေတဲ့သူတွေက သူစိမ်းတွေမဟုတ်ဘူး၊ သမီးရဲ့မိဘတွေ၊ ဆွေမျိုးတွေပဲ''

မိဘ....။ မိဘတွေဆို သူမက ဘာကြောင့်မသိရတာလဲ။

သူမ ကျန်းမာလာသောအခါ မျက်လုံးခွဲစိတ်ဖို့အတွက် အလှူရှင်ကို စောင့်နေခဲ့သည်။ သူမမျက်လုံးအတွက် လှူမည့်အလှူရှင်ရဲ့မျက်လုံးမှာ သေဆုံးပြီး နာရီအနည်းငယ်တွင် ထုတ်ယူသော မျက်လုံးဖြစ်သည်။ ထို့ကြောင့် စောင့်မျှော်ရင်း မမျှော်လင့်ဘဲ တစ်နေ့ ဆရာဝန်ရောက်လာကာ.....

''ဝမ်းသာစရာသတင်းတစ်ခု ပါလာတယ်သမီး၊ သမီးရဲ့မျက် လုံး ဒီနေ့ပဲ ခွဲရမယ်၊ ဝမ်းနည်းစရာကတော့ အဲဒီအလှူရှင် လွန်ခဲ့တဲ့ နာရီဝက်က ဆုံးသွားခဲ့ပြီ သမီး''

ဘုရားရေ.....ဒါဆို သူမမျက်လုံးမြင်ရဖို့အတွက် တစ်စုံတစ်ဦးကို သေခိုင်းသလိုလို ဖြစ်နေပါပေါ့လား။

♛♛♛♛♛

သူမမျက်လုံး ခွဲစိတ်ပြီး ပြန်မြင်လာသောနေ့တွင် သူမရဲ့အနီးတွင် ရပ်နေကြသောသူများ။ အဖေ၊ အမေနဲ့ နောက်ကောင်လေးငယ်ငယ်က သူမရဲ့ တစ်ဦးတည်းသော မောင်လေး ဝဏ္ဏတဲ့။ နောက် အမျိုးသမီးကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်။ သူတို့ကိုတော့ ဘယ်သူမှ သူမနဲ့ မိတ်ဆက်ပေးခြင်းမရှိချေ။ သူတို့သားအမိထံမှာ သူမအကြောင်းတွေ ဘာကြောင့် စူးနစ်နေမှန်းမသိ။ သူတို့ကို သူမ ရင်းရင်းနှီးနှီး သိနေသလိုလို၊ မြင်ဖူးနေကျလိုလိုပါလား။

''ဆရာ ကျွန်မကို မျက်လုံးလှူတဲ့ အလှူရှင်မိသားစုဝင်တွေနဲ့ တွေ့ခွင့်ရပါရစေ ဆရာ၊ ကျွန်မ ကျေးဇူးတင်စကား ပြောချင်လို့ပါ''

ဆရာဝန်က နှုတ်အနည်းငယ် ဆိတ်သွားသည်။ နောက် တစ်နေရာကို စူးစိုက်ကြည့်နေသဖြင့် သူမ ဖျတ်ခနဲကြည့်မိပေမယ့် ငြိမ်သက်စွာရပ်နေသည့် သားအမိနှစ်ဦးကို ပဲတွေ့ရသည်။ သူတို့က အလှူရှင်ရဲ့ မိသားစုဝင်တွေလား။

**သူမမျက်လုံး ခွဲစိတ်ပြီး ပြန် မြင်လာသောနေ့တွင်**
**သူမရဲ့အနီး တွင် ရပ်နေကြသောသူများ။ အဖေ၊ အမေနဲ့ နောက်ကောင်လေးငယ် ငယ်က**
**သူမရဲ့တစ်ဦးတည်းသော မောင်လေး ဝဏ္ဏတဲ့။**
**နောက် အမျိုးသမီးကြီးတစ်ယောက်နှင့် မိန်းကလေး**

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် သားအမိနှစ်ယောက်သည် ဘယ်သူ့ကိုမှ နှုတ်ဆက်ခြင်းမရှိဘဲ အခန်းထဲမှထွက်သွားသည်။ ဆရာဝန်က လေသံအေးအေးဖြင့်.....

"အလှူရှင်က အမျိုးသားတစ်ဦးပါ သမီး၊ သူ့မိသားစုဝင်တွေကလည်း ဒီမှာမရှိဘူး၊ ဒီတော့ မသိ ချင်ပါနဲ့တော့ကွယ်"

"ခုနက သားအမိနှစ်ယောက်က....."

"အဲဒါ ဖေဖေတို့ရဲ့မိတ်ဆွေ တွေပါသမီး"

ဘေးမှဝင်ပြောလိုက်ခြင်းကြောင့် သူမနှုတ်ဆိတ်သွားသည်။ သို့သော်သူမရဲ့ အမြင် အာရုံက အသေအချာပြောနေသည့် စကားတစ်ခွန်း။ သူတို့သားအမိ နှစ်ဦးကို သူမရင်းရင်းနှီးနှီး သိနေပါသည်။



♛♛♛♛♛

အဖြူရောင်.....။ အဲဒီအဖြူရောင်ကို သူမရင်ထဲ၌ နှစ်သက်လှသည်မဟုတ်သော်လည်း အမြင်၌ အဖြူရောင်သည် ကြည့်၍ကောင်းသလိုလို၊ သဘောကျသလိုလို ဖြစ်မိတတ်သည်။

ကဗျာတစ်ပုဒ်

"လာလုယ်....လာလုလု.....တမ်းညှုငေး...မျှော်ပါရေးရယ်နှင့်....ဗျာမဆယ်.....မယ့်ကြင်နိုင်...ကြည်ရှောင်တိမ်းတယ်...စိမ်းသင့်မှစိမ်း"

အဲဒီကဗျာ၊ ဒါမှမဟုတ်ရင် ပတ်ပျိုးက အနောက်နန်းမတော် မမြလေးရဲ့ ပတ်ပျိုး။ သူမ ဘာကြောင့် သဘောကျမိသလဲမသိ။ ထပ်ခါတလဲလဲ ဖတ်ချင်နေမိသည်။

အောက်တိုဘာ ၂၈ ရက်နေ့။ အဲဒီနေ့ရောက်တိုင်း သူမတို့မိဘများက သံဃာတော် ခုနစ်ပါးနှင့် ဆွမ်းကပ်၍ တရားတော်နာယူကြသည်။ နှစ်စဉ်နှစ်တိုင်း ကပ်လှူခဲ့ခြင်းမို့ ထိုနေ့ကို သူမ မှတ်မှတ်ရရ ရှိနေတတ်သည်။ အခုဆို ငါးနှစ်ပြည့်ခဲ့ပြီ။

ဘာလို့လုပ်တာလဲလို့ မေးမိတော့ မောင်လေးဝဏ္ဏက ရှောင်ထွက်သွားသည်။ အမေက မျက်စိမျက်နှာပျက်နေတတ်သည်။ အဖေကတော့ ကန္ဒြေရရနှင့်.....

"ဖေဖေတို့မိသားစုအတွက် ကျေးဇူးရှင်ဖြစ်နေလို့ပေါ့ သမီးရယ်၊ သမီးလည်း အမျှဝေပေးလိုက်ပါ"

ကျေးဇူးရှင်တစ်ယောက်ဆိုတာနှင့် ပတ်သက်ပြီး သူမ ထပ်မမေး တော့ပါ။ ရေစက်ချ အမျှဝေပြီးတိုင်း အမေကငိုသည်။ အဖေနှင့် မောင်လေးတို့က ယောကျ်ားသားများမို့မငို။

သူမကကော ဘာကြောင့် ငိုရမှာတဲ့လဲ။ ။

**ရှင်လွန်းမယ်**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## နှလုံးသွေးနဲ့ရေးတဲ့တေး

ထူးအံ့ဝေ (ဓနုဖြူ)

ဝန်းကျင်က သာယာနေသည်။ မပိုင်းစိန်တစ်ယောက် ထင်းခုတ်ဓားကိုယူလိုက်ပြီး ခေါင်းခုလုပ်ရန်နှင့် ခေါင်းလည်းပေါင်းရန် ပုဆိုးအဟောင်းတစ်ထည်ကိုပါ ယူလိုက်သည်။ ဒီဓားနှင့် ဒီပုဆိုးအစုတ်က မပိုင်းစိန်ကိုင်နေကျအရာနှစ်ခု။

"ဟင်း....."

သက်ပြင်းမောတစ်ချက်ချလိုက်ပြီး ထင်းခုတ်ထွက်ရန် ပြင်ဆင်လိုက်သည်။ အိမ်မှာ ထင်းတွေရှိသော်လည်း အလုပ်အားနေ၍ ထင်းခုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ရွာနှင့်အတော်အတန်ဝေးသည့် ရွာရိုးချောင်းဘေးတွင် ထင်းခုတ်ထွက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

တစ်ရွာလုံး သူ့အလုပ်နှင့်သူ ရှုပ်နေကြသည်။ ကိုယ့်ဘဝ၊ ကိုယ့်လမ်းနှင့်ကိုယ်၊ ကိုယ့်အကြောင်းတရားနှင့်ကိုယ်ဆိုတော့လည်း ကိုယ့်အလုပ် ကိုယ်လုပ်နေကြသည်က အမှန်။

မပိုင်းစိန်အနေနှင့်ကတော့ အိမ်ထောင်မကျခင်၊ အပျိုအရွယ်ကတည်းက ရုန်းကန်လှုပ်ရှားခဲ့ရသည်။ ဘဝကောက်ကြောင်းနှင့် ခက်ခဲမှုပြယုဂ်များကို ခါးစည်းခံခဲ့ပြီးသားမို့ လောကဓံတရားဆိုတာကို လုံးဝမမှုလိုတော့ပြီ။ ခါးသီးဇသော အရာအားလုံးကို ချိုမြိန်သော အရာများဟုသာ ထင်ထားခဲ့သည်ကလည်း အမှန်။



ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကိုယ့်အခက်အခဲကိုတော့ ကိုယ်သာလျှင် အသိဆုံးပဲလေ။ ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်။ ဘယ်သူတွေ ဘာလုပ်လုပ်၊ ဘယ်လောက်ချမ်းသာချမ်းသာ ပိုင်းစိန်ကတော့ ကိုယ့်ဘဝနှင့်ကိုယ် ကျေကျေနပ်နပ်နှင့် ရောင့်ရဲတင်းတိမ်နေပြီးသား။

သို့သော်.....

မရောင့်ရဲ၊ မတင်းတိမ်နိုင်သေးသည့် အရာတွေက မပိုင်းစိန်ရင်ထဲ၊ အသည်းထဲမှာ တည်နေဆဲ။ ဒီအတွက်တော့ မပိုင်းစိန် မကျေနပ်နိုင်သေးတာတော့အမှန်။ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com

မှုလည်း မရသေး၊ မတွေ့သေး။ ကျေနပ်မှုရှိရင်တောင်မှ မပိုင်းစိန် အနေနှင့် ထိုကျေနပ်မှုကို နောင်ဘဝအထိ ယူဆောင်သွားချင်သည့် ဆန္ဒတွေ ရှိနေခဲ့သည်။

တွေးရင်းနှင့် ရင်မှာဖြစ်တည်လာသော ခံစားချက်များက ပူလိုက်၊ အေးလိုက်၊ နိမ့်လိုက်၊ မြင့်လိုက်နှင့် တည်ငြိမ်မှုမရှိသေး။ မိမိစိတ်ကို ချုပ်တည်းရင်း ဝန်းကျင်ကို ကြည့်မိသည်။ အိမ်နီးနားချင်းတွေ တချို့ တောသွားကုန်ပြီ။ ပိုင်းစိန်တို့ ချောင်းရိုးရွာသည် အိမ်ခြေ လေးရာကျော်သာရှိသည်။ လယ်ယာလုပ်ငန်းလုပ်သူကသာများသည်။ အချို့ အညာလိုက်ပြီး သစ်ချ၊ ဝါးချလုပ်သည်။ အချို့ ရေနံတွင်းသွား၊ အချို့ ရွှေတူးလိုက်၊ အချို့ ကျောက်တွင်းသွား.....။

အချို့ကတော့ ကိုယ့်ရပ်ရွာမှာပင် လယ်ယာအလုပ် နေ့စားလုပ်ရ၊ ကောက်စိုက်၊ ပျိုးနုတ်၊ ပဲကောက်၊ စပါးရိတ်၊ စပါးကောက်ရင်း၊ အဲ.....အချို့ကတော့ ထင်းခုတ်ပြီးရောင်း၊ အချို့ကတော့ ဟင်း ရွက်ခူးပြီးရောင်း။

ပိုင်းစိန်ဘဝကတော့ ဆင်နင်းထားသည့် ယပ်တောင်ပေမို့ ပိုပြီး



ပြားချပ်ခြင်းမရှိတော့။ ထင်းခုတ်ရောင်းခဲ့ရသည်။ ဟင်းရွက်ခူးရောင်းတာကတော့ ရွာဝန်းကျင်မှာနှံ့နေပြီ။ ပြီးတော့ နေ့စားအလုပ်လုပ်ခဲ့ တာလည်း ရွာထဲမှာရှိသည့် တောင်သူအိမ်တိုင်းလိုလို လုပ်ခဲ့ပြီးပြီ။ မလုပ်ဖူးတဲ့အိမ်ဆိုတာ မရှိတော့။

ပဲကောက်ချိန်ဆို ပဲကောက်၊ စပါးစိုက်ချိန်ဆိုရင် စပါးစိုက်လိုက်။ တောင်သူလုပ်ငန်းမရှိတော့ပါက ထင်းခုတ်၊ ဟင်းရွက်ခူးအလုပ်တွေလုပ်။ ပြီးတော့ ထင်းရောင်း၊ ဟင်းရွက်ရောင်း။

ရသည့်ငွေလေးကို ကျစ်ကျစ် ပါအောင်ဆုပ်ထားရင်း ဘဝဝမ်း ရေးကို ဖြေရှင်းခဲ့သည်။ မပိုင်းစိန်ရဲ့ဘဝမှာ သားဖြစ်သူမျိုးဝေက အဓိက။ သားအတွက် အသက်ရှင်နေရသည်ဆိုရင် မမှားပါ။ အရာရာသည် သားအတွက် ရင်ဆိုင်ရဲသည်ဆိုသော သတ္တိတွေ မွေးပေးနေသည်ဆိုရင် ပိုပြီးမှန်ပေလိမ့်မည်။

ဒီကနေ့ သားဖြစ်သူ တွက်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီးကတည်းက ညဥ့်ဦးကကျန်ခဲ့သည့်ထမင်းကိုကြော်၊ ကျန်သည့်ဟင်းအကာတ်အသတ်နှင့် မဝတဝစား။ ကျန်တာကို သားအတွက်ချန်။ ပြီးတော့ ရှိသည့်ဆန်နှင့် ထမင်းချက်၊ ပြီးတော့ ဘုရားဆွမ်းတော်ကပ်၊ လိုရာဆုတောင်းပြီးသည်နှင့် ထင်းခုတ်ထွက်ဖို့ ပြင်ဆင်နေသည့် မပိုင်းစိန်။ သူ့လက်ထဲမှာ ထင်းခုတ်ဓားတစ်ချောင်း။ ပုဆိုးစကိုခေါင်းပေါင်း၊ နောက် သနပ်ခါးရည် ကျဲလိမ်း။

"သားလေး အောင်မှာပါ"

တွေးရင်း စိတ်က ချီတုံချတုံဖြစ်နေသည်။ ထင်းခုတ်သွားရကောင်းနိုးနိုး၊ မသွားရကောင်းနိုးနိုးနှင့် ဇဝေဇဝါဖြစ်နေသည်။

"အင်းလေ ထင်းခုတ်ပြီးရောင်းလိုက်ရင် သားအတွက် စာအုပ်ဖိုးတော့ရမှာ၊ လာမယ့်နှစ်ဆိုရင် ကိုးတန်းတက်ရမှာ၊ သူများနည်းတူ သုံးနိုင်၊ ဖြုန်းနိုင်အောင်"

မပိုင်းစိန် ဆက်ပြီးမတွေးတော့။ ထင်းတစ်စည်းရဲ့တန်ဖိုးကိုတွက်ရင်း ကိုးတန်းတက်မည့် သားလေးရဲ့မျက်နှာလေးကို မြင်ယောင်မိသေးသည်။ ဆုံးဖြတ်ချက်ချလိုက်ပြီး ထင်းခုတ်ထွက်ခဲ့သည့် မပိုင်းစိန်။

မပိုင်းစိန်ခြေလှမ်းတွေက သွက်နေသည်။ ရွာအပြင်ရောက်တော့ တစ်မိုင်ခန့်အကွာအဝေးကို ခပ်သွက်သွက်လာ၊ အရင်ရက်တွေက ခုတ်လက်စ ကဇာတန်းလမ်းမှာ ချုံများကို ဓားနှင့်ရှင်းပြီး အကောင်းဆုံးထင်းများကို ဖြတ်ယူသည်။ ပြီးတော့ တနင့်တပိုးသယ်ပြီး ထင်းတစ်စည်းကို ကြိုးဖြင့်ချည်ထုံးကာ ရွာကိုပြန်လာခဲ့သည့် မပိုင်းစိန်။

> **ထင်းစည်းတစ်စည်းရဲ့**
> **အလေးအပေါ့ကို**
> **မစဉ်းစားမိ။**
> **ညောင်းညာနေသည့်**
> **ခြေထောက် တွေ၏**
> **အားလျော့မှုကိုမတွေး။**
> **ကျ နေသည့်ချွေးများ၏**
> **ခါးသက်မှုကို မငဲ့ကွက်။**
> **မျက်ဝန်းအကြည့်များထဲ**
> **မှာတော့ သား၏အသံ၊**
> **သား၏ အပြုံးများကိုသာ....**

"အမေပြန်လာပြီ သား၊ အမေ့ကိုမြင်ရင် သားလေးရှစ်တန်းအောင်တဲ့အကြောင်း ပြောပြနော်၊ အမေကြားချင်လွန်းလို့ သိလား"

ထင်းစည်းတစ်စည်းရဲ့ အလေးအပေါ့ကို မစဉ်းစားမိ။ ညောင်းညာနေသည့် ခြေထောက်တွေ၏ အားလျော့မှုကိုမတွေး။ ကျနေသည့်ချွေးများ၏ ခါးသက်မှုကို မငဲ့ကွက်။ မျက်ဝန်းအကြည့်များထဲမှာတော့ သား၏အသံ၊ သား၏ အပြုံးများကိုသာ မြင်ယောင်နေမိသည်။

သွက်လက်သော ခြေလှမ်းများနှင့် ပြန်ခဲ့သည်။ မပိုင်းစိန် မနားတမ်းပြန်ခဲ့သည်။ မပိုင်းစိန် အိမ်ထဲရောက်တော့ အိမ်ရှေ့မှာ ထင်းစည်းကိုချလိုက်သည်။

"သား.....မောင်မျိုးဝေ"

"အမေ....."

ခေါ်သံကြောင့် အိမ်ထဲက အပြေးထွက်လာသည့်သား။

"သားလေ အမေ့ကိုမျှော်နေ


www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဝမ်းသာစရာပြောမလို့''

ပြောရင်း အနားရပ်နေသည့် သားရဲ့ပြောစကားကို ကြိုတင်သိထားသူက မဝိုင်းစိန်။

မဝိုင်းစိန်က ပြုံးသည်။

''အမယ်လေး သားလေးရယ်၊ အမေ သိပြီးသား၊ သားလေး ရှစ်တန်းအောင်တယ်၊ ဂုဏ်ထူးပါသေးတယ်၊ ဒီစကားပဲပြောမှာမဟုတ်လား၊ အမေသိပြီးသား''

ခေါင်းပေါင်းကိုဖြေရင်း ကျနေသည့်ချွေးများကို မသုတ်ဘဲ သားလက်ကိုဆွဲကာ အိမ်ထဲဝင်လာခဲ့ကြသည်။

''ဟုတ်တယ် အမေ၊ သားအောင်တယ်၊ မြန်မာစာနဲ့သမိုင်း ဂုဏ်ထူးနှစ်ဘာသာပါတယ်၊ သိလား''

''အမေ ထင်ပြီးသားလေ''

သားအမိနှစ်ယောက် ပြုံးရင်း၊ အပြုံးကြည့်ရင်း၊ ကျေနပ်ပီတိတွေဖြစ်ရင်း လောကကိုပါ မေ့နေကြသယောင်။

အတော်ကြာမှ မဝိုင်းစိန်က ပြောသည်။

''ဒါဆိုရင် လာမယ့်နှစ်မှာ ကိုးတန်းတက်ရတော့မယ်၊ ဒီတော့ တစ်ရွာကိုသွားပြီး ကျောင်းတက်ရမှာဆိုတော့ စက်ဘီးဝယ်ရဦးမယ်၊ လွယ်အိတ်၊ ကျောင်းဝတ်စုံ၊ ပြီးတော့ ကျောင်းဝင်ကြေး၊ သားသုံးဖို့ မုန့်ဖိုးအထိ လိုလာပြီလေ၊ အဲဒါကြောင့် အမေလေ မနားဘူး သိလား၊ အဲဒါ သားအတွက်၊ ဟောဒီက သားလေးအတွက်''

လက်ထဲက ဓားနှင့်ပုဆိုးအစုတ်ကိုချရင်း သားကိုစေ့စေ့ကြည့်ကာ ပြောနေသည့် မဝိုင်းစိန်။

တကယ်တော့ မဝိုင်းစိန်တို့ရွာမှာ မူလတန်းကျောင်းအထိသာရှိသည်။ လေးတန်းအောင်ပြီးသည့် သားလေးခမျာ လေးမိုင်ခန့်ဝေးသည့် သရက်ချောင်းရွာရှိ အထက်တန်းကျောင်းကိုသွားပြီး တက်ရရှာသည်။ ငါးတန်းတက်စဉ်ကတည်းက စက်ဘီးမဝယ်ပေးနိုင်ခဲ့။ ဝယ်ပေးဖို့ ကြိုးစားပေမယ့်လည်း မအောင်မြင်ခဲ့။ သားလေး စိတ်ညစ်ပြီး ကျောင်းထွက်ချင်စိတ်ဖြစ်မှာသာ စိုးရိမ်ခဲ့ရသည်။

''သားလေး အမေလေ ရှေ့နှစ်ဆိုရင် သူများတွေလို စက်ဘီးဝယ်ပေးမယ်နော်၊ ကြားလား''

ရသေ့စိတ်ဖြေစကားနှင့် များရည်နှင့် ဝမ်းချခဲ့ရပေမယ့်လည်း လက်တွေ့တွင် မဝယ်ပေးနိုင်ဘူးဆိုတာတော့ မဝိုင်းစိန် အကြွင်းမဲ့ယုံပြီးသား။ သားလေးကလည်း သဘောပေါက်ပါသည်။ သည်တော့ ငါးတန်းကတည်းက ရှစ်တန်းအထိ လေးနှစ်တိတိ သူများစက်ဘီးနှင့် သူတစ်လှည့်၊ ကိုယ်တစ်လှည့်စီး

တကယ်တော့
မဝိုင်းစိန်တို့ရွာမှာ
မူလတန်းကျောင်းအထိသာရှိသည်။
လေးတန်းအောင်ပြီးသည့်
သားလေးခမျာလေးမိုင်ခန့်ဝေးသည့်
သရက်ချောင်းရွာရှိအထက်
တန်းကျောင်းကိုသွားပြီး တက်ရရှာ
သည်။ ငါးတန်းတက်စဉ်ကတည်းက
စက်ဘီးမဝယ်ပေးနိုင်ခဲ့။ ဝယ်ပေးဖို့
ကြိုးစားပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com

ရင်း ပြီးသွားခဲ့သည်လေ။

ခုတော့ အရင်လိုအဖြစ်မခံနိုင်ပြီ။ သားလေး စက်ဘီးမဝယ်နိုင်လို့ ကူညီခဲ့ကြသည့် သားသူငယ်ချင်းတွေကို ကျေးဇူးတင်မဆုံးတော့။

♛♛♛♛♛

ကျော်လွန်ခဲ့သည့်အတိတ်ကို တွေးရင်း မပိုင်းစိန် ငေးနေမိသည်။

"မပူပါနဲ့ သားရယ် နော်၊ ကျောင်းမဖွင့်ခင် အပိုင်ဝယ်ပေးမှာ၊ အမေလေ စပါးကောက်ရတာ၊ ပဲကောက်ရတာနဲ့ ထင်းခုတ်၊ ဟင်းရွက်ခူးရောင်းရတာ အားလုံးစုထားတယ် သိလား၊ ဘုရားခန်းထောင့်မှာထောင်ထားတဲ့ ဝါးကျည်တောက်နဲ့ စုထားတာ၊ အဲဒီမှာ စက်ဘီးဖိုးတောင် မကလောက်ဘူး၊ ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး အားလုံးအတွက် အဆင်သင့်ရှိနေပြီ သားရဲ့"

မပိုင်းစိန်က အိမ်လေးထဲရှိ ဘုရားစင်ထောင့် အတွင်းကျကျမှာ ထောင်ထားသည့် ဝါးကျည်တောက်ဆီ မေးငေါ့ပြရင်း ပြောနေသည်။ သားဖြစ်သူက အမေ့ကို တစ်လှည့်၊ ဝါးကျည်တောက်ဆီ တစ်ခါကြည့်ရင်း ငေးနေသည်။

ပြုံးရယ်ခြင်းမရှိသည့် သားကို ကြည့်ရင်း အားမလိုအားမရဖြစ်နေသူက မပိုင်းစိန်။

"သား.....လူလေး"

"ဗျာ....."

"သားကိုကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်လို့လဲ၊ ဘာတွေဖြစ်နေတာလဲဟင်၊ ဘာလဲ အဆင်မပြေလောက်ဘူးထင်လို့လား.....ဟင်၊ ပြောစမ်း၊ သား နေမကောင်းဘူးလား"

သားရဲ့နဖူးကိုစမ်းရင်း ပျာပျာသလဲမေးနေသူက မပိုင်းစိန်။

သားဖြစ်သူက မပြုံးသေး။ ရီဝေနေသည့် မျက်လုံးအစုံဖြင့်ကြည့်နေဆဲပင်။

"ပြောလေ သား၊ သား ဘာဖြစ်လို့လဲဟင်၊ ဘာတွေမကျေမနပ်ဖြစ်နေတာလဲ"

မနားတမ်းမေးနေသည့်မပိုင်းစိန်။

"အမေကလေ သားကိုဆယ်တန်းအောင်ရမယ်၊ ဘွဲ့ရပြီး ကျောင်းဆရာဘဝနဲ့ မြင်ချင်တာ၊ ကြိုးစားစေချင်တာကွယ်၊ သိလား"

မိခင်စကားအဆုံး သားဖြစ်သူ မနေသာတော့ပြီ။

"အမေ....."

"ပြောလေ.....ပြော"

"သား အမေ့ကို ခွင့်တောင်းချင်တယ်"

"ပြော....."

သားဖြစ်သူက ပြောရင်း



www.burmeseclassic.com

မပိုင်းစိန်ရှေ့မှာ ဒူးထောက်ထိုင်လိုက်သည်။ ပြီးတော့ လက်အုပ်ချီသည်။

"ပြောလေ သား၊ ဘာလဲ ဟင်"

"သား ကျောင်းဆက်မတက်တော့ဘူး"

"ဘာ....."

သားလေးရဲ့စကားက မပိုင်းစိန်နားထဲ သံရည်ပူတွေ လောင်းထည့်လိုက်သည့်အဖြစ်မျိုး ခံစားသွားရသည်။ မူးမေ့လဲကျလုလုဖြစ်သွားရသည်။

"ဘာ...ဘာဖြစ်လို့လဲ သားရယ်"

"သား သာသနာ့ဘောင်ဝင်ချင်လို့"

"ဟင်....."

သားနှုတ်ဖျားက စကားများသည် ကြားရသူ မပိုင်းစိန်အတွက်တော့ ဝမ်းသာဝမ်းနည်း။ ကြည့်စမ်း။ ခေတ်ပညာတတ်ကြီး ဖြစ်စေချင်တာက မပိုင်းစိန်ဆန္ဒ။ သားရဲ့ဆန္ဒက သာသနာ့ဘောင်ဝင်ချင်သတဲ့။

"အဲဒါကြောင့် အမေ့ဆီ ခွင့်တောင်းတာပါ အမေရယ်"

"သားရယ်....."

သားရဲ့လက်များကို ဖျစ်ဖျစ်ညှစ်ညှစ် ဆုပ်ကိုင်ထားလိုက်မိ၏။

"အမေဆင်းရဲတာ သား

**သားရဲ့စိတ်ကိုက သင်္ကန်းဝါဝါစည်းပြီး သာသနာပြုလုပ်ငန်းကိုပဲ လုပ်ချင်နေတာပါ အမေ၊ လောကမှာ အမေဖြစ်စေချင်တဲ့ အစိုးရဝန်ထမ်းဆိုတာ လူတိုင်းဖြစ်နိုင်တဲ့အရာတွေပါ၊ ဒါပေမဲ့ သာသနာပြုဖို့ ဘာသာကို ဖြန့်ဝေဖို့ကျတော့ အားနည်းမနေပေမယ့် လိုအပ်နေသေးတယ်လို့.....**

မကြည့်ရက်တာလည်းပါတယ်၊ ပြီးတော့ သားရဲ့စိတ်ကိုက သင်္ကန်းဝါဝါစည်းပြီး သာသနာပြုလုပ်ငန်းကိုပဲ လုပ်ချင်နေတာပါ အမေ၊ လောကမှာ အမေဖြစ်စေချင်တဲ့ အစိုးရဝန်ထမ်းဆိုတာ လူတိုင်းဖြစ်နိုင်တဲ့အရာတွေပါ၊ ဒါပေမဲ့ သာသနာပြုဖို့ ဘာသာကို ဖြန့်ဝေဖို့ကျတော့ အားနည်းမနေပေမယ့် လိုအပ်နေသေးတယ်လို့ ထင်လို့ပါ"

"ဩော်....."

"ပြီးတော့ အစိုးရဝန်ထမ်းလုပ်၊ လခတွေယူ၊ ပြည်သူ့တာဝန်တွေထမ်းနိုင်မှ တာဝန်ကျေတာမဟုတ်ပါဘူး၊ နိုင်ငံ့အတွက် သာသနာ့ဝန်ထမ်းလုပ်တာက လည်း....."

"သားရယ်....."

မပိုင်းစိန် ဘာမှမပြောနိုင်တော့။ ခွင့်ပြုရအခက်၊ ခွင့်မပေးရအခက်။ တွေးရင်း အာစေးထည့်သည့်ပမာ မပိုင်းစိန် နှုတ်ဆွံ့အနေမိတော့သည်။ ဘာပြောရမလဲ၊ ဘယ်လိုပြောရမလဲ၊ ဘယ်လိုအဖြေပေးရမလဲ။ ငြင်းရမလား၊ လက်ခံရမလား။

သားလေးက လက်အုပ်ချီထားဆဲ။

"နော်.....အမေ၊ သားကိုခွင့်ပြုတယ်မဟုတ်လား"

မပိုင်းစိန် အဖြေမပေးနိုင်သေး။ ဩော်...သားက သာသနာ့ဘောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ချင်နေပြီတဲ့။ ယောကျ်ားသားတိုင်း မဖြစ်နိုင်သည့်အလုပ်ကို လုပ်ပြတော့မည်လား။ အင်းလေ...ဘဝအဆက်ဆက်ကအထုံပါရမီကြောင့်လား၊ ဘယ်ဘဝက ဆုတောင်းခဲ့၍လဲ မသိနိုင်။ လက်ရှိဘဝ သားရဲ့ဖြစ်လိုစိတ်ကိုတော့ အဖြေရှာရခက်၊ တွေးရခက်ပါဘိတော့။

"အမေ စဉ်းစားပါရစေ သားလေးရယ်"

သားလေး ပြုံးနေသည်။ ပြုံးလာသည်။

♛♛♛♛

နိမ့်ပါးသည့်ဘဝကို ပိုင်ဆိုင်ခဲ့သည့် မိဘများက မွေးဖွားခဲ့သည့် ပိုင်းစိန်မှာလည်း နိမ့်ပါးခဲ့ရသည်မှာ ဆန်း။ သို့သော် ပိုင်းစိန်က လှသည်။ တောသူပီပီ လုံးကြီးပေါက်လှ အချိုးအဆစ်များက သူ့အလှကို ပေါ်လွင်စေခဲ့သည်ကအမှန်။

ကျောင်းပညာကို လေးတန်းအထိသာ သင်ယူခဲ့ပြီး ဖခင်ဖြစ်သူ မထင်မှတ်ဘဲ ဆုံးပါးသွားသည့်အချိန်မှာတော့ ကျောင်းကအပြီးထွက်ခဲ့ရရှာသည်။ မိခင်မုဆိုးမကြီး၏အရိပ်မှာခိုရင်း ဘဝဝမ်းရေးတောင့်တင်းဖို့၊ လူနှင့်သူနှင့်တူအောင်နေနိုင်ဖို့ လေ့ကျင့်ခဲ့ရသည်။ နောက်ပိုင်း မိခင်ဖြစ်သူဆီက ကောက်စိုက်ပညာ၊ ပျိုးနုတ်ပညာ၊ ပဲကောက်၊ စပါးကောက်ပညာတွေအပြင် ထင်းခုတ်၊ ဟင်းရွက်ခူးပညာတွေပါ ရခဲ့သည်ဆိုရင်လည်း မမှား။

ဘဝကို ပူလောင်ခါးသီးစွာ ရုန်းကန်ရင်းနှင့် ပိုင်းစိန်အသက်နှစ်ဆယ်နား ရောက်လာသည့်အချိန်မှာတော့ မိခင်ဖြစ်သူ အပြင်းဖျားပြီး တိမ်းပါးခဲ့ပြန်သည်။

"ဖြစ်ရလေ အမေရယ်၊ သမီးကို စိတ်ချလို့ ထားရစ်ခဲ့ပြီလား"

အမေ့အလောင်းကိုကြည့်ရင်း သိမ်ငယ်စွာဖြင့် အားအင်ချည့်နဲ့စွာ ငိုကြွေးမြည်တမ်းခဲ့ရရှာသည့် ပိုင်းစိန်။ အမေ့အလောင်းဘေးမှာထိုင်၊ အမေ့မျက်နှာအိုမင်းမှုကိုကြည့်ရင်း ပိုင်းစိန် ဖြေဆည်မရတော့သည်က အမှန်။ နှုတ်မဆက်ဘဲ ထွက်ခွာသွားသည့် မိခင်ဖြစ်သူမှာတော့ ကျန်ရစ်သူ သမီးအတွက် စိတ်ချသွားမည်တော့မဟုတ်ပါ။ ဘယ်မှာစိတ်ချပါမည်နည်း။

နေ့လယ်ပိုင်းမှာ အမေ့အလောင်း မြေချသည်။ သရဏဂုံတင်ခဲ့သည်။ အမျှပေးဝေခဲ့သည့် ပိုင်းစိန်။ အမျှရယ်လို့ သုံးကြိမ်ပြည့်အောင် မခေါ်နိုင်ဘဲ ပရိသတ်က သာဓုခေါ်သံသုံးကြိမ်ဖြင့် အဆုံးသတ်ခဲ့ရသည့်အချိန်။ ထိုသာဓုခေါ်သံများက ပိုင်းစိန်ရဲ့ငိုသံကိုတော့ မကျော်လွှားနိုင်တာတော့အမှန်။



အလောင်းမြေချ၊ ရက်လည်ဆွမ်းတရားနာအပြီးမှာတော့ ခိုကိုးရာမဲ့ဘဝနှင့် ဘဝသစ်ကို ခြေလှမ်းစခဲ့ရတော့သည်။ အဖေရှိစဉ်က အတွေ့အကြုံ၊ အမေရှိစဉ်က ပေးခဲ့သော တောလိုက်ပညာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထင်းခုတ်၊ ဟင်းရွက်ခူးရင်း ရာသီအလုပ်များကို လုပ်ခဲ့ရသည့် ပိုင်းစိန်ဘဝသည် ကြေကွဲမှုနှင့်အပြည့်။

လုံးကြီးပေါက်လှ၊ အချိုးကျသည့် ပိုင်းစိန်ကို လက်တွဲလိုသူတွေကများသည်။ အထူးသဖြင့် လက်လုပ်လက်စား၊ ဘဝတူတွေထဲကများသည်။ ပိုင်းစိန်ကတော့ အိမ်ထောင်ပြုဖို့ စိတ်မကူးမိသေး။ သို့သော် ပိုင်းစိန်တွေးရပြီ။

"ဟုတ်တယ်၊ အရွယ်မလင့်ခင် အိမ်ထောင်ပြုထားမှ တော်ကာ ကျမယ်၊ ငါ့မှာ အဖေ၊ အမေက မရှိဘူး၊ လူရှိသေ၊ ရှင်ရှိသေဖြစ်အောင်တော့ ငါ.....ငါ"

အရွယ်ရောက်လာပြီဖြစ်သည့် ပိုင်းစိန် တွေးရင်းနှင့် ချစ်ရေးဆိုခဲ့ဖူးသည့် ဘခင်ရဲ့အချစ်ကို လက်ခံလိုက်သည်။ တကယ်တော့ ဘခင်ဆိုတာ ပိုင်းစိန်တို့လို လက်လုပ်လက်စား ဘဝမျိုးထဲကလူစား။

ပြီးတော့ ပိုင်းစိန်ကို အသေအလဲကြိုက်နေသည့်လူ။ ဘခင်က ရိုးသားသည်။ အသောက်အစားကင်းသည်။ အလုပ်လည်းကြိုးစားသည်။ ငွေသုံးဖြုန်းခြင်းလည်းမရှိ။ ဘခင်အလုပ်က နှစ်ပြတ် အလုပ်လုပ်နေရသည့်လူ။ တစ်နှစ်ကို ဘယ်လောက်ဟု ကြေးနှင့်ယူပြီး လုပ်ခဲ့ရရှာသူ။ ဘခင်က ပိုင်းစိန်အရွယ်ရောက်ကတည်းက ကြိုက်နေတာတဲ့။ ကြားလူလွှတ်ပြီး စာပေးခဲ့ဖူးသည်။ လိုက်ပြီးစကားပြောဖူးသည်လေ။

"ကိုယ်ချစ်မရှာနဲ့၊ သူချစ်ရှာရတယ် သမီးရဲ့၊ အမေ့ကိုကြည့်လေ၊ သမီးအဖေက ငုံထားမတတ်ချစ်တာ၊ အဲဒါ သမီးအဖေက သိပ်ချစ်လို့လေ မျက်စိအောက်
အပျောက်မခံတဲ့အထိချစ်တာ၊
ကချစ်နေတော့ အမေ့အတွက်
ချမ်းသာမိတာပေါ့"

အမေရှိစဉ်က ပြောဖူးသ
စကား။ ထိုစဉ်က အဖေလည်
သေးသည့်လေ။ သည့်တုန်း
တော့ ပိုင်းစိန် နားမလည်ခဲ့။ အ
ရှိစဉ်ကဆိုလျှင် အမေတောလို
တာ၊ တပင်တပန်းလုပ်တာဆို
မကြိုက်ချင်။ ပြီးတော့ ထမင်းဟ
ချက်တာအထိ အဖေကလုပ်
သည်။ အမေချိုးဖို့ရေအထိ ငင်
ခဲ့ရှာသည့် အဖေ။

ခုတော့ ပိုင်းစိန် အမေ့စက
ကို နားလည်ခဲ့သည်။ အဖေ့အ
မျိုးကို လက်ခံခဲ့သည်။ အဖေ
အမေပါ မရှိတော့ပြီမို့ ပိုင်းစိန်အ
နှင့် ကိုယ်ချစ်မရှာဘဲ သူချစ်ရှ
သာ ရှိတော့သည်။

"တကယ်လား မမြရယ်၊
ဘခင်က တကယ်လက်ထပ်
တယ်ဆိုရင် ပိုင်းစိန်စဉ်းစားပေး
ပါတယ်လို့ ပြောပေးပါနော်"

အောင်သွယ်တော် မမြ
ကိုဘခင်အကြောင်းပြောစဉ် ပို
စိန်က သောင်မတင်ရေမကျ အ
ပေးခဲ့သည်။

"ဟဲ့.....ပိုင်းစိန်ရဲ့ ဘခ
ညည်းကို တကယ်ချစ်နေတာ၊
သလိုလူမျိုးရရင် ညည်းကံကော





www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ မှတ်ရမယ်၊ ရပြီးရင် ခေါင်းခေါက်ခိုင်းရုံပဲ၊ ထဘီတောင် လျှော်ပေးမယ့်လူစားမျိုး”

နောက်တော့ ကိုဘခင်နှင့် တွေ့သည်။ ကိုဘခင်က ဝိုင်းစိန်ထက် ငါးနှစ်ခန့်ကြီးတဲ့သူ။ နှစ်ဦးသားတွေ့ကြသည်။ ဘဝရှေ့ရေးပြောအပြီးမှာတော့ လက်ထပ်ဖြစ်ခဲ့ကြသည်။ အိုးကွဲနဲ့လဲ ဆန်ကွဲပေမယ့်လည်း သူတို့မင်္ဂလာဆောင်လေးကတော့ အထိုက်အလျောက်စည်ကားခဲ့သည်။ မင်္ဂလာဆောင်ပြီးချိန်တွင် ကိုဘခင်က ဝိုင်းစိန်တို့အိမ်သို့ အပြီးလိုက်လာသည်။ သူ့မိဘများကလည်း ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ပေးခဲ့ရှာသည်မို့ ဝမ်းသာရသည်လေ။

ရလေပြီဆိုကတည်းက ဝိုင်းစိန်ကို မျက်စိအောက်ကအပျောက်မခံ။ အဖေနှင့်အမေ့အကြောင်း သတိရမိသည်။ အခုလည်း အရာရာ ဝိုင်းစိန်ကို အလိုလိုက်သည်။ ထမင်းဟင်းချက်ပေး၊ ချိုးရေခပ်ပေး၊ အဝတ်အစားလျှော်ပေးရှာသည့် ကိုဘခင်။

အပျော်ခရီးများဖြင့် ကျေနပ်ခရီးနှင်ရင်း ဝိုင်းစိန် ကိုယ်ဝန်ရှိခဲ့သည်။

“ဟုတ်တယ် ကိုဘခင်၊ ကျုပ်လေ ဟိုဒင်းရှိနေပြီ၊ သုံးလတောင်ကျော်နေပြီတော့”

> ဝိုင်းစိန်အနေနှင့်ဘုရားပန်းကပ်၊
> သောက်တော်ရေ၊မျက်နှာသစ်ရေကပ်
> ဘုရားဝတ်ပြုဆုတောင်းနေရုံသာ။ ရွာထဲကလူတွေကတော့
> ဝိုင်းစိန်တို့လင်မယားကိုကြည့်ပြီး အဖြစ်
> သည်းရန်ကောဟု မျက်စိစပါးမွေး စူးကြသည်။
> အချို့က ကဲ့ရဲ့ကြသည်။ အချို့က နားလည်ပေးကြသည်။
> အချို့က ဝိုင်းစိန်ကို .....

“ဟင်.....တကယ်”

“အင်း.....တကယ်ပေါ့”

ထိုစဉ်က ကိုဘခင်ခမျာ ဝမ်းသာအယ်လဲဖြစ်ခဲ့ရသည်။ ဝိုင်းစိန်ကို ဘာအလုပ်ကိုမျှ မခိုင်းတော့။ ဝိုင်းစိန်အနေနှင့် ဘုရားပန်းကပ်၊ သောက်တော်ရေ၊ မျက်နှာသစ်ရေကပ် ဘုရားဝတ်ပြုဆုတောင်းနေရုံသာ။ ရွာထဲကလူတွေကတော့ ဝိုင်းစိန်တို့လင်မယားကိုကြည့်ပြီး အဖြစ်သည်းရန်ကောဟု မျက်စိစပါးမွေးစူးကြသည်။ အချို့က ကဲ့ရဲ့ကြသည်။ အချို့က နားလည်ပေးကြသည်။ အချို့က ဝိုင်းစိန်ကို ကံကောင်းသည်တဲ့။ အချို့ကတော့ ကိုဘခင်ကို အပြစ်ပြောကြသည်။ နွားကြီးတဲ့လေ။

ဘာပဲဖြစ်ဖြစ် ဘဝဆိုတာ နေတတ်ရင် မြတ်တယ်၊ တင်းတိမ်တတ်ရင် ကျေနပ်စရာကောင်းသည် ပဲလေ။

“အမေရယ် အမေပြောသလို သူချစ်ရှာခဲ့လို့ သမီးဘဝ စိတ်ချမ်းသာနေရပါပြီ အမေရယ်”

ကျေးဇူးတရားကြီးမားလွန်းသည့် မိခင်ကိုတမ်းတရင်း၊ ကျေးဇူးတွေတင်မိရင်း မီးဖွားမည့်ရက်ကို စောင့်နေသည့် ဝိုင်းစိန်။

ကိုဘခင်မှာတော့ အရင်ကထက် အလုပ်တွေလုပ်၊ ငွေတွေရှာရင်းရှိသည်။ အလုပ်လုပ်ရင်း အိမ်ကိုအပြေးပြန်လာပြီး စကားတွေပြော၊ ကလေးအကြောင်းမေးရသည်ကလည်း အမော။

မမြင်ရသေးသည့် ကလေးအတွက် ဆုတောင်းရသည်က နှစ်ဦးစလုံး။ ကိုယ်လက်အင်္ဂါအစုံဖြင့် မွေးပါစေလို့ ဆုတောင်းရသည်က အမြဲ။ ဒါက ဘယ်မိဘမဆိုတောင်းသည့်ဆုမျိုး။



www.burmeseclassic.com

www.burmeseclassic.com

မကြာပါ။ ဝိုင်းစိန် မျက်နှာမြင်ခဲ့သည်။ ထိုနေ့က မျက်နှာမြင်မည့်ရက်မှန်း ဝိုင်းစိန်သိသည်။ ကိုဘခင်ကို ပြောပြသည်။ ကိုဘခင်တောမထွက်တော့။ ဝိုင်းစိန်အတွက် အရပ်လက်သည်ရော၊ ဝမ်းဆွဲဆရာမပါ အရန်သင့် ပြေးခေါ်ခဲ့လေသည်။ နောက်တော့ အခြားသူတွေပါရောက်လာပြီး မျက်နှာမြင်ရာမှာ ကူညီခဲ့ကြသည်။

ထိုအချိန် ကိုဘခင်၏အလုပ်ရှင်က အလုပ်ရှိ၍ လာခေါ်သွားသည်။ ကိုဘခင်ကတော့ မလိုက်ချင်ပါဘဲ လိုက်သွားသည်။ မသွားခင် တတွတ်တွတ်မှာရင်း နောက်ဆံငင်စွာ ထွက်သွားရှာသည့် ကိုဘခင်ရဲ့အဖြစ်။

ဝိုင်းစိန်ကတော့ မီးဖွားခန်းထဲမှာ။ ကိုဘခင် ထွက်သွားတာကို မသိခဲ့။ ဝိုင်းစိန်မျက်နှာမြင်တော့ သားလေး။ ကလေးကထွားသည်။ ခြေဆံလက်ဆံက ကိုဘခင်ပုံစံအတိုင်း။ အသားအရေနှင့် မျက်နှာက ဝိုင်းစိန်မျက်နှာမျိုး၊ အသားကလတ်သည်။

“ယောက်ျားလေးဟေ့.....”

“ဟုတ်ပါ့တော်.....ချစ်စရာလေး”

“အဒေါ်ကျင်.....သားလေးနော်”

“ဟုတ်တယ် ဝိုင်းစိန်”

**ဝိုင်းစိန်ကတော့ မီးဖွားခန်းထဲ မှာ။ ကိုဘခင် ထွက်သွားတာကို မသိခဲ့။ ဝိုင်းစိန်မျက်နှာမြင်တော့ သားလေး။ ကလေးကထွားသည်။ ခြေဆံလက်ဆံက ကိုဘခင်ပုံစံ အတိုင်း။ အသားအရေနှင့် မျက်နှာက ဝိုင်းစိန်မျက်နှာမျိုး၊ အသားက .....**

အင်အားချည့်နဲ့နေသည့် ဝိုင်းစိန်ကမေးသည်။ လက်သည် ဒေါ်ကျင်နှင့် ဝမ်းဆွဲဆရာမက ဖြေသည်။

“သေချာရဲ့လား”

“အမယ်လေး ချောမှချော၊ လှမှလှ၊ ညည်းအတိုင်းပဲ”

“ဟို.....ခြေလက်အင်္ဂါ အစုံပါတယ်နော်”

“မပြောကောင်းမဆိုကောင်း၊ စုံပါတယ် ဝိုင်းစိန်ရဲ့၊ ညည်းကလည်း”

ကလေးကို အနှီးနှင့်ပွေ့ရင်း ဒေါ်ကျင်ကဖြေသည်။ နောက်တော့ လုပ်စရာရှိတာလုပ်၊ အားလုံးကတပြုံးပြုံး။

ထိုအချိန် ကိုဘခင်မှာ ရွာဘေးက တမာပင်ပေါ်မှာ။ ဒီတမာပင်က အလုပ်ရှင်ကိုဘမောင်အခင်းထဲအဝင်။ တမာကိုင်းတစ်ကိုင်းက အပင်ပေါ်ကျနေသည်။ အပင်တွေ အရိပ်ကျနေသည်။ အသီးအနှံပျက်စီးသည်ဟု ကိုဘမောင်ထင်နေပြီး ကိုဘခင်ကို တက်ပြီးခုတ်ခိုင်းခဲ့သည်။

အမှတ်မထင်ဘဲ တမာပင်ပေါ်က ပြုတ်ကျပြီး တစ်ဘဝလုံး ပေးဆပ်လိုက်ရသည့် အဖြစ်ကတော့ ဆိုးဝါးလှသည်။

ဝိုင်းစိန် မသိရှာသေး။ မသိသေး။ ကိုဘခင် အပင်ပေါ်က ပြုတ်



www.burmeseclassic.com

www.burmeseclassic.com

ကျသေပြီဆိုသည့်သတင်းကိုတော့ ပိုင်းစိန်သိခဲ့လျှင်.....

နှစ်လောင်းပြိုင်ဖြစ်သွားမည်ကမလွဲ။

ယခုတော့ ပိုင်းစိန်နှင့်ကလေးကို လှည်းနှင့်တင်၊ အလုပ်ရှင် ကိုဘမောင်နှင့် လူကြီးများတိုင်ပင်ပြီး အခြားရွာကို ပြောင်းရွှေ့ခဲ့ရသည်။ ပိုင်းစိန်ကမေးသည်ကို မပြော။ ဘယ်သူမှမပြောနိုင်၊ မပြောလိုကြ။ ပိုင်းစိန်မရှိတော့သည့်နောက်မှ ကိုဘခင်အလောင်းကို မြေချကြရသည်။

ဩော်.....သေခြင်းတရားဆိုတာ အဘယ်အရပ်ကဖြစ်ဖြစ်၊ ဘယ်အချိန်မှာဖြစ်ဖြစ် လာရောက်ခေါ်သွားနိုင်သည်ပဲလေ။

♛♛♛♛♛



မပိုင်းစိန် အတွေးများကို ဖြတ်သည်။ ထိုစဉ်က အခြားရွာမှာနေရပြီး တစ်လအကြာမှ သိခွင့်ရခဲ့သည့် မပိုင်းစိန်။ ယူကျုံးမရဖြစ်ခဲ့ရသည်။

နောက်တော့ တရားနှင့်ဖြေခဲ့သည်။ သောကတွေ၊ မောဟတွေကို အနိုင်ရခဲ့သည်ဟု ဆိုရမည်လားမသိတော့။

"ကိုဘခင်ရယ် တော့်မျက်နှာကို မမြင်လိုက်ရတာ၊ တော့်အလောင်းကို မကြည့်လိုက်ရတာ၊ တော့်အတွက် အဲဒီတုန်းက အမျှမဝေပေးလိုက်ရတာ စိတ်မကောင်းပါဘူးတော်၊ ခုအချိန် တော်သာရှိရင်....."

တွေးရင်းနှင့် စိတ်ကို အသိနှင့်ဖြေဆဲအချိန်။ သားဖြစ်သူက အနားရောက်လာသည်။ ကျောင်းတွေက ဖွင့်တော့မည့်အချိန်ကလည်း နီးကပ်လာပြီလေ။ ကျောင်းထားဖို့နှင့် သာသနာ့ဘောင်ဝင်ဖို့ အဖြေမပေးရသေးသည့်အချိန်။

"အမေ....."

သားအသံက မတိုးမကျယ်။ နံနက်ခင်းပေမို့ အိမ်ရှေ့လမ်းပေါ်မှာတော့ ရွာဦးကျောင်းက ကိုရင်လေးများနှင့် သားအရွယ် အခန်းနေဦးဇင်းလေးတစ်ပါး ဆွမ်းခံကြွလာသည်ကို မြင်ရသည်။

သားက အမေပြင်ဆင်ထားသည့် ဆွမ်းနှင့်ဆွမ်းဟင်းများကို ယူပြီးလောင်းလှူသည်။ ကြေးစည်သံနှင့်အတူ မပိုင်းစိန်လည်း ကျေနပ်သလိုလို ဖြစ်နေသည်။ ဆွမ်းလောင်းအပြီး သားလေးအနားသို့ ရောက်လာသည်။


"ကိုရင်လေးတွေ ကြည့်ညိုရတာ၊ ဦးဇင်းလေးကို ကြည့်ညိုရတာ စိတ်မချမ်းသာဘူးလား"

မပိုင်းစိန် ခေါင်းညိတ်ပြသည်။

"အခန်းနေဦးဇင်းလေးက


www.burmeseclassic.com

www.burmeseclassic.com



သားထက် အသက်ကြီးတယ်နော်၊ သားကို အဲဒီလိုမျိုး မမြင်တွေ့ချင်ဘူးလားဟင်”

မပိုင်းစိန် မဖြေနိုင်၊ ရီဝေဝေ မျက်နှာ၊ မျက်လုံးများနှင့် သားကို စူးရဲစွာ ကြည့်မိသည်။

“သား.....”

“ဗျာ.....”

“သာသနာ့ဘောင်ကို သား တကယ်ဝင်ချင်သလား”

“ဟုတ်ကဲ့”

“ဘာဖြစ်လို့ သင်္ကန်းဝတ်ချင်ရတာလဲ”

အမေးကို သားဖြစ်သူမဖြေ။

“ဖြေလေ သား”

“ဟို.....သင်္ကန်းကိုမြင်ရင် သားစိတ်ထဲ တစ်မျိုးခံစားရတယ် အမေ၊ ပျော်သလိုပဲ၊ ဘယ်လိုပြောရမလဲမသိဘူး”

အဖြေက မတိကျ၊ မရေရာ။ သို့သော် မပိုင်းစိန် ကျေနပ်မိပါသည်။ သားရဲ့စိတ်ထဲမှာ အကြံ တစ်ခုတော့ရှိမည်၊ ရည်ရွယ်ချက်တော့ရှိမည်။ ပြောမပြတတ်သေးလို့သာ မဖြေနိုင်ခြင်းဟု လက်ခံလိုက်သည်။

နေ့စဉ်ပြောဆိုနေသည့် သားရဲ့စကားသံတွေ၊ ခွင့်တောင်းနေသည့် အသံလေးတွေ။

ပြောပါများတော့ မပိုင်းစိန်စဉ်းစားရပြီ။ မှန်ပါသည်။ မစဉ်းစားလို့ မရတော့။ မိမိမွေးခဲ့သည့် တစ်ဦးတည်းသောသား။ ထိုသားလေးက သာသနာ့ဘောင် ဝင်ချင်သတဲ့။ ဒီတော့ ခွင့်ပြုလိုက်ပါက သာသနာ့ဘောင်ရောက်သွားပြီ၊ ဒါဆိုရင်....

“သားလေး ကိုရင်ဖြစ်သွားရင် ငါလည်း မွေးရကျိုးနပ်တဲ့ မိခင်မြတ်တစ်ဦးဖြစ်မှာအမှန်ပဲ”

ထင်မှတ်မထားသည့် အတွေးစက ပညာတတ်ကြီးဖြစ်စေချင်သည့်ဆန္ဒတွေကို အနိုင်ယူသွားပြီလားမသိတော့။

“ခွင့်ပြုရင်ကောင်းမလား”

“ခွင့်ပြုလိုက်ရင်ကောင်းမှာ”

တွေးရင်းနှင့် အချိန်တွေနှောင်းခဲ့သည်။ မကြာခင် အတန်းကျောင်းတွေ ဖွင့်တော့မည်။ ကျောင်းတက်ရတော့မယ် အမေရယ်ဟု လုံးဝ မပြောသည့်သား။

“ကဲ.....သား”

“ဗျာ.....”

“မင်း အတန်းပညာ မသင်ချင်တော့ဘူးနော်”

“ဟုတ်ကဲ့”

“သာသနာ့ဘောင်ကိုတကယ်သွားချင်တာပေါ့”

“ဟုတ်ကဲ့”

“ဒါဆိုရင် အမေခွင့်ပြုပါတယ် သားရယ်”

“ဟာ.....တကယ်”

“တကယ်ပေါ့”

ခေါင်းညိတ်ရင်း ခပ်တိုတိုဖြေလိုက်သည့် မပိုင်းစိန်။ သားဖြစ်သူက မိခင်ရှေ့ဒူးထောက်ပြီး ဦးသုံးကြိမ်ချအပြီး မိခင်ရဲ့ပါးကို ဘယ်ပြန်ညာပြန် နမ်းရှုပ်လိုက်သည့် အဖြစ်ကတော့ တစ်သက်မမေ့ရက်စရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ရက် ရွာထဲက လူကြီးလေးငါးဦးခေါ်၊ အကျိုးအကြောင်းတိုင်ပင်ကာ ရွာဦးကျောင်းဆရာတော်ဆီသွားပြီး လျှောက်တင်လိုက်သည်။ အလှူသဘောမျိုး ဆွမ်းကပ်၊ သင်္ကန်းကပ်ပြီးတော့ သားဖြစ်သူကို သာသနာ့ဘောင်သွင်းတော့မည်။

ဆရာတော်သတ်မှတ်ရက်ပေးသည့်အတိုင်း သားပညာရေးအတွက် စုထားသည့် ဝါးကျည်တောက်ကိုခွဲ၊ စုထားသည့်ငွေတွေကိုထုတ်.....

ပြီးတော့.....

ပြီးတော့....လိုတာတွေဝယ်၊ သားလေးအတွက် ပရိက္ခရာရှစ်ပါးအစ ဆွမ်းကျွေးဖို့အထိ။

♛♛♛♛♛

"ဟင်း....."

ကျော်ဖြတ်ပြီးပြီဖြစ်သော ဘော်တ်ကိုဖြတ်လိုက်ရင်း လက်ထဲကစာကို နောက်တစ်ခေါက်ပြန်ဖတ်မိသည်။

စာက မိမိရဲ့သား ဦးဇင်းလေးရေးပေးလိုက်သည့်စာ။

သို့/

အကာမကြီး....

ဦးဇင်းစာရေးလိုက်ပါတယ်။ အကာမကြီးနေကောင်းရဲ့လား။ အကာမကြီးတစ်ယောက်တည်းနေရတာဆိုတော့ ပျင်းနေမှာတော့အမှန် ပဲ။ ဦးဇင်းကတော့ ရန်ကုန်မှာ အခြားဦးဇင်း တွေနဲ့ ပရိယတ္တိစာပေ အတူသင်၊ ဆွမ်းခံအတူထွက်ရင်းနဲ့ သာသနာရေးအလုပ်တွေ လုပ်နေပါတယ်။ ဦးဇင်းဘာဖြစ်လို့ ဒီလိုလုပ်တာလဲဆိုရင် အကာမကြီးသိအောင် ပြောပြချင်ပါတယ်။

အကာမကြီးရေ...လူတိုင်းလူတိုင်း ဘဝဆိုတာရှိတယ်။ အချိန်ဆိုတာရှိတယ်။ မွေးခြင်း၊ သေခြင်းဆိုတာလည်းရှိတယ်။ ပြီးတော့ အဖေအမေဆိုတာလည်းရှိတယ်။ အဲဒီ မိဘဆိုတဲ့ အဖေအမေရဲ့ကျေးဇူးတွေ၊ ချစ်ခြင်းမေတ္တာကြေးဆိုတာလည်း ရှိတယ်လေ။

ဘယ်မိဘကမှ ဘယ်သားသမီးရဲ့ တုံ့ပြန်လာမယ့် အကျိုးတရားကို မမျှော်ကိုးကြပါဘူး။ ဘယ်သားသမီးကမှ ဘယ်မိဘရဲ့ ကျေးဇူးတရားကို ပေးဆပ်ကြဖို့ သိတတ်သူ နည်းပါးလိမ့်မယ်။ မိဘဆိုတာ ပေးဆပ်ခြင်းတွေနဲ့ပဲ ဘဝကို နိဂုံးချုပ်သွားတတ်ကြတာလေ။

ဘယ်မိဘကမှ ဘယ်သားသမီးရဲ့ တုံ့ပြန် လာမယ့် အကျိုးတရားကို မမျှော်ကိုးကြပါဘူး။ ဘယ်သားသမီးကမှ ဘယ်မိဘရဲ့ ကျေးဇူးတရားကို ပေးဆပ်ကြဖို့ သိတတ်သူ နည်းပါးလိမ့်မယ်။ မိဘဆိုတာ ပေးဆပ်ခြင်းတွေနဲ့ပဲ ဘဝကို .....

ဒီတော့ ဦးဇင်းပြောချင်တာက ဦးဇင်းမှာ မိဘဆိုတာရှိတယ်။ ဒီမိဘကို ကျေးဇူးဆပ်ရမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် ဦးဇင်းအနေနဲ့ သာသနာ့ဘောင်ကို ဝင်ခဲ့တယ်။ သာသနာ့ဘောင်ဝင်၊ သာသနာပြုရင်း အမေ့ကျေးဇူးတွေ၊ အဖေ့ကျေးဇူးတွေကို ဆပ်နေတယ်ဆိုတာ အမေသိပေးပါလို့ အကာမကြီးကို ပြောလိုပါတယ်။

ဦးဇင်းကတော့ ဘုရားဝတ်ပြုတိုင်း အကာမကြီးရဲ့ ကျေးဇူးတရားတွေကို အောက်မေ့ပြီး ပေးဆပ်နေပါတယ်။ အကာမကြီး ကျန်းမာပါ။

အဆင်ပြေရင် သင်္ကန်းတစ်စုံလောက် ဝယ်ချင်ပါတယ်။ ဖြစ်နိုင်ရင်လည်း ငွေပေးလိုက်ပါ။ မဖြစ်နိုင်ရင်လည်း ရပါတယ်။ အရင်ရက်တွေက အကာမကြီးပေးလိုက်တဲ့ စာနဲ့ ပိုက်ဆံလည်း ရပါတယ်။ ဦးဇင်းပေးလိုက်တဲ့ စာနဲ့ စားစရာတွေလည်း ရလိမ့်မယ်လို့ ထင်ပါတယ်။

ဒါပါပဲ အကာမကြီး
ကျန်းမာရေး ဂရုစိုက်ပါ။
ဦးဇင်း၊
မေမျှဝတီစာသင်တိုက်။

မပိုင်းစိန် စာဖတ်ရင်း ပြုံးမိသည်။ အရင်ရက်တွေကဟော့ မကြာခဏဆိုသလို သားဦးဇင်းဆီက စာလာသည်။ စားစရာမုန့်ပါ

www.burmeseclassic.com

> ယခုလည်း
> သက်န်းတစ်စုံ လောက်
> ဝယ်ချင်ပြီတဲ့။
> မဝိုင်းစိန် ပျော်သွားသည်။
> သားအတွက်
> ပေးဆပ်ရသည်ပဲလေ။
> ဒီပေးဆပ်မှုက
> ဘုရား၊ တရား၊ သံဃာဆိုသည့်
> ရတနာသုံးပါးကို
> ထောက်ပံ့တာနှင့် .....

သည်။ အရင်ကစာတွေကတော့ သာမန်ရေးခဲ့သည့်စာ။

ယခုကတော့ ထူးဆန်းနေသည်။ ဘာတဲ့ သာသနာ့ဘောင်ဝင်တာက မိဘကျေးဇူးဆပ်ချင်လို့တဲ့။ သားဦးဇင်းပြောတာ မဝိုင်းစိန်လက်ခံသည်။ သာသနာပြုရင်း မိဘကျေးဇူးဆပ်တာ နားလည်သည်။

တကယ်တော့ သားဖြစ်သူ (၁၃)နှစ်အရွယ်မှာ ရှင်ပြုပေးခဲ့သည်။ ကိုရင်ဘဝရောက်သွားခဲ့သည့် သား၊ အိမ်ကို ဆွမ်းခံကြွရုံကြွခဲ့သည့်သား။

အခြားကိုရင်လေးတွေ၊ အခြားဦးဇင်းလေးတွေနှင့်အတူ သားကိုမြင်ရတော့ ပီတိဖြစ်ခဲ့ရသည့် မဝိုင်းစိန်။

နောက်တော့ သားသည် အခြေခံစာပေများနှင့် ဆယ်စောင်တွဲတွေကို သင်ယူခဲ့ရသည်။ အခြေခံပါရမီပါသည့် သားကတော့ သာသနာ့အကျိုးအတွက် သားရဲ့ရည်ရွယ်ချက်ကို သိထားသည့် ဆရာတော်ကြီးရဲ့ လက်ရုံးဖြစ်ခဲ့သည်ဆိုလျှင် မမှား။

နောက်တော့ ရန်ကုန်၊ ဇေယျဝတီစာသင်တိုက်၊ ဇေယျကာရီကျောင်းကို ပို့ပေးခဲ့သည်။ ဆရာတော် ဦးပဏ္ဍိစ္စထံ အပ်ပေးခဲ့သည့်နောက် ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသည့် အခြေခံပရိယတ္တိစာများ သင်ယူခဲ့သည်။

အငယ်တန်းမှာသင်ရသည့် ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ညဝိဓာတုကထာ၊ ဇာတ်အဋ္ဌကထာတို့ သင်ယူနေရသည့် သားဦးဇင်းလေး။

သားလေး ပထမငယ်အောင်ခဲ့သည်။ နောက် အလတ်တန်းအောင်ခဲ့သည်။ ယခု အကြီးတန်းတက်နေသည်။

သည်တော့ လိုအပ်သည်က ငွေကြေး။

ထို့ကြောင့်လည်း မဝိုင်းစိန်အနေဖြင့် အချိန်နှင့်အမျှ ကြိုးစားလုပ်ရင်း ရသမျှပိုက်ဆံကိုစု၊ သားဆီကိုပို့။

ယခုလည်း သင်္ကန်းတစ်စုံလောက် ဝယ်ချင်ပြီတဲ့။ မဝိုင်းစိန်ပျော်သွားသည်။ သားအတွက် ပေးဆပ်ရသည်ပဲလေ။ ဒီပေးဆပ်မှုက ဘုရား၊ တရား၊ သံဃာဆိုသည့် ရတနာသုံးပါးကို ထောက်ပံ့တာနှင့် ဘာထူးလို့လဲ။

"ရရပါစေမယ် သားဦးဇင်းရယ်၊ အမေ ကြိုးစားပြီး ငွေရှာပို့မယ်"

တွေးရင်း သားဦးဇင်းဆီကပေးပို့သည့်စာများကို ခေါင်းအုံးအောက်ထဲ ထည့်လိုက်သည်။ သား ဦးဇင်းရဲ့စာတွေက အများကြီး။

"ဟဲ့.....မယ်ဝိုင်းစိန်၊ သား

www.burmeseclassic.com

ဦးဇင်းဆီက စာလာတယ်ဆို''

ဘေးအိမ်က မအေးမြိုင်မှလာ မေးသည်။

''ဟုတ်တယ် မယ်အေးမြိုင်ရေ၊ စာလိုက်နိုင်တယ်၊ ရန်ကုန်မှာ ပျော်တယ်တဲ့၊ အကြီးတန်းလည်း ဖြေရတော့မယ်တဲ့လေ၊ ပြီးရင် ဘွဲ့တံဆိပ်တော်တွေရအောင် ကြိုးစားမယ်တဲ့၊ တောင်တန်းသာသနာပြုလုပ်ငန်းတွေလည်း လုပ်မယ်တဲ့''

''အေး.....အေး၊ ဝမ်းသာစရာဖဲ၊ ညည်းကတော့ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်ဆုဆိုသလို မွေးရကျိုးနပ်ပါပေ့အေ''

မယ်အေးမြိုင်စကားကြောင့် သားဦးဇင်းအတွက် ဂုဏ်ယူမိ၏။ ကျေနပ်မိ၏။ စုထားသည့်ငွေအချို့ကို ရေတွက်မိပြန်သည်။ အတော်အသင့်ရနေပြီ။ သင်္ကန်းဖိုးရတော့ည်။ အကြီးတန်းအတွက် လိုအပ်တာတွေဝယ်ဖို့လည်း ပေးလိုက်ချင်သေးသည်။

သည်တော့ ထုံးစံအတိုင်း ထင်းခုတ်ပြီး ရောင်းရဦးမည်လေ။ ချင်ရက်က ခုတ်ပြီးသောထင်းတွေက ရောင်းလို့ကုန်သွားပြီ။ ချို့စား၊ အချို့စုရင်းနှင့် နေ့ရက်တွေကို ကျော်လွှားခဲ့ရသည့် မပိုင်းစိန်။

လင်သားရှိစဉ်က ကိုင်ခဲ့သည့် ကိုယ်ယူ လင်ဖြစ်သူဝတ်ခဲ့ပြီး သူမရှိသည့်တော့သည့်နောက် ခေါင်းပေါင်းလုပ်ခဲ့သည့် ပုဆိုးအကွက်ကျားကို ယူလိုက်သည်။

နေစောင်းနေပြီဖြစ်သည်။ ဝန်းကျင်ကား သာယာဆဲ။ နေမင်းသည် တိမ်တိုက်တို့အကြား ဝင်ပုန်းလိုက်၊ ထွက်လာလိုက်။ ငှက်ဖျိုင်းပြုံတစ်အုပ်က တောင်မှမြောက်သို့ ပျံနေကြသည်။

နေပူသည်၊ မိုးအုံ့သည်က မဆန်းတော့။ မပိုင်းစိန်အတွက် မထူးခြားတော့။

ဝါရွှေရွှေ မြတ်သင်္ကန်းအစုံရုံပြီး သပိတ်ပိုက်ကြွလာသည့် သားရဲ့ပုံရိပ်ကို မြင်မိပြန်တော့ ထင်းခုတ်ထွက်လာသည့် မပိုင်းစိန်ရဲ့ခြေလှမ်းတွေက ခပ်သွက်သွက်။

♛♛♛♛♛

ရွာနှင့်အတော်ဝေးခဲ့ပြီ။

ကဇာတန်းမှာတော့ နဘူးပင်၊ မိုးနံပင်၊ ချင်းရဲပင်၊ ဘောက်ခွေးပင်တွေက အပြိုင်အဆိုင်။

မပိုင်းစိန်က ထဘီကို တိုတိုပြင်ဝတ်သည်။ လက်ထဲကဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ချင်းရဲပင်၊ ဘောက်ခွေးပင်များကို ခုတ်သည်။ ပြီး အဖျားကိုင်းများကို ဓားနှင့်ပယ်လိုက်သည်။ ပြီးသည်နှင့် တစ်ပင်ချင်း၊ တစ်ချောင်းချင်း ပုံ





www.burmeseclassic.com

www.burmeseclassic.com



သည်။

နာရီဝက်အကြာ ခေါင်းတစ်ရွက်စာ ထင်းတစ်စည်းရတော့မည်။

"လေးငါးပင်ခုတ်ပြီးရင် ပြည့်ပြီ၊ ပြန်မှပဲ"

တွေးရင်းခုတ်နေသည့် မဝိုင်းစိန်။ ဓားခုတ်သံက တဖြောင်းဖြောင်း။

"အမေ....."

"ဒကာမကြီး....."

ရုတ်ခြည်းကြားလိုက်ရသည့် အသံ။

"ဟင်....."

ပတ်ဝန်းကျင်ကို ကြည့်မိသည်။ တကယ်တော့ စိတ်စွဲပြီး သားဦးဖင်းလေးက ခေါ်လိုက်သည့် အသံဟု ထင်နေမိသည်။

"ဟင်း....."

သက်ပြင်းမောချလိုက်သည်။

"သားဦးဖင်းလေးနေကောင်းရဲ့လား၊ စောစောက ငါ့နားထဲ သား ဦးဖင်းလေးအသံလိုလို....."

စိတ်ကိုဖြေလျှော့ရင်း ထင်းကို ဆက်ခုတ်လိုက်သည်။ ခုတ်ပြီးသား ချင်းရဲပင်ကို အခြေမှဆွဲကာ ယူလိုက်သည်။

"အား....."

ချင်းရဲပင်သည် အကိုင်းအခက် သိပ်မရှိ။ သို့သော် ဆူးတောင်လို ချွန်ထက်သည့် အကိုင်းများပါသည်။ အရွက်ကတော့ ခပ်ကျဲကျဲအပင်မျိုး။

ပင်စည်ခြေတွင်ရှိ အချွန်တစ်ခုက မဝိုင်းစိန်၏မျက်လုံးကို ထိမိသွားသည်။ ယောင်ရမ်းပြီး ဘယ်ရောညာပါ လွှတ်ချလိုက်သည် အထိ နာကျင်သွားသည်။ လက်နှင့် မျက်လုံးကို အုပ်ထားလိုက်သည်။

"ဟင်....."

ခိုက်မိသည့်မျက်လုံးက မမြင်ရတော့။ အုပ်ထားသည့်လက်တွင် စွန်းထင်းနေသည့်အရာများကို ကျန်တစ်ဖက်နှင့် မရဲတရဲ ကြည့်မိ၏။

"ဟင်.....သွေးတွေ"

မှန်သည်။ မျက်လုံးကသွေးတွေထွက်နေခြင်းဖြစ်သည်။

"ငါ့မျက်လုံးကန်းပြီ၊ သွားပြီ"

မဝိုင်းစိန် ဘာလုပ်ရမည်မသိ။ မျက်လုံးက မမြင်ရတော့။ သွေးတွေက ထွက်နေသည်။ ဓားနှင့် ထင်းတွေကို သတိမရနိုင်တော့။ ပုဆိုးကိုယူ၊ မျက်လုံးတစ်ဖက်ကို ပိတ်ရင်း ရွာသို့ပြ[န်]လာခဲ့သည့် မဝိုင်းစိန်။ အတေ[ာ]...ကြာသည်နှင့် ရွာထဲဝင်လာသည်...

"ဟင်.....မဝိုင်းစိန်၊ ထ...လည်းမပါဘူး"

"ဘာဖြစ်လာတာလဲ"

"မျက်နှာမှာလည်း သွေးတွေနဲ့"

"ကျုပ် မျက်လုံးခိုက်မိလို့"

သည်လောက်သာပြောသည်... အိမ်အရောက်မှာတော့ တစ်ဆ... စကား တစ်ဆင့်နားဆိုသလို အ...လုံးသိသွားကြပြီဖြစ်သည်။ စိ... မကောင်းစွာဖြင့် ရပ်ရွာထုံး... အတိုင်း လာမေးကြသည်။

"ဝိုင်းစိန် မျက်လုံးခိုက်မိ...တဲ့"

"မျက်လုံးတစ်ဖက်ပျက်သွ...ပြီ"

"ဆေးရုံပို့မှဖြစ်မှာ"

ဘေးအိမ်ကလူတွေ၊ ဆွေမ...မကင်းသူတွေ ရောက်လာသည်... အမျိုးမျိုးပြောနေကြသည်။ မဝို...စိန်ကတော့ လုံးဝမညည်းတွား...

ရွာဦးကျောင်းဆရာတော်...သိသွားပြီး အိမ်သို့ကြွလာသည်... နောက်တော့ မြို့ဆေးရုံကိုသွား...လည်းပြင်ရသည်။ ကာလသ... အချို့နှင့် မိန်းမအချို့ ဆေးရုံလို...ရန် ပြင်ကြသည်။

လှည်းပေါ်အရောက် အိမ်မှ...



www.burmeseclassic.com

www.burmeseclassic.com



အစောင့်အဖြစ်ကျန်ရစ်မည့် မိပြား ကိုမှာသူက မပိုင်းစိန်။

"ဟဲ့.....မိပြား"

"တော်....."

"ငါ့ခေါင်းအုံးအောက်မှာပိုက် ဆံရှိတယ်၊ သားဦးဇင်းဆီက စာ တွေလည်းရှိတယ်"

"ဟုတ်ကဲ့"

"အဲဒါ စာတွေကို လုံးဝ ထိနဲ့၊ ပြီးတော့ရှိတဲ့ ိုက်ဆံတွေကို ရန်ကုန် န်ကြွမယ့် ဦးဇင်းဆီပေး ိုက်၊ ပြီးတော့ ငါ့ ကိုယ်စား သား ဦးဇင်း လေးဆီ စာရေးပေး ိုက်"

"ဟုတ်ကဲ့"

မိပြားက ငေးကြောင် ကြောင်ကြည့်ရင်း ဖြေသည်။ ဘေးလူများက ရင်သပ်ရှုမော ားထောင်ရင်း မပိုင်းစိန်၏ သား းဇင်းအပေါ်ထားရှိသည့် အချစ် တွကို အဖြေရှာ တွေနေကြသည်။

"ပြီးတော့....."

"ဟုတ်ကဲ့"

"သက်န်းဖိုးရော၊ စာအုပ်ဖိုး ပေးလိုက်တယ်လို့"

"ဟုတ်....."

"လိုအပ်ရင်လည်း အမေ့ဆီ ဆပ်မှာလို့"

"ဟုတ်....."

"ငါမှာတာတွေ မမေ့နဲ့နော်"

"မမေ့ပါဘူး"

"သြော်..ပြီးတော့ သားဦးဇင်း ကိုပြောလိုက်၊ အမေနေကောင်း တယ်လို့"

"ဟုတ်ကဲ့"

"အမေ့အကြောင်း ဘာကိစ္စ ပဲကြားကြား ရွာကိုပြန်ကြွမလာနဲ့



လို့ထည့်ရေး"

"ဟုတ်ကဲ့"

"အကြီးတန်းက သန်ဘက်ခါ ဖြေရတော့မှာ"

"စိတ်ချပါ"

"သက်န်းဝယ်ဖို့ ပိုက်ဆံပို့ လိုက်တာလဲ ပါပစေ့နော်"

မိပြားက ခေါင်းညိတ်အဖြေ ပေးသည်။ မပိုင်းစိန် မမောနိုင်၊ မပန်းနိုင်ပြောနေပေမယ့် မိပြားမော နေသည်ကအမှန်။ ဘေးလူတွေ ရင်မောနေရသည်ကလည်းအမှန်။

"ပြီးတော့ ငါ့အမည်လည်း ရေးလိုက်နော်၊ ချစ်ရတဲ့အမေဆို တာ ထည့်ရေး"

"ဟုတ်....."

မပိုင်းစိန်ကိုတင်ပြီး မောင်း သွားသည့်လှည်းကိုကြည့်ရင်း ရွာကလူတွေ ငေးပြီး ကျန်ရစ်ဆဲ အချိန်မှာတော့ မပိုင်းစိန် တစ်ယောက် အဝေးကိုရောက် သွားခဲ့ပြီ။

သားဦးဇင်းလေး ရယ်.... သား ဦးဇင်း လေး တောင်းတဲ့ သက်န်းဖိုး လိုချင်တဲ့ ဆန္ဒထက် အမေ့နှလုံး သားထဲက သက်န်းဖိုး ပေးချင်တဲ့ ဆန္ဒက ပိုပြီး ပြင်းထန်ပါတယ် သား ရယ်။

မပိုင်းစိန် တွေးရင်း မျက်စိကို အုပ်ကာ ကျန်တစ်ဖက်က ရွာဆီ ကို ကြည့်နေမိသည်။ ထိုအကြည့် မျက်ဝန်းထဲမှာတော့ ရွာက ခပ်ရေး ရေး၊ သားဦးဇင်းလေးရဲ့ ပုံရိပ်က ထင်ထင်ရှားရှား။

**ထူးအုံ့ဝေ (ဝနုဖြူ)**



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း
အဆိုး အကောင်း
ဝေဖန်ပိုင်းခြားတတ်
သို့သော်
မိမိအတွက်
ကောင်းကျိုးမပြု
ဆိုးကျိုးကို
အဘယ်ကြောင့် ...

ညလက်မင်း

# အသိတရားကို

ဆန္ဒက အနိုင် ယူသော



www.burmeseclassic.com

www.burmeseclassic.com

# အသိတရားကို ဆန္ဒက အနိုင် ယူသော်




ဉာဏ်မင်း

လောကတွင် အသိတရား အရှိဆုံးမှာ လူသားဖြစ်၏။ ငိုခြင်း၊ ရယ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းဖြင့် ခံစားတတ်သူ လူသားတို့သည် အခြားသတ္တဝါများထက်ပို၍ သိမြင်တတ်သည်။

အကျိုးအကြောင်း၊ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားတတ်၏။ သို့သော် မိမိအတွက်ကောင်း ကျိုးမပြုသော ဆိုးကျိုးကို အဘယ် ကြောင့် ကျင့်ကြသနည်း။ မရှိတာထက် မသိတာခက်၊ မသိတာထက် မသိတတ်တာ ပိုခက်၏။ မသိတတ်တာထက် မသိချင်ဟန်ဆောင်နေသည်က ပိုခက်၏ ဆိုသကဲ့သို့ ကိုယ့် ကိုယ်ကိုယ်မှ တန်ဖိုးမထားဘဲ ကိုယ့်ကိုယ်ကိုယ် ပျက်စီးအောင်၊ ကိုယ့်ဘဝနစ်မွန်းအောင် လုပ်နေကြသူများရှိကြ၏။ ထိုသူတို့သည် ငယ်စဉ်တောင်ကျေးကလေးဘဝမှသည် လူလားမြောက်သည်အထိ လူဖြစ်အောင် ကျွေးမွေးပြုစုခဲ့ရသည့် မိဘကျေးဇူးကို တန်ဖိုးမထားဘဲ ကျေးဇူးကန်းသူများဟုသာ ဆိုလိုက်ချင်သည်။

♛♛♛♛♛



ကျွန်တော်နှင့် ရင်းနှီးသော မိသားစု၊ ကျွန်တော့်မိတ်ဆွေဖြစ်သော ဦးဘအောင်နှင့် ဒေါ်ငွေလှတို့တွင် တစ်ဦးတည်းသော သားတစ်ယောက်ရှိသည်။ သူ့နာမည်က မောင်မိုး။

မိဘများက ထူးချွန်ထက်မြက်စေချင်၍ အဆင့်မြင့်မြင့် နေတတ်စေရန် "မိုး"ဆိုသော အမည်နိမိတ်ကို မှည့်ခေါ်ခဲ့၏။ ပေါင်းသင်း ဆက်ဆံရေး၊ လူမှုရေး အလွန်သိတတ်သည်။ မောင်မိုးသည် အရည် အချင်းရှိသည့် လူငယ်တစ်ယောက်။ ပြောရလျှင် လူတော် တစ်ယောက်။ တက္ကသိုလ်ဝင် စာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်ပြီး တက္ကသိုလ်ကို ဆက်၍ မတက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မလေးရှားတွင် အလုပ်လုပ်ချင်သည်ဟုဆိုကာ ထွက်သွားလေ၏။ တစ်နှစ်ပင်မပြည့်။ ပြန်ရောက်လာ၏။

မောင်မိုးပြန်ရောက်လာသည်ဆို၍ ကျွန်တော် သတင်းသွားမေးရန် ရောက်သွားရာ ယခင်က ဝဖြိုး နေသော မောင်မိုးမှာ ပိန်ကပ်ကပ် နှင့်။ မျက်နှာက အညီပြန်နေ၏။ ကျွန်တော့်ကို ခရီးဦးကြိုပြုသော မောင်မိုးပါးစပ်က အရက်နံ့ တထောင်းထောင်းနှင့်။

"အန်ကယ် လာ.....လာ ထိုင်ပါ"

"အေး.....အေး၊ ရပါတယ်"

ပြန်သာပြောလိုက်ရသည်။ အရက်နံ့ကြောင့် ကျွန်တော် နှာခေါင်းရှုံ့မိ၏။


"မင်းပြန်လာတာ ဟိုမှာ အလုပ်အကိုင်မကောင်းလို့လား"

"အလုပ်ရှင်က တားသေးတယ်၊ အဆင်မပြေတာနဲ့ ကျွန်တော် ပြန်လာတာ"

မောင်မိုးမှာ အတော်စိတ်ပျက်နေဟန်တူသည်။

ယခင်ကမောင်မိုးနှင့် ယခုမောင်မိုး တခြားစီ။ မိဘအရိပ်အာဝါသအောက် နေရစဉ်က လိုလေသေးမရှိ။

"နေစမ်းပါဦးကွ၊ မင်းက ဘာဖြစ်လို့ အရက်ကို ဒီလောက် သောက်ရတာလဲ"



"မသိတော့ပါဘူး အန်ကယ်ရယ်၊ လုပ်ရကိုင်ရတာ အဆင်မပြေတာနဲ့ စိတ်ညစ်ပြီး အရက်သောက်မိတာပါ"

"အရက်သောက်တော့ရော အဆင်ပြေသွားသလား"

"အဆင်တော့မပြေဘူးဗျာ၊ ဒါပေမဲ့....."

"ဒါပေမဲ့ အရက်စွဲပြီး အရက်သမားဖြစ်သွားရောမဟုတ်လား"

"အရက်တော့မစွဲပါဘူး အန်ကယ်ရယ်"

အရက်မစွဲပါဘူးဆိုသော မောင်မိုး။ အရက်ကြောင့် မျက်နှာဖောနေပြီး လူရုပ်ပင်မပေါက်။

"အရက်တော့မစွဲပါဘူး၊ နေ့တိုင်းပဲ သောက်နေတယ်ပေါ့"

"ဒီလိုလည်းမဟုတ်ပါဘူး အန်ကယ်ရယ်"

"အဲဒါပဲကွ၊ တို့နိုင်ငံက လူငယ်တွေ နိုင်ငံခြားသွားပြီး အလုပ်လုပ်မှ အဆင်ပြေကြတယ်လို့ ထင်ထားကြတာ၊ တို့နိုင်ငံမှာလည်း ကြိုးကြိုးစားစားလုပ်ရင်းနဲ့ အိုးမကွာ၊ အိမ်မကွာ နေလို့လည်းရတယ်၊ မိသားစုနဲ့လည်း နေလို့ရတယ်"

"ဟုတ်ပါတယ် အန်ကယ်ရယ်"

"အခု မင်းကိုပဲကြည့်လေ၊ မိဘလုပ်ငန်းကို တိုးတက်အောင် ဝိုင်းပြီးမကူညီဘဲ နိုင်ငံခြားကို အထင်ကြီးပြီးသွားလိုက်တာ အချိန်ကုန်၊ ငွေကုန်နဲ့ အရက်သမားဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းပြောရရင်တော့ ကျွန်တော် အရက်အချိန်ပြည့်မူးနေလို့ အလုပ်ထုတ်ခံလိုက်ရတာပါ"

"ဒီတော့ အိမ်ပြန်လာတာပေါ့"

မောင်မိုးက ဘာမှပြန်မပြော။ ကျွန်တော် မောင်မိုးကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ ငယ်စဉ်ကတည်းက ကျွန်တော်ပြောလျှင် အမြဲလက်ခံသည်။ လိမ္မာသော လူငယ်လေးတစ်ယောက်ဖြစ်သည်။ မောင်မိုးဘ၀ မနစ်မွန်းစေချင်။ ကျွန်တော် မနေသာတော့ပေ။

"ကဲ...မောင်မိုး၊ မင်းကို အန်ကယ်ပြောမယ်၊ မင်း ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"ဘာလုပ်ရမှာလဲ၊ ကျွန်တော့်လိုအရက်သမားကို ဘယ်သူက လက်ခံမှာလဲ"

"ဒါဆိုရင် အဲဒီအရက်ကို ဖြတ်လိုက်ပေါ့ကွာ"

"မလွယ်ဘူးထင်တယ်၊ ကျွန်တော် မသောက်ရရင် ခြေတုန်လက်တုန်နဲ့၊ ဘာမှလည်း စားချင်သောက်ချင်စိတ် မရှိတော့ဘူး"

"မင်းပြောတော့ မစွဲဘူးဆို"

"ဟုတ်တယ်လေ အန်ကယ်ရဲ့၊ စွဲတော့မစွဲပါဘူး၊ ဒါပေမဲ့....."

မောင်မိုးစကားမဆုံးမီ ကျွန်တော်က လက်ကာပြပြီး.....

"တော်ပြီ၊ မင်းမပြောနဲ့တော့၊ မင်းဟာ ခေတ်ပညာတတ်တစ်ယောက်၊ အရည်အချင်းရှိပြီးသား လူတော်ပါ၊ အကောင်းအဆိုးကို ခွဲခြားတတ်နေတာပဲ၊ အဓိက,က တော့ စိတ်ပါပဲကွာ၊ တကယ်ဖြစ်ချင်တယ်ဆိုရင် ဖြစ်အောင်လုပ်လို့ရပါတယ် ငါ့တူရယ်"

မောင်မိုးက ကျွန်တော်ပြောနေသောစကားကို နားထောင်ရင်း အံကိုကြိတ်ထားသည်။

တော်ပြီ၊ မင်းမပြောနဲ့တော့၊ မင်းဟာ ခေတ်ပညာတတ်တစ်ယောက်၊ အရည်အချင်းရှိပြီးသား လူတော်ပါ၊ အကောင်းအဆိုးကို ခွဲခြားတတ်နေတာပဲ၊ အဓိက,က တော့ စိတ်ပါပဲကွာ၊ တကယ်ဖြစ် ချင်တယ်ဆိုရင်.....

"ဒီအရက်ကို ကျွန်တော် ရအောင်ဖြတ်မယ်ဗျာ"

"ဒီလိုမှပေါ့ကွာ"

ကျွန်တော် တကယ်ပင်ဝမ်းသာမိသည်။ မောင်မိုး အရက်ကို တကယ်ဖြတ်မည်၊ မဖြတ်မည်မှာ မသေချာသေးသော်လည်း အရက်ကိုဖြတ်ပါမည်ဟု ကတိပေးသည့်အတွက် ကျေနပ်မိသည်ကအမှန်။ မောင်မိုးတို့အိမ်တွင် နေ့လယ်စာစားပြီး ပြန်ခဲ့သည်။

♛♛♛♛♛

ကျွန်တော့်အလုပ်တာဝန်များဖြင့် တစ်လနီးပါး ခရီးထွက်ခဲ့၏။ အိမ်ပြန်ရောက်လာသောအခါ ဇနီးသည်ထံမှ မောင်မိုး အရက်ဖြတ်သွားကြောင်း သိလိုက်ရသည်။ ကျွန်တော်လည်း ရေချိုး၊ အဝတ်အစားလဲပြီး မောင်မိုးတို့အိမ်သို့ ချက်ချင်းသွားခဲ့သည်။ အိမ်ရှေ့ခြံဝင်းရှိ ခုံတန်းရှည်တွင် ထိုင်နေသော မောင်မိုးကို အခန့်သားတွေ့လိုက်ရသည်။ ကျွန်တော့်ကိုတွေ့ပြီး ခရီးဦးကြိုပြုလိုက်သည်။

"အန်ကယ်ပါလား၊ လာဗျာ၊ အိမ်ထဲဝင်ထိုင်ရအောင်"

"ရပါပြီ၊ ဒီမှာပဲထိုင်ရအောင်။ လေကောင်းလေသန့်လည်းရတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

> **အဲဒါပြောပြချင်တာ၊ အန် ကယ်ပြောသလို ငါယောက်ျားပဲ၊ အရက်ကို ရအောင်ဖြတ်မယ်ဆိုပြီး စိတ်ကိုတင်းထားလိုက်တာ၊ မသောက်ဘဲနေလိုက်တယ်၊ တစ် ရက်နှစ်ရက်တော့ နေရခက်တယ် ဗျ၊ နောက်တော့ .....**

ကျွန်တော် လေကောင်းလေသန့်ရချင်၍ အိမ်ထဲမဝင်မိသည်က မှားသွားသလားမသိ။ မောင်မိုး ဖွာရှိုက်ပြီး မှုတ်ထုတ်လိုက်သော စီးကရက်ငွေ့က အသက်ရှူမွှန်းကျပ်သွားသည်။

"လေကောင်းလေသန့်ရချင်လို့ ခြံဝင်းထဲထိုင်ပါတယ်၊ မင်းဆေးလိပ်ငွေ့ကရတဲ့ ညစ်ညမ်းလေထုက အတော်အနေရခက်တယ်ကွာ"

"ဆောရီး အန်ကယ်"

ဆောရီးဟုပြောပြီး စီးကရက်ကို လက်နှင့်အုပ်ထားလိုက်၊ သောက်လိုက်နှင့်။ ကျွန်တော်သည်းမခံနိုင်တော့။

"အန်ကယ်နဲ့စကားပြောရင် ဆေးလိပ်မသောက်နဲ့ကွာ၊ ဆေးလိပ်နံ့ကို မခံနိုင်ဘူးကွ"

"ဟုတ်ကဲ့.....ဟုတ်ကဲ့"

မောင်မိုးမှာ သောက်လက်စ စီးကရက်ကို လွှင့်ပစ်ရမည်ကို နှမြောဟန်တူသည်။ ထိုင်ရာမှ ခပ်လှမ်းလှမ်းတွင် တစ်လိပ်ကုန်အောင် သောက်ပြီး ကျွန်တော့်ဘေးတွင် ပြန်ထိုင်ကာ.....

"အန်ကယ့်ကျေးဇူးကြောင့် ကျွန်တော် အခု အရက်ပြတ်သွားပြီဗျ၊ ဟိုနေ့က အန်တီနဲ့ ဈေးနားမှာတွေ့လို့ ပြောပြသေးတယ်"

မောင်မိုးက စကားအဆုံးတွင် စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိပြီး သောက်ပြန်သည်။ ကျွန်တော် စိတ်နည်းနည်းတိုချင်လာသည်။

"အေး.....မင်းအန်တီပြောပြလို့ သိပြီးပြီ၊ ခရီးရောက်မဆိုက် ဝမ်းသာလွန်းလို့ မင်းဆီအရင်လာတာ"

"ဘာလဲ အန်ကယ်က ကျွန်တော်အရက်ဖြတ်တာ မယုံလို့လား"

"မင်းအရက်ပြတ်သွားတာ ဝမ်းသာလို့ မင်းဆီလာပါတယ်၊ ဆေးလိပ်က လက်ကြားကမချဘူး၊ ဘယ်လိုဖြစ်တာလဲ"

"အဲဒါပြောပြချင်တာ၊ အန်ကယ်ပြောသလို ငါယောက်ျားပဲ၊ အရက်ကို ရအောင်ဖြတ်မယ်ဆိုပြီး စိတ်ကိုတင်းထားလိုက်တာ၊ မသောက်ဘဲနေလိုက်တယ်၊ တစ်ရက်နှစ်ရက်တော့ နေရခက်တယ်ဗျ၊ နောက်တော့ အဆင်ပြေသွားတာပါပဲ၊ အဓိက စိတ်ပါဗျ"

"စီးကရက်ကိုလည်း အရက်လိုပဲ စွဲသွားဦးမယ်နော်"

"စွဲတယ်လို့တော့ မဟုတ်ပါဘူး အန်ကယ်ရာ"

"စွဲတော့မစွဲဘူး၊ မသောက်ရရင် မနေနိုင်ဘူး၊ ခံတွင်းချဉ်သလိုဖြစ်နေတယ်မဟုတ်လား"

"အန်ကယ်က ဆေးလိပ်မသောက်တတ်ဘဲ သိတယ်နော်"

"ကဲ.....ကဲ တော်ပါတော့ကွာ၊ အရက်ပြတ်သွားတယ်ကြားလို့ ဝမ်းသာရမလား အောက်မေ့တယ်၊ ဆေးလိပ်သမားဖြစ်သွားတော့ အမောဆို့တယ်ကွာ"

"အန်ကယ်ရယ် ဆေးလိပ်သောက်တာလေးတော့ ခွင့်လွှတ်ပေးပါဗျ"

မောင်မိုးက မျက်နှာငယ်လေးနှင့် ကျွန်တော့်ကိုကြည့်ရင်း ပြောနေရာ ကျွန်တော် ဘာပြောရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဖြစ်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆေးလိပ်ရဲ့ဆိုးကျိုး၊ ဆေးလိပ်ရဲ့ ကျန်းမာရေးထိခိုက်ပုံ၊ ဆေးလိပ်ရဲ့အန္တရာယ်ကို အသေးစိတ်ရှင်းပြလိုက်သည်။

"ကဲ.....မောင်မိုး၊ မင်းဘာမှ ပြောမနေနဲ့တော့၊ အန်ကယ်ရှင်းပြတာတွေ မင်းသိသင့်သလောက်သိနေပြီ၊ ဆေးလိပ်ဆိုတာ ကိုယ့်အတွက်လည်းမကောင်းဘူး၊ သူများအတွက်လည်း မကောင်းဘူး၊ မင်းအသားအရေက ခြောက်ကပ်ကပ်နဲ့၊ နှုတ်ခမ်းလည်းပြာနေတယ်၊ မင်းရုပ်က ဆေးလိပ်မသောက်တဲ့ မင်းအဖေနဲ့ယှဉ်ရင် မင်းအဖေက ပို တောင်နုပျိုနေသေးတယ်"

ကျွန်တော့်စကားအဆုံးတွင် မောင်မိုးပါးနှစ်ဖက်ကိုကိုင်လျက်...

"ဟုတ်လား အန်ကယ်"

"ဟုတ်၊ မဟုတ် မှန်ထဲပြန်ကြည့်ပေါ့ကွာ၊ ပြီးတော့ ကျန်းမာရေးပညာပေးစာအုပ်တွေလည်း များများဖတ်ကွာ၊ အန်ကယ့်သဘောကတော့ မင်းဆေးလိပ်ဆက်မသောက်ဖို့ ပြောချင်တယ်"

မောင်မိုးက ခုံတန်းရှည်ကို ခေါင်းမှီလျက် စဉ်းစားနေဟန်တူသည်။ မျက်စိကိုမှိတ်၍နေရင်း လက်ကြားက စီးကရက်ကို တဖြည်းဖြည်း ချေပစ်လိုက်သည်။

"ဆေးလိပ်အန္တရာယ်ကို ကျွန်တော် သိသင့်သလောက်တော့ သိထားတယ်၊ အန်ကယ်ရှင်းပြမှပဲ ဂဃနဏ သိရတော့တယ်၊ စိတ်ချဗျာ၊ ကျွန်တော် မသောက်တော့ပါဘူး၊ ဒီနေ့ကစပြီး ဖြတ်ပါ့မယ်"

"ဒီလိုမှပေါ့ကွ၊ ဒါမျိုးစိတ်ရှိမှ ယောကျာ်းပီသတယ်ကွ"

ကျွန်တော် ထိုနေ့ည အိမ်ပြန်ရင်း စဉ်းစားမိ၏။ ဆေးလိပ်စွဲသူများ ဆေးလိပ်ရဲ့အန္တရာယ်ကိုသိရှိပြီး မောင်မိုးကဲ့သို့ အသိတရားရပြီး ဖြတ်နိုင်ကြရင် ကောင်းလေစွဟု ရေရွတ်မိသည်။



ရက်သတ္တ နှစ်ပတ်ခန့်အကြာတွင် လက်ဖက်ရည်ဆိုင်အသွား လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာသော မောင်မိုးနှင့် တွေ့လိုက်သည်။ လက်ထဲတွင် ဆေးလိပ်မတွေ့ရဘဲ ကွမ်းကို အားရပါးရ ငုံထားရင်း လက်ထဲမှ ကွမ်းယာပြီးသား တစ် ထုပ်က အဆင်သင့်။

"ဩော်.....အန်ကယ်ပါလား၊ ကျွန်တော်တောင် ပြန်တော့မလို့"

"ရပါတယ်၊ အန်ကယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေလည်းပါတယ်၊ မင်းလုပ်စရာရှိတာလုပ်ပါ"၊

"ဘယ်ဟုတ်မလဲ အန်ကယ်ရယ်၊ ကျွန်တော် အန်ကယ့်ကိုဝမ်းသာစရာလည်းပြောချင်တယ်၊ လက်ဖက်ရည်လည်း တိုက်ချင်လို့ပါ"

"ဘာဝမ်းသာစရာလဲကွ"

"ကျွန်တော် ဆေးလိပ်ဖြတ်လိုက်ပြီဗျ၊ လက်ဖက်ရည်ဆိုင်ထဲက ဆေးလိပ်နံ့မခံနိုင်လို့၊ အန်ကယ့်ကိုတွေ့တော့ စကားလည်းပြောချင်တာနဲ့ ပြန်ထိုင်တာပါ"

ပါးစပ်ထဲတွင်ငုံထားသော ကွမ်းတံတွေး ထွက်မကျအောင် အောက်မေးနှင့်ထိန်းပြောနေသော မောင်မိုးကို ဘဝင်မကျသော်လည်း တလေးတစား ပြောနေသဖြင့် သည်းခံနေရသည်။ ကွမ်းအလွန်

**အန်ကယ်ကလည်း**
**အရက် သောက်တုန်းကလည်း**
**အရက်ကို မကောင်း၊**
**ဆေးလိပ်သောက်ပြန် တော့လည်း**
**ဆေးလိပ်မကောင်း၊**
**ကွမ်းစားပြန် တော့လည်း**
**ကွမ်းမကောင်းကြောင်း**
**ပြောနေတော့ ....**

အကျွံစားထားသည့်အတွက် ပါးစပ်မှာလည်း ဗရပျစ်။ သွားကလည်း ညိုညစ်ညစ်နှင့် အကြည့်ရဆိုးလှသည်။ ဆေးလိပ်ပြတ်သွားပြန်တော့ ကွမ်းသမားဖြစ်နေသော မောင်မိုးကို ကျွန်တော် မပြောဘဲမနေနိုင်။

"ဘာဖြစ်လို့ အပိုအလုပ်တွေ လုပ်နေရတာလဲ ငါ့တူရယ်"

"အန်ကယ်ပြောသလို ဆေးလိပ်ကို ချက်ချင်းဖြတ်ဖို့က အတော်ခက်တယ်ဗျ၊ ဆေးလိပ်ကို လျှော့သောက်ပြီး ကွမ်းလေးနည်းနည်း ငုံလိုက်၊ ဝါးလိုက်တော့ ဆေးလိပ်က တဖြည်းဖြည်း ပြတ်သွားပါရောဗျာ"

"မင်းဟာက ဘာထူးမှာလဲ၊ ဆေးလိပ်ဖြတ်ပြီး ကွမ်းပြန်စွဲတာ"

"အဲဒီလိုလည်းမဟုတ်ဘူး အန်ကယ်ရဲ့၊ ကွမ်းက တကယ်အကျိုးရှိတယ်၊ သွားပိုးလည်းမစားဘူး၊ သွားလည်းခိုင်တယ်"

"တော်ပါတော့ကွာ၊ ငါပြောမယ်၊ မနက်မိုးလင်းလို့ အိပ်ရာထ၊ သွားတိုက်၊ မျက်နှာသစ်ပြီးရင် ကိုယ့်အတွက် အာဟာရဖြစ်စေမယ့် စားသောက်ဖွယ်ရာကို စားရမယ်၊ နေ့လယ်စာ စားချိန်တန်ရင် စားရမယ်၊ ညစာ စားချိန်တန်ရင် စားရမယ်၊ ဒီလိုမှမဟုတ်ဘဲ အရက်သောက်၊ ဆေးလိပ်သောက်၊ ကွမ်းစားရင် အာဟာရဖြစ်ပါ့မလား၊ မင်းစဉ်းစားကြည့်ပါဦး"

"ဘယ်ဖြစ်မလဲ အန်ကယ်ရဲ့"

"ဒါကို သိရဲ့သားနဲ့ကွာ၊ အကျိုးမရှိတာ လျှောက်လုပ်နေတယ်၊ အခုလည်း ကွမ်းစားပြီး ဟိုထွေး၊ ဒီထွေးနဲ့၊ မင်းအင်္ကျီကိုလည်း ကြည့်ဦး၊ ပေရေနေတာပဲ"

မောင်မိုးက သူ့အင်္ကျီကို အသာလေး ငုံ့ကြည့်လိုက်သည်။

ပါးစောင်တွင်ငုံထားသော ကွမ်းကို တစ်ချက်ဝါးလိုက်ကာ.....

"အန်ကယ်ကလည်း အရက်သောက်တုန်းကလည်း အရက်ကို မကောင်း၊ ဆေးလိပ်သောက်ပြန်တော့လည်း ဆေးလိပ်မကောင်း၊ ကွမ်းစားပြန်တော့လည်း ကွမ်းမကောင်းကြောင်းပြောနေတော့ ကျွန်တော် ဘာလုပ်ရမှာလဲ"

"ဟေ့ကောင်ရ မင်းအတွက် ပြောနေတာ၊ မင်းကိုပြောနေတဲ့ စကားတွေကို မင်းပြန်စဉ်းစား၊ မင်းမကြိုက်ရင် မပြောတော့ဘူးကွာ"

ကျွန်တော် စိတ်တိုလာမှန်းသိတော့ မောင်မိုးက ကျွန်တော့်လက်မောင်းကိုကိုင်ရင်း.....

"မကြိုက်လို့မဟုတ်ပါဘူး အန်ကယ်ရယ်၊ ကျွန်တော် ခုထိ ဘာလုပ်ရမှန်းမသိလို့ပါ"

"ဒီမှာ အန်ကယ်ပြောတာ နား ထောင်၊ မင်းပြောသလို ကွမ်းစား



www.burmeseclassic.com

www.burmeseclassic.com



ရင် သွားပိုးမစားဘူးဆိုပေမယ့် အလွန်အကျွံစားပြီး ကြာလာရင် သွားဖုံးကင်ဆာ၊ အာခေါင်မှာ အနာဖြစ်ပြီး ကင်ဆာဖြစ်တတ်တယ်၊ ရုပ်မြင်သံကြားနဲ့ ကျန်းမာရေးစာစောင်တွေမှာလည်း ပညာပေးထားတယ်ကွ၊ ဒီလိုကွာ၊ ကွမ်းအလွန်အကျွံစားရင်....."

ကွမ်းကို အလွန်အကျွံစားလျှင် ဆိုးကျိုးဖြစ်တတ်ကြောင်း အသေးစိတ် ကျွန်တော် ရှင်းပြလိုက်ရာ မောင်မိုးက သက်ပြင်းချရင်း.....

"ဒါဆိုရင် ကျွန်တော် ကွမ်းကို ဒီနေ့ကစပြီး မစားတော့ဘူးဗျာ"

"အေးကွာ၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်ဟာပဲဖြစ်ဖြစ် ကိုယ့်အသိတရားနဲ့ကိုယ် ဆင်ခြင်ပြီးလုပ်တာအကောင်းဆုံးပါ၊ သူတစ်ပါးပြောမှ လုပ်တာထက် ကိုယ့်အသိနဲ့ကိုယ် လုပ်တာ ကောင်းပါတယ်၊ ကိုယ်လုပ်တဲ့အလုပ်ဟာ အကျိုးရှိတဲ့အလုပ်လား၊ ဒါမှမဟုတ် အကျိုးယုတ်အလုပ်လားဆိုတာ စဉ်းစားပြီးမှလုပ်ပေါ့ကွာ"

လက်ဖက်ရည်ဆိုင်တွင်အချိန်အတော်ကြာထိုင်ပြီး ထပြန်လာခဲ့သည်။ မောင်မိုးကိုတွေ့တိုင်း ကျွန်တော်ပြောစရာတွေ အမြဲရှိနေသည်။ တစ်ခါတစ်ရံ မိဘပြောသော်ကား နားထောင်သော်လည်း သူလုပ်ချင်ရာ လုပ်တတ်သည်မှာ မောင်မိုး၏အကျင့်တစ်ခု။ သို့ပေမယ့် ကျွန်တော် ဆုံးမသည့်အခါ ကျွန်တော့်စကားကို နားထောင်သည့်အတွက် ကျေနပ်ရသည်။

♛♛♛♛♛

ကျွန်တော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေ၍ မောင်မိုးတို့အိမ်ကို မရောက်ဖြစ်။ ညနေခင်း ထမင်းစားပြီး လမ်းလျှောက်ထွက်ခဲ့ရင်း မောင်မိုးအကြောင်း စဉ်းစားမိ၏။ အခုလောက်ဆိုရင် မောင်မိုးတစ်ယောက် အရက်၏ဆိုးကျိုး၊ ဆေးလိပ်၏အန္တရာယ်၊ ကွမ်းရဲ့အကျိုးမပေးပုံတို့ကိုသိရှိ၍ မသောက်မစားလူ့မင်းသား ဖြစ်နေပြီထင်ပါရဲ့။ မိဘတွေလည်း စိတ်ချမ်းသာလောက်ပြီ။ ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာရင်း လမ်းအကွေ့တစ်နေရာအရောက်တွင် အရက်မူးသမားတစ်ယောက် ယိုင်တိယိုင်တိုင်ဖြင့် ကျွန်တော့်ကို ဝင်တိုက်မလိုဖြစ်သွား၍ မနည်းရှောင်လိုက်ရသည်။ ပေစုတ်စုတ် အမူးသမားကို ကျွန်တော် ဒေါသထွက်ပြီး ကြည့်လိုက်တော့ ငနဲသားမောင်မိုးဖြစ်နေပါရောလား။ အရက်ဆိုင်ထဲမှထွက်လာပြီး ဘာကိုမှ မမြင်တော့ပေ။ ယခင်က လူရည်သန့်သန့်၊



ယခုတော့ တကယ့်အရက်သမားရုပ်။ တွန့်ကြေနေသော အင်္ကျီ၊ လက်တစ်ဖက်က လိပ်တင်ထားပြီး ကျန်လက်တစ်ဖက်က ချထားကာ ယိမ်းထိုးသွားနေသည်မှာ မကြည့်ရက်စရာ။ ဘယ်လိုများဖြစ်သွားပါလိမ့်။

"မောင်မိုး....."

ကျွန်တော်က အသံမာမာဖြင့် ခေါ်လိုက်ရာ မူးယစ်ရီဝေနေသော မျက်လုံးဖြင့် ကျွန်တော့်ကို လက်ညှိုးထိုးပြီး.....

"ဘာလဲ၊ မကျေနပ်ဘူးလား၊ ဘာဖြစ်ချင်လဲ ပြော"

အာလေးလျှာလေးဖြင့် ကျွန်တော့်ကို ဘုကြည့်ကြည့်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်.....ငါ့ကို သေသေချာချာကြည့်စမ်း”

“ခင်ဗျားက မင်းသားမို့လို့ ကြည့်ရမှာလား၊ ဒါမျိုးတွေ လာမလုပ်နဲ့၊ မူးနေတယ်ဆိုပြီး အချဉ်လာမဖမ်းနဲ့၊ ဒါမျိုးတွေ ရိုးနေပြီ”

ကျွန်တော်က မောင်မိုး၏ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ပြီး.....

“ငါဘယ်သူလဲ သိလား”

ကျွန်တော်အော်လိုက်မှ မျက်လုံးကို ပွတ်သပ်ကာ ပြူးကြည့်ပြီးနောက်.....

“ဩော်....အန်ကယ်ပါ လား၊ ဆောရီးပဲဗျာ”

“ဘယ်လိုဖြစ်တာလဲ မောင်မိုးရယ်”

“ဘယ်လိုဖြစ်ရမှာလဲ၊ အန်ကယ်ပြောသလို ကျွန်တော် ကွမ်းဖြတ်လိုက်ပြီလေ၊ ကွမ်းမစားရတော့ ပျင်းသလိုလိုရှိတာကြောင့် သူငယ်ချင်းတွေဆီ သွားလည်တယ်၊ ကျွန်တော့်ကို အရက်တိုက်တယ်၊ ကျွန်တော်မသောက်တော့ မသောက်မစား လူ့နွားတဲ့၊ မင်းဟာ ယောက်ျားမဟုတ်ဘူးတဲ့၊ ဘယ်ရမလဲ၊ မောင်မိုးပဲ၊ သူတို့ထက်သာအောင် သောက်ပြလိုက်တယ်၊ အခုဆိုရင် သူတို့ထက် သာသွားပြီဗျ”

“အဲဒါ သာတာမဟုတ်ဘူးကွ၊ မသာဖြစ်ဖို့ ခြေလှမ်းစတာ”

ကျွန်တော် ဒေါသဖြစ်ကာ အသံမာမာဖြင့် ပြောလိုက်မိသည်။

မောင်မိုးက မျက်နှာငယ်လေးဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

“မောင်မိုးရယ် အရက်ဖြတ်ပြီး ဆေးလိပ်သောက်၊ ဆေးလိပ်ပြတ်ပြန်တော့ ကွမ်းစား၊ ကွမ်းပြတ်ပြန်တော့ အရက်ပဲပြန်သောက်တယ်၊ မင်းဟာ ဘာထူးမှာလဲကွာ”

“ထူးတာပေါ့ အန်ကယ်ရယ်၊ အရက်ကနေ ဆေးလိပ်၊ ဆေးလိပ်ကနေ ကွမ်း၊ ကွမ်းကနေ အရက် ဆီပြန်ရောက်သွားတာ၊ သံသရာ လည်တယ်ဆိုတာ ဒါမျိုးပေါ့ဗျာ၊ ဟဲ.....ဟဲ၊ အလုပ်အကိုင်မရှိတဲ့ ကျွန်တော် အခုတော့ အရက်ဆိုင် လာရတဲ့အလုပ်ရသွားပြီဗျ၊ သွား မယ် အန်ကယ်ရေ”



မောင်မိုးသည် စကားအဆုံး ယိုင်ထိုးပြီး တစ်လှမ်းချင်း ထွက်သွား သည်။ ပျက်အစဉ် ပြင်ခဏပဲကြား ဖူးပါတယ် အခုတော့ ပျက်အစဉ် ပြင် မရ ဖြစ်နေပါရောလား။

လောကတွင် လူဖြ ဖို့ရန် မလွယ်ပေ။ လူဖြ လာပြန်တော့ လူလိုသ တတ်ဖို့ ခက်ပြန် သိတတ် ပြန်သော်လည် ကိုယ့်ကိုယ်ကိုယ် မနိုင် ကိုယ်လုပ်ချင်တာ ကိုယ့်ဆန္ဒ ဦးစားပေး၊ အဆိုးအကောင် ခွဲခြားသိမြင်တတ်ပေမယ့် ကို အကြိုက်ကိုယ်လိုက်၊ ကိုယ်လု ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ်၊ လု ချင်တာ လုပ်ကြမည်ဆိုလျှင် တော်လူကောင်းဆိုတာ ရှိပါဦးမ လား။ မိမိ၏အသိတရား၊ မိ နောက်ဖြင့် အရာရာကို ခွဲခြမ်းစိ ဖြာ၊ ပိုင်းခြားတတ်မည်ဆိုလျှင်...

ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အမေ့ကိုဘယ်လိုပြောရပါ့

ထားဝယ်လေး

"ဒိုင်း.....ဒိုင်း"

လင်မယားနှစ်ယောက်စလုံးရဲ့ ရင်ဘတ်ကိုယ်စီမှာ သွေးစအသီးသီး စွန်းထင်းသွားချိန်တွင် ကျွန်တော့်လက်တွေ တုန်တုန်ယင်ယင်ဖြစ်နေသည်။ ငယ်စဉ်ကတည်းက ရွာဦးကျောင်းဆရာတော်ခြေရင်းမှာ မှီခိုပြီး သင်လာသမျှ ဘုန်းကြီးကျောင်းပညာသည် သူ့အသက်မသတ်ဖို့ အထူးသဖြင့် လူ့အသက်မသတ်ဖို့ကို အတန်တန်ဆုံးမခဲ့သည်။

သို့သော် ကျွန်တော့်ကို ဤလောကထဲအရောက် ပို့ဆောင်ပေးခဲ့သူမှာ အခြားမဟုတ်။ ကျွန်တော့်၏ မခံချင်စိတ်။ ဒီစိတ်ကြောင့်ပင် ကျွန်တော် လူသတ်သမားဘဝကို ကျေကျေနပ်နပ် ခံယူခဲ့မိသည်။ ကျွန်တော် လူသတ်ခဲ့သည်။ တစ်ယောက်တည်းမဟုတ်။ နှစ်ယောက်တောင်မှ။ မယားကိုလည်းသတ်သည်၊ လင်ကိုလည်းသတ်သည်။ အဘယ်ကြောင့်ပါနည်း။ ဒီလင်၊ ဒီမယား အသက်ရှင်နေသေးသမျှ များစွာသော သမီးပျိုတို့၏ ဘဝပန်းလေးများ ဆက်လက်ကြွေနွမ်းနေကြရပေဦးမည်။



ကျွန်တော် သူတို့လေးတွေ၏ ဘဝပန်းလေးများ ဆက်လက်လန်းဆန်းခွင့် ရကြစေဖို့ သွေးစွန်းသော လက်ပိုင်ရှင်တစ်ယောက်အဖြစ်ကို ခံယူလိုက်သည်။ ကျွန်တော် နောင်တမရပါ။ လုပ်သင့်သည်ကို ကျွန်တော် လုပ်ခဲ့ခြင်းမျှသာဖြစ်သည်။ ဒီအတွက် သူရဲကောင်းအဖြစ်ကိုလည်း မခံယူလို၊ လူမိုက်ဖြစ်သည်ဟုလည်း ဆိုချင်ဆို။ ကျွန်တော့်အကြောင်းနှင့် ကျွန်တော်ပင်။

ပြောရလျှင် ကျွန်တော့်ဘဝ၏ ဆင်းရဲမွဲတေမှုကိုပင် အပြစ်တင်ရတော့မည်ထင့်။ ကျွန်တော် လူပျင်းတစ်ယောက်မဟုတ်သည်ကို ကျွန်တော့်တစ်ရွာလုံးသိသည်။ မိသားစုဆင်းရဲပုံကို အကျယ်မချဲ့လိုတော့။ အဖေက ပျံကျအလုပ်သမား။ အမေက ခေါင်းရွက်ဗျပ်ထိုးဈေးသည်။

ဖရဲသီးပေါ်ချိန် ဖရဲသီး၊ ကြံပေါ်ချိန် ကြံ။ ရရာအလုပ်လုပ်ရင်း မိသားစုဘဝလေး ပြိုကွဲမသွားအောင် ရှာကျွေးသည်။ တစ်နေ့လုပ်မှ တစ်နပ်စာမျှရသော ဝင်ငွေသည် မိသားစုတစ်ခုလုံး၏ ဝမ်း

www.burmeseclassic.com

ဗိုက်ကို ကြာလေကပ်လေ ဖြစ်လာစေသောအခါ ကျွန်တော် မနေနိုင်တော့။ အိမ်ထောင်ပြုလေပြီးဖြစ်သော ကျွန်တော့်အစ်မတွေက သျှောင်နောက်ဆံထုံးပါ ယောက္ခမအိမ်ပေါ် အခံ့သားတက်နေနိုင်ကြချိန်တွင် လူပျိုလူလွတ်ဖြစ်သော ကျွန်တော်တစ်ယောက်တည်း မိဘနှစ်ပါး၏အရိပ်အောက်က မခွာနိုင်သေး။ တစ်သက်လုံး မိဘလုပ်စာကို ချို့ချို့ငဲ့ငဲ့ ကပ်စားခဲ့ရသမျှ အရွယ်ရောက်လာသောအခါ ရှက်တတ်လာသည်။ ထို့ကြောင့် လက်ကျန်မိသားစု၏ စားဝတ်နေရေးကို တာဝန်ယူဖို့ ကျွန်တော်ဆုံးဖြတ်လိုက်သည်။

သို့သော်.....သို့သော်.....

ဆင်းရဲနွံ့ချာသော ကျွန်တော့်ဘဝကို အဘယ်သူက ကယ်တင်ပါ့မည်နည်း။ ရွာမှာ အရွယ်ရောက်သူတိုင်း နိုင်ငံခြားပိုးထိုးနေချိန်တွင် ကျွန်တော့်မှာ စိတ်ပင်မကူးရဲသေး။ စင်ကာပူ၊ မလေးရှား၊ ထိုင်းဆိုသော အသံတွေ နားနှင့်မဆံ့ကြားနေရပေမယ့် ကျွန်တော်နှင့် လားလားမျှသက်ဆိုင်သည်ဟု မအောက်မေ့ခဲ့။ ရွာမှာပင် ရရာအလုပ်လုပ်ရင်း ဝင်ငွေရှာဖို့ ဆုံးဖြတ်လိုက်သည်။ သို့နှင့် ထမင်းကျွေးမည့် အလုပ် လိုက်ရှာဖြစ်သည်။ လူဖြစ်လောက်တဲ့ အလုပ်တစ်ခုမှ ရွာမှာမရှိ။ ရရစားစားနှင့် ကုန်သွားသည်ချည်းပင်။ တစ်ခါတစ်ရံ အကြွေးပင်တင်လိုက်သေးသည်။ ထိုရောအခါ အကြွေးဆပ်ဖို့ပါ အလုပ်ပိုလုပ်လာရတော့သည်။ သမင်မွေးရင်း ကျားစားရင်း ဆိုသကဲ့သို့ ကျွန်တော်လုပ်သမျှ လုပ်အားခမှာ အိတ်ကပ်ထဲ ခိုအောင်းနေသည်ဟု တစ်ခါဖူးမျှ မရှိခဲ့။ မနက်စာ၊ နေ့လယ်စာ၊ ညစာဆိုသော ထမင်းသုံးနပ်အတွက် ရှာရသည်မှာ မသက်သာလှ။ အလုပ်ကပြန်လာတိုင်း အမေက ကျွန်တော့်နဖူးပေါ်က ယိုစီးကျနေသော ချွေးစလေးများကို ယုယညင်သာစွာ သုတ်ပေးရှာသည်။

အမေ့မေတ္တာတစ်ခုတည်းကသာ ကျွန်တော့်ဘဝ၏ အမောမုန်သမျှကို ပြေပျောက်စေသည်ဟု ခံစားရရင်း အမေ့ကိုသနားသည်။

"အမေ ဈေးထဲထွက်ပြီး ဖရဲသီးမရောင်းပါနဲ့တော့လား၊ ကျွန်တော် လုပ်ကျွေးနိုင်နေပြီပဲဟာ"

အမေ့ကို မချိတင်ကဲပြောဖြစ်သည်။

"ဩော်...သားရယ် ဒီအလုပ်က အမေ့အတွက် မပင်ပန်းပါဘူးကွဲ့၊ ငါ့သားလေး မမွေးခင်ကတည်းက အမေ ဒီအလုပ်လုပ်ပြီး ရှာကျွေးလာခဲ့တာပဲဟာ၊ သားလည်း သားလုပ်နိုင်သလောက်ပဲလုပ်ပါ၊ အမေလည်း အလုပ်လုပ်မှာပေါ့ကွယ်၊ ဒီအလုပ်က အမေတို့ကို ဂုဏ်မငယ်စေပါဘူး သားလေးရယ်၊ ဒီအလုပ်နဲ့ပဲ အမေတို့မိသားစုဘဝလေး ရပ်တည်ခဲ့တာပဲမဟုတ်လား"

အမေ့ရဲ့ တုံ့ပြန်စကားပင်ဖြစ်သည်။

ကျွန်တော့်နှလုံးသားက လက်မခံနိုင်သော စကားများပင်။ အမေ့အသက် ၆၀ ကျော်ပြီ။ အခုထိ မနားရသေး။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်ကတည်းက လုပ်ခဲ့သောအလုပ်ကို အမေ့ခမျာ အခုထိ မစွန့်လွှတ်နိုင်သေး။ တခြားလည်း အမေဘာမှမလုပ်တတ်။ ကျွန်တော် ဒီအတိုင်းနေလို့မဖြစ်မှန်း တဖြည်းဖြည်းသိလာသည်။ နေ့စဉ်နှင့်အမျှ နားနှင့်မဆံ့အောင်ကြားနေရသည့် စင်ကာပူ၊ မလေးရှား၊ ထိုင်းဆိုသော စကားလုံးများကို သတိပြုမိလာသည်။

"ရွာမှာ ဘယ်သူက ထိုင်းမှာအလုပ်သွားလုပ်ပြီး အိမ်ကိုပိုက်ဆံဘယ်လောက် ပြန်ပို့နိုင်သတဲ့"ဆိုသော သတင်းများကို အားကျလာသည်။ နုံချာလွန်းသည့် ကျွန်တော့်မိသားစုနှင့် ကျွန်တော့်ဘဝ၏ရှေ့ရေးကို တွေးကြည့်လိုက်သောအခါ ထိုသတင်းများသည် ကျွန်တော့်အတွက် အားဆေးသဖွယ် ဖြစ်လာခဲ့ရသည်။ ကျွန်တော် ဆုံးဖြတ်ချက်

www.burmeseclassic.com

တစ်ခု မရဲတရဲချမိသည်။

ထိုဆုံးဖြတ်ချက်မှာ "ငါ တစ်ဖက်နိုင်ငံမှာ သွားအလုပ်လုပ်မယ်" ဟူ၍ဖြစ်သည်။ သို့သော် အဘယ်သို့ သွားရမည်နည်း။ နံချာသည့် ကျွန်တော့်ဘဝမှာ အပေါင်းအသင်း ဆိုသူများကလည်း ကျွန်တော့်နည်းတူ ချာတူးလန်များပင် ဖြစ်လေရာ သူတို့ကိုလည်း အားကိုးလို့မဖြစ်နိုင်။ ထိုရောအခါ ကျွန်တော်ကိုယ်တိုင်ပင် လိုက်စုံစမ်းရတော့သည်။

♛♛♛♛♛

"မေးပါများ စကားရ" ဆိုသလို ရွာတစ်ပတ်လည်ပြီး ဟိုမေး သည်မေး လုပ်လိုက်သောအခါ လမ်းစတစ်ခု သွားတွေ့သည်။ ကော့သောင်းကိုသွားတဲ့အဖွဲ့နဲ့ လိုက်သွားပြီး ယင်းမှတစ်ဆင့် ဟိုဘက်ကမ်းကို ကူးနိုင်သတဲ့။

ဟုတ်ပေပြီ။ ဒီလမ်းကြောင်းသည် ကျွန်တော့်ဘဝရဲ့ တိုးတက်ရာတိုးတက်ကြောင်း လမ်းကြောင်းပင်ဖြစ်ချေမည်။ ကျွန်တော် မိုက်မိုက်မဲမဲ ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်အရ အမေ့ကို အရင်တိုင်ပင်သည်။ အမေက မသွားစေလို။ သို့သော်လည်း အတန်တန် ပြောဖန်များလာသောအခါ အမေလည်း မတားနိုင်တော့။ ကျွန်တော့်



သဘောဟု အခွင့်ပေးလိုက်သည်။ အမေ့ခါးကြားမှာ ကျစ်ကျစ်ပါအောင် လိပ်ထားသော ဈေးရောင်းရငွေ အနည်းငယ်ကို ကျွန်တော့်လက်ထဲ ထည့်ပေးသည်။ ကျွန်တော် မယူချင်ပါ။ သို့သော် ငြင်းဆိုဖို့ရန် ခွန်အားလည်း ကျွန်တော့်မှာမရှိ။

ကျွန်တော်သွားမည့်ခရီးက ငွေ လိုသည်။ ကျွန်တော့်လက်ထဲ ဘာမှ မည်မည်ရရ စုဆောင်းထားသည်ဟု မရှိ။

ထို့ကြောင့် အမေ့ချွေးနဲ့စာကိုပင် စိတ်မကောင်းခြင်းကြီးစွာဖြင့် လက်ဖြန့်ယူခဲ့ရသည်။

အိမ်အိုပေါ်ရှိ ဘုရားကျောင်းဆောင်အိုလေးထဲတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သီတင်းသုံးတော်မူသည်။ ကိုးကွယ်သူကဆင်းရဲရှာသဖြင့် ဘုရားစင်သည်လည်း တောက်ပခွင့်မရရှာပေ။

"တပည့်တော် မိဘနှစ်ပါးကို ချမ်းသာစွာထားနိုင်ဖို့အတွက် နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်မှာမို့ တပည့်တော်အား သနားသဖြင့် စောင့်ရှောက်တော်မူပါဘုရား"

ဘုရားရှေ့ ကျုံ့ကျုံ့လေးထိုင်ကာ လေသံတိုးတိုးဖြင့် မရဲတရဲ အသနားခံလိုက်သည်။

ဘုရားကို ဦးသုံးကြိမ်ချပြီးပြန်အထတွင် အမေက နောက်မှာရပ်နေသည်။ အမေ့မျက်နှာကို မော်ကြည့်လိုက်မိသည်။ အမေ့မျက်ဝန်းမှာ မျက်ရည်စတွေ စိုနေသည်။ ကျွန်တော် အမေ့ကို ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



အကြိမ် ခွဲခွာခြင်းဖြစ်သည်။ အမေ့ကိုလည်း ကန်တော့လိုက်သည်။

"ငါ့သားလေး သွားလေရာမှာ ဘေးမသီ ရန်မခပါစေနဲ့ကွယ်"

အမေက အသံတုန်ယင်စွာ ဆုပေးသည်။ အဆုံးသတ်စကားလုံးမှာ အမေ့အသံ အနည်းငယ် တိမ်ဝင်သွားသည်ကို သတိပြုမိသည်။ ကျွန်တော့်ရင်ဘတ် ကွဲအက်သွားသကဲ့သို့ ခံစားရသည်။ သို့သော် ဒီအမေ၊ ဒီရေနဲ့ ဒီမြေကို စွန့်ခွာပြီး ကျွန်တော့်ဘဝရဲ့ အနာဂတ်ကို ထူထောင်ဖို့ ဒီခရီးကို ကျွန်တော် သွားရတော့မည်။

"သား သွားတော့မယ်နော် အမေ"


အမေ ခေါင်းညိတ်လိုက်သည်။

အဝတ်အစားအနည်းငယ်ထည့်ထားသော အိတ်အဟောင်းလေးကို လွယ်ပြီး အိမ်ပေါ်မှ နှေးကွေးသော ခြေလှမ်းများဖြင့် ကျွန်တော်ဆင်းလာခဲ့သည်။ ကော့သောင်းသို့ထွက်မည့် ကားရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ ကျွန်တော့်ကျောပြင်ကို အမေကြည့်နေမည်မှာ သေချာသည်။ ကျွန်တော် နောက်ပြန်မလှည့်ဖြစ်အောင် အားတင်းပြီး ဆက်သွားခဲ့ရသည်။ ဤသည်ပင် ကျွန်တော့်ဘဝရဲ့ ခရီးအစ မဟုတ်ပါလော။ ကားပေါ်ထိုင်လိုက်သောအခါ ကျွန်တော့်နည်းတူ ရည်ရွယ်ချက်ကိုယ်စီဖြင့် ဘဝကြမ်းကို ဖြတ်သန်းမည့်သူများကိုတွေ့လိုက်ရသည်။ ထိုအထဲတွင် မိန်းကလေးများလည်းပါသည်။ ဘာသွားလုပ်ကြမည်နည်း။ ကျွန်တော် မသိ။ မေးလည်းမမေးမိ။ ကျွန်တော့်ရွာသားများကို တွေ့ရသလို အခြားရွာမှလာသော မိန်းကလေးများကိုလည်း တွေ့ရသည်။ အားလုံး စွန့်စားကြမည့် မျက်နှာကိုယ်စီရှိကြသည်ချည်း။ ကျွန်တော် အားတက်လာသည်။ လူစုံသလောက်ရှိသောအခါ ကားစက်စနှိုးသည်။ ကားထွက်ခါနီးမှ အပြေးအလွှားရောက်လာသူများကိုလည်း တွေ့ရသည်။ ကားတစ်စီးလုံး ပြည့်ကျပ်သွားသည်။ ကားဘီးစလိမ့်ချိန်တွင် အမေ့ကို စိတ်ထဲကမှန်းပြီး ဦးချလိုက်သည်။

"နေရစ်ပေဦးတော့ အမေရယ်"

စိတ်ထဲက ရေရွတ်ဖြစ်သည်။ ကားပေါ်ပါလာသူများအားလုံး ပျော်ရွှင်နေသည်ကို တွေ့ရသည်။

ကျွန်တော်တစ်ယောက်တည်း





www.burmeseclassic.com

www.burmeseclassic.com

ကာသာ ကျန်ရစ်သော အမေအိုကို စိတ်မချနိုင်ဖြစ်ပြီး တွေဝေနေသည်။ လမ်းတစ်လျှောက်မှာ လှပလွန်းသော ရှုမျှော်ခင်းများကိုလည်း အာရုံမဝင်စားနိုင်ခဲ့။ ရှေ့ဆက်ရမည့် ခရီးကို မည်သို့ရှိလေမည်နည်းဟု ကျွန်တော် တွေးကြည့်နေမိသည်။ မျက်လုံးများ တဖြည်းဖြည်းမှေးစင်းလာသည်။ ဘေးက ဟေးလားဝါးလား ရယ်သံမောသံများလည်း နားထဲမဝင်လာတော့။

♛♛♛♛♛

"အမေရေ.....အမေ၊ သားပြန်လာပြီ၊ အမေ့အတွက် သားပိုက်ဆံတွေအများကြီး ရှာလာခဲ့ကယ် သိလား၊ အမေ အပြင်ထွက်ပြီး ဈေးရောင်းစရာမလိုတော့ဘူး သိလား၊ သားရှာလာတဲ့ ပိုက်ဆံနဲ့ အိမ်မှာပဲ ကုန်စုံဆိုင်လေးတစ်ခုဖွင့်မယ်နော်၊ အမေ အေးအေးဆေးဆေး အိမ်မှာနေပြီး အရိပ်ထဲ ဈေးရောင်းလို့ရပြီ သိလား အမေ"

ရောက်ရောက်ချင်း ကျွန်တော် မနားတမ်း အားရဝမ်းသာပြောမိသည်။ ကျွန်တော့်ကိုမြင်တော့ တုန်တုန်ယင်ယင်ဖြစ်နေသည်။ ကျွန်တော့်ဦးခေါင်းကို ဖက်ထားပြီး....

"ငါ့သားလေး ဘေးမသီရန်မခ ပြန်ရောက်လာတာကိုပဲ အမေ

ဝမ်းသာလွန်းသော
အမေ့မျက်ဝန်းတစ်စုံက
ကျွန်တော့်ကို နွေးထွေးစေသည်။
ဘေးပတ်ဝန်းကျင်မှ
အိမ်နီးချင်းများလည်း
ကျွန်တော်
ပြန်ရောက်ကြောင်းကြားသဖြင့်
လာမေးကြသည်။
အမေ့ရဲ့အိမ်အိုလေး
ကျွန်တော်ပြန်ရောက်တော့မှ.....



ဝမ်းသာလှပါပြီကွယ်"

ဟု အမေစကားဆိုသည်။

ဝမ်းသာလွန်းသော အမေ့မျက်ဝန်းတစ်စုံက ကျွန်တော့်ကို နွေးထွေးစေသည်။ ဘေးပတ်ဝန်းကျင်မှ အိမ်နီးချင်းများလည်း ကျွန်တော်ပြန်ရောက်ကြောင်းကြားသဖြင့် လာမေးကြသည်။ အမေ့ရဲ့အိမ်အိုလေး ကျွန်တော်ပြန်ရောက်တော့မှ ပြန်လည်စိုပြည်လာသည်ဟု ခံစားလိုက်ရသည်။ တစ်ယောက်တစ်ပေါက်မေးခွန်းများကို ကျွန်တော်ဖြေနေရသည်။ အားလုံး ပျော်နေကြသည်။ ဆူဆူညံညံ အသံဗလံများကြောင့် လန့်နိုးလာသည်။

"ဩော်.....ငါ အိပ်မက်မက်နေတာပါလား"

အိပ်မက်လေးကို ပြန်တမ်းတနေမိသည်။ အိပ်မှုန်စုံမွှားဖြင့် အပြင်ဘက်သို့ ကြည့်လိုက်သည်။ ကော့သောင်းသို့ပင် ရောက်နေချေပြီကော။

ကားဂိတ်တွင် အသားဖြူဖြူနှင့် အမျိုးသမီးတစ်ယောက်ကလာကြိုနေသည်။ သူနှင့်အတူ ရနောင်းကမ်းဘက်လိုက်မည့်သူများကို စာရင်းယူသည်။ ကျွန်တော်လည်း စာရင်းပေးလိုက်သည်။ မိန်းကလေးအများစုဖြစ်သည်ကို တွေ့ရသည်။ ကျွန်တော်တို့အုပ်စုမှာ အားလုံးဆယ်ယောက်ခန့်ရှိမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားကြသည်။ အိမ်ကြီးတစ်လုံးပေါ်သို့ ရောက်ကြသည်။ ကျွန်တော်တို့အုပ်စုကို မိန်းမ၊ ယောကျ်ား ခွဲခြားထားသည်။ နှစ်အုပ်စုဖြစ်သွားသည်။ သွားရမည့်ခရီးစဉ်ကို ပြောပြသည်။

ဟိုဘက်ကမ်းရောက်က မည်သို့မည်ပုံ နေထိုင်ရမည်ကိုလည်း ပြောပြသည်။ အထူးသဖြင့် မိန်းကလေးများကို သီးသန့်ခေါ်တွေ့သည်။ ဘာတွေပြောသလဲ ကျွန်တော်မမေးမိ။ ကျွန်တော်နှင့်မဆိုင်ဟု တွက်ထားခဲ့သည်။ ကျွန်တော့်ပန်းတိုင်မဟုတ်။ ကျွန်တော့်ပန်းတိုင်က ဟိုဘက်ကမ်းရောက်လျှင် အလုပ်ကောင်းကောင်းရှာမည်။ ငွေစုမည်၊ ရသမျှ အမေ့ဆီပြန်ပို့မည်။ ကျွန်တော့်ပန်းတိုင်က ဤမျှသာ။ ဟိုဘက် ရနောင်းကမ်းသွားမည့် မော်တော်တစ်စီးပေါ်သို့ တက်ကြရသည်။ မိန်းမကြီးလည်းပါသည်။

ကျွန်တော်တို့အားလုံးကို လှေဝမ်းဗိုက်ထဲသို့ ဝင်စေပြီး အပေါ်က ဘာလပတ်များဖြင့် အုပ်လိုက်သည်။ လှေဝမ်းထဲတွင် ဘာမျှမမြင်ရ။ မှောင်မည်းနေသည်။ မိန်းမ၊ ယောကျ်ား မကွဲတော့။ အတူတူ ပူးကပ်နေကြရသည်။ ဤလှေဝမ်းမှာ ငါးထည့်သောနေရာဖြစ်သည်။ ကော့သောင်းကမ်းမှ ဖမ်းရသမျှ ငါးများကို ဤလှေဝမ်းဗိုက်အတွင်း ထည့်ပြီး တစ်ဖက်ကမ်းသို့ ပို့ရ၏။

အခုတော့ ငါးနေရာတွင် မနုဿလူသားများ အစားဝင်ယူနေရသည်။ ငါးပုပ်အနံ့ဖြင့် လှေ

> ဟိုဘက်ကမ်းရောက်က
> မည်သို့မည်ပုံ
> နေထိုင်ရမည်ကိုလည်း
> ပြောပြသည်။
> အထူးသဖြင့်မိန်းကလေးများကို
> သီးသန့်ခေါ်တွေ့သည်။
> ဘာတွေပြောသလဲ
> ကျွန်တော်မမေးမိ။
> ကျွန်တော်နှင့်မဆိုင်ဟု
> တွက်ထားခဲ့သည်။
> ကျွန်တော့်ပန်းတိုင်မဟုတ်။
> ကျွန်တော့်ပန်းတိုင်က.....

ဝမ်းတစ်ခုလုံး နံစော်နေသည်။ အထဲရောက်ရောက်ချင်း အော့အန်ချင်စိတ်ပင် ပေါက်သွားသည်။ သို့သော် ကျွန်တော် ရွေးချယ်ခဲ့သော လမ်းပင်မဟုတ်ပါလား။ သည်းခံရပေဦးတော့မည်။ ဒုက္ခ၏ ဦးစွာနှုတ်ဆက်သံကို ကျွန်တော် မနာခံလို့မဖြစ်။ ရှေ့ဆက် ဒီ့ထက်ဆိုးမည်ကို တွေးမိလိုက်သည်။ လှေစထွက်သောအခါ မော်တော်စက်သံကြောင့် နားကွဲမတတ်အူသည်။ အချို့မိန်းကလေးများ လှိုင်းမူးသဖြင့် အော့အန်နေကြသည်။ လေကောင်းလေသန့် ရှူရှိုက်ခွင့်မရ။ လှေဝမ်းဗိုက် ကျဉ်းကျဉ်းလေးထဲတွင် ငါးပိသိပ် ငါးချဉ်သိပ် လိုက်ပါခဲ့ရသည်။ တာမောစခန်းခေါ် ကြားခံစစ်ဆေးရေးစခန်းသို့ ရောက်သောအခါ ကျွန်တော်တို့ကိုခေါ်လာသော မိန်းမကြီးက သက်ဆိုင်ရာကို ဘာတွေသွားပြောနေသည်မသိ။ သက်ဆိုင်ရာက လှေပေါ်ဆင်းလာပြီး စစ်ဆေးခြင်းမပြု။ အပေးအယူတစ်ခုခုရှိမည်ဖြစ်ကြောင်း ကျွန်တော်တွေးမိသည်။ ခဏနေသောအခါ မော်တော် ပြန်ထွက်လာသည်။ ရနောင်းဘက်ကမ်းသို့ တဖြည်းဖြည်း ဆိုက်ကပ်နေကြောင်း သိရသည်။

တစ်ဖက်ကမ်းသို့ပင် မော်တော်ဆိုက်ကပ်လေပြီ။ ကမ်းနဖူးတွင် အမျိုးသားတစ်ယောက် ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသည်။ ကျွန်တော်တို့ကို ခေါ်လာသော အမျိုးသမီး၏ ယောကျ်ားဖြစ်ကြောင်း နောက်မှ သိရသည်။ ကျွန်တော်တို့အဖွဲ့ကို သူတို့နေထိုင်ရာအိမ်ကြီးသို့ ခေါ်ဆောင်လာခဲ့သည်။

အိမ်ကြီးဆို သော်လည်း သူတို့ပိုင်တော့ဖြစ် ဟန်မတူ။ အငှားအိမ် ဖြစ်ပုံ ရ၏။ အိမ်ပေါ်သို့ရောက်သောအခါ ထို လင်မယားက ဓာတ်စပြသည်။ ကျွန်တော်တို့ ယောကျ်ားလေးများကို သင့်တော်သည့် နေရာတွင် အလုပ်သွင်းပေးမည်၊ လုပ်အားခသုံးပုံ တစ်ပုံကို ပေးရမည်ဟုဆိုသည်။ ဘာမှ မတတ်နိုင်။ သူတို့လက်ခုပ်ထဲကရေ ဘဝရောက်သွားလေပြီမို့ သွန်လိုသွန် မှောက်လိုမှောက်စေတော့။ ပြုသမျှ နုရတော့မည်။

နောက်တစ်နေ့တွင် မနီးမဝေးရှိ ငါးအလုပ်ရုံတစ်ခုတွင် အလုပ်ရသည်။ မြန်မာအလုပ်သမားအများစုဖြစ်ကြောင်း တွေ့ရသည်။ ထိုင်းအလုပ်သမား အနည်းငယ်ကိုလည်း တွေ့ရသည်။ မိန်းကလေးများကိုမူ မည်သည့်အလုပ်ပေးသည်ဟု မသိရသေး။ ငါးအလုပ်ရုံတွင် အလုပ်လုပ်ရင်း အပေါင်းအသင်းရလာသည်။ အလုပ်သမားအများစုမှာ



စု ဖို့ဆောင်းဖို့ သတိမရကြ။ ရလာသမျှ လုပ်အားခကို သုံးပစ်၊ ဖြုန်းပစ်ကြသည်ချည်း။

♛♛♛♛♛

ကျွန်တော့်မှာ အလွန်ခင်စရာကောင်းသော ထိုင်းမိတ်ဆွေတစ်ယောက်ရသည်။ အစစအရာရာ ကူညီသည်။ စိတ်သဘောကောင်းသည်။ သို့သော် ကျွန်တော့်ခမျာ ပျော်ရွှင်ခွင့်မရ။ တပင်တပန်းလုပ်ပြီး ရလာသော လုပ်အားခသုံးပုံ တစ်ပုံကို ကျွန်တော်တို့ကိုခေါ်လာသော လင်မယားလက်ထဲသို့ထည့်ပေးနေရသည်။ မပေးလျှင် ရဲလက်ထဲ အပ်မည်ဟု ခြိမ်းခြောက်သည်မှာလည်း အခါခါ။ သတင်းတစ်ခု ကြားရသည်။ ကျွန်တော်တို့နှင့် အတူပါလာသော မိန်းကလေးများကို ဖိမ်ခန်းပို့မည်တဲ့။ ယင်းအတောအတွင်း ကျွန်တော်တို့အဖွဲ့ထဲက ရုပ်သန့်သန့် မိန်းကလေးသုံးဦးကိုလည်း ယောကျ်ားများနှင့် ပျော်ပါးစေသည်ဟု သိရသည်။

ဤသို့သောနည်းလမ်းဖြင့် လူကုန်ကူးသော လင်မယားတို့သည် ---နှင့် အပေးအယူမျှလျက်ရှိကြောင်းလည်း ကြားသိလိုက်ရ မြန်မာမိန်းကလေးများအတွက် ကျွန်တော့်ရင်တွေ နာကျင်လာသည်။ နှမချင်းစာနာစိတ်က ကျွန်

www.burmeseclassic.com



တော့်ကို သွေးအေးခွင့်မပြုတော့။ ကျွန်တော့်သွေးတွေ ဆူဝေလာသည်။ ထိုလင်မယားကို ဆုံးမချင်စိတ်ပေါက်လာသည်။ အနိုင်ကျင့်လွန်းသည်ဟု ခံစားရသည်။ ကိုယ့်လူမျိုးအချင်းချင်း လုပ်ရက်ပလေတယ်ဆိုသည့်အတွေးက ကျွန်တော့်ဦးနှောက်ကို အဆင်ခြင်မဲ့သွားစေသည်။

ထို့ကြောင့် ထိုင်းသူငယ်ချင်းကို အကူအညီတောင်းရသည်။ သေနတ်တစ်လက်ရှာပေးရန် ဖြစ်သည်။ ရှောရှောရှူရှူပင် ကူညီသည်။ ပစ်နည်း ခတ်နည်း ကိုပါ ကျကျနနသင်ပေးသည်။ စိတ်တည်ငြိမ်အောင်ထားဖို့ အရေး ကြီးကြောင်းပြော၏။ တစ်ပတ်ခန့်ကြာသောအခါ ကျွန်တော့်ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် လုပ်ရတော့သည်။ သေနတ်နှင့် လက်ကို ရင်းနှီးအောင် မကြာခဏ လေ့ကျင့်ရသည်။ လွဲချော်၍မဖြစ်။ သူ့အသက်မပါလျှင် ကိုယ့်အသက် ပေးလိုက်ရမည့်ကိစ္စဖြစ်သည်။ ကျည်ဆံတစ်တောင့်မှာ အသက် တစ်ချောင်း ပါရမည်။


အချိန်၊ နေရာ ကွက်တိဖြစ်အောင် စဉ်းစားစီစဉ်ရသည်။ တစ်ခါဖူးမျှ လုပ်ခဲ့ဖူးခြင်းမရှိသော စွန့်စားမှုမျိုးကို ကျွန်တော်လုပ်ရန် ဆုံးဖြတ်ထားလေရာ တွေးမိတိုင်း ကြက်သီးမွေးညင်းများပင် ထိုးထိုးထောင်ထောင်ဖြစ်လာသည်အထိ ကျောစိမ့်မိသည်။ ကြောက်သည်လော၊ လန့်သည်လော ဝေခွဲမရသော ခံစားချက်မျိုးလည်း ခဏခဏ ပေါ်ပေါ်လာတတ်သည်။

♛♛♛♛♛

ညသည် လရောင်မှုန်ပျပျအလင်းရောင်အောက်တွင် အိပ်မောကျနေသည်။ ခပ်ဝေးဝေးမှ ခွေးအူသံသဲ့သဲ့ကြားရသည်။

ကျွန်တော်စတည်းချရာ တဲစုတ်လေးထဲမှ အပြင်ထွက်ကြည့်လိုက်သည်။ ခါတိုင်းထက် ပိုမိုတိတ်ဆိတ်နေသယောင်။ ပတ်ဝန်းကျင်က ပုရစ်အော်သံဖြင့် စည်ဝေနေသည်။ လူသံ သူသံ ကားဘာမှ မကြားရ။

တစ်နေ့တာ အလုပ်ပင်ပန်း လွန်းသဖြင့် ဝန်းကျင်ရှိ လူသားအားလုံး အိပ်မောကျနေချိန်ဖြစ်သည်။ ကျွန်တော်တို့ကို ခေါင်းပုံဖြတ်နေသော လင်မယားလည်း အခုလောက်ဆို အိပ်ပျော်နေလောက်ပြီဖြစ်ကြောင်း တွက်ဆမိသည်။ ဒီလောက်တောင် လူစိတ် ကင်းမဲ့လွန်းသောလူများ ဒီဘဝမှာ ဆက်လက်





www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခွင့် မပေးသင့်ကြောင်း ကျွန်တော့်ဘဝအသိက နှိုးဆော်နေသည်။ ကိုယ့်လုပ်အားခကို ခေါင်းပုံဖြတ်မှု၊ ကိုယ့်လူမျိုး အချင်းချင်း ရောင်းစားမှုဆိုသော ပုဒ်မများဖြင့် ကျွန်တော် ဖြေရှင်းရတော့မည်။ ခြောက်လုံးပြူးသေနတ်ကို လက်ဖြင့်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

ကျည်ဆံခြောက်တောင့်ပြည့် မပြည့် ပြန်စစ်လိုက်သည်။ သေချာပြီဆိုသောအခါ ထိုလင်မယားနှစ်ယောက် အိပ်မောကျရာ အိမ်ကြီးဆီ အသာချဉ်းကပ်သွားသည်။ ရင်ဘတ်ထဲ တဒိတ်ဒိတ်ခုန်နေသည်။ သည်နေ့မှ သေနတ်ကလည်း ခါတိုင်းထက် ပိုလေးနေသလို ခံစားရသည်။ လက်ဖြင့် မကြာခဏ ဆဆပြီး ကိုင်ကြည့်သည်၊ ချိန်ကြည့်သည်။ မောင်းဖြုတ်လုလု စမ်းကြည့်သည်။ အိုကေ။

အိမ်ထဲဝင်ပြီး ထိုလင်မယားနှစ်ယောက်တို့ စံမြန်းရာ အိပ်ခန်းတံခါးကို အသာတွန်းဖွင့်လိုက်ရာ ကံအားလျော်စွာ အတွင်းက ချက်ထိုးမထား။ သို့သော် တံခါးဖွင့်သံကြောင့် လင်မယားနှစ်ယောက်လုံး နိုးသွားသည်။ ကျွန်တော့်လက်ထဲမှာ ကိုင်ထားသောသေနတ်ကို တွေ့သောအခါ ပြူးကျယ်သော၊ အသနားခံသော မျက်လုံးလေးလုံး ကျွန်တော့်ကို စုပြုံကြည့်နေကြသည်။ စဉ်းစားချိန် များများပေး၍ မဖြစ်။ ဆုံးဖြတ်ပြီးသည့်အတိုင်း အကောင်အထည်ဖော်လိုက်သည်။ ယောကျ်ား၏ရင်ဝသို့ချိန်ကာ ကျည်တစ်တောင့်ပစ်ထည့်လိုက်သည်။ ထ ထိုင်နေသည့် သူ၏ကိုယ်လုံးမှာ ကျည်တွန်းအားကြောင့် အိပ်ခန်းနံရံသို့ ကပ်သွားသည်။ ထို့နောက် သူ့မယား၏ရင်ဘတ်သို့ နောက်ကျည်တစ်တောင့် ထည့်ပေးလိုက်သည်။

"ဒိုင်း.....ဒိုင်း"

လွဲစရာအကြောင်းမရှိ။ လေ့ကျင့်ထားသောလက်ဖြင့် အနီးကပ်ဖြုတ်ရခြင်းဖြစ်သည်။ လင်မယားနှစ်ယောက်လုံး ပွဲချင်းပြီး သေသွားသည်။

အနားမှာအိပ်ပျော်နေသော ငါးနှစ်အရွယ် သမီးလေးတစ်ယောက် အိပ်ရာမှ လန့်နိုးလာသည်။ သေနတ်ပြောင်းကို ကလေးဆီဦးတည်လိုက်သည်။ သို့သော် "သူ့မှာ အပြစ်မရှိ"ဆိုသောအသိက ကျွန်တော့်ကို တားဆီးလိုက်နိုင်သည်။ နေပါစေတော့။ သူ့ကံနဲ့သူ ရှိပါစေတော့။ ဒီမိသားစုမှာမှ ညည်းကလေး လာပြီးလူဖြစ်ရှာပေသကိုး။ ကျွန်တော်ထားခဲ့သည်။ အိမ်ပေါ်က ဆင်းလာသည်။

♛♛♛♛♛

**အိမ်ထဲဝင်ပြီး**
**ထိုလင်မယားနှစ်ယောက်တို့**
**စံမြန်းရာအိပ်ခန်းတံခါးကို**
**အသာတွန်းဖွင့်လိုက်ရာ**
**ကံအားလျော်စွာ**
**အတွင်းက ချက်ထိုးမထား။**
**သို့သော် .....**



သူ့နာမည်က မြတ်မြတ်။ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ သမင်မျက်လုံးပိုင်ရှင်လေးတစ်ယောက်။ ကျွန်တော်တို့အုပ်စုထဲမှာ ရုပ်အချော ဆုံးမိန်းကလေးဖြစ်သည်။ အပြောအဆို သွက်လက်ချက်ချာပြီး လူရည်လည်ဟန်လည်း တူသည်။ နယ်ခြားမှ အစောင့်များကို မျက်နှာလို



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာရ လာဘ်ထိုးမှုတွင် သားကောင်ဖြစ်ခဲ့ရသူလေး။ အများနည်းတူ မကြာမီ ဖိမ်ခန်းသို့ အပို့ခံရတော့မည့်ဆဲဆဲ ကျွန်တော် ကယ်တင်နိုင်ခဲ့သည်။ သူ့တစ်ယောက်တည်းကို မဟုတ်။ အခြားမိန်းကလေးများကိုလည်း ကျွန်တော် ကယ်တင်လိုက် နိုင်သည်။ အပင်ပေါ် ကကြွေကျလို့ မြေသို့ခရရှာလင့် ကစား နင်းခြေခံဘဝမျိုးသို့ မရောက်သေးသည့်အတွက် ပန်ဆင်လိုသူ အဖို့ တော်ဝင်နေဆဲ။

အဖတ်ဆယ်နိုင်သေးတဲ့ဘဝနဲ့ ဆက်လက်ရပ်တည်နိုင်သေးသည့်အတွက် ကျွန်တော်သည် သူတို့လေးတွေ၏ ကယ်တင်ရှင်ဖြစ်ခဲ့ရသည်။


"ကျေးဇူးတင်လိုက်တာ ကိုအောင်ရယ်၊ ဒီတစ်သက်တော့ ကျွန်မတို့ဘဝက ကိုအောင်ပေးတဲ့ အရှက်နဲ့ပဲ ဆက်ပြီးရှင်သန်ကြရမှာပါ၊ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

မြတ်မြတ်က ဆိုလာသည်။

"မင်းတို့ဘာသာ ရှေ့ဆက်ပြီး ကြည့်လုပ်ကြပေတော့၊ ငါကတော့ ဒီမှာနေလို့ မဖြစ်တော့ဘူး"

ဗလုံးဗထွေး ပြောလိုက်မိ၏။ ကျွန်တော့်မှာ စကားများများပြောဖို့ အချိန်မရှိ။ ပြေးရပေဦးမည်။

အားပေးစကားအနည်းငယ်



ပြောပြီး အသင့်စောင့်နေသော သူငယ်ချင်းလက်ထဲ သူ့သေနတ်ပြန်အပ်ကာ မိုးမလင်းခင် ရနောင်းကမ်းက လစ်ထွက်လာခဲ့သည်။ ကံအားလျော်စွာ ကော့သောင်းသို့ ထွက်မည့် မော်တော်တစ်စီးနှင့်တွေ့သဖြင့် တက်လိုက်လာခဲ့သည်။

အကျည်းတန်သော၊ ယုတ်မာသော၊ ကိုယ်ချင်းမစာသော၊ ကိုယ့်အမျိုးကို တိုင်းတစ်ပါးသို့ပြန်ရောင်းစားသော လင်မယားကို ကလဲ့စားချေခွင့်ရခဲ့သော ကျွန်တော့်နှလုံးသားသည် အပြန်လမ်းတွင် ပေါ့ပါး နေသယောင်။ ကျွန်တော့်အိတ်ကပ် ထဲတွင် ကား သုံးစရာ ငွေတစ်ပြားသားမှမရှိ။

အမေ့ကို ဘယ်သို့ပြောရပါ့မလဲ။

ကိစ္စမရှိ။ အမေသည် သားပြောသမျှ ယုံသည်ချည်း။ အမေ စိတ်မဆင်းရဲအောင် ညာရဦးတော့မည်။

"ချစ်စွာသောအမေနဲ့ အေးအတူ၊ ပူအမျှ နေထိုင်ဖို့ သားပြန်လာပါပြီ အမေ"

ကျွန်တော့်ရင်ထဲက တိတ်ဆိတ်စွာဖြင့် ဆိုသောစကား။ စထွက်လာစဉ်က ကားပေါ်တွင် မက် ခဲ့ရသော အိပ်မက်လှလှလေးကို ပြန်လည်သတိရနေမိသည်။

ဩော်.....အိပ်မက်တွေသာ တကယ်ဖြစ်လာခဲ့ရင်.....။

**ထားဝယ်မေလေး**



www.burmeseclassic.com

www.burmeseclassic.com



## မောင်သိန်းနိုင်

# တယ်လီဖုန်း သံစဉ်များ

တယ်လီဖုန်းမြည်သံမဆုံးမီ ယဉ်ကျေးစွာဖြင့် ပဋိသန္ဓာရစကားဆိုလိုက်သည်။

"ဟယ်လို.....အမိန့်ရှိပါခင်ဗျာ"

"လိုက်ရေး.....လိုက်ရေး၊ သတင်းပေးမလို့"

တစ်ဖက်မှ ဖုန်းသတင်းပေးသူ၏အသံသည် တယ်လီဖုန်းယဉ်ကျေးမှု အနည်းငယ်လိုအပ်နေ သယောင်ရှိသည်။ စိတ်တိုနေပုံလည်းရသည်။ စိတ်တို ရသည့် အကြောင်းရင်းကို သိမှုဖြစ်မည်။ သို့ဖြစ်၍ ဆက်လက်ပြီး ကျိုးနွံမှုပေးလိုက်သည်။

"အဆင်သင့်ဖြစ်ပါပြီခင်ဗျာ၊ အမိန့်ရှိပါ"

"နှင်းဆီလမ်းမှာဗျာ တံရားမဝင် ချဲထီပေါင်း ကစားတွေ လုပ်နေတယ်၊ အဲဒါ ခင်ဗျားတို့ခွင့်ပြုထား တာလား၊ ပိုက်ဆံယူထားတာလား။ အရေးမယူရင် အထက်ကို ဆက်တိုင်မယ်"

တစ်ဖက်မှအသံသည် လွန်စွာမှ မကျေနိုင် မချမ်းနိုင်သည့် သဘောသက်ရောက်နေသည်။ သူ၏မကျေနပ်ချက်က တစ်ဖက်သို့မရောက်ဘဲ မိမိနှင့် [illegible]ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ပြီး ကျိုးနွံမှုပေးလိုက်ပြန် သည်။

"ဟုတ်ကဲ့ခင်ဗျ၊ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်က နှင်းဆီလမ်းပါလဲခင်ဗျ၊ လူကြီးမင်းရဲ့သတင်းကို ပြည့် စုံအောင် လိုက်မှတ်ပါရစေခင်ဗျ၊ ဘယ်သူက တရားမဝင် ချဲထီလောင်းကစားလုပ်တာလဲခင်ဗျ၊ အိမ်အမှတ် ဘယ်လောက်လဲခင်ဗျ"

"လမ်းအမည်ကိုတောင် ပြောပြီးပြီပဲဗျာ၊ ကျွန်တာ ခင်ဗျားတို့ ဆက်စုံစမ်းရမယ်မဟုတ်လား၊ မသိချင်ယောင်ဆောင်မနေနဲ့"

တစ်ဖက်မှလေသံသည် လွန်စွာမှ ပြတ်သားပြင်းထန်နေသည်။

"ဒီလိုပါခင်ဗျ၊ လူကြီးမင်းပေးတဲ့သတင်းကို အကြီးအကဲထံ မှတ်သားတင်ပြတဲ့အခါ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် မေးမြန်းတင်ပြရလို့ပါခင်ဗျ၊ ဒါကြောင့် ပြည့်စုံအောင် မေးနေရတာပါခင်ဗျ၊ လောင်းကစားလုပ်သူအမည်၊ အိမ်အမှတ်ကို ကျေးဇူးပြုပြီး ပြောပါခင်ဗျ"

တစ်ဖက်မှ စိတ်မရှည်သည့်ဟန်ဖြင့် အပေါ်စီးလေသံထွက်လာသည်။

**လူကြီးမင်းရဲ့သတင်းပေးချက်ကလည်း ပြည့်စုံရမှာဖြစ်သလို ကျွန်တော်တို့ဘက်ကလည်း အရေးယူဆောင်ရွက်ပေးဖို့ ပျက်ကွက်လို့ပဲဖြစ်ဖြစ်၊ နှောင့်နှေးလို့ပဲဖြစ်ဖြစ် အရေးယူခံရမှာက ကျွန်တော်ဖြစ်နေပါတယ်ခင်ဗျ၊ ဒါကြောင့်.....**

"ဒီလောက်ပြည့်ပြည့်စုံစုံ သိချင်သပဆိုရင်တော့ ခင်ဗျားထွက်လာခဲ့၊ ကျုပ်စောင့်နေမယ်"

"ဒီလိုလည်း မဟုတ်ပါဘူးခင်ဗျ၊ လူကြီးမင်းရဲ့ ဒေါသက ကျွန်တော့်အပေါ် တိုက်ရိုက်ထိမှန်နေပါတယ်ခင်ဗျ၊ ကျွန်တော်က လူကြီးမင်း ဒေါသထွက်ရမယ့်လူ မဟုတ်ပါဘူးခင်ဗျ၊ လူကြီးမင်းရဲ့နစ်နာမှုကို ရာထူးတာဝန်အလျောက် အရေးယူဆောင်ရွက်ပေးရမယ့် တာဝန်ရှိသူဖြစ်ပါတယ်ခင်ဗျ၊ လူကြီးမင်းရဲ့ သတင်းပေးချက်ကလည်း ပြည့်စုံရမှာဖြစ်သလို ကျွန်တော်တို့ဘက်ကလည်း အရေးယူဆောင်ရွက်ပေးဖို့ ပျက်ကွက်လို့ပဲဖြစ်ဖြစ်၊ နှောင့်နှေးလို့ပဲဖြစ်ဖြစ် အရေးယူခံရမှာက ကျွန် တော်ဖြစ်နေပါတယ်ခင်ဗျ၊ ဒါကြောင့် လူကြီးမင်းရဲ့ သတင်းပေးချက် တတ်နိုင်သလောက် ပြည့်စုံဖို့အတွက် ပြန်မေးရခြင်းဖြစ်တယ်ဆိုတာ နားလည်မှုရှိစေချင်ပါ တယ်ခင်ဗျ"

တစ်ဖက်သို့ ရှည်လျားစွာ ရှင်းပြလိုက်မှ ငါးဆယ်ရာခိုင်နှုန်း တင်းမာမှုလျော့ကျသွားသည့်လေသံပေါ်လာ၏။

"ဒီလိုဗျာ၊ ကျွန်တော် ထောင်ကထွက်လာတာ မကြာသေးဘူး၊ ချဲထီအမှုနဲ့ပဲ၊ ကျွန်တော့်ကိုတိုင်တာ သူပဲ၊ အခု သူ့အလှည့်ရောက်ပြီ၊ ချက်ချင်းလာဖမ်းပေးဗျာ"

အငြိုးအတေးနှင့် သတင်းပေးခြင်းဖြစ်ကြောင်း ပေါ်လွင်သွားသည်။ မည်သို့ဆိုစေ ပေးသည့်သတင်းအတိုင်း တတ်နိုင်သမျှ ပြည့်စုံအောင် မေးမြန်းမှတ်တမ်းရယူ တင်ပြရမည်ဖြစ်သည်။

"ဟုတ်ကဲ့၊ လောင်းကစားဖမ်းတယ်ဆိုတာ လူကြီးမင်းကိုယ်တိုင် ကြုံဖူးပြီးသားပဲ၊ ဖမ်းဆီးသူရဲအရာရှိက လောင်းကစားဖမ်းဆီးခွင့်ဝရမ်းပြတယ်မဟုတ်လား၊ အဲဒီမတိုင်မီ အတည်ပြုရတဲ့အချိန်တွေရှိသေးတယ်၊ အဲဒီဝရမ်းမှာ ဝရမ်းထုတ်ပေးခွင့်ရှိသူ အရာရှိ



www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်တို့၊ တံဆိပ်တုံးတို့၊ ဖမ်းဆီးရမယ့် လူအမည်၊ လိပ်စာတွေ တွေ့တယ်မဟုတ်လား၊ အဲဒီလိုပဲလေ လူကြီးမင်းရဲ့ သတင်းပေးချက်ဟာ ပြည့်စုံဖို့နဲ့ မှန်ကန်ဖို့ ကျွန်တော်ပြန်မေးတာပါ"

"ဪ.....ကျွန်တော့်သတင်းကို မမှန်ဘူးလို့ သံသယရှိနေတာလား"

"ဒီလိုသဘောမျိုး မဟုတ်ပါဘူးခင်ဗျ၊ နိုင်ငံသားတိုင်းမှာ ရရှိထားတဲ့သတင်းကို အချိန်မီသတင်းပေးဖို့ တာဝန်ရှိသလို သတင်းပေးဖို့ တမင်ပျက်ကွက်တယ်ဆိုရင်လည်း ဥပဒေအရ အပြစ်ရှိပါတယ်၊ အခုလို တာဝန်သိစွာ သတင်းပေးတာကို ကြိုဆိုပါတယ်၊ လိုက်လည်းရေးမှတ်နေပါတယ်၊ ဆက်ပြောပါ ခင်ဗျ"

သတင်းပေးပို့မှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို အချိန်ယူရှင်းပြပြီးမှ တစ်ဖက်မှပုဂ္ဂိုလ် သဘောပေါက်သွားဟန်တူသည်။ မြို့နယ်၊ ရပ်ကွက်၊ လမ်းအမည်၊ အိမ်အမှတ်၊ လောင်းကစားပြုလုပ်သူအမည်တို့ကို မှတ်သားရရှိတော့သည်။

♛♛♛♛♛

တချို့ဆိုလျှင် ထောင်သာကျသွားသည်။ မိမိကို မည်သည့်ပုဒ်မဖြင့် တရားစွဲ၍ ပြစ်ဒဏ်ချမှတ်သည်ကိုပင် သဲသဲကွဲကွဲ မသိသူတွေလည်း တွေ့ရသည်။ ဥပမာ ချဲထီရောင်း၍ ထောင်ကျသည့်တိုင်အောင် ချဲထီရောင်းလျှင် ပုဒ်မကဘယ်လောက်၊ ပြစ်ဒဏ်ကဘယ်လောက်စသည်ဖြင့်ပင် မသိသူရှိသည်။ ထောင်ချသည့် တရားသူကြီးကိုပဲ အပြစ်ပုံလိုပုံ၊ ဖမ်းသည့်ရဲကိုပဲ အပြစ်ပုံလိုပုံ၊ ရှေ့နေမကောင်းလို့ ထောင်ကျတာဆိုတာကလည်းပါသေးသည်။

ယခုလည်း ကိုယ်တိုင်ပင် ဥပဒေနှင့်မလွတ်ကင်းသည့် အလုပ်ကို လုပ်မိခဲ့သဖြင့် ပြစ်ဒဏ်ပင် ကျခဲ့ပြီး

ဖြစ်သည်။ အနီးပုဂ္ဂိုလ်က သိသင့်သည်လောက်မသ
ဖြစ်နေဖြစ်သည်။ ဥပဒေအသိပညာပေးဆွေးနွေးပွဲတေ
တောင် လုပ်နေရသေးတယ်၊ အခုလို ကြုံတုန်း ရှင်းပြ
လိုက်တော့လည်း တစ်ယောက်တော့ ဆွေးနွေးပြီးသာ
ဖြစ်သွားတာပေါ့ဟု သဘောထားရသည်။

မြန်မာပြည်ဥပဒေကို မြန်မာပြည်သားတိုင်း သ
သင့်သည်၊ လေ့လာသင့်သည်။ အသက်တစ်ရာမ
ရ၊ အမှုတစ်ရာမွေတတ်သည်ဆိုသည့် မြန်မာစကား
လည်းရှိသည်။ သိသင့်သည့်ဥပဒေကို မသိခြင်းသည
ဥပဒေနှင့်လုပ်ကိုင်ရသည့် အဖွဲ့အစည်းနှင့်တွေ့လျှ
အံဝင်ခွင်ကျ မဖြစ်နိုင်တော့။ ဥပဒေလေ့လာမှုမရှိခြ
အားနည်းခြင်းတို့သည် ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များက
လည်း မသိခြင်းနှင့် နားလည်မှုအားနည်းခြင်းများ ဖြ
ပေါ်စေတော့သည်။

တစ်ခါကဆိုလျှင် ဆဲရေးတိုင်းထွာကြောင်း လ
ရောက်တိုင်တန်းသဖြင့် အမှုလက်ခံရေးဖွင့်သည့်အ
မှ တရားခံကို ရဲစခန်းက အချုပ်ခန်းထဲမထည့်ဘဲ ပြ
လွှတ်လိုက်ရပါ့မလားဆိုပြီး မကျေမနပ်နှင့် လာရော
ပြောဆိုသည်။ ပိုက်ဆံယူပြီး ပြန်လွှတ်သည်ဟု စွ
စွဲသည်။ သူ့ထက် နှစ်ဆပေးမည်၊ ပြန်ဖမ်းပြီး အချ
ထဲထည့်ပါဟု တောင်းဆိုသည်။

အချုပ်ထဲရောက်တာ ကိုယ်တိုင်မြင်ချင်သည်ဆို
ကဲ.....ဘယ့်နှယ်ရှိစ။ မည်သည့်အမှုက အာမခံ
ခွင့်ရှိပြီး မည်သည့်အမှုက အာမခံ မရဆိုသည်ကို
စွာမေးသင့်ပါလျက် ထင်ရာမြင်ရာ စွပ်စွဲပြောဆို
သောအခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေစာအုပ်ဖွင့်ပြ
ရှင်းပြခဲ့ရသည်။

ပွင့်လင်းမြင်သာသည့်ခေတ်တွင် ပြည်သူများအ
ဖြင့်လည်း မိမိနှင့်သက်ဆိုင်သည့်ဥပဒေ၊ လက်လ
သည့် ဥပဒေအရပ်ရပ်တို့ကို ဥပဒေပညာရှင်များနှ
မဟုတ်တောင် အကြမ်းဖျင်းစီကိုတော့ပြန် သိမှတ်



www.burmeseclassic.com

www.burmeseclassic.com



ာသင့်ပေသည်။

တယ်လီဖုန်းပြောဆိုရာတွင် တစ်ဖက်မှပုဂ္ဂိုလ်ကို င်တွေ့နေရခြင်းမရှိသဖြင့် ယဉ်ကျေးမှုရှိရန်လိုသည်။ မိသူငယ်ချင်း၏ ဖုန်းနံပါတ်ကိုနှိပ်ပြီး နင်ပဲဆဲ ပြော ဆိုလျှင် သင့်လျော်ကောင်း သင့်လျော်မည်ဖြစ်သော် ည်း ပတ်ဝန်းကျင်နှောင့်ယှက်မှု၊ စိတ်ငြိုငြင်မှုမဖြစ် ပါ လူမှုကျင့်ဝတ်အရ ဆင်ခြင်သင့်ပြန်သည်။ ယခု ို ဥပဒေအဖွဲ့အစည်းတစ်ရပ်ရပ်သို့ ပြောဆိုသည်ဆို ာ တစ်ဖက်မှ ဖုန်းလက်ခံပြောဆိုသူသည် မိမိ၏သူ ယ်ချင်း၊ မိမိ၏တပည့် မဟုတ်သည်ကတော့ သေချာ ည်ကို သတိမူသင့်ပေသည်။

သတင်းပေးသည်ဆိုရာတွင် မမှန်မကန်သတင်း ပို့ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ ဖြင့် အရေး ူခံရမည်ကိုလည်း သိသင့်သည်။ အရက်သေစာ ာက်စားထားပြီး အဆင်မပြေမှုတစ်ခုကို အကြောင်း ယူ၍ တာဝန်ရှိသူကို အရက်သမားထုံးစံဖြင့် အပ် ကြောင်းထပ်စကားများ ပြောဆိုနေလျှင်လည်း တာဝန် ရှိသူများနှောင့်ယှက်ရာကျကြောင်း၊ မူးယစ်သူက စိတ် ငြင်အောင်ပြုကြောင်း၊ ဥပဒေအရ အရေးယူခံရနိုင် ကြောင်း စသည်ဖြင့် သိသင့်သည့်အချက်များကို သိ သင့်လှပေသည်။

သောင်းကျန်းသူသတင်း၊ ဖောက်ခွဲရေးသတင်း၊ မှုနှင့်ဆိုင်သောသတင်း၊ ပြည်သူ့နှောင့်ယှက်မှု င်း စသည်ဖြင့် သတင်းများ ပေးပို့နိုင်ပါသည်။ မိလည်း သတင်းပေးပို့သင့်ပါသည်။ သတင်းပေး ကြောင့် လူအများ၏ အသက်အိုးအိမ်စည်းစိမ် ယ်ကို အချိန်မီ ကာကွယ်ထိန်းသိမ်းနိုင်လျှင် ကာကွယ်ရာရောက်သကဲ့သို့ လွန်စွာမှလည်း ရပေသည်။

များအားဖြင့် မိမိသတင်းပေးရမည့် အချက် ဆက် တာဝန်ရှိသူကို ဦးစွာစော်ကားရာရောက်

**သောင်းကျန်းသူသတင်း၊**
**ဖောက်ခွဲရေးသတင်း၊**
**ပြစ်မှုနှင့်ဆိုင်သောသတင်း၊**
**ပြည်သူ့နှောင့်ယှက်မှုသတင်း**
**စသည်ဖြင့်သတင်းများ**
**ပေးပို့နိုင်ပါသည်။**
**အချိန်မီလည်းသတင်းပေးပို့.....**

သည့်စကားများဖြင့် စတင်ခြင်း၊ မိမိသည် မည်သူနှင့် ကျောင်းနေဖက်ဖြစ်ကြောင်းစတင်ခြင်း၊ အထက်သို့လည်း တင်ပြပြီးဖြစ်ကြောင်း စတင်ခြင်းတို့ကို တွေ့ရသည်။ ၎င်းမကျေနပ်သူက ပြစ်ဒဏ်ကျ၊ မကျတော့ မသေချာသော်လည်း ဖုန်းသတင်းလက်ခံသူက ချက်ချင်းပင် ကြိုးမိန့်ပေးခံရနိုင်သည့် အနေအထားအထိ ရောက်အောင် စတင်ကြတော့သည်။

ထိုသို့ပြောဆိုတတ်သူများအနေဖြင့် အဆိုပါ တယ်လီဖုန်းသံစဉ်များကို အဖွဲ့အစည်းတစ်ရပ်ရပ်အတွင်းမှ တာဝန်ရှိသူတစ်ဦးအနေဖြင့် တစ်ကြိမ်တစ်ခါမျှ ဖုန်းလက်ခံဖြေရှင်း ဆောင်ရွက်ပေးရမည်ဆိုလျှင် မည်သို့ရှိမည်နည်း။ စာပေကျမ်းဂန်လာ ကျင့်ဝတ်များအပြင် နေရာတိုင်းတွင်ရှိသည့် စာပေကျမ်းဂန်တွင် ဖော်ပြမထားသော လောကကျင့်ဝတ်များကိုလည်း အသေးအမွှားမှအစ ကိုယ်ချင်းစာစိတ် အရင်းခံထားကာ အလေးထားစေလို၍ တယ်လီဖုန်းသံစဉ်လေးဖြင့် ပညာရှိ သတိဖြစ်ခဲ့သူတို့အတွက် အကြံပြုအပ်ပါကြောင်း။။

စာဖတ်သူများကို အစဉ်လေးစားစွာဖြင့်

**မောင်သိန်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





ဒသစ်ယာ

# ဒုက္ခတွေကြားက

## အပြုံးကလေးတစ်ခု

ကိုသီတာသည် စာရေးဆရာတစ်ယောက်ဖြစ်သည်။ ထို့အတူ ဝန်ထမ်းတစ်ယောက်လည်းဖြစ်သည်။ စာရေးဆရာဘဝနှင့် ကိုယ်ပိုင်ကားမစီးနိုင်သလို ဝန်ထမ်းအဖြစ်နှင့်လည်း ရုံးကားစီးနိုင်သောအဆင့်ကို မရောက်သေး။

ထို့ကြောင့် ကိုသီတာသည် နေ့စဉ်နှင့်အမျှ လိုင်းကားများနှင့်သာ နပန်းလုံးနေရသည်။ လိုင်းကားများတွင် နပန်းလုံးနေရသောကြောင့် ပင်ပန်းသည်ဟုဆိုသော်လည်း ကားစီးလျှင် မျက်စိနှင့်နားကို ဖွင့်ထားတတ်သော ကိုသီတာ၏အကျင့်ကြောင့် ရေးစရာ အတွေ့အကြုံ ကုန်ကြမ်းများရသည်။

လိုင်းကားဆိုတာက လူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အကျင့်မျိုးစုံ၊ စရိုက်မျိုးစုံ ရောယှက်နေသည်။ ထို ကဲ့သို့ မျိုးစုံလှသော အကျင့်စရိုက်များထဲတွင် ကောင်း တာတွေတွေ့ရသလို ဆိုးတာတွေလည်း တွေ့ရသည်။ ဘုန်းတော်ကြီး ကားပေါ်တွင်ပါလာလို့ ဘုန်းတော်ကြီး နေရာတွင် အမြိုင့်သားထိုင်ပြီး နေရာဖယ်မပေးသူတွေရှိသလို ကိုယ်ဝန်ဆောင်အမျိုးသမီးများကို အလိုက်သိစွာ နေရာပေးတတ်သူများလည်း တွေ့ရပြန်သေးသည်။

ကလေးအမေများ ကလေးချီ၍ ကလေးက ဆူညံစွာ အော်ဟစ်နေသူများကို မျက်စောင်းထိုးကြည့်သူတွေရှိသလို ခပ်ချောချော မိန်းကလေးများကျတော့လည်း ခေါ်တောအကောင် ၂၃ ဘားဖြင့် ကြည့်ကြ



www.burmeseclassic.com

www.burmeseclassic.com



သူတွေ တွေ့ရပြန်သေးသည်။

လူမျိုးစုံ၊ စရိုက်မျိုးစုံဆိုတော့ ကောင်းတာတွေရော၊ ဆိုးတာတွေရော စုံလို့ပေါ့လေ။

တစ်ရက် ကိုသီတာ ရန်ကုန်ထဲကအပြန်နောက်ကျလို့ လိုင်းကားတစ်စီးပေါ်ကို တိုးဝှေ့တက်လာပြီး တချောင်ချောင်မှာ ကပ်နေလိုက်သည်။ ထိုင်စရာဆိုတာက ဝေလာဝေးပေါ့။ လမ်းတစ်ဝက်လောက်ရောက်တော့ ကားထဲမှာ ဆူညံဆူညံအသံတွေ ကြားလာရသည်။ ဘာသံတွေလဲဆိုတော့.....

"မသာကောင်.....လူမဆန်ဘူး"

"သားသမီးချင်း မစာနာဘူး"

"လူကို ဘယ်လိုအစားမျိုး အောက်မေ့နေသလဲ မသိဘူး"

"မပြောချင်လို့ ကြည့်နေတာ"

အမျိုးသမီးတစ်ယောက်၏အသံဖြစ်သည်။ တစ်ဖက်ကတော့ ဘာမျှတုံ့ပြန်သံ မကြားရ။ ဒါလောက်ဆိုလျှင် ကိုသီတာ သဘောပေါက်သွားပြီ။ ကားပေါ်မှာ လူကျပ်တုန်း အခွင့်အရေးရတုန်း လူမဆန်သော အပြုအမူမျိုး လုပ်လိုက်သောကြောင့် တစ်ဖက်က မကေ... နပ်သော တုံ့ပြန်သံများ ထွက်လာခြင်းဖြစ်သည်။

> **တစ်ရက် ကိုသီတာ ရန်ကုန်ထဲက အပြန်နောက် ကျလို့ လိုင်းကားတစ်စီးပေါ်ကို တိုးဝှေ့တက်လာပြီး တချောင်ချောင်မှာ ကပ်နေလိုက်သည်။ ထိုင်စရာဆို တာက ဝေလာဝေးပေါ့။ လမ်းတစ်ဝက်လောက်ရောက် တော့ ကားထဲမှာ.....**



တစ်ခါကလည်း ကိုသီတာ ကားပေါ်မှာလိုက်လာ... ရင်း အခုလို ညဉ့်နက်ပိုင်း။ ကားကလည်း ကျပ်လိုက်... တာ အသက်တောင် မနည်းရှူရသည်။ ပေါင်ဒါနံ့... ရေမွှေးနံ့၊ ချွေးနံ့၊ အရက်နံ့၊ ချဉ်စုတ်စုတ်အနံ့၊ အ... ပေါင်းစုံကို မရှူချင်သော်လည်း ရှူနေရရင်း ကားပေ... မှာ အခွင့်အရေးသမားတွေ ပါလာသည်ကို စပယ်ယာ... က သဘောပေါက်ပုံရသည်။ သူက ကားထဲကလူမျာ... အား အော်ပြောလိုက်ပုံကို ကိုသီတာ ပြုံးလိုက်မိ... သည်။ သူပြောပုံက.....

"ကားထဲကခရီးသည်တွေ သတိထားကြနော်... ကားပေါ်မှာ ဝမ်းဆွဲသည်တွေ ပါလာတယ်၊ နောက်... မှ ပူညံပူညံ မကြားချင်ဘူး၊ ကြိုပြောထားတာနော်..."

ကိုသီတာ နေ့ကိုတော့ မမှတ်မိ။ မိုးကုန်ကာ... တစ်ရက်မှာဖြစ်သည်။ ထီးကိုင်ဆောင်လာမိသော... နေ့ကြောင့် မှတ်မိနေခြင်းဖြစ်သည်။ အချိန်က မှော... ရီပျိုးစအချိန်။ ကိုသီတာက လိုင်းကားတစ်စီးအပေါ်ကို... တိုးဝှေ့တက်လာပြီး နည်းနည်းစိုနေသောထီးကို လက်... ကိုင်အိတ်ထဲသို့ ထိုးထည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားက သိပ်ကျပ်သည်ဟု မဆိုလောက်သော်လည်း ချောင်သည်ဟုလည်း ပြောလို့မရ။ ကိုသီတာက ထုံးစံအတိုင်း နေသာထိုင်သာရှိသော နေရာတစ်ခုတွင် အပေါ်တန်းကို လက်နှစ်ဖက်နှင့်ကိုင်ကာလိုက်လာခဲ့သည်။

ဆယ့်ငါးမိနစ်ခန့် စီးနင်းလိုက်ပါလာပြီးနောက် ကိုသီတာရပ်နေသောနေရာ၏ကျောဘက် တစ်ယောက်ကျော်လောက်ဆီမှ မတိုးမကျယ်အသံထွက်လာသည်။ ထိုအသံကြောင့် ကိုသီတာက ငဲ့စောင်းကြည့်လိုက်တော့ ခပ်ရွယ်ရွယ်၊ ခပ်တောင့်တောင့် အမျိုးသမီးတစ်ယောက်ထံမှ အသံဖြစ်နေသည်။ ခပ်အုပ်အုပ်အသံဆိုတော့ ဖြုန်းခနဲ မသဲကွဲ။

ကားက ကားအချင်းချင်းကျော်တက်လိုက်၊ ဂိတ်တွေမှာရပ်လိုက်၊ အကွေ့တွေမှာကွေ့လိုက်တိုင်း ဘယ်ညာယိမ်းထိုးနေသည်။

"ဘယ်လိုများဖြစ်နေသလဲမသိဘူး"

"မိုက်ရိုင်းတယ်"

ထိုအသံများကြောင့် ကိုသီတာ သဘောပေါက်လိုက်ပါသည်။ ထိုခပ်ရွယ်ရွယ်၊ ခပ်တောင့်တောင့်



**ထိုအမျိုးသမီး၏ ကျောဘက်တည့်တည့်မှ ကျောချင်းကပ်ရပ်နေသော ကိုသီတာ၏ဝဲဘက်က တစ်ယောက်ကျော်မှလူကို လေ့လာလိုက်သည်။ ထိုပုဂ္ဂိုလ်က တန်းကို....**

အမျိုးသမီးကို တစ်စုံတစ်ယောက်က မခံချင်စိတ်ဖြစ်ပေါ်လာစေရန် တစ်ခုခုတော့ လုပ်နေပြီဟု သဘောပေါက်လိုက်ပါသည်။

ထို့ကြောင့် စာရေးဆရာ၏ ဝါသနာအတိုင်း ထိုအမျိုးသမီး၏ ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ သူ့နောက်ကျောကို မျက်နှာအပ်ကာ ရပ်နေသူ တစ်ယောက်မျှမရှိ။ ဝဲဘက်ဘေးမှာ ကလေးတစ်ယောက်၊ ယာဘက်ဘေးမှာ ကုလားမကြီးတစ်ယောက်။ ဝဲ၊ ယာတန်းများကို ကိုင်ပြီးရပ်နေကြသူများဆိုတော့ ကားကရပ်လိုက်၊ ကွေ့လိုက်တိုင်း ကျောချင်း၊ တင်ပါးချင်းတော့ တိုက်မိ၊ ထိမိနေကြမည်မှာ သေချာသည်။

သို့ဆိုလျှင်.....

ကိုသီတာ စဉ်းစားပြီး ထိုအမျိုးသမီး၏ ကျောဘက်တည့်တည့်မှ ကျောချင်းကပ်ရပ်နေသော ကိုသီတာ၏ဝဲဘက်က တစ်ယောက်ကျော်မှလူကို လေ့လာလိုက်သည်။ ထိုပုဂ္ဂိုလ်က တန်းကို လက်နှစ်ဖက်စုံကိုင်ကာ ပါးစပ်က ပွစိပွစိနှင့် ဘုရားစာလား၊ ဂါထာတွေလားမသိ တတွတ်တွတ်နှင့် ရွတ်နေသည်။ မျက်စိနှစ်လုံးကလည်း မှိတ်ထားသေးသည်။ အသက်(၅၀)ကျော်လောက်ရှိမည်။ လက်နှစ်ဖက်လုံးက အပေါ်


www.burmeseclassic.com

www.burmeseclassic.com



**ဘုရားစာရွတ်နေသူသည် သူ့အာရုံနှင့်သူ ရွတ် နေသူသာဖြစ်သည်။ မျက်စိမှိတ်ထားသောကြောင့် ပတ်ဝန်းကျင်ကိုလည်း မေ့ကောင်းမေ့နေမည်။ သို့သော် ထိုပုဂ္ဂိုလ်သည် ရေစိုနေသော မိန်းမဆောင်း ခေါက် ထီးတစ်လက်ကို နောက်ကျောဘက်၊ လုံချည်ကြား တွင် ထိုးထားသည်။ ထီးတစ်ဝက်က လုံချည်တွင်း ရောက်နေ၍ တစ်ဝက်က.....**

ကသံတန်းကို ဆုပ်ကိုင်ထားသောကြောင့် ဝမ်းဆွဲသည် မဟုတ်တာ သေချာပြီ။

ကားက ကွေ့တစ်ခုအရောက် ကွေ့လိုက်သော အခါ မကျေနပ်သံက ထွက်လာပြန်သည်။

"နှမချင်းမစာနာဘူး"

"အခွင့်အရေးကို ယူလွန်းတယ်"

တခြားလူတွေကတော့မသိ။ ကိုသီတာကတော့ တစ်ယောက်တည်း အတွေးထဲမှာ အလုပ်ရှုပ်နေ၏။ ထိုအမျိုးသမီး၏ ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ လည်း ထင်စရာတစ်ယောက်မှမတွေ့။ ကိုသီတာ လက် တန်းကို စုံကိုင်ကာ တွေးလာသည်။

ငါးမိနစ်လောက်ကြာတော့ အတွေးတစ်ခု ဝင် လာသောကြောင့် ကိုသီတာက ကိုယ်ကိုနည်းနည်း နောက်ကိုရွှေ့ကာ ဘုရားစာရွတ်နေသူ၏ ကျောဘက် ကို ကြည့်လိုက်သည်။ တွေ့ပါပြီ။ တရားခံအစစ်။ ကို သီတာ တစ်ယောက်တည်းပြုံးလိုက်ပါသည်။ ဩော်... ဒါမျိုးလည်း ကြုံရပါလားဟု တွေးလိုက်မိပါ သည်။

ဘုရားစာရွတ်နေသူသည် သူ့အာရုံနှင့်သူ ရွတ် နေသူသာဖြစ်သည်။ မျက်စိမှိတ်ထားသောကြောင့် ပတ်ဝန်းကျင်ကိုလည်း မေ့ကောင်းမေ့နေမည်။ သို့သော် ထိုပုဂ္ဂိုလ်သည် ရေစိုနေသော မိန်းမဆောင်း ခေါက် ထီးတစ်လက်ကို နောက်ကျောဘက်၊ လုံချည်ကြား တွင် ထိုးထားသည်။ ထီးတစ်ဝက်က လုံချည်တွင်း ရောက်နေ၍ တစ်ဝက်က အပေါ်တွင် ခပ်စောင်းစောင်း ထွက်နေသည်။

ထိုထွက်နေသော ထီးလက်ကိုင်ရိုးက နောက် ကျောမှာရပ်နေသော ခပ်တောင့်တောင့်အမျိုးသမီး၏ တင်ပါးနှင့် တစ်တန်းတည်းဖြစ်နေသည်။ ထိုအမျိုး သမီးက အရပ်အနည်းငယ်မြင့်နေသောကြောင့်ဖြစ် သည်။

ကားက ရပ်လိုက်၊ ကွေ့လိုက် လုပ်သောအခါ...

ကိုသီတာ တစ်လမ်းလုံး တစ်ယောက်တည်းပြုံး ကာ လိုက်လာပါသည်။


**အသင်္ချာ**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဝဋ်ကြွေး

ဟန်ထွဋ်အောင်

ကျွန်တော် မျက်လုံးနှစ်လုံး ဖွင့်ဖွင့်ချင်း မြင်လိုက်ရတာက ကျွန်တော့်ကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေသော ဖနီးနှင့်သားလေး။

ကျွန်တော် ဝမ်းသာအားရ အော်ခေါ်လိုက်ချင်ပေမယ့် ပါးစပ်ထဲက ဘာသံမှ ထွက်မလာခဲ့။ ချစ်နဲ့သားလေးကို ကြည့်ရတာ ကျွန်တော့်ကိုကြည့်ပြီး အတော့်ကိုပျော်ရွှင်နေပုံရသည်။

"အမေရေ.....အထီးလေးဗျ အထီးလေး၊ ဒီကောင်ကို သားယူမယ်"

"အင်း.....ဟုတ်တယ်နော်၊ ဆံကျားလေးနဲ့ ချစ်စရာလေး"

အလို.....ကျွန်တော် ဘယ်ကိုရောက်နေတာလဲ။ ကျွန်တော် ဘာဖြစ်နေတာလဲ။

ကျွန်တော်နောက်ဆုံးသိလိုက်တာက ကျွန်တော် ချစ်တို့နဲ့အတူ နေ့လယ်စာထမင်းစားပြီး အထမှာ မူးခနဲဖြစ်ပြီး မေ့လဲသွားခြင်း။ အခု ကျွန်တော် ဘယ်ရောက်နေတာလဲ၊ ကျွန်တော် သေဆုံးသွားခဲ့တာလား။

"ဒီကောင်လေးကို ဘယ်လို နာမည်ပေးရင် ကောင်းမလဲ အမေ"

"ညိုမောင်လို့ နာမည်ပေးလိုက်မယ်လေ၊ သားကြိုက်လား"

"ကောင်းတယ် အမေ၊ အဖေသာရှိရင် ဒီကောင့်ကို သိပ်သဘောကျမှာဗျ"



ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော် သေဆုံးသွားခဲ့ပါပြီ။ ကျွန်တော်ဟာ ကျွန်တော်ချစ်တဲ့ ချစ်ဖနီးနဲ့ သားလေးတို့နဲ့ စည်းတစ်ခုခြားထားတဲ့ ဘုံဘဝတစ်ခုမှာ နွားဘဝနဲ့ လာဖြစ်နေရပြီလေ။

ဒီအချိန်မှာပဲ ကျွန်တော့်ကို မွေးဖွားပေးတဲ့ နွားမကြီးက ကျွန်တော့်ကို ညင်သာစွာ လျှာနဲ့လျက်ပြီး ကိုယ်ပေါ်ကအညစ်အကြေးတွေကို ဖယ်ရှားပေးလိုက်သည်။ လူ့ဘဝက အရက်သောက်၊ ဖဲရိုက်ပြီး မိသားစုအပေါ် တာဝန်မကျေခဲ့တဲ့ ကျွန်တော် ဒီဘဝမှာတော့ နွားဘဝနဲ့ ရှေးဘဝက ဝဋ်ကြွေးတွေ ဆပ်ရတော့မယ်ထင်ပါ ရဲ့ဗျာ။

ကျွန်တော် နွားဘဝရောက်နေရပေမယ့် ကံကောင်းတာလေ ...စ်ခုတော့ရှိသည်။ သားလေးက ...တော့်ကို တော်တော်ချစ်သည်

www.burmeseclassic.com

အရင်ဘဝက သားအဖတော်စပ်ခဲ့တာကြောင့်လည်း ဖြစ်နိုင်သည်။ သားလေးရဲ့ ကျောင်းသွားကျောင်းပြန်ချိန် စီးတော်ယာဉ်မှာ ကျွန်တော်ဖြစ်ခဲ့သည်။ သားလေးရဲ့ ကစားဖော် ကျွန်တော်သာဖြစ်ခဲ့သည်။ ကျောင်းပိတ်ရက်တွေဆို သားလေးက ကျွန်တော့်ကို တောစပ်တွေဆီ ခေါ်သွားတတ်သည်။ သစ်ပင်ရိပ်အောက်မှာ သားလေးနဲ့ အတူတူ အိပ်ခဲ့ရတဲ့ အချိန်အခိုက်အတန့်တွေဟာ ကျွန်တော် လက်ရှိ ဘယ်ဘဝ ရောက်နေလဲဆိုတာကိုတောင် မေ့ပျောက်နိုင်စွမ်းခဲ့သည်။

**ချစ်ကတော့ ကျွန်တော်လူ့ဘဝတုန်းက ကျွန်တော့်ကို အတော်ချစ်ခဲ့သည်။ ကျွန်တော်ဆိုးသမျှ သည်းခံခဲ့သည်။ ယခုလည်း သူ့ရုပ်၊ သူ့အရွယ်နဲ့ နောက်အိမ်ထောင် ပြုနိုင်သော်လည်း သူစိတ်မဝင်စားခဲ့။ သားလေးနဲ့ချစ်ရဲ့....**

ချစ်ကတော့ ကျွန်တော် လူ့ဘဝတုန်းက ကျွန်တော့်ကိုအတော်ချစ်ခဲ့သည်။ ကျွန်တော်ဆိုးသမျှ သည်းခံခဲ့သည်။ ယခုလည်း သူ့ရုပ်၊ သူ့အရွယ်နဲ့ နောက်အိမ်ထောင်ပြုနိုင်သော်လည်း သူစိတ်မဝင်စားခဲ့။ သားလေးနဲ့ချစ်ရဲ့ ဝမ်းရေးအတွက် လယ်များကို သူရင်းငှားချထားပြီး ဖြေရှင်းခဲ့သည်။ ချစ်ကို ကျွန်တော် မချီးကျူးဘဲမနေနိုင်။ တစ်ခါတစ်ခါ ချစ်သည် အဝေးကို အကြာကြီးငေးမောနေတတ်သည်။ ကျွန်တော့်ကို လွမ်းနေ[illegible]ည်ဟု အတပ်မပြောနိုင်သော်လည်း ကျွန်တော့်စိတ်က ကျွန်တော့်ကိုသာ လွမ်းစေချင်နေမိသည်။ ထိုအခါမျိုးတွင် ချစ်ကိုကျွန်တော် ပြေးပြီး ထွေးပွေ့ထားချင်မိသော်လည်း ဘဝချင်း စည်းခြားနေပြီဖြစ်သည့်အတွက် ကျွန်တော့်မှာ ချစ်ကိုသာ ကြည့်ပြီး ဝမ်းနည်းနေရသည်။

ဒီလိုနဲ့ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးမှန်းမသိ ကုန်ဆုံးခဲ့သည်။ နွေ၊ မိုး၊ ဆောင်းတို့ အလီလီပြောင်းခဲ့သည်။ ထို့အတူ ချစ်၊ သားလေးနှင့် ညိုမောင်ဆိုသော နွားပြာကြီးတစ်ဖြစ်လဲ ကျွန်တော်တို့၏ သံယောဇဉ်သည်လည်း အတိုင်းအဆမရှိ ရစ်ပတ်ချည်နှောင်မိခဲ့ကြသည်။ သားလေးသည်လည်း အလယ်တန်းကျောင်းသားဖြစ်လာသလို ကျွန်တော်သည်လည်း အရွယ်ရောက်သည့် နွားပျိုတစ်ကောင်ဖြစ်လာသည်ပဲလေ။

ဒီနှစ် ချစ်ရဲ့လယ်တွေ သီးနှံထွက်မကောင်း။ လယ်များပိုးကျသောကြောင့် ရှိသမျှလယ်တွေ ထုတ်ရောင်းခဲ့ရသည့်အပြင် ကျွန်တော့်ကို မွေးဖွားခဲ့သည့် နွားမကြီးတစ်ရှဉ်းကိုပါထုတ်ရောင်းခဲ့ရသည်။

တစ်ခုတော့ရှိသည်။ ချစ်တို့ စီးပွားရေး ဘယ်လောက်ပဲကျကျ ကျွန်တော့်ကို ဘယ်တော့မှ ထုတ်ရောင်းလိမ့်မည်မဟုတ်မှန်း ကျွန်တော် ရဲရဲကြီး အာမခံရဲသည်။ တစ်နေ့.....

"အမေ ညိုမောင်ကြီးကို မနိုင်းပါနဲ့လားဗျာ"

"မနိုင်းလို့မရဘူး သားရဲ့၊ အမေတို့မှာလည်း ဒီနွားတစ်ကောင်ပဲ ကျန်တော့တာ၊ သူ့မှမနိုင်းရင် အမေတို့ ဘာနဲ့စားကြမလဲ"

"သား ထမင်းမစားတော့ဘူးဗျာ၊ ညိုမောင်ကြီးကိုတော့ သူရင်းငှားတွေလက်ထဲ မထည့်လိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com

“ဩော်.....သားရယ် ညနေဆိုလည်း ကိုယ့်အိမ်ပြန်လာအိပ်မယ့်ဟာပဲ၊ ဘယ်သူမှလည်း မတရား မခိုင်းပါဘူးကွယ်၊ သားက လိမ္မာပါတယ်”

“----”

ကျွန်တော် ကျေနပ်ပါတယ်။ သူတို့ပြောနေတာကို ကျွန်တော် နားထောင်ပြီး ပျော်ရွှင်နေပါတယ်။

ကျွန်တော် မနက်ဖြန်ကစပြီး လယ်ထဲမှာ စရုန်းရမှာဖြစ်ပေမယ့် သားလေးရဲ့ ကျွန်တော့်အပေါ်ထားရှိတဲ့ မေတ္တာတရားကို ကျွန်တော် တွေ့လိုက်ရသည်လေ။

ကျွန်တော် ပျော်ပါတယ်ဗျာ။

အလို.....ကျွန်တော့်ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျနေပါလား။ ကျွန်တော် ငိုနေတာမဟုတ်ပါဘူး။ ပျော်နေတာပါဗျာ။

နောက်နေ့ ကျွန်တော့်ကို သူရင်းငှားတွေလာခေါ်တော့ သားလေးက အိမ်ပေါ်ကို ဆောင့်အောင့်ပြီး တက်သွားခဲ့သည်။ ချစ်ကတော့ ကျွန်တော့်ကို အစာကျွေးဖို့နဲ့ ရေမှန်မှန်တိုက်ပေးဖို့ မှာနေရှာသည်။

ချစ်လည်း ကျွန်တော့်အပေါ် သံယောဇဉ်ကြီးကြောင်း ကျွန်တော် သိသည်။ ချစ်က ကျွန်တော့်နဖားကြိုးကိုဆွဲပြီး သူရင်းငှားလက်ထဲ ထည့်ပေးလိုက်သည်။ ကျွန်တော့်ကို ချစ် ဘယ်ထည့်ချင်ပါ့မလဲဗျာ။ ကျွန်တော့်မိန်းမအကြောင်း ကျွန်တော် သိတာပေါ့။

တကယ်တော့ လယ်ထွန်ရတာ အတော့်ကိုမလွယ်တဲ့အလုပ်ဖြစ်သည်။ အရင်က သားလေးနဲ့ ပျော်ရွှင်စွာ ကြီးပြင်းလာပြီး မိမိကိုယ်ကို ဘဝမေ့နေသော ကျွန်တော့်အဖို့ ဒီနေ့သည် ကျွန်တော်သည် နွားတစ်ကောင်ဖြစ်ကြောင်း သင်ခန်းစာပေးလိုက်သည့်နေ့ဖြစ်တော့သည်။ သူရင်းငှားကလည်း



ချစ်မှာသည့်အစာကျွေးဖို့ နေနေသာသာ ကြိမ်လုံးနှင့်သာတဖြောင်းဖြောင်းတွယ်တော့သည်။

ကျောပေါ်တရစပ်ကျနေသော ကြိမ်ချက်များ၊ သူရင်းငှားပါးစပ်မှ အော်မြည်တောက်တီး ဆဲဆိုသံများ၊ မိမိရဲ့ပခုံးပေါ်တွင် တင်ထားသော လေးလံတဲ့အရာများ.....

လျှောက်ရန်ပင်ခက်ခဲသော လယ်ထဲမှာ အားသွန်ခွန်စိုက် ရုန်းကန်နေရသော မိမိတစ်ကိုယ်လုံး။

ဩော်.....ခံပေဦးတော့။ အရင်ဘဝက ဝဋ်ကြွေးတွေ။ ဝဋ်ရှိသမျှတော့ ခံလိုက်ပေဦးတော့လို့ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရင်းနဲ့သာ။

ညနေ လယ်သိမ်း အိမ်ပြန်တော့ ကျွန်တော့်ခြေလှမ်းတွေ တက်ကြွနေသည်။ ကျောင်းမှလွှတ်သော ကလေးတစ်ယောက်လို အိမ်ကိုအပြေးပြန်ရန် တာစူးနေမိသည်။ သူရင်းငှားကတော့ ကျွန်တော့်အမူအရာကို ရိပ်မိသည်ထင့်။

“ဩော်.....ညိုမောင်၊ အိမ်ပြန်ရတော့မယ်ဆိုတော့ ကြွနေတာပဲ၊ အလုပ်ထဲမှာကျတော့ လေးတိလေးကန်နဲ့၊ ငါလုပ်လိုက်ရ ခေါ်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



သူရင်းငှားရဲ့ကြိမ်းမောင်းသံကို ကျွန်တော် ဂရုမပြုအား။ ကျွန်တော့်အား စောင့်ကြိုနေမည့် သားလေးရဲ့မျက်နှာနဲ့ ချစ်ရဲ့မျက်နှာကို မြင်ယောင်နေမိသည်။ ကျွန်တော် အိမ်အမြန်ရောက်ချင်လှပြီ။

♛♛♛♛♛

ကျွန်တော့်ကိုတွေ့တော့ သားလေးက ခြံဝင်းထိပ်က စောင့်နေရာကနေ ပြေးလာသည်။ ပြီးတော့ သူရင်းငှားလက်ထဲက ကြိုးကိုလှယူပြီး ကျွန်တော့်ကို ခြံဝင်းထဲ ဆွဲခေါ်ခဲ့သည်။ ချစ်ကတော့ ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေပုံ ရသည်။ သားလေးက ကျွန်တော့်ကိုဆွဲခေါ်သွားပြီး အစာကျွေး၊ ရေတိုက်သည်။

"ရှင် ညီမောင့်ကိုရိုက်တာလား"

"အစ်မရယ် နွားပဲ၊ ပေကတ်ကြီးလုပ်နေရင် နည်းနည်းပါးပါး ရိုက်ပေးရမှာပေါ့"

ချစ် ဘာမှပြန်မပြော။ အစာစားနေသော ကျွန်တော့်ကျောကို လက်နဲ့လာသပ်ပေးသည်။

သေချာပါတယ်။ ချစ် ဝမ်းနည်းနေပါလိမ့်မယ်။ ဒါပေမဲ့ မျက်ရည်တော့ကျမှာမဟုတ်ပါဘူး။ ချစ်က မျက်ရည်အလွယ်တကူ ကျတတ်တဲ့မိန်းမမျိုးမှ မဟုတ်တာဘဲလေ။

ကျေးဇူးတင်ပါတယ် ချစ်နဲ့ သားလေးရယ်။ မင်းတို့နှစ်ယောက်အတွက်နဲ့ဆိုရင် ကိုယ်ဘယ်လောက် ပင်ပန်းပါစေ အရင်ဘဝက မကျေခဲ့တဲ့ တာဝန်တွေကို ဒီဘဝမှာ တတ်နိုင်သမျှ ကျေခဲ့ချင်ပါတယ်။ မင်းတို့ရဲ့ ခိုင်းနွားတစ်ကောင်အဖြစ်နဲ့ပေါ့လေ။

♛♛♛♛♛

ဒီနေ့ ကျွန်တော် အလုပ်လုပ်ရတာ လုံးဝစိတ်မပါ။ ကျွန်တော့်စိတ်ထဲ တစ်ခုခုဖြစ်နေသည်။ စိတ်ထင့်နေသည်ဆိုက ပိုမှန်လိမ့်မည်။ တစ်ခုခုဖြစ်တော့မည်ကို ကြိုသိနေသည်။ သူရင်းငှားကတော့ ပုံမှန်မဟုတ်သော ကျွန်တော့်ကို ကြိမ်ဖြင့်နှာနှာနှက်ရင်း ဆဲဆိုကြိမ်းမောင်းနေလေတော့သည်။ ဒီနေ့အဖို့ အရင်နေ့တွေထက် အချိန်ကုန်တာ အရမ်းနှေးလှတယ်လို့ ကျွန်တော် ထင်နေမိသည်။



ညနေ လယ်သိမ်းအိမ်ပြန်ချိန်ရောက်တဲ့အထိ ကျွန်တော် စိတ်မကြည်နိုင်သေး။ ကျွန်တော် သိသည်။ ကျွန်တော့်သားလေး တစ်ခုခုဖြစ်နေပြီ။ သားသမီး တစ်ခုခုဖြစ်ရင် စိတ်ထဲက သိနေတတ်သော မိဘတို့ရဲ့စိတ်ကလေး ကျွန်တော့်ဆီမှာ ရှိသည်ထင်သည်။ ကျွန်တော့်သားလေး ဘာမှမဖြစ်ပါစေနဲ့ဘုရား။ ပြုခဲ့သမျှကောင်းမှုကြောင့် သားလေးဘာမှမဖြစ်ပါစေနဲ့ဘုရား။ လူ့ဘဝမှာ ဘုရားတရားမေ့နေတတ်သော ကျွန်တော်သည် နွားဘဝရောက်မှ သားလေးအတွက် ဘုရားတတတ်လေပြီ။

ထင်သည့်အတိုင်းပင် အိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်တော့ သားလေးနဲ့ချစ်ကိုမတွေ့။ သူရင်းငှားကတော့ ဘေးအိမ်ကလူတွေကို လှမ်းအော်မေးနေသည်။

"နွားအပ်မလို့ဗျို့ ဒီကအစ်မ ဘယ်သွားလဲမသိဘူး"

"နေ့လယ်က ကျောင်းမှာ သူ့သားလေး ပိုးထိလို့တဲ့၊ ဆေးခန်းသွားတယ်"

ကျွန်တော့်ခေါင်းတစ်ခုလုံး ချာချာလည်သွားသည်ထင်သည်။

ကျွန်တော့်မျက်စိထဲ ဘာမှမမြင်ရတော့။ ဘာမှမလုပ်ရဘဲနဲ့ အသက်ရှူမြန်လာပြီး ကျွန်တော့် ရင်ဘတ်အစုံတို့သည် နိမ့်ချည်မြင့်ချည် ဖြစ်လာခဲ့သည်။ သားလေး ပိုးထိတယ်တဲ့။

**မိဘတို့ရဲ့စိတ်ကလေး ကျွန်တော့်ဆီမှာ ရှိသည်ထင်သည်။ ကျွန်တော့်သားလေး ဘာမှမဖြစ်ပါစေနဲ့ ဘုရား။ ပြုခဲ့သမျှ ကောင်းမှုကြောင့် သားလေးဘာမှ မဖြစ်ပါစေနဲ့ဘုရား။ လူဘဝမှာ.....**

ဒီရွာမှာ ပိုးထိပြီဆိုလျှင် ရှင်တဲ့သူကရှားသည်။ ကလေးဆိုရင် ပိုဆိုးသည်။ ကျွန်တော် ဆက်မတွေးရဲတော့။ သူရင်းငှားက ကျွန်တော့်ကို ခြံထဲက တိုင်တစ်တိုင်မှာ ကြိုးချည်ထားခဲ့သည်။ ကျွန်တော် လုပ်စရာတစ်ခုပဲရှိတော့သည်။ သားလေး ဘာမှမဖြစ်ပါစေနဲ့ဘုရား။

ခဏကြာတော့ ချစ်တစ်ယောက်တည်း အိမ်ပြန်လာသည်။ ချစ်ပုံစံကြည့်ရတာ မျက်နှာမကောင်း။ ကျွန်တော့်စိုးရိမ်စိတ်တို့ ယဉ်ထိပ်သို့ရောက်လာသည်။

သားလေး နေကောင်းရဲ့လား။ သားလေး ကျန်းမာရဲ့လား။ ဂနာမငြိမ်ဖြစ်နေသော ကျွန်တော့်ကို ချစ်တွေ့သော်လည်း ဂရုမစိုက်အားမှန်း ကျွန်တော်သိသည်။ ဘေးအိမ်မှအဒေါ်ကြီးနဲ့ ချစ်တို့ရဲ့ အပြန်အလှန် ပြောနေတာကို ကျွန်တော် နားစွင့်လိုက်သည်။

"မိမော်ရေ ညည်းသားလေး အခြေအနေ ဘယ်လိုလဲ"

"ခု ဆေးခန်းမှာ ဒေါ်ကြီး၊ သားလေးကို မြို့ဆေးရုံပို့ရမယ်တဲ့၊ အဲဒါမှ အသက်မီမှာတဲ့"

"ဒါဆို ဆေးရုံပို့ဖို့လုပ်လေ"

"----"

"ဟဲ့ ငါပြောနေတာ မကြားဘူးလား၊ ဆေးရုံပို့ဖို့လုပ်ပါဆို"

"----"

"ဟဲ့.....မိမော်"

"ဒေါ်ကြီးရယ် ဘယ်လိုပြောလိုက်တာလဲ၊ ပို့ချင်တာပေါ့တော်၊ ဒါပေမဲ့ ကျွန်မမှာ ပိုက်ဆံက...."

"အေး၊ ဒါတော့ ငါတို့လည်း ဆင်းရဲသားဆိုတော့ အများကြီး မကူနိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ ငါတို့ရွာက အမဲဒိုင်မှာ ညိုမောင်ကြီးကို ခဏအပ်လိုက်ပါလား၊ ညည်းပိုက်ဆံရမှ ပြန်ရွေးပေါ့"

"အို.....ညိုမောင်ကြီးတော့ မအပ်နိုင်ပါဘူးတော်"

"ဟဲ့.....အပ်တယ်ဆိုတာ ရောင်းတာမှမဟုတ်တာ၊ ညည်းငွေပေါ်ရင် ပြန်ရွေးလို့ရတာပဲဟာကို၊ ညည်းသားက သေရေးရှင်ရေးနော်၊ မိမော်.....ညည်းသေချာစဉ်းစား"

"-----"

"အိုအေ.....နင်စဉ်းစားမနေနဲ့တော့၊ လာ.....ငါ့နောက်သာ လိုက်ခဲ့"

ပြောပြောဆိုဆို ဒေါ်ကြီးက ကျွန်တော့်ကိုဆွဲခေါ်ပြီး ခြံဝင်းထဲကနေ ဦးဆောင်ထွက်သွားသည်။

ဟုတ်ပါတယ်၊ ဒါအသင့်တော်ဆုံး အကြံဉာဏ်ပါ၊ ဒေါ်ကြီးကို ကျွန်တော့်စိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင်မိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဟုတ်တယ်လေ။ ကျွန်တော့်ကြောင့်ရတဲ့ပိုက်ဆံနဲ့ သားလေးအသက်ကိုကယ်နိုင်တော့မည်လေ။

"ဘယ်လောက်ယူမှာလဲ"

"တစ်သိန်းပါ"

"တစ်လအတွင်း ပြန်မရွေးရင် အဆုံးနော်"

"----"

"ဟဲ့.....မိမော်၊ ဩော်..... ညည်းကလည်း မေးနေတယ်၊ ပြန်ပြောလိုက်လေ"

"ဟုတ်.....ဟုတ်ကဲ့ပါ"

"ကဲ....ရော့ တစ်သိန်း။ ဟိုကောင်တွေ လာစမ်းဟေ့၊ ဒီကောင်ကြီးကို ဟိုးဘက်ကခြံထဲ ထည့်ထားလိုက်"

ကျွန်တော် သူတို့ဆွဲခေါ်ရာနောက်ကို အသာတကြည့်ပဲလိုက်ခဲ့လိုက်သည်။ ,

ကျွန်တော် ချစ်ကိုတစ်ချက်ကြည့်လိုက်သည်။ ချစ်မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာသည်။ ကျွန်တော် အံ့သြသွားသည်။ ချစ်ကတော်ရုံငိုသည့် မိန်းမမျိုးမဟုတ်။ ကဲ.....ကျွန်တော်မပြောဘူးလား။ ချစ်က ကျွန်တော့်အပေါ် သံယောဇဉ်ကြီးပါတယ်လို့။

♛♛♛♛♛

ဒီလိုနဲ့ ခြံထဲမှာနေရင်း နေ့စဉ်ရက်ဆက် ကျွန်တော် သားလေးအတွက် ဆုတောင်းခဲ့သည်။ ယခုအချိန် သားလေးအသက်ရှင်ဖို့ဆိုရင် ကျွန်တော့်အသက်၊ ကျွန်တော့်ခန္ဓာကိုယ်ကိုပေးဖို့ ကျွန်တော်အသင့်ဖြစ်နေပြီ။

သားလေးသည်သာ ကျွန်တော့်ဘဝ၊ သားလေးသည်သာ ကျွန်တော့်ကမ္ဘာ။ သားလေးကျန်းမာဖို့အရေးသည်သာလျှင် ဒီအချိန်မှာ အရေးအကြီးဆုံးအရာ။ ဒါပေမဲ့ သေချာပါတယ်။ ကျွန်တော့်သားလေး ပြန်ကျန်းမာလာမှာပါဗျာ။ ပြီးတော့ ချစ်နဲ့သားလေး ကျွန်တော့်ကို ပြန်လာခေါ်ကြလိမ့်မယ်။ ပြီးတော့ အရင်လို ကျွန်တော် သူတို့တွေကို လုပ်ကျွေးမယ်။ ကျွန်တော့်နောက်ဆုံးထွက်သက်အထိ ချစ်နဲ့သားလေးဘေးမှာ နေသွားမယ်။

♛♛♛♛♛

ဒီနေ့ ကျွန်တော့်ကို သူတို့ ခြံထဲက ဆွဲထုတ်နေကြသည်။ ချစ်တို့ ကျွန်တော့်ကို ပြန်လာရွေးတာဖြစ်လိမ့်မည်။ ကျွန်တော် မျှော်လင့်စောင့်စားခဲ့တဲ့ နေ့ရက်တို့ ရောက်လာပြီလေ။

သားလေးနဲ့တွေ့ရတော့မည်။ ချစ်နဲ့ တွေ့ရတော့မည်။ သို့ပေမယ့် ခြံပြင်ရောက်တော့ ချစ်နဲ့သားလေ
ကို ကျွန်တော်မတွေ့။

"ဒီကောင်ကြီးကို ကြိုးချည်
လိုက်၊ ကြိုးကိုမြဲအောင်ချည်နော်
အကောင်ကကြီးတော့ ရုန်းကန်ရ
လွတ်သွားနိုင်တယ်"

လူလေးယောက် လောက်
ကျွန်တော့်ကို တွန်းလှဲပြီး ကျွန်တော်
ရဲ့ ရှေ့ခြေထောက်နှစ်ချောင်း
နောက်ခြေထောက်နှစ်ချောင်းကို
တွဲပြီး ချည်လိုက်သည်။ တစ်ခု
တော့ မှားနေပြီ။ သူတို့ ဘာလု
ကြတာလဲ။ ကျွန်တော့်ကို ပြန်လာ
ရွေးမှာလေ။ ကျွန်တော့်ကို သူတို့
ပြန်လာရွေးကြမှာ။

"ဟိုကောင် ခွက်တစ်လုံးယ
ခဲ့၊ သွေးခံရအောင်၊ အမဲသွေး
တွေက စျေးကောင်းတယ်"

အို.....ကျွန်တော့်ကို သတ်
ကြတော့မှာပါလား။

ကျွန်တော့်ကို သူတို့လည်
ဖို့ လုပ်နေကြတာပါလား။ ကျွ
တော် အခုမှ အသိတရားဝင်
ရှိသမျှအားနှင့်ရုန်းကန်သည်။
ရတော့မယ်ဆိုတဲ့အသိ၊ ချစ်နဲ့သာ
လေးတို့ကိုခွဲသွားရတော့မယ်ဆို
အသိကြောင့် ကျွန်တော် ပိုရုန်းက
မိသည်။

သို့ပေမယ့် ကျွန်တော့်ကို
ချုပ်ထားတာ ညဏ်ရည်မြင့်တဲ့
တွေလေဗျာ။ ကျွန်တော် ဘယ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါ့မလဲ။

"ကဲ.....စမယ်၊ ခြေလက်တွေကိုချုပ်ထား၊ တစ်ယောက်က ချိုကိုလာကိုင်ထားစမ်း"

ကျွန်တော် နောက်ဆုံးအချိန်အထိ ချစ်တို့ကို မျှော်နေမိသည်။ သူတို့လာမှာပါ။ သူတို့ ကျွန်တော့်ကို လာခေါ်ကြမှာပါ။ ချစ်နဲ့သားလေးက ကျွန်တော့်ကို အရမ်းချစ်တာမဟုတ်လား။ သူတို့ ကျွန်တော့်ကို ဒီလိုဘယ်အဖြစ်ခံပါ့မလဲ။ သူတို့ လာခေါ်ကြမှာပါ။

"ဟုတ်ပြီ၊ သေချာကိုင်ထား၊ ကဲ.....ဓားသွားယူခဲ့တော့"

ကျွန်တော့်ကို ကြိုးချည်ထားသည့် အပြင် လူလေးယောက်ခန့် ချုပ်ထားတာကြောင့် လုံးဝ လှုပ်လို့မရတော့၊ ကျွန်တော် လဲလျက်ကပင် ခြံပေါက်ဝမှဝင်လမ်းကို ချစ်နဲ့သားလေးတို့ လာမလားလို့ မျှော်ကြည့်နေမိသည်။

ဟော.....ပြောရင်းဆိုရင်း လူ တစ်ယောက်လာနေပြီ။ ချစ်နဲ့တူ လိုက်တာ။ ဟုတ်ပါတယ်။ ချစ်ပါ။ မလွဲပါဘူး။ အဲဒါ ကျွန်တော့်မိန်းမ ချစ်ပါ။ ချစ် ကျွန်တော့်ကို ပြန်လာရွေးတာ ပေါ့။ ကျွန်တော် မသေတော့ ဘူးပေါ့။ ဒါနဲ့ နေပါဦး။ ချစ်က ဘာဖြစ်လို့ ကခုန်နေတာပါလိမ့်။ ပါးမှာလည်း သနပ်ခါးအဖွေးသားနဲ့။ နှုတ်ခမ်းနီတွေလည်းဆိုးလို့။ ရင်ဘတ်မှာလည်း နို့ဆီဘူးတွေ တိုးလိုးတွဲလဲ။ အို.....ခေါင်းမှာ ပန်းတွေလည်း ပန်လို့ပါလား။ သီချင်း



တွေလည်း အော်ဆိုလို့။ ဘေးနားမှာလည်း ချစ်ကိုလိုက်ဟောင်နေတဲ့ ခွေးတစ်အုပ်။ အို....ဘယ်လိုဖြစ်ရတာလဲ ချစ်ရယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲ။ နေပါဦး၊ ချစ်လက်ထဲမှာ ဘာလေးကိုင်ထားပါလိမ့်။ အိုး.....ကလေးအရုပ်လေး တစ်ရုပ်ပါလား။

ကျွန်တော် မျက်လုံးမှိတ်လိုက်သည်။ ဓားသွားနဲ့ ကျွန်တော့်လည်ပင်းသွေးကြော အထိအတွေ့ကို ကျွန်တော် သိသည်။ ကျွန်တော့်လည်ပင်းက သွေးတွေပန်းထွက်နေတာ ကျွန်တော် သိသည်။ ကျွန်တော် မရုန်းချင်ပေမယ့် မသိစိတ်ရဲ့ခိုင်းစေမှုကြောင့် ကျွန်တော့်ခန္ဓာကိုယ်တွေ ရုန်းကန်နေတာကျွန်တော် သိသည်။ ဒါပေမဲ့ ဒီအချိန်မှာ ကျွန်တော့်အတွက် နာကျင်မှုဆိုတာ မရှိတော့ပါဘူးဗျာ။

ကျွန်တော် နောက်ဆုံးအချိန်မှာ ဘဝကူးကောင်းဖို့ ဘုရားတရားကို အာရုံပြုနေချင်ပေမယ့် မြင်နေရတာက သားလေးနဲ့ ချစ်တို့ရဲ့ ပိုးတဝါး မျက်နှာနှစ်ခု။ ကျွန်တော် မငိုပါဘူး။ ဒါပေမဲ့ ကျွန်တော် မျက်ရည်တော့ ကျနေပါလိမ့်မယ်။

**ဟန်ထွန်းအောင်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ချစ်မိညာဉ့်ရှိရာ

ခင်ဦး (ပုတီးကုန်း)

"နှင်းဖွဲ့မှိုင်းရီ၊ ရာသီဗြိတ္တာ၊ ဖော်ကွာတုန်ချမ်း၊ လွမ်းလို့မလုံ၊ ခြုံသော်အေးမြ၊ ဆွေးရလေ"

ဆိုသည့်စာသားလေးအတိုင်း နှင်းရည်မှိုင်းဆို့၊ တိမ်လွှာမို့သည့် တန်ဆောင်တိုင်လအချမ်းသည် ဖော်ကွာဝေးသူ အေးနုအတွက် ပို၍သာ ချမ်းနေမိသည်။ လက်ထပ်ပြီး တစ်ပတ်အကြာ ဝေးတစ်ရွာသို့ အလုပ်ရှာရန် ထွက်ခွာသွားသူ ကြင်စဦးအတွက် ရတက်မအေးနိုင်ရှာပေ။

တန်ဆောင်မုန်းလ၏ နှင်းတို့အကြား စပါးရွှေဝါ ...သည် အခိုင် ကျိုး၍ ...တ်ချူသူ မျှော်ကိုးနေ သည်။ ဝင်းဝါသော စပါး ...သည် နှင်းငွေ့လူးသည့် ...အမြူးတွင် ဘယ် ...ညာနွဲ့ ဆော့ကစားနေသည်။ ကောက်ပင်များကို လှဲနေသူ ကိုဖိုးထောင်က ဝါးလုံးကို အရှည်လိုက်ကန့်ကာ စပါးပင်မှည့်များကို လှဲနေစဉ် အေးနုတို့ မိန်းမတစ်သိုက်က တစ်ဖက်လယ်ထဲ၌ ကောက်ရိတ်နေကြသည်။ နေရောင်ခြည်နုနုက နှင်းငွေ့အကြား ထိုးဖောက်ကာ မိန်းမလှလေးများကိုယ်ပေါ်သို့ ဖြန့်ကျဲချထားသည်။



နေမင်းရောင်ရှိန်အပူကို အားပြုကာ ခိုက်ခိုက်တုန်နေသော အချမ်းဓာတ်ကို ကာကွယ်နေရရှာသည်။ ချမ်းပါသည်ဆိုမှ မြောက်လေကဟူးခနဲတိုက်လိုက်ပြန်သည်။ နားရွက်ဖျားလေးများ အေးခဲသွားမတတ် အေးစိမ့်သွားပြန်သည်။

ကျေးငှက်သာရကာလေးများကား နေခြည်နုထွေးအောက်၌ ပျံလိုက်၊ လွှားလိုက်နှင့် စပါးနှံလေးများကို ကောက်ယူစုံဆောင်းနေကြသည်။

"ချမ်းလို့ရယ်တုန်၊ စောင်ခြုံလို့မနွေး"

ထိုသို့ကောင်မလေးတစ်သိုက်က အော်ဆိုရာ တစ်ဖက်လယ်မှ ကိုဖိုးထောင်က ပြန်အော်ဆိုသည်။

"ကိုဖိုးထောင် ဒီမောင် ထွေးရင်ဖြင့် ပျိုမေလေ တကယ်နွေး ဟေး.....ဟေး"

"ဟင်.....ကိုဖိုးထောင်ရင့်မှာ မစွံတိုင်းသူများ

www.burmeseclassic.com

တွေ့လိုက်ပြောဖို့ပဲ တတ်တယ်၊ ရှင့်အောက်က မြွေဟောက်က စောင်းနေပြီ''

''ဟား.....ဟား.....ဟား''

အေးနုက ပြန်ပက်ရာ မိန်းကလေးတစ်သိုက်မှာ ဝါးခနဲပွဲကျသွားသည်။

''အေး..အေး၊ မရှိလို့ မတွေ့ရတာ ကြားကောင်းသေးတယ် အေးနုရေ၊ နင့်လို ရှိရဲ့သားနဲ့ ဝေးနေရတဲ့ ဖော်ကွာဝေးသူအတွက် တွေ့မယ့်သူမရှိတော့ မချမ်းဘူးလားဟင်''

''ဟင်.....သေနာကောင်''

အေးနုမှာ ရွာမှသူငယ်ချင်း ဖိုးထောင်အား ငယ်စဉ်ကလေးဘဝ



**လယ်ယာစခန်းမှအပြန် ကြတ္တိကာကြယ်ကြီးပင် ထွန်းလင်းစပြုပေပြီ။ ရွှေလစန္ဒာကြီးကား တိမ်သားကင်းစင်နေသော မိုးကောင်းကင် အလယ် စိန်ကြယ်ပွင့်များ တဖျပ်ဖျပ်အလယ်တွင် ထွန်းလင်းနေပြီ.....**

ကပင် အနိုင်ယူခဲ့သလို အစသန်သော ဖိုးထောင်နှင့် အစဉ်အမြဲ ဘုနှင့်ဘောက်ဖြစ်သည်။ သို့သော် အလွန်ခင်သော သူငယ်ချင်းများဖြစ်ကြသည်။

''ဟုတ်တယ် ကိုဖိုးထောင်ရေ၊ စန်းနုအနေနဲ့ သီချင်းလေးဆက်ဆိုပြချင်တယ်တော်''

''ဟာ...ဆိုပါဟ၊ နားထောင်ရအောင်''

မိန်းကလေးများထဲမှ စန်းနုဆိုသော မိန်းကလေးက ချောင်းတစ်ချက်ဟန့်ကာ မာန်ပါပါနှင့်ဆိုလိုက်ပြန်သည်။

''ချမ်းအေးမိမယ်ကိုယ်၊ လွှမ်းပိုလို့ဖော်ကွဲ၊ မယ်ဝမ်းနည်း၊ နှင်းဖွဲပတ်လည်ဝေ၊ သည်းကြွေလုတုန်ချမ်း၊ မျှော်မိလွမ်း.....''

''ဟား.....ဟုတ်တယ်ဟေ့၊ ဟုတ်တယ်''

နေလုံးခေါင်းပေါ်ရောက်ခဲ့ပြီ။ ကောက်လှိုင်းများစုပုံ၍ ထမင်းစား ရန် ကန်သင်းပေါ်မှ ထမင်းချိုင့် လေးများဆီသို့ လှမ်းခဲ့ကြပေတော့ သည်။

♛♛♛♛♛

လယ်ယာစခန်းမှအပြန် ကြ ကာကြယ်ကြီးပင် ထွန်းလင်းစပြု ပြီ။ ရွှေလစန္ဒာကြီးကား တိမ်သာ ကင်းစင်နေသော မိုးကောင်းက အလယ် စိန်ကြယ်ပွင့်များ တဖျ ဖျပ်အလယ်တွင် ထွန်းလင်းနေ ဖြစ်သည်။

''လှူကထိန်သင်္ကန်းနှင့် လမ်းတဲ့ ဆုပန်ရှယ်၊ သည်ချိန် ဝတ်မှုန်ကြဲလို့ ခဝဲရွှေညာရင်း သင်းရနံ့ကြွယ်''

အေးနုမှာ ခဝဲပန်းဝါ တစ်ပွင့်ကို ခူး၍ပန်လိုက်သ သနပ်ခါးဘဲကြားလေးနှင့် ဝင်းအိ

www.burmeseclassic.com

သော သူ့မျက်နှာလေးမှာ ပန်းဝါဝါလေးနှင့် လိုက်ဖက်လှသည်။

"မွှေးလိုက်တာ ပန်းလေးရယ်"

အစ်ကိုချစ်တွေးသာရှိလျှင် သူမအား ယုယကြင်နာစွာ ပန်ပေးမည်ကို တွေးနေမိသည်။

"ဟေး.....အိမ်ရှင်တို့"

"ဟယ်..စန်းနုတို့၊ ဖိုးထောင်တို့ပါလား"

ကောက်ညှင်းတလင်းနယ်ပြီးနောက် ဖိုးထောင်မှာ ရပ်ရွာ၏ သာသနာရေးအတွက် လုပ်အားပေးရပြန်သည်။ လပြည့်နေ့၌ ကထိန်လုပ်ရန် ငွေကောက်ခံရပြန်သည်။

"အေး.....ကထိန်အတွက် အလှူလာခံတာ"

"ထည့်သင့်သလောက်တော့ ထည့်ရမှာပေါ့ဟာ"

"ဟာ.....နှင်ကလည်း စပါးတွေ ဒီလောက်ကောင်းနေတာ၊ များများထည့်ပေါ့ဟ"

"စပါးသာကောင်းတာ၊ လယ်ကေ,က နည်းနည်းလေး၊ အစ်ကိုတောင် အလုပ်ထွက်ရှာရတာ သိသားနဲ့"

"နှင်တို့က ချမ်းသာချင်တာကိုး၊ ရန်ကုန်သွားပြီး သူဌေးဖြစ်ကြနေသလားမှ မသိတာ"

"အို.....လင်ရယ်မယားရယ် ဖြစ်လာမှတော့ စီးပွားရှာရတာပေါ့ရှင်၊ လယ်က ဝမ်းစာပဲရတော့ ပန်းစာရှာရသေးတာပေါ့"

"ကဲ.....ကဲ ထည့်၊ ဘယ်လောက်ထည့်မှာလဲ"

"နှစ်ထောင်တော့ ထည့်မှာပါရှင်"

သို့သော် အေးနုခမျာ ဆု တောင်းမပြည့်နိုင်ရှာပါ။ ချစ်ရသူ ပူပူနွေးနွေးလင်ယောကျ်ားမှာ ရန်ကုန်မြို့လယ်တွင် လူကူးမျဉ်းကျား မှ မကူးမိ၍ ကားတိုက်ခံရကာ.....



"သာဓုပါဗျာ၊ သာဓု...သာဓု၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေဗျား"

ဖိုးထောင်၏ ဆုပေးသံကြောင့် အေးနုမှာ သာယာချမ်းမြေ့လှပါသည်။

သို့သော် အေးနုခမျာ ဆုတောင်းမပြည့်နိုင်ရှာပါ။ ချစ်ရသူ ပူပူနွေးနွေးလင်ယောကျ်ားမှာ ရန်ကုန်မြို့လယ်တွင် လူကူးမျဉ်းကျားမှ မကူးမိ၍ ကားတိုက်ခံရကာ သေဆုံးသွားခဲ့လေတော့သည်။

အေးနုမှာ ပူပူနွေးနွေးမုဆိုးမလေး ဖြစ်ရရှာတော့သည်။ အေးနုမှာ ဖော်မဲ့အထီးကျန်နေချေပြီ။ နှင်းကိုမြတ်နိုးခဲ့ရာမှ အချမ်းဓာတ်လွန်တိုင်း နှင်းများကျလာမည်ကို အမုန်းဆုံးဖြစ်ခဲ့သည်။ အေးနု၏

www.burmeseclassic.com

မိဘများမှာလည်း ဆုံးပါးသွားပြီဖြစ်၍ အေးနုမှာ တစ်ဦးတည်း နေထိုင်နေရရှာသည်။ လေးအိမ်ကျော်မှ သူမခင်ပွန်း၏ ဦးလေးဖြစ်သူကိုသာ အားကိုးနေရရှာသည်။ သူ့မှာလည်း မိန်းမနှင့် ကလေးသုံးဦးဖခင်ဖြစ်၍ ရုန်းကန်လှုပ်ရှားနေရသူဖြစ်သည်။ ရံဖန်ရံခါ အရက်ကလည်းသောက်တတ်သူဖြစ်၍ အေးနုမှာ လုံးလုံးအားကိုးမရနိုင်ရှာပေ။ ဆောင်းအလွမ်းကလည်း အေးနုကို ပို၍နှိပ်စက်နေပြန်သည်။

♛♛♛♛♛

ဆောင်းသို့ရောက်တိုင်း အေးနု၏မျက်ရည်ဥတို့မှာ နှင်းတို့နှင့် အပြိုင်ကျစမြဲဖြစ်သည်။

သည်ဆောင်းမှာ ခွဲခွာသွားလေသူ၊ လုံးဝပြန်မလာနိုင်တော့သည့် ချစ်သူအတွက် ဆောင်းမှာ အေးနုငိုပွဲဖြစ်သည်။ ဆွေးသူကို ဖေးကူမည့်အစား ဆွေးအပူကိုသာ ပေး နေတော့သည်။

မကြာမီ ကောက်နှံတို့ အပြီး မှည့်ကာ ပြာသိုလသို့ ရောက်ခဲ့ပြီဖြစ်သည်။ ကောက်ရိတ်သိမ်းအပြီး စပါးများကို လှည်းပေါ်တင်နေခိုက် ဦးလေးသိန်း ရောက်လာသည်။

"နင် စပါးတွေ ဝမ်းစာထဲ

အစ်ကိုချစ်ထွေးမှာ ဆေးရုံမှ တစ်ဆင့် ရန်ကုန်၌ မြေချခဲ့ရသည်။ အစ်ကို့သင်္ချိုင်းကို သွား၍ တွေ့ချင်သည်။ တကယ်တော့ စိစစ်လျှင် မြေပုံပင်မရှိ။ သင်္ဂြိုဟ်စက်၌ထည့်၍ သင်္ဂြိုဟ်လိုက်ရသည်။ ထိုအချက်ကို ....

ထည့်ပြီးရင် ငါရန်ကုန်သွားမှာ၊ နင် လိုက်ဦးမလား"

"ရှင်....."

အေးနုမှာ ငိုင်တွေသွားသည်။

အစ်ကိုချစ်ထွေးမှာ ဆေးရုံမှ တစ်ဆင့် ရန်ကုန်၌ မြေချခဲ့ရသည်။ အစ်ကို့သင်္ချိုင်းကို သွား၍တွေ့ချင် သည်။ တကယ်တော့ စိစစ်လျှင် မြေပုံပင်မရှိ။ သင်္ဂြိုဟ်စက်၌ထည့် ၍ သင်္ဂြိုဟ်လိုက်ရသည်။ ထိုအချက် ကို အေးနု သိပါသည်။ သို့သော် အစ်ကို့ဝိညာဉ် ရှိလေမည်လား၊ အစ်ကို့ခြေရာလေးများ ရှိလေမည် လားဟု ရန်ကုန်သို့လိုက်ချင်သည်။ ရွှေတိဂုံဘုရားမှာ ဆုတောင်းရင်း အစ် ကို့အတွက် ကုသိုလ်ဒါနပြုချင်၏။

"လိုက်ချင်တယ် ဦးလေး ရယ်"

အေးနုမှာ စပါးအနည်းငယ် ရောင်း၍ စရိတ်လုပ်ကာ ဦးလေး နှင့် ရန်ကုန်သို့ လိုက်ပါခဲ့သည်။

"ဒီမှာတည်းကြရမယ်"

မြို့ဆင်ခြေဖုံး ရပ်ကွက်လေး တစ်ခုမှ တည်းခိုခန်းလေးဆီသို့ခေါ် သွားသည်။

"တစ်ယောက်ခန်း နှစ်ခန်း ပေးပါ"

"မရှိတော့ဘူး၊ နှစ်ယောက် ခန်းပဲရှိတော့တယ်၊ ဒါတောင် ခန်းပဲရှိတော့တယ်"

"ဗျာ....."

www.burmeseclassic.com

ဦးလေးသိန်းက အေးနုမျက်နှာလေးအားကြည့်ရာ အေးနုမှာ မျက်နှာလေးငယ်သွားသည်။

"ဘယ်လိုလဲ အေးနု"

"မိုးလည်းချုပ်လှပြီ ဦးလေးရာ"

"တို့တူအရီးတွေပဲဟာ၊ ဒီအခန်းပဲယူပြီး အိပ်ကြတာပေါ့"

ဦးလေးသိန်းအား ယုံကြည်ကိုးစားခဲ့သူဖြစ်၍ အေးနုမှာ ခေါင်းညိတ်လိုက်သည်။

ဦးလေးဖြစ်သူမှာ အပြင်သို့ထွက်သွားပြီး ထမင်းနှစ်ထုပ်ဝယ်လိုက်သည်။ ယင်းနောက် အရက်ဆိုင်တစ်ဆိုင်၌ အရက်တစ်စိတ်ဝင်သောက်ပြီး ပြန်လာခဲ့သည်။

အေးနုမှာ ရေမိုးချိုး၍ ပါလာသောသနပ်ခါးဘူးလေးထဲမှ သနပ်ခါးကို ခပ်ကျဲကျဲလေးလူး၍ အဝတ်လဲလိုက်သည်။ ယင်းနောက် ခရီးပန်းလာ၍ ခေတ္တလှဲနေခိုက် ဦးလေးဖြစ်သူ ပြန်ရောက်လာသည်။

"ကဲ.....နင်ထမင်းစားနှင့်"

ထမင်းထုပ်အား ချပေးထားခဲ့ပြီး အဝတ်တစ်စုံယူကာ အပြင်သို့ထွက်သွားခဲ့သည်။

"နင်က ဒီအခန်းမှာအိပ်၊ ငါက ရှေ့ကတန်းလျားခုံရှည်မှာသွားအိပ်မှာ၊ ဧည့်ခန်းမှာ ငါအိပ်မှာ"

ထိုသို့ပြောပြီး ထွက်သွားလေသည်။ အေးနုမှာ ထမင်းစားပြီး



ခေတ္တလှဲကာ စာအုပ်ကလေး ဖွင့်ဖတ်သည်။ ယင်းနောက် သမ်းဝေလာ၍ ဘုရားဦးချကာ ခေါင်းအုံးလေးပေါ် လှဲချလိုက်သည်။

"ဦးလေး စောင်လာပြီး ယူဦးမလားမသိဘူး"

ထိုသို့တွေးကာ တံခါးအား ခေတ္တစေ့ရုံလေးစေ့၍ လှဲနေလိုက်သည်။ ခရီးပန်းလာ၍ မည်သို့အိပ်ပျော်သွားသည်မသိလိုက်ပေ။ လုံးဝအိပ်မောကျသွားရှာသည်။

"အောက်...အီး..အီး...အွတ်"

သန်းခေါင်ယံ ညောင်ကန်ကြက်တွန်ချိန်ရောက်ပြီဖြစ်သည်။ မီးလည်းမပိတ်၍ အလင်းရောင်လေးမှာ တံခါးကြားမှ ပြူထွက်နေသည်။ အသားစားမုဆိုး တဏှာရူးစိုးလွင်က အသာလေးချောင်းကြည့်ရာ လှပလွန်းသော မိန်းမလှလေးအိပ်မောကျနေသည်ကို မြင်တွေ့လိုက်ရသည်။

"ဟော့ကောင် သာထူး"

"ဘာလဲကွ"

"ရှူး.....ဟိုအခန်းမှာ အမဲတွေ့တယ်ကွ"

"ဟာ.....သူ့အဖော်ပါတယ်ကွ"

"အဘိုးကြီးက အရက်မူးပြီး



www.burmeseclassic.com

www.burmeseclassic.com

ညည့်ခန်းမှာ ဆန့်နေပြီ"

"သေချာလားကွ"

"သေချာပါတယ်ကွာ"

"တို့အတွက် အခွင့်အရေးပဲကွ"

"လာကွာ"

နှစ်ဦးသားမှာ ခြေဖွဖွနင်း၍ မိန်းမလှလေး၏အခန်းထဲသို့ ဝင်လိုက်သည်။ ယင်းနောက် မိန်းမလှလေး အေးနုအား ပန်းကောင်းအညွန့်ချိုးလေတော့သည်။ အသွေးအသားစားသောက်ပြီး အေးနု၏ လည်မျိုကို ကြိုးတစ်ချောင်းဖြင့် ညှစ်ကာ သတ်ခဲ့ကြလေသည်။

♛♛♛♛♛♛

နံနက်လင်းသော် ပါးစပ်ပိတ်ပြီး အဝတ်စည်းထားခံရသော မိန်းမလှလေးမှာ လည်ပင်း၌ ကြိုးဒဏ်ရာဖြင့် မရှုမလှသေနေပုံကို ဦးလေးခမျာ ရင်ကွဲပက်လက် မြင်တွေ့လိုက်ရသည်။

"ဖြစ်ရလေ ငါ့တူမလေးရယ်"

ဦးလေးမှာ တူမဖြစ်သူအား ဖက်၍ငိုရှာသည်။ တူမဖြစ်သူအား မကာကွယ်နိုင်ရှာသမက သူ့ကိုပါ သံသယမှုနှင့် အဖမ်းခံရပြန်သည်။

"ဦးလေးဖြစ်သူက တူမကို လိမ်ညာခေါ်သွားပြီး မုဒိမ်းကျင့်သတဲ့၊ သတ်လည်းပစ်သတဲ့လေ"

ထိုသတင်းကား ရွာသို့ရောက်ပြီး တစ်ရွာလုံး စုတ်တသပ်သပ်ဖြင့် ယူကျုံးမရဖြစ်နေကြတော့သည်။ အဆိုးဆုံးမှာ ဦးလေးသိန်း၏ဇနီး ကိုယ်တိုင် နာကျင်လွန်း၍ ခေါင်းနှင့်တိုင်ပင် ဆောင့်၍ငိုရှာသည်။

"မိန်းမဖျက်မှ ပြည်ပျက်သတဲ့"

"လှပတဲ့တူမရဲ့ကျော့ကွင်းမှာ ရှင့်လိုလူကောင်းကြီးမိပြီး အခုတော့ လူသတ်သမားကြီး ဖြစ်ရပြီပေါ့။ ဟီး.....ဟီး.....အီး"

♛♛♛♛

သံသယအတွေးများနှင့် မမှန်သတင်းများက ရွာသားများရင်ကို လှုပ်ခတ်စေသည်။ ဖိုးထောင်မှာ ဦးလေးသိန်းကို သတ်ချင်စိတ်တဖွားဖွားပေါ်နေသည်။

"အရက်ကြောင့်ထင်တယ်၊ ဒီလူက လူကောင်းပါ"

အမျိုးမျိုး ထင်ကြေးပေးကြသည်။ ဆယ့်ငါးရက်ခန့်အကြာတွင် လူသတ်မုဒိမ်းကောင်များကို မော်လမြိုင်မြို့မှတစ်ဆင့် ဖမ်းမိကြလေသည်။

ယင်းတို့မှာ အခြေအမြစ်မရှိ အချောင်သမား၊ ခါးပိုက်နှိုက်၊ သူခိုး၊ အလစ်သုတ်၊ မုဒိမ်းကောင်အဖြစ် ထောင်ထွက်လူဆိုးများဖြစ်ကြသည်။ ရေခန်း၌ စားကျက်ရှာ

ရွာသို့ရောက်ပြီး တစ်ရွာလုံး စုတ်တသပ်သပ်ဖြင့် ယူကျုံးမရဖြစ်နေကြတော့သည်။ အဆိုးဆုံးမှာ ဦးလေးသိန်း၏ဇနီး ကိုယ်တိုင်နာကျင်လွန်း၍ ခေါင်းနှင့် တိုင်ပင်ဆောင့်၍....



www.burmeseclassic.com



ရင်း ကံဆိုးသူ အေးနုနှင့် ဆုံတွေ့ခြင်းဖြစ်သည်။

အေးနုခမျာ လူရမ်းကားနှစ်ဦး၏ ချုပ်နှောင်ခြင်း၊ အဝတ်ဆို့ ပါးစပ်ပိတ်ခြင်းနှင့် လူမဆန်စွာ ပြုကျင့် ခြင်းခံရပြီး သူ့အသက်ပါ ပေးဆပ် သွားရရှာသူလေး ဖြစ်သည်။

"ဒဏ်ရာဒဏ်ချက်တွေနဲ့တွေ့ရတော့ မင်းတို့ရိုက်နှက်နေတာ ဘယ်သူမှမကြားဘူးလား"


ရဲစခန်းမှူးကမေးရာ မျက်နှာသေလေးဖြင့် စိုးလွင်က စတင်ဖြေသည်။

"အခန်းက နောက်ဖေးမှာ သီးသန့်ခန်းကြီးခင်ဗျ၊ ကိုယ်ပေါ် တစ်ယောက်က တက်ဖိပြီးချုပ်တော့ ရုန်းတယ်၊ ခေါင်းကို ခုတင် ပေါင်နဲ့ရိုက်တော့မူးသွားတယ်၊ ပြန်သတိလည်လာတော့ မျက်နှာကို လက်သီးနဲ့ကြိတ်ထိုးတယ်၊ မေ့သွားပြန်တယ်"

"ရက်စက်လိုက်တာကွာ၊ မင်း တို့ နှမချင်းမစာနာ"

"ကျွန်တော်တို့ မှားသွားပါတယ်"

"အေး.....ဗလရော မင်းပါ ထောင်နန်းလည်းစံပြီးခဲ့ကြပြီ၊ အခု မင်းတို့အမှုကို ခိုင်ခိုင်လုံလုံတင်ပြီး တရားရုံးမှာ ရင်ဆိုင်ကြပေတော့၊ မင်းတို့ ပြန်လွတ်မယ်တော့မထင်နဲ့"





ရဲစခန်းမှူးမှာ စိတ်နာလှသဖြင့် မျက်လုံးဝင်းဝင်းတောက် ကြည့်ကာ အချုပ်ထဲသို့ ပြန်ထည့် ခိုင်းလိုက်သည်။

♛♛♛♛♛

ရွာသို့ ခေါင်းငိုက်စိုက်ဖြင့် ပြန်လာသော ဦးလေးသိန်းမှာ ညမိုး ချုပ်မှ ရွာထဲသို့ ဝင်လာရဲသည်။ တစ်လခန့်မျှကြာမှ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ရဲရှာပေ။ တရားခံများ အမှုမှန်စစ်ဆေးပြီး ပြစ်ဒဏ် ချမှတ်တော့မည်ဖြစ်ကြောင်း သတင်းစုံကြားမှ ဦးလေးသိန်းခမျာ အပြင်ထွက်ရဲရှာသည်။

ဖိုးထောင်မှာ နောက်တစ်နှစ် နှင်းတွေအကျတွင် မရယ်နိုင်၊ မပြုံး နိုင်ရှာ။ လယ်လုပ်ငန်းကိုသာ ဇောက်ချ၍လုပ်နေတော့သည်။

လယ်လုပ်ငန်း၌ အားလုံးသွေ့ခြောက် ဆိတ်ငြိမ်နေပေ တော့သည်။ ချစ်သူရှိရာနယ်မြေ၌ ချစ်သူနှစ်ဦးတို့၏ ဝိညာဉ်လေးများ ဆုံတွေ့ပါစေဟု ဆုတောင်းနေမိ တော့သည်။

**ခင်ဦး (ပုတီးကုန်း)**




www.burmeseclassic.com

www.burmeseclassic.com

# ဆုမွန်ဦး (ဟသ်ာတ)

## အလင်းမဲ့ဆည်းဆာ





www.burmeseclassic.com

www.burmeseclassic.com



## အလင်းမဲ့ဆည်းဆာ

ဆုမွန်ဦး (ဟသ်ာတ)

'ပန်းဟောဝန်'ရိပ်မြုံသို့ ချောမောလှပပြီး ခေတ်မီဝတ်စားဆင်ယင်မှုတို့ဖြင့် ထုံးဖွဲ့ထားသော မိန်းကလေးတစ်ယောက် ခြံရှေ့သို့ ရောက်လာ၏။ ခြံဝရှိ လူခေါ်ဘဲလ်ကို တီးလိုက်သည်။ ဘဲလ်မှာမြည်လာသည်။

"ကလင်..ကလင်..ကလင်"

ခြံစောင့်အဘိုးကြီးတစ်ယောက် ခြံဝသို့ ရပ်လာသည်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"ဩော်.....ဒေါ်မိုးသူဇာကို တွေ့ချင်လို့ပါ"

"မိန်းကလေးက အလုပ်လျှောက်ဖို့ လာခဲ့တာလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မက ဒေါ်မိုးသူဇာနဲ့ ဖုန်းထဲမှာ စကားပြောပြီးပါပြီ၊ သူ သတင်းစာထဲမှာ ခေါ်ထားတဲ့ အိမ်တွင်းနပ်စ်မအလုပ်အတွက် အလုပ်ဆင်းဖို့ လာခဲ့တာပါ"

"ဩော်.....ဩော် မမလေးရဲ့အစီအစဉ်ကိုတော့ လိုက်မမီတော့ဘူးလေ"

စကားဆုံးတော့ ဦးယက္ခ ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ဒေါ်မိုးသူဇာဆီသို့ ခေါ်လာ၏။ အသက် ၃၅ နှစ်ခန့်ရှိ မိန်းမတစ်ဦး ဆိုဖာကုလားထိုင်ကြီးတစ်ခုပေါ်တွင် ထိုင်နေသည်။



"မမလေး သူက မမလေးခေါ်ထားတဲ့ အိမ်တွင်းနပ်စ်အကူလုပ်ဖို့ လာတဲ့မိန်းကလေးပါ"

"ဩော်...ဟုတ်ပါပြီ၊ ထိုင်..ထိုင်"

"ကျွန်မနာမည် မေသက်ထားပါ အန်တီ"

"ဩော်....ကိုယက္ခရေ ဒေါ်ထားမှုံကို ပြောလိုက်ပါ၊ ကော်ဖီတစ်ခွက်ဖျော်ပြီး ယူလာခဲ့ပါလို့"

"ဟုတ်ကဲ့ မမလေး"

ဒေါ်မိုးသူဇာစကားဆုံးတော့ ဦးယက္ခ အခန်းတစ်ခုထဲဝင်သွားသည်။ မကြာမီ အမျိုးသမီးတစ်ယောက် ကော်ဖီတစ်ခွက်ကိုကိုင်၍ ဝင်လာသည်။ မေသက်ထားအားလာချပေးသည်။

"သောက်လိုက်ပါ မေသက်ထား၊ ဩော်.....ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူတို့ကတော့ ဦးယက္ခနဲ့ သူက ဦးယက္ခရဲ့ဇနီး ဒေါ်ထားမှုံပါ၊ အန်တီ့ရဲ့ အမေအမေ

www.burmeseclassic.com

တွေလက်ထက်ကတည်းက နေခဲ့ကြတဲ့သူတွေပါ၊ အန်တီ့ကိုလည်း သူတို့ပဲ ငယ်ငယ်က ထိန်းခဲ့ကြရတာ''

''ဟုတ်ကဲ့၊ ကျွန်မနာမည် မေသက်ထားပါ၊ ကျွန်မကတော့ ဒေါ်မိုးသူဇာကို အနီးကပ်ပြုစုဖို့ ရောက်လာတဲ့သူပါ၊ ကျွန်မကိုလည်း ဝိုင်းပြီးကူညီပေးကြပါ''

စကားဆုံးတော့ ဒေါ်မိုးသူဇာက.....

''ကဲ..ကဲ ဦးယက္ခနဲ့ ဒေါ်ထားမှုံတို့က မေသက်ထားကို ကျွန်မရဲ့ ဘေးကအခန်းမှာနေဖို့ စီစဉ်ပေးလိုက်ပါ''



♛♛♛♛♛

ဒေါ်မိုးသူဇာတစ်ယောက်သည် ပန်းဟေဝန်ရိပ်မြုံကို မရောက်ခင်က မန္တလေးမြို့တွင် ခြံကြီးတစ်ခြံနှင့် နေထိုင်၏။ ဒေါ်မိုးသူဇာတွင် စိုးသူဇာဟူသော ညီမတစ်ယောက်ရှိ၏။ တစ်နေ့တွင် ဒေါ်မိုးသူဇာတစ်ယောက် အဖေနှင့် အမေကိုခေါ်ရင်း အလုပ်ကိစ္စလည်းသွား၊ ဘုရားလည်းဖူးရန် ပြင်ဦးလွင်ဘက်သို့ တက်ခဲ့သည်။

''ညီမလေး စိုး၊ မမတို့ ခရီးသွားနေတုန်း အိမ်မှာ သေသေချာချာ ဂရုစိုက်နော်''

''ဟုတ်ကဲ့ပါ''

''ဦးယက္ခနဲ့ ဒေါ်ထားမှုံတို့ကလည်း ညီမလေးကို ကူညီပေးကြပါ''

''ဟုတ်ကဲ့၊ စိတ်ချသွားပါ မမလေး''

ထိုမှ ပြင်ဦးလွင်အသွား ခရီးတစ်ခုတွင် ကားမှောက်၍ အဖေနှင့် အမေမှာ ဆုံးပါးသွားကြ၏။ ဒေါ်မိုးသူဇာပင်လျှင် ဒဏ်ရာအနည်းငယ်ရ၍ ဆေးရုံတက်ရ၏။ ဆေးရုံမှဆင်းတော့ မန္တလေးနေအိမ်တွင် အနားယူနေရသည်။ သို့သော် နေရသည်ကို မပျော်။ အထူးသဖြင့် အဖေနှင့်အမေ ကြုံတွေ့ခဲ့ရသော အိပ်မက်ဆိုးကြီးက ရင်ထဲတွင် အစဉ်သဖြင့် ကွန်းခိုနေ၏။ ထို့ကြောင့် ညီမဖြစ်သူ စိုးသူဇာအား တိုင်ပင်ကြည့်၏။

''ညီမလေး.....''

''ရှင်.....''

''မမတို့ ဒီအိမ်ကြီးကိုရောင်းပြီး ရန်ကုန်ကို ပြောင်းကြရင် မကောင်းဘူးလားဟင်၊ ဒီအိမ်ကြီးဟာ မမတို့မိသားစုအတွက် အိပ်မက်ဆိုးတစ်ခု မြင်မက်ခဲ့တဲ့နေအိမ်မို့ မမ ဒီအိမ်ကြီးမှာ မနေချင်တော့ဘူး ညီမရယ်''

''အို.....မမမိုးရယ် စိုးကတော့ အဲဒီလိုမတွေးဘူး၊ ဖေဖေနဲ့ မေမေ နေထိုင်သွားခဲ့တဲ့ ဒီအိမ်ကြီးမှာ စိုး အသက်ရှင်နေသရွေ့ ဘယ်တော့မှ ရောင်းလည်းမရောင်းဘူး၊ ခွဲလည်းမခွဲဘူး''

မိုးသူဇာအသံ မာ၍သွား၏။

''အေးလေ၊ ဒါကတော့



www.burmeseclassic.com

www.burmeseclassic.com



ညည်းဆုံးဖြတ်ချက်ပဲ၊ ငါက ညီမ တစ်ယောက်မို့ တိုင်ပင်ကြည့်တာ၊ ငါကတော့လေ ငါလုပ်ချင်တာဆို ရင် ဖြစ်အောင်လုပ်တယ်၊ နောက် မဆုတ်ဘူး၊ ဒီအိမ်ကို မရောင်းရင် လည်း ငါတစ်ယောက်တည်း ရန် ကုန်မှာ ခြံတစ်ခြံဝယ်ပြီးနေမယ်''

♛♛♛♛♛

မိုးသူဇာ ရန်ကုန်ကိုရောက် လာပြီးတော့ ခြံတစ်ခြံကိုဝယ်သည်။ ပန်းဟေဝန်ဟု အမည်ပေး၏။

ဦးယက္ခနဲ့ ဒေါ်ထားမှုံကတော့ မိုးသူဇာနဲ့ လိုက်နေခဲ့ရလေသည်။ ရန်ကုန်တွင် အခြေချရင်း ယခင် လုပ်ကိုင်ခဲ့သော ကုန်သည်များနှင့် ကုန်ရောင်း၊ ကုန်ဝယ်လုပ်ငန်းများ ကို ဆက်၍လုပ်ကိုင်ခဲ့သည်။

တစ်နေ့တွင် နယ်ဒေသတစ်ခု ၌ ကုန်ပို့နေကျဖြစ်သော ကုန်သည် ကြီးတစ်ဦး၏ ကားဒရိုင်ဘာတစ်ဦး ဖြစ်သည့် မင်းထက်ဖုံဟူသော လူ ငယ်တစ်ယောက် ရောက်လာသည်။ ဒေါ်မိုးသူဇာနဲ့ဆုံ၏။ ထိုနေ့က မိုး သူဇာ အိမ်တွင် ရေချိုးပြီး သနပ် ခါးလိမ်းနေ၏။ ဦးယက္ခနှင့် ဒေါ် ထားမှုံတို့မှာ အိမ်တွင်မရှိကြချေ။ ဈေးသွားဝယ်နေကြ၏။

မင်းထက်ဖုံသည် ဝင်ထွက်နေ ကျမို့ ပန်းဟေဝန်ကို ရောက်လာ သည်တွင် အသံမပေးဘဲ အိမ်ပေါ် သို့ တက်လာသည်။ ထိုအချိန်တွင် အသက် ၃၅ နှစ်ကျော်သည့်တိုင် ချစ်သူရည်းစားမရှိသေးဘဲ စီးပွား ရေးလုပ်ငန်းများနှင့်သာ အချိန်ကုန် နေသော အပျိုကြီး ဒေါ်မိုးသူဇာ အား ရေမိုးချိုးပြီး ထဘီရင်ရှားနှင့် မှန်တင်ခုံရှေ့တွင်ထိုင်ကာ အလှ ပြင်နေသည်ကို တွေ့ရ၏။ အပျို ကြီး၏ အဝိုက်၊ အဟိုက်၊ ရှိုက်ဖို ကြီးငယ် ရွက်ပုန်းသီးအလှများကို မြင်တွေ့ရ၏။

မှန်တိုင်းတစ်ခုဆင်လာသည်။ စိတ်ရိုင်းတို့ နိုးကြွလာ၏။ နောက် ဆုံး မင်းထက်ဖုံ အခန်းထဲဝင်သွား သည်။

''မင်း…မင်း ဒါ…ဒါက ဘာ လုပ်တာလဲ၊ ငါ့အခန်းထဲကို ဘာ ဖြစ်လို့ ဝင်လာရတာလဲ''

''ကျုပ်…..ကျုပ် မမကိုချစ် တယ်ဗျာ၊ မမရဲ့ အလှတရားတွေ ကို မြင်လိုက်ရတော့ မနေနိုင်တော့ ဘူး''

မှန်တင်ခုံပေါ်ရှိ ပစ္စည်းလေး များက ဟိုတစ်စ သည်တစ်စ ပြန့် ကျဲသွား၏။ ရေဘူးလေးပင် စားပွဲ ပေါ်မှ လွင့်ကျသွားသည်။ ရေများ က တစ်ပေါက်ချင်းကျနေ၏။ သို့ သော် ထိုအရာများသည် ရေများ မဟုတ်။ မိန်းမတစ်ဦး၏ မျက်ဝန်း အိမ်မှ တစ်စချင်း ကြွေကျလာသော အပြာရောင်မျက်ရည်စများသာဖြစ် ချေ၏။

''ကျုပ်…..ကျုပ် မမမိုးကို လက်ထပ်မှာပါ မမမိုးရယ်၊ တိတ်..

မင်းထက်ဖုံသည် ဝင်ထွက်နေ ကျမို့ ပန်းဟေဝန်ကို ရောက်လာသည်တွင် အသံမပေးဘဲ အိမ်ပေါ်သို့ တက်လာသည်။ ထိုအချိန်တွင် အသက် ၃၅ နှစ်ကျော်သည့်တိုင် ချစ်သူရည်းစားမရှိသေးဘဲ စီးပွားရေးလုပ်ငန်းများနှင့်သာ အချိန်ကုန် နေသော အပျိုကြီး . . .


www.burmeseclassic.com

www.burmeseclassic.com


တိတ်ပါတော့၊ ချစ်လွန်းလို့ မှားသွားတာကို ခွင့်လွှတ်ပါနော်”

ထိုမှ မိုးသူဇာဘဝထဲသို့ မိမိထက် အသက် (၁၀)နှစ်ခန့်ငယ်သည့် မင်းထက်ဖုံဆိုသော လူတစ်ယောက်က စိုးမိုးရင်း ရောက်ရှိလာသည်။ မိုးသူဇာ မင်းထက်ဖုံကိုချစ်ပါ၏။ အထူးသဖြင့် အချစ်ဟူသည့် ဤသည်မှစ၍ လန်းဆန်းခွင့်ရသည် မဟုတ်ပါလား။ မင်းထက်ဖုံ မိမိဘဝထဲရောက်တော့ အစစအရာရာ အလိုလိုက်သည်။ လိုလေသေးမရှိအောင်ထား၏။ မိမိလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကိုပင်လျှင် ယောကျ်ားတစ်ယောက်ပီပီ ဦးစီးဦးဆောင် လုပ်ကိုင်စေလို၏။

သို့သော် မင်းထက်ဖုံမှာ ထိုသို့မဟုတ်။ မိန်းမ၏ ချမ်းသာသော ပိုင်ဆိုင်မှုများကို ဖိမ်ယစ်ရင်း ခပ်ပေါ့ပေါ့နေသည်။ ထို့ပြင် ဇီဇာညိုအရ မိန်းမရှုပ်သည်။ မိုးသူဇာကိုပင်လျှင် မေတ္တာရှိလွန်း၍မဟုတ်။ တဒင်္ဂ မြင်တွေ့လိုက်ရသော အထိအတွေ့ကြောင့် ယစ်မူးကာ ရယူလိုက်ခြင်းဖြစ်လေ၏။



မိုးသူဇာဘဝထဲသို့ မိမိထက် အသက် (၁၀)နှစ်ခန့် ငယ်သည့် မင်းထက်ဖုံဆိုသော လူတစ်ယောက်က စိုးမိုးရင်း ရောက်ရှိလာသည်။ မိုးသူဇာ မင်းထက်ဖုံကို ....



တစ်နေ့ နယ်ဒေသတစ်ခုသို့ မင်းထက်ဖုံမှာ မိုးသူဇာ၏ လုပ်ငန်းကိစ္စနှင့်သွားရ၏။ တစ်ပတ်ခန့်ကြာလေ၏။ ပြန်မလာ။ မိုးသူဇာထံကုန်လာပို့သော ကုန်သည်တစ်ယောက်၏ ပြောစကားအရ မင်းထက်ဖုံကို တည်းခိုခန်းတစ်ခုမှ အမျိုးသမီးတစ်ဦးနှင့် ထွက်လာသည်ကို မြင်ခဲ့ကြောင်း သိရ၏။

ရန်ကုန်သို့ မင်းထက်ဖုံပြန်လာတော့.....

“မင်းထက် ဘာလဲ၊ ကုန်သည်တွေနဲ့ အဆင်မပြေလို့ ကြာနေတာလား”

“ဟုတ်တယ် မမမိုး၊ ကျွန်တော်ရောက်တော့ ခရီးထွက်နေသတဲ့၊ ဒါနဲ့ ကျွန်တော်လည်း ပြန်လာတဲ့အထိ စောင့်နေခဲ့တာ”

“မင်းဘာမှညာမနေနဲ့ မင်းထက်၊ ငါသတင်းရထားပြီးပြီ၊ မင်းနဲ့အတူ တည်းခိုခန်းကထွက်လာတဲ့ ကောင်မက ဘယ်သူလဲ”

“ဩော်.....ဟုတ်ပါတယ်၊ ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်၊ သူက နယ်က ကျွန်တော့်ရည်းစားပါ၊ သူနဲ့လက်ထပ်ဖို့ တိုင်ပင်ထားကြတယ်၊ ဒါပေမဲ့ ကျွန်တော်က မမျှော်လင့်ဘဲ မမမိုးနဲ့ လက်ထပ်ခဲ့ရတာမို့ သူ့ကိုနှစ်သိမ့်ပေးခဲ့တာပါ”

“ဟား...ဟား...ဟား၊ တော်တော်ရယ်ရတာပဲ မင်းထက်ရယ်၊ ရည်းစားဟောင်းကို နှစ်သိမ့်ပေးတဲ့ နေရာကလည်း နေရာရှားလို့ တည်းခိုခန်းခေါ်ပြီး နှစ်သိမ့်သတဲ့၊ တော်ပြီ မင်းထက်၊ ဒါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊



www.burmeseclassic.com

www.burmeseclassic.com

နောက် တစ်ကြိမ်ဆိုရင်တော့ မမမိုး
နှင့် မလွှတ်နိုင်ဘူး၊ ကိုယ့်လမ်း
ကိုယ် လျှောက်ဖို့သာပြင်ထား''

♛♛♛♛♛

ပန်းဟော၀န်ကို
ရောက်တော့ အိမ်၌
ဝေယျာဝစ္စများ လုပ်
နိုင်ဖို့ မိုးသူဇာက ဆွေ
ခေါ်ထားဟူသော အိမ်
ဖော်မလေးတစ်ဦးကို
ခေါ်ထား၏။ ဦးယက္ခနှင့်
ခေါ်ထားမှုမှာ အိမ်၏
ဟင်းရက်ကိစ္စများကို ပြု
လုပ်ရ၏။ တစ်ခါတစ်ရံ
လုပ်ကိစ္စနှင့် သွား
ရသည့်အခါ အဖော်
အဖြစ် ခေါ် သွားရန်ဖြစ်
၏။

စားနေကျကြောင်
ခံတွင်း ချဉ်ဆို
ထားအတိုင်း မင်း
ခံမှာ ဖရိုသူမို့ ခွေး
ကောက် ကျည်
ကိစ္စပ်ဆိုသည့်အတိုင်း ဗီဇ
ပေါ်လာသည်။ တစ်နေ့
ထဲတွင် မီးပူတိုက်နေသော
ကော်ထားအား

''ထား.....''

''ဘာလဲ ကိုကြီး''

''ကိုကြီး မင်းကိုချစ်တယ်ကွာ၊ ပြီးတော့ မင်းဘဝလေးကိုလည်း သနားတယ်''

''အို.....ကိုကြီးရယ်၊ ထားကို တကယ်သနားရင် ဒီစကားတွေ မပြောပါနဲ့နော်၊ မမမိုးသူဇာ



ကလည်း ကိုကြီးကို ချစ်ရှာသားနဲ့''

''အို.....ဒါတွေ မင်းမသိပါဘူး ထားရယ်၊ ကိုယ့်ရည်းစားဟောင်းနဲ့ တွေ့တဲ့အကြောင်း သိပြီးကတည်းက ကိုကြီးတို့ရဲ့ အိမ်ထောင်ရေးက မသာယာဘူး''

''ထား တောင်းပန်ပါတယ် ကိုကြီးရယ်၊ ထားဟာ မိကောင်းဖခင် သားသမီးတစ်ယောက်ပါ၊ ထားကို အဲဒီလို အကျပ်ရိုက်မယ့်စကားတွေ မပြောပါနဲ့၊ အန်တီမိုးသိရင်လည်း သမီးကို သတ်ပစ်လိမ့်မယ်''

''အိုကွာ..... မရဘူး၊ ကိုယ်ကတော့ ချစ်တာပဲသိတယ်''

''အို.....ကိုကြီး လွှတ်၊ လွှတ်ပါရှင်၊ အဲဒီလိုမလုပ်ပါနဲ့၊ ထား... ထားကြောက်တယ်''

''မလွှတ်ဘူးကွာ..... မလွှတ်ဘူး၊ ချစ်တယ်ပြောမှ လွှတ်မယ်''

ထိုစဉ် အခန်းတစ်ခုကို ဒေါ်မိုးသူဇာအဖြတ် ထိုမြင်ကွင်းကိုမြင်၍ ဒေါသဖြစ်၍သွားသည်။

''တောက်.....''

သို့သော် ဤကိစ္စကို ရှင်း၍ မဖြစ်သေး။ မသိဟန်ဆောင်လိုက်ရ၏။ ထိုမှ ဤကိစ္စကို ဖြေရှင်းရန် သွေးအေးအေးဖြင့် စဉ်းစား၏။

''မင်းထက်.....မင်းထက်၊



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ပါလား မင်းထက်ရယ်၊ နင့်ကို ငါက အားကိုးရမလားလို့ ယူလိုက်တာ၊ ခုတော့ နင်ကငါ့အတွက် မြွေပွေးခါးပိုက် ပိုက်ထားသလို ဖြစ်နေပြီ''

မိုးသူဇာမှာ မင်းထက်ဖံကို ချစ်၏။ ယခုမြင်တွေ့ရသည်ကို သိပ်မယုံချင်။ အိပ်မက်တစ်ခုနှယ် ပိုးတဝါးထားလို၏။ အထူးသဖြင့်



ယောကျ်ားဖြစ်သူ မင်းထက်ဖံ၏ အပြစ်ဟူ၍ မယူဆချင်ပေ။ အိမ်ဖော်မလေးဖြစ်သည့် ဆွေသက်ထားတစ်ယောက် အနေအထိုင်မတတ်၍သာ ဤသို့ဖြစ်ရသည်ဟုတွေး၏။

ထိုမှ ညညအတွေးတွေက ဝင်လာသည်။ အိပ်မပျော်သည့် ဝေဒနာများ ခံစားလာရ၏။ ရင်တွေ တုန်လာသည်။ တစ်နေ့တွင်တော့ ဦးယက္ခနှင့် တိုင်ပင်ကြည့်၏။

''ဖြစ်ပါ့မလား မမလေး''

''ဦးယက္ခရယ်....ဦးယက္ခကလည်း မိုးနဲ့နေလာတာကြာပြီ၊ မိုးအကြောင်း မသိသေးဘူးလား၊ မိုးဘဝမှာ မဖြစ်ဘူးဆိုတာ ဘာမှမရှိဘူး၊ ဟား.....ဟား.....ဟား''

ထို့ကြောင့် မန္တလေးတွင်ရှိနေသော ညီမဖြစ်သူ စိုးကိုခေါ်သည်။

''စိုး မမ နေမကောင်းဘူး၊ ညီမလေးကို တွေ့ချင်တယ်၊ ဒါကြောင့် အမြန်ဆုံးလာခဲ့ပါနော်''

စိုးသူဇာ ရောက်၍လာ၏။ နောက်တစ်နေ့မှာပင် ဒေါ်မိုးသူဇာ မန္တလေးသို့ အရေးကြီးကိစ္စတစ်ခု ဖြင့်သွားရန် စီစဉ်၏။ ဆွေသက်ထားကိုလည်းခေါ်ကာ မိမိနှင့်အတူ မန္တလေးသို့ လိုက်ရမည့်အကြောင်း ပြော၏။

''မမမိုး နေမကောင်းဘူး ခရီးသွားလို့ ဖြစ်ပါ့မလား''

''မသွားမဖြစ်တဲ့ ကိစ္စတ ပေါ်လာလို့ပါ စိုး၊ မမမိုးအတွ ဘာမှမပူနဲ့၊ မမ နှစ်ရက်လော ကြာမှာပါ၊ ညီမလေး စောင့် နော်''

''အားလုံးအဆင်သင့်ဖြစ် မမလေး''

ဦးယက္ခ အကြောင်းကြား လေတော့ ဒေါ်မိုးသူဇာက ဦးယ ကို ကားမောင်းခိုင်းကာ ဆွေသ ထားအားခေါ်၍ မန္တလေးသို့ထွ လာခဲ့သည်။ ပြန်အလာတွင် ဒေါ် သူဇာနှင့် ဦးယက္ခသာ ပြန်ရော လာသည်။ ဆွေသက်ထားကတော ပြန်ပါမလာခဲ့ပေ။

♛♛♛♛♛

စိုးသူဇာမှာ အစ်မဖြစ်သူ သူဇာ နေမကောင်း၍ တစ်ခေ ရန်ကုန်တွင် လာနေခြင်းဖြစ်သေ လည်း တစ်လခန့်ကြာ၍သွား ပြန်မည်ဟုလုပ်တိုင်း မိုးသူဇ တားလာ၏။ မိုးသူဇာမှာ နှ ရောဂါဝေဒနာဖြစ်စပြုလာ၏။ ကြောင့် မောသည့်အခါ‌ေ လှုပ်ရှားသည့်အခါ လှုပ်ရှားမှု သောအားဖြင့် အနားယူရသည



www.burmeseclassic.com

း၏။ ထို့ကြောင့် အလုပ်ကိစ္စများ စိုးသူဇာနှင့် မင်းထက်ဖဲတို့က ဦးဆောင်လုပ်ရလေသည်။

စိုးသူဇာနှင့်မင်းထက် အနေ တော့ ချဉ်သီးနှင့်ဆား အတူထား သလို အရည်ပျော်လာသည်။ တစ် စိုးသူဇာ ကိစ္စရှိသည်ဆို၍ မင်း က်ဖဲက မီနီမားကတ်တစ်ခုသို့ းနှင့်လိုက်ပို့ရသည်။ ဤတွင် သူဇာနှင့်မင်းထက်ဖဲတို့ ငြိသွား တော့သည်။ တစ်နေ့ မိုးသူဇာ ပြင်သို့သွားနေခိုက်.....

“မစိုး.....”

“ရှင်..ကို..ကိုမင်းထက်၊ ရှင် ဖြစ်လို့ အခန်းထဲဝင်လာတာ”

“အို.....စိုးကလည်း ချစ်လို့ တာပေါ့”

“အို.....ကို.....ကိုမင်းထက်၊ ကောင်းပါဘူး၊ မမမိုးပြန်လာလို့ သွားရင် မကောင်းဘူး၊ သွား ပါနော်”

“အို.....မရဘူးဗျာ”

“မင်းထက် ပြောမရဘူးလား၊ လိုက်မှာနော်”

ထိုစဉ် မိုးသူဇာပြန်လာရင်း သို့ရောက်လာ၏။ ထိုအသံ ကြား၍ မိုးသူဇာ အံ့သြ သည်။

“ဆောက်.....တိရစ္ဆာန်တွေ၊ ခွေးကြကြပြီး ဖြစ်ချင်တိုင်း ဖြစ်နေကြတယ်ပေါ့”

ရုတ်တရက် ဒေါသထွက်၍ သွားသော်လည်း သူ၏ဗီဇဉာဉ် အတိုင်း သိုသိုဝှက်ဝှက်ပြုရင်း မသိ သလိုနေလိုက်သည်။ ထိုည မိုးသူဇာ အိပ်မပျော်။ တစ်ညလုံးနီးပါး စိတ် တွေလှုပ်ရှား၍ အိပ်မပျော်၊ နေ၍ မကောင်း။ ထို့ကြောင့် မေသက် ထားက ပြုစုရ၏။

“စိတ်လှုပ်ရှားစရာ၊ စိတ် မကောင်းစရာတွေ မတွေးပါနဲ့ ဒေါ် မိုးသူဇာ၊ အရာရာတိုင်းဟာ ကံ တရားရဲ့ အစီအမံတွေမို့ ဘာမဆို ကိုယ်ဖြစ်ချင်တိုင်း မဖြစ်ဘူးလေ”

“ဟုတ်ပါတယ် သက်ထား ရယ်၊ ဒါပေမဲ့ အန်တီ့ဘဝက ဘယ် လိုမှန်းကိုမသိဘူး၊ ခုတလော စိတ် ဆင်းရဲစရာတွေပဲ ဆက်တိုက်ကြုံ နေရတယ်”

တစ်နေ့တွင် မိုးသူဇာက ဦး ယက္ခနှင့် တိတ်တဆိတ်တိုင်ပင်၏။ ထို့နောက် ညီမဖြစ်သူ စိုးသူဇာအား ပြောခဲ့သည်။

“ညီမလေးစိုး၊ မမတို့မန္တလေး အိမ်ကို သွားကြရအောင်၊ မမလည်း မန္တလေးမှာ အလုပ်ကိစ္စတစ်ခုရှိလို့”

“စိုးလည်း ပြန်ချင်နေတာ ကြာပြီ၊ မမမိုးက နေပါဦးဆိုလို့ စိုး က နေနေရတာ”

“ကဲ.....ဒါဆို ဒီနေ့ညနေပဲ မန္တလေးကို သွားကြမယ်”



စိတ်လှုပ်ရှားစရာ၊ စိတ်မကောင်းစရာတွေ မတွေးပါနဲ့ ဒေါ်မိုးသူဇာ၊ အရာရာတိုင်းဟာ ကံတရားရဲ့ အစီအမံတွေမို့ ဘာမဆို ကိုယ်ဖြစ်ချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပြန်မည့်ညနေကျမှ ကောက်ကာငင်ကာ ရင်တွေတုန်ပြီး နေမကောင်း၍ မလိုက်လိုတော့သည့်အကြောင်းပြောသည်။ ထိုမှ မင်းထက်အား ညီမလေးစိုးသူဇာအားလိုက်ပို့ရန် ပြောလိုက်သည်။ ရေဝတ်တုန်း ရေတွင်းထဲကျဟူသောစကားကဲ့သို့ စိုးသူဇာနှင့်မင်းထက် ပျော်သွားသည်။ မိမိတို့အကြောင်းကို မိုးသူဇာမသိဟု ထင်ထားသည်။ လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင် ကဲချင်တိုင်းကဲခွင့်ရတော့မည်ဟုတွေးကာ ပျော်လာသည်။

“ကဲ.....မမမိုး စိုးသွားတော့မယ်၊ ကျန်းမာရေးလည်း ဂရုစိုက်နော်”

“အေး...အေး၊ ကောင်းပါပြီ၊ မင်းတို့နှစ်ယောက် အချစ်ကမ္ဘာတစ်ခုမှာ ပျော်ရွှင်နိုင်ကြပါစေ”

ထိုစကားများသည် ဒေါ်မိုးသူဇာ၏ အသံမဲ့စကားများသာဖြစ်၏။ ထိုနေ့က မင်းထက်နှင့် စိုးသူဇာတို့ လမ်းတွင် ကားဘရိတ်ပေါက်၍ အက်ဆီးဒင့်ဖြစ်ကာ နှစ်ဦးစလုံး သေဆုံးသွားကြတော့၏။

♛♛♛♛♛

ပန်းဟေဝန်အိမ်ကြီး၏ အခန်းတစ်ခုတွင်ဖြစ်၏။ ဒေါ်မိုးသူဇာမှာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေရင်း ပြတင်းပေါက်ကိုငေးနေ၏။

“ဒေါ်မိုးသူဇာ၊ ဒီဆေးလေး သောက်လိုက်ပါ”

မေသက်ထားက ရေခွက်နှင့်အတူ သောက်ရန်ဆေးတို့ကို ယူလာ၏။ ဆေးတိုက်ရင်းမှ.....

“တစ်နေ့တစ်နေ့ ဒီလိုပဲ အိမ်ကြီးထဲမှာ နေနေတော့မှာလား ဒေါ်မိုးသူဇာ၊ စိတ်ပြေလက်ပျောက် အဖြစ် ခရီးတစ်ခုခုထွက်စေချင်တယ်၊ ဒါမှလည်း စိတ်ဖိစီးမှုတွေ လျော့ပါးသွားမယ်”

“ဒါဆိုရင်တော့ တခြားကို မသွားတော့ဘူး၊ မန္တလေးကအိမ်ကိုပဲ သွားတော့မယ် သက်ထားရယ်၊ ဒီအိမ်ကြီးကို မိုးမရောက်တာကြာပြီ၊ ညီမလေးစိုးကိုလည်း ဒီရက်ပိုင်းမှာ သတိရလာတယ်”

တစ်ရက်တွင် မန္တလေးရှိအိ
သို့ ဦးယက္ခအား ကားမောင်း
ကာ မေသက်ထားနှင့်အတူ ဒေါ်
သူဇာ ရောက်လာသည်။ ဒေါ်မိုး
ဇာ အိမ်တံခါးများကို ဖွင့်လိုက်
လေကောင်းလေသန့်ရရန်ဖြစ်
၏။ ထိုစဉ် အိမ်နောက်ဖေး
တည့် ရေကန်ရှိသည့်နေရာ
ပိတ်ထားသော ပြတင်းတံခါးကို
သက်ထားက ဖွင့်လိုက်၏။

“ဟင်.....မဖွင့်နဲ့.....မဖွင့်
သက်ထား မဖွင့်နဲ့၊ အဲဒီတံခါး
ပြန်ပိတ်.....ပြန်ပိတ်”

ဒေါ်မိုးသူဇာ ထိတ်ထိတ်
ပျာဖြစ်သွားသည်။ မေသက်
မှာ နားမလည်သလိုဖြစ်သွားသ

“ဘာဖြစ်လို့လဲ ဒေါ်မိုးသူ

“အို.....ဟို ဘာမှမဖြစ်ပ
ကွယ်”

ထိုစဉ် ပုပ်အဲ့အဲ့အနံ့တစ်
တိုးဝင်လာသည်။

ညနေ ခြံထဲလမ်းလျှော
တွင်လည်း မေသက်ထားကိုတွ

**ထိုစကားများသည်ဒေါ်မိုးသူဇာ၏အသံမဲ့စကားများသာဖြစ်၏။ ထိုနေ့က မင်းထက်နှင့် စိုးသူဇာတို့လမ်းတွင် ကားဘရိတ် ပေါက်၍ အက်ဆီးဒင့်ဖြစ်ကာနှစ်ဦးစလုံး**



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရင်း နောက်ဖေးရေ
ကန်လေးနားအရောက်.....

“အို..အို မူးတယ်..မူးတယ်”

“ဟင်...ဒေါ်မိုးသူဇာ၊ ဘာ..
ဘာဖြစ်လို့လဲ”

“ရင်တွေတုန်လိုက်တာ
သက် ထားရယ်”

“လာ..လာ၊ ဒါ...ဒါဆို
အိမ် ပေါ်မြန်မြန်ပြန် တက်
ကြမယ်”



အိမ်ပေါ်ရောက်
တော့ ကုလားထိုင်
တစ်လုံးတွင် ထိုင်
နေ၏။ မေသက်
ထားက ဆေးများ
တိုက်၏။ ထိုစဉ်
ဦးယက္ခအခန်းထဲဝင်လာ
သည်။

“ဒါကြောင့် မမလေးကို ကျွန်
တော်ပြောတာပေါ့၊ ဒီမန္တလေးအိမ်
ကို မလာပါနဲ့လို့၊ ခုတစ်ခါ ရေကန်
နားကို လမ်းလျှောက်သွားပြန်
တယ်၊ ဒီညနေပဲ ရန်ကုန်ကိုပြန်ကြ
မယ်”

ထိုစဉ် တံခါးခေါက်သံပေးရင်း
ရဲအဖွဲ့ဝင်များ ဝင်လာ၏။ ထိုရဲ
အဖွဲ့ဝင်များမှာ မေသက်ထားက
ကြိုတင်စီစဉ်ရင်း အကြောင်းကြား
ထားသောကြောင့် ရောက်ရှိလာကြ
ခြင်းဖြစ်သည်။

“ကျွန်တော်တို့ အိမ်ဖော်မ
လေး ဆွေသက်ထား ပျောက်နေ
တဲ့ကိစ္စရယ်၊ ဟိုတလောက စိုး
သူဇာနဲ့ မင်းထက်ဖံ ကားအက်ဆီး
ဒင့်ဖြစ်ပြီး သေဆုံးရတာတွေရယ်
ဟာ သွေးရိုးသားရိုးမဟုတ်မှန်းသိ
ထားလို့ ဒေါ်မိုးသူဇာကို မေးမြန်း
စရာရှိလို့ လာခေါ်တာပါ”

ဒေါ်မိုးသူဇာနှင့် ဦးယက္ခတို့
မေသက်ထား၏မျက်နှာကို မော့
ကြည့်လိုက်ကြ၏။

“ဟုတ်ပါတယ် ဒေါ်မိုးသူဇာ၊
ဒီပန်းဟေဝန်မှာ အိမ်ဖော်လုပ်ခဲ့တဲ့
ဆွေသက်ထားဟာ ကျွန်မရဲ့ညီမ
လေးပါ၊ ကျွန်မကတော့ ရဲမေ မေ
သက်ထားပါ၊ ဒါကြောင့် အထက်
က တာဝန်ပေးတဲ့အတွက် ဒီအမှု
တွေ အမှန်ပေါ်ပေါက်ဖို့ ကျွန်မ
နပ်စ် အဖြစ် ရောက်လာခဲ့တာပါ”

ဒေါ်မိုးသူဇာမှာ ခေါင်းငိုက်
စိုက် ကျသွားတော့သည်။

“ကျွန်မ.....ကျွန်မ ဝန်ခံပါ
တော့မယ်ရှင်၊ ကျွန်မ မင်းသက်ကို
ချစ်လွန်းလို့ မင်းထက်နဲ့ ငြိစွန်းခဲ့
တဲ့ ဆွေသက်ထားကို မန္တလေးအိမ်
ကိုခေါ်လာပြီး ဒီက ဦးယက္ခနဲ့ နှစ်
ယောက် ကော်ဖီခွက်ထဲ အဆိပ်
ခတ်သတ်ပြီး ဟောဟိုက ရေကန်
နားမှာ မြှုပ်ထားပါတယ်၊ ပြီးတော့
အစ်မမျက်နှာကိုမှ မထောက်
လုပ်ရက်တဲ့ညီမနဲ့ သစ္စာမဲ့တဲ့
ခင်ပွန်းဖြစ်သူ မင်းထက်တို့
ကိုလည်း ဦးယက္ခနဲ့ တိုင်
ပင်ပြီး ကားဘရိတ်
ပေါက်အောင် လုပ်ထား
ခဲ့ပါတယ်၊ ဒါကြောင့်
ကျွန်မပြုခဲ့မိတဲ့ ပြစ်မှု
တွေအတွက် ကျွန်မကို
အပြစ်ပေးကြပါတော့ ရှင်”

စကားဆုံးတော့ ရဲမေတစ်ဦး
က ဒေါ်မိုးသူဇာနှင့် ဦးယက္ခတို့ကို
လက်ထိတ်ခတ်လိုက်၏။ မေသက်
ထားကတော့ ရပ်ထားသော ရဲကား
လေးဆီသို့ ဒေါ်မိုးသူဇာကို ဖေးဖေး
မမ တွဲရင်းခေါ်ဆောင်လျက်.....။

**ဆုမွန်ဦး (ဟင်္သာတ)**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## သတင်းထောက်ကြီးရဲ့အမေ

ရေနဂါး

"သမီး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ အမေ၊ ကိုဝဏ္ဏကော ဘယ်မှာလဲဟင်၊ သမီး တောင်းပန်မလို့"

သတိမေ့မြောနေရာမှ ပြန်လည်သတိရလာသည့် မမြကြည်၏ အမေးကို မိခင်ဖြစ်သူက စိတ်ကောင်းစွာကြည့်ရင်း ဖြေခဲ့သည်။ သားအမိနှစ်ဦး အပြန်အလှန်ပြောဆိုနေသည်ကို ကိုဝဏ္ဏဆိုသူက အခန်းဝအကွယ်မှကြည့်၍ အကဲခတ်နေခဲ့သည်။

"ကိုဝဏ္ဏ ရှိပါတယ်၊ မမြကြည် သတိရမှ အိမ်ပြန်မယ်လို့ ဒေါ်ဒေါ့်ကိုလည်း ကတိပေးထားပါတယ်"

ကိုဝဏ္ဏက အခန်းဝမှလျှောက်လာရင်း လှမ်းပြောသည်။ သမီးဖြစ်သူ၏ အရိပ်အကဲအား မိခင်ဖြစ် သူကသိ၍ အသာရှောင်ပေးလိုက်၏။

"ကဲ.....သမီးတို့နှစ်ယောက် စကားပြောကြဦး၊ မေမေ အိမ်သာသွားလိုက်ဦးမယ်"

မိခင်ဖြစ်သူက အခန်းတွင်းမှ ထွက်ခွာသွားသည်။ မမြကြည်က အနီးသို့ရောက်လာသော ကိုဝဏ္ဏအား လှမ်းဖက်၍ ခွင့်လွှတ်ရန်



တောင်းပန်စကားပြောလိုက်သည်။

"ကျွန်မကို ခွင့်လွှတ်ပါ ကိုဝဏ္ဏရယ်"

ကိုဝဏ္ဏက ဘာမျှပြန်မပြောဘဲ မမြကြည်၏ခန္ဓာကိုယ်အား အသာအယာဖယ်ခွာ၍ နှစ်သိမ့်စကားပြောလိုက်၏။

"နေကောင်းအောင်လုပ်ပါ မမြကြည်၊ ပြီးမှ ရုံးကိုလာခဲ့၊ ဟုတ်ပြီလား၊ မမြကြည်ရဲ့လှည့်ကွက်က ကုသိုလ်ရတဲ့အလုပ်ပဲ၊ နောက်ပြီး ကိုဝဏ္ဏက သွေးအမြဲတမ်းလှူနေကျလေ၊ မမြကြည်က ကိုယ့်သွေးကိုလိုချင်တယ်ဆိုရင်လည်း ပြောနော်"

"တော်ပြီ.....တော်ပြီ၊ ဒီလောက်နဲ့ရပ်ပါ ကိုဝဏ္ဏ"

မမြကြည်က ကိုဝဏ္ဏအား ပြောလိုက်၏။ ရှက်သွေးကြောင့် မမြကြည်၏မျက်နှာမှာ နီရဲနေ၏။ ရှက်စိတ်ကြောင့် မျက်နှာကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်သို့လှည့်လိုက်သည်။

အိမ်သာမှပြန်လာသော မိခင်ဖြစ်သူက ချောင်းဟန့်၍ အခန်းတွင်းသို့ ဝင်လာခဲ့၏။ ကိုဝဏ္ဏနှင့် မမြကြည်တို့က မမြကြည်တို့က မမြကြည်၏မိခင်အသံကြားရမှ တစ်ဦးကိုတစ်ဦး အကြည့်ချင်းလွှဲလိုက်ကြ၏။

"သမီး ဆရာဝန်ကြီးက သမီးကို ဒီညနေမှာ ဆေးရုံကဆင်းလို့ရပြီတဲ့"

"ဟူး.....အခုမှပဲ လွတ်လပ်သွားတယ်"

မမြကြည်၏နှုတ်မှရုတ်တရက်ထွက်လာသော နှုတ်ထွက်စကားသံကြောင့် ကိုဝဏ္ဏက ပျာပျာသလဲဖြင့် လှမ်းပြောလိုက်ရသည်။

"လွတ်လပ်တယ်လုပ်မနေနဲ့ မမြကြည်၊ မနက်ဖြန် ဂျာနယ်တိုက်ကိုလာပြီး အလုပ်ဆင်းတော့"

"ဟုတ်ကဲ့ပါ သတင်းထောက်ချုပ်ကြီးရယ်၊ လာခဲ့ပါ့မယ်"

♛♛♛♛

မမြကြည် ဆေးရုံမှဆင်းပြီး နောက်တစ်နေ့၌ အလုပ်ဆင်းရန် ဂျာနယ်တိုက်သို့ ထွက်လာခဲ့သည်။ မိုးတွင်းကာလ မိုးရွာချိန်ဖြစ်နေ၍ ဖြတ်သန်းမောင်းနှင်သွားလာနေသော ကားများကြောင့် လမ်းမပေါ်



မှရေများ လွင့်စဉ်လာရာ မမြကြည်၏ မျက်နှာပြင်တစ်ခုလုံး ထိမှန်စိုရွှဲသွားခဲ့သည်။

"ဟယ်.....သွားပါပြီတော်"

မမြကြည်က စိတ်တိုတိုဖြင့် လှမ်းအော်လိုက်၏။

မမြကြည်အား ရေစဉ်အောင် မောင်းသွားသောကားက ဘရိတ်အုပ်၍ နောက်ပြန်လိုမ့်လာသည်။ ကားပေါ်မှ ရုပ်ချောချော၊ အိုက်တင်ကောင်းကောင်း၊ ရောင်မျက်မှန်နက်တပ်ထားသူတစ်ဦး ဆင်းလာသည်။ ထိုသူကိုမြင်လိုက်သည်နှင့် မမြကြည်မှာ အံ့အားသင့်သွားခဲ့ရ၏။ ရုပ်ရည်ချောသည်မှန်သော်လည်း မမြကြည်က ဒေါသဖြင့် ထိုသူကိုဆီးကြိုရန်တွေ့ပစ်လိုက်၏။

"ဒီမယ် ရှင့်ကားကြောင့် ကျွန်မ အဝတ်အစားတွေ စိုကုန်ပြီ"

ကားပေါ်မှဆင်းလာသူက တပ်ထားသောမျက်မှန်နက်ကို အပေါ်သို့ပင့်တင်၍ ဆီးကြိုရန်တွေ့သူ မမြကြည်ကို စိတ်တိုတိုနှ လှမ်းအော်ပြောလိုက်၏။

"ဟာ.....ရန်တွေ့ကောင်း ချည်လား၊ ကျွန်တော် အစ်မက ကူညီမလို့ ဆင်းလာတာပါ၊ မြန် ယဉ်ကျေးမှုအရ အလိုက်သိ တောင်းပန်ဖို့ ဆင်းလာသူ အစ်မရဲ့ဆီးကြိုမှုက ရိုင်းစိုင်းလွ လှပါတယ်"

မမြကြည်ကလည်း ချက်ချ ခွန်းတုံ့ပြန်လိုက်၏။

"တော်ပြီ.....တော်ပြီ၊ လမ်းရှင်းသွား"

"ကောင်းပြီလေ၊ သွား တော့လည်း သွားရတာပေါ့၊ ချောသလောက် အပြော မိန်းမချောလေးရေ၊ နောက်တင်



www.burmeseclassic.com

www.burmeseclassic.com

ကြုံတော့မှ အကြွေးပါပေါင်းပြီး ကူညီမယ် သိလား”

♛♛♛♛♛

“ဒုန်း.....”

မမြကြည် ဘာဖြစ်လာတာတုံး”

မမြကြည်က လမ်းတွင်ဖြစ်ခဲ့သမျှကို ကိုဝဏ္ဏရှေ့ ရောက်သောအခါ မကျေနပ်ချက်ကို ရင်ဖွင့်ပြောပြလိုက်တော့၏။

“ကားတစ်စီးပေါ့၊ သူ့ကိုယ်သူ ဂျိမ်းစ်ဘွန်းလိုသဘောထားပြီး ကားကိုမောင်းတော့ ကျွန်မကို ရေတွေစိုကုန်တာပေါ့၊ ရှင်မမြင်ဘူးလား”

ကိုဝဏ္ဏက ပြုံးစိစိဖြင့် လှမ်းကြည့်လိုက်၏။

“ဟ.....ကားမောင်းတဲ့သူကို ရန်မတွေ့ဘဲ ငါ့ကိုလာပြီး ရန်တွေ့နေပါလား”

“တော်ပြီ....တော်ပြီ၊ ရှင်တို့ ယောကျ်ားတွေက ယောကျ်ားသားတစ်ဦးရဲ့အပြစ်ကို မသိချင်ယောင်ဆောင်ပြီး အကာအကွယ်ပေးတတ်ကြတယ်၊ ကဲ.....အခု ဘာနိုင်းမှာလဲ”

မမြကြည်က သူမ၏ မကျေနပ်ချက်ဖြင့် အားလုံးကိုရန်တွေ့နေ၍ ကိုဝဏ္ဏမှာ သူပြောမည့်စကားကို မေ့သွားခဲ့၏။ နောက်မှမနည်းပြန်စဉ်းစားရင်းပြောခဲ့၏။

“ဒီလို မမြကြည်ရဲ့၊ အခုအစ်ကိုတို့တာဝန်ယူနေရတဲ့နေရာက သတင်းထောက်တွေ အရမ်းများတယ်၊ သတင်းတစ်ပုဒ်ကို လုရေးနေရတယ်၊ ဒါကြောင့် နယ်လှည့်သတင်းထောက်အနေနဲ့ သတင်းလိုက်ယူမလားလို့၊ ဒါမှ



သတင်းထူး၊ သတင်းဦးကိုရမှာ၊ ဒီမှာက သွက်လက်တဲ့ သတင်းထောက်အနေနဲ့ မမြကြည်နဲ့အစ်ကိုပဲရှိတာ”

“ကိုဝဏ္ဏသွားရင် မမြကြည်ပဲ ဒီမှာတာဝန်ယူရမှာပေါ့၊ နှစ်ယောက်အတွက် အလုပ်လုပ်ရမှာဆိုတော့ လစာလည်း နှစ်ယောက်စာရမှာပေါ့နော်”

“လစာကိစ္စ ညှိထားပါတယ်၊ လစာနှစ်သောင်းတိုးပေးဖို့ တိုက်ပိုင်ကို ပြောပြီးသားပါ”

“နည်းတယ်”

“ဟင်.....ဒါဆို ဘယ်လောက်ထပ်တိုးရမှာလဲ”

ကိုဝဏ္ဏက ငွေစကားပြောနေသော မမြကြည်ကို မယုံကြည်နိုင်သောအကြည့်ဖြင့် ကြည့်လိုက်၏။ မမြကြည်ကလည်း သိသည်။

“နည်းတယ် များတယ် မပြောတော့ပါဘူး၊ ပေးနိုင်သလောက်ပဲထပ်တိုးပေးပေါ့၊ အလုပ်ကတော့ တစ်ယောက်တည်းက နှစ်ယောက်စာ အလုပ်လုပ်ရမှာ”

♛♛♛♛♛

မမြကြည်မှာ ကိုဝဏ္ဏထွက်သွားပြီး ရက်သတ္တတစ်ပတ်မပြည့်မီမှာပင် အလုပ်များလာသလောက် အရေးအသားတက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သာမန်သတင်းထောက်တစ်ဦး၏တာဝန်ကိုသာမက သတင်းထောက်ချုပ်၏ တာဝန်များကိုပင် ပီပြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

မမြကြည်က အလုပ်ဆင်းချိန်၌ အတွေးဖြင့် မှန်မှန်လေး လမ်းလျှောက်နေခဲ့၏။ ထိုစဉ် ကားတစ်စီးက အနားတွင် ထိုးရပ်လာခဲ့၏။

"ကျွီ....."

ကားတစ်စီးက သူ့နားတွင် အရှိန်ဖြင့်ရပ်လိုက်သဖြင့် မမြကြည်က ကားအားလှမ်းကြည့်သည်။ ကားထဲမှ ယာဉ်မောင်းကို မှတ်မိလိုက်၏။ ရေတွေပေကျံကုန်သည့်အထိ အမောင်းကြမ်းခဲ့သူလူငယ်နှင့် ထပ်မံဆုံလိုက်ရခြင်းဖြစ်သည်။ ထိုသူက အပြုံးကိုဖွင့်၍ ကားထဲမှ ဆင်းလာခဲ့သည်။ ထို့နောက် လက်ထဲမှ အထုပ်တစ်ထုပ်ကို မမြကြည် ထံသို့ လှမ်းပေးလိုက်၏။

ကားတစ်စီးက သူ့နားတွင် အရှိန်ဖြင့်ရပ်လိုက်သဖြင့် မမြကြည်က ကားအားလှမ်းကြည့်သည်။ ကားထဲမှ ယာဉ်မောင်းကို မှတ်မိလိုက်၏။ ရေတွေ ပေကျံကုန်သည်အထိ . . .

"ရော့....အစ်မလေးအတွက်၊ ဟိုနေ့က ရေစိုသွားတဲ့ အဝတ်အစားတွေအတွက် ကျွန်တော့်ရဲ့ တောင်းပန်မှုလက်ဆောင်ပါ"

"ကျွန်မ ဒါတွေမလိုချင်ဘူး၊ လိုလည်းမလိုဘူး၊ ပြီးခဲ့တဲ့ကိစ္စကို ကျွန်မက ပြန်ပြီးသတိမရတတ်ဘူး၊ ကျွန်မ ဆက်သွားရမယ့်လမ်းကို ဆက်လျှောက်ပါရစေ"

"အို.....ဒီလိုလည်း ဘယ်ဟုတ်မလဲ အစ်မလေးရယ်၊ အစ်မလေးမှမယူရင် ဘယ်မိန်းမကို သွားပေးရမလဲ"

"ရှင် မိုက်ရိုင်းလှချည်လား"

လူငယ်၏ ပြောင်ချော်ချော် စကားကြောင့် မမြကြည်မှာ စိတ်တိုသွားခဲ့၏။

"တောင်းပန်ပါတယ်၊ ကျွန်တော်က တစ်ယောက်တည်းနေတဲ့ သူမို့ စကားပြောမဆင်ခြင်မိတာပါ"

"ကဲ...ပေး...ပေး၊ ရှင်သွားတော့၊ လူတွေက ကျွန်မတို့ကို ဝိုင်းကြည့်နေကြပြီ"

"ကျေးဇူးပဲ အစ်မရပ်ဆိုး၊ သွားလိုက်ဦးမယ်နော်"

လူငယ်က ကျီစယ်နောက်ပြောင်၍ လှည့်ထွက်သွားခဲ့၏။



♛♛♛♛♛



www.burmeseclassic.com



နယ်လှည့်၍
သတင်းရယူနေသည်မှာ
ခြောက်လခန့်ရှိ သွားပြီဖြစ်၏။
ရရှိသည့်သတင်းကို
ဂျာနယ်တိုက်သို့
Fax,E-mailတို့ဖြင့်
ပို့ပေးခဲ့သည်။
သူ၏သတင်းများကို . . .

"ဂျာနယ်တွေ....ဂျာနယ်တွေ၊ သတင်းထောက်ကြီးက အမှုအခင်း ဖြစ်တဲ့သတင်းကို ကိုယ်တိုင် လိုက်စုံစမ်းပြီး ရဲလက်ကိုအပ်ခဲ့တဲ့ သတင်း ထူးတွေပါတယ်"

"ဟာ.....တယ်ဟုတ်တဲ့ ငါ့ တပည့်ပါလား၊ ဒါကြောင့် သူ့ကို အပ်ခဲ့တာ မှန်သွားပြီ"

ကိုဝဏ္ဏမှာ နယ်သို့ခရီးထွက်ရာမှ ဂျာနယ်အခြေစိုက်ရုံးသို့ပြန် လာခဲ့သည်။

ကိုဝဏ္ဏ နယ်လှည့်၍သတင်း ရယူနေသည်မှာ ခြောက်လခန့်ရှိ သွားပြီဖြစ်၏။ ရရှိသည့်သတင်းကို ဂျာနယ်တိုက်သို့ Fax,E-mail တို့ဖြင့် ပို့ပေးခဲ့သည်။ သူ၏သတင်းများကို ဂျာနယ်တိုက်က ဦးစားပေး၍ ဖော်ပြပေးခဲ့သည်။ ယခုပြန်လာချိန်၌ မမြကြည်၏ကြိုးစားမှုကို ဂုဏ်ပြုရန် ဖြစ်လာရသည်။

မမြကြည်၏အိမ်သို့ ဦးစွာသွားခဲ့သည်။ မမြကြည်၏အိမ်ရှေ့သို့ မရောက်မီ မမြကြည်အိမ်ရှေ့၌ ရဲကားရပ်ထားသည်ကို လှမ်းမြင်လိုက်ရ၏။ စိုးရိမ်စိတ်ဖြင့် မမြကြည်ရှိရာသို့ အပြေးသွားခဲ့ရသည်။

"အဒေါ် ဘာဖြစ်လို့လဲ"

"မင်းညီမ မမြကြည်ပျောက်သွားလို့ကွဲ့"

မမြကြည်၏မိခင်က ကိုဝဏ္ဏအား မျက်ရည်စများဖြင့်လှမ်းကြည့်ရင်း ပြောလိုက်၏။

"သူပျောက်သွားလို့ ရဲစခန်းသွားတိုင်တော့ ရဲက သူနေတဲ့ အခန်းကို စစ်ဆေးချင်တယ်ဆိုလို့ အဲဒါ ရဲတွေက သက်သေတွေနဲ့ ဝင်စစ်နေလေရဲ့"

"မမြကြည်ရယ် ဖြစ်မှဖြစ်ရလေ"

ကိုဝဏ္ဏက အံ့အားသင့်စွာဖြင့် လှမ်းကြည့်ရင်း အိမ်ရှေ့၌ ဝင်ထိုင်လိုက်၏။

အခန်းတွင်းမှ အော်ပြောပြီး ထွက်လာသော အမှုစစ်ရဲအရာရှိ၏ စကားကြောင့် ကိုဝဏ္ဏမှာ စိတ်သက်သာရာရသွားခဲ့သည်။

"ဆရာ တွေ့ပြီဗျို့၊ မမြကြည်က ဒီကောင်နဲ့မှ သွားပြီးတော့သက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့"

အမှုစစ်ရဲအရာရှိက အတူ လိုက်ပါလာသော စခန်းမှူးကို စစ်ဆေးတွေ့ရှိချက်အား သတင်းပို့လိုက်၏။

"ကဲ.....အဒေါ်ရေ စိတ်မပူနဲ့တော့၊ အခု ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်အရ မမြကြည်နဲ့ ပတ်သက်သူက လူမှောင်ခိုမှုနဲ့ ပြစ်ဒဏ်ကျခံရာက လွတ်လာတာ မကြာသေးဘူး၊ အချိန်မီ ကယ်ထုတ်နိုင်ပါလိမ့်မယ်"

"အဲဒီလူက ဘယ်သူတဲ့လဲ"

"ဟိန်းဇော်တဲ့၊ သူဘယ်မှာရှိနေကယ်ဆိုတာ သိပါတယ်၊ မကြာမီ အဒေါ့်ရဲ့သမီးနဲ့ ပြန်တွေ့နိုင်ပါလိမ့်မယ်"

"ကောင်းပါပြီကွယ်၊ ကြိုးစားပေးကြပါနော်"

"ဟုတ်ကဲ့ပါ"

♛♛♛♛♛

"ကလင်.....ကလင်"

"ဟယ်လို ---မြို့မရဲစခန်းက တာဝန်မှူး ဒုရဲအုပ် မျိုးသူရပါ၊ ဘာများကူညီရမလဲ"

"ကျွန်မပြောတာကို လိုက်မှတ်ပေးပါ၊ ကျွန်မတို့ရှိတဲ့နေရာကို လာခဲ့ပါ"

ဒုရဲအုပ် မျိုးသူရက ဖုန်းထဲမှ



အသံရှင်၏ပြောစကားများကိုမှတ်ထားပြီးနောက် စခန်းမှူးထံတင်ပြခဲ့၏။ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် အဆင့်ဆင့် တင်ပြခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ဖုန်းဖြင့် ဆက်သွယ်သူ အမျိုးသမီးပြောပြသောနေရာသို့ သက်သေများနှင့် အတူ သွားခဲ့ကြသည်။

သတင်းရရှိရာနေရာသို့ ပိုက်စိပ်တိုက် ရှာဖွေနိုင်ခဲ့ကြသည်။

ဟိန်းဇော်နှင့်အတူ လူကုန်ကူးခံရမည့် မိန်းကလေးသုံးယောက်အား ကယ်တင်လိုက်နိုင်၏။

ရဲစခန်းမှူးက ဟိန်းဇော်အား ဖမ်းမိသည့်နေရာ၌ပင် အရေးပေါ် စစ်ဆေးမှုပြုခဲ့သည်။

"ဟိန်းဇော်"

"ခင်ဗျာ"

"မင်းကွာ ထောင်ကထွက်လာတာ သိပ်မကြာသေးဘူး၊ ဘာ ကြောင့် မကောင်းတဲ့အလုပ်ကို ဆက်လုပ်နေတာလဲ"

"ကျွန်တော်လည်း အလုပ် မရှိဖြစ်နေချိန်မှာ အရင်ကလူတွေ နဲ့ အဆက်အသွယ်ပြန်ရလို့ လုပ် တာပါ"

"ဒါနဲ့ မမြကြည်ရော"

"ဘယ်သူ့ကိုပြောတာ ကျွန်တော် ဒီသုံးယောက်ကို တာ၊ ကျန်တဲ့သူကို ကျွန်တော်မ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးက ဓာတ်ပုံကိုထုတ်
ပြလိုက်၏။

ဟိန်းဇော်က ဓာတ်ပုံကိုမြင်
လိုက်ရသည်နှင့် အံ့သြတကြီး ရေ
ရွတ်လိုက်မိသည်။

''သင်းကြောင့်
အဖမ်းခံရ တာကိုး၊
သတင်းထောက်
ကြီးပါလား''

ဓာတ်ပုံကို
ကြည့်ရင်း အံ့
သြ သင့်နေစဉ်
ယင် သူ့အနီး
ပြည်း ညင်းစွာ
ရောက်လာသည့်
အသံကို ကြားလိုက်
၏။

"ဟုတ်ပါတယ် စခန်းမှူး၊
ရဲ့ညွှတ်ကွင်းထဲကို ကျွန်မ မကျ
ရောက်ခဲ့ပါဘူး၊ ဟိန်းဇော်ရဲ့ ပြုမူ
ဆက်ဆံပုံကို မသင်္ကာလို့ ကျွန်မ
နောက်ယောင်ခံလိုက်ပြီး စုံစမ်း
တော့ လူကုန်ကူးတဲ့သတင်းရတာ
ကျွန်မ အိမ်ကနေ ပျောက်သွား
တို့မျိုးနဲ့ ရဲကိုသတင်းပေးတာပါ၊
...နောက်ပြီး.....''

မမြကြည်၏စကားမဆုံးမီ
စခန်းမှူးက ဝင်မေးလိုက်၏။

"ရဲစခန်းကို သတင်းပေးတာ
မမြကြည်ပေါ့ ဟုတ်လား''

"ဟုတ်ပါတယ်ရှင့်၊ ရဲတပ်ဖွဲ့
လုပ်ဆောင်ချက် မြန်ဆန်လွန်းလို့
အခုလို လူကုန်ကူးဂိုဏ်းကို ဖမ်းမိ
လိုက်တာပေါ့ရှင်''

''မင်းတို့သတင်းထောက်တွေ



က အခုလိုသတင်းမျိုးကို စုံစမ်းပြီး
ရဲတပ်ဖွဲ့ကို ကူညီတဲ့အတွက်
အများကြီး ကျေးဇူးတင်ပါတယ်၊
တစ်မျိုးသားလုံးအတွက် ဂုဏ်ယူ
ဝမ်းမြောက်ပါတယ်''

''ကျွန်မက သတင်းနဲ့ပတ်
သက်ပြီး သဲသဲမဲမဲ ဖွဲ့ရှိတဲ့သူပါ၊
မရရအောင် စုံစမ်းလေ့ရှိပါတယ်၊
အဲ ဒါကြောင့် ဖမ်းမိတာပါ''

''မမြကြည်က သားကောင်
အဖြစ် အယုံသွင်းပြီး သတင်းယူ
ခဲ့တာပေါ့''

''ဟုတ်ပါတယ်''

''ကျေးဇူးပါပဲဗျာ''

''ကျွန်မအမေလည်း စိုးရိမ်
လောက်ပြီ၊ ကျွန်မကို ပြန်ခွင့်ပြုပါ
ဦး၊ ကိုဟိန်းဇော် နောက်မှ
တွေ့ မယ်နော်''

နောက်တစ်နေ့
၌ ဂျာနယ် လက်
ပွေ့သမားများ ၏
နှုတ် ဖျားမှ
သတင်းထောက်
ကြီးက လူကုန်
ကူး ဂိုဏ်းကြီးကို
ဖော်ထုတ်လိုက်
ပြန်ပြီတဲ့ ဟူသော
သတင်းခေါင်းစဉ်
ကြောင့် ဂျာနယ်ရောင်း
သူမှာ ဈေးကွက်၌ အရောင်း
သွက်လွန်းလှ၏။

**ရေနဂါး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ကောင်းကျိုးကိုယ်၌တည်စေချင်




ထက်ထက်ဦးဝေ

"အမေ..အမေ၊ အိမ်ကိုလိုက်ခဲ့ဦးဗျ"

နေလင်းအောင်က ဒေါ်ဖြူပြာရှိရာသို့ အပြေးတစ်ပိုင်းရောက်လာ၏။ အလှုပြင်ဆိုင်တွင်ရောက်နေသော ဒေါ်ဖြူပြာက မျက်စောင်းထိုးကာ ပြောတော့သည်။

"အမယ်လေးဟဲ့...ဆံပင်လေးသာလုပ်ပါတယ်ဆိုမှ နောက်ကြောင်းမအေးဘူး၊ ဒီမှာ တန်းလန်းကြီးဟဲ့၊ ဘယ်လိုလိုက်လို့ရမှာလဲ"

"မလိုက်ချင်လည်းနေဗျာ၊ အိမ်မှာ သူခိုးဖောက်လို့ ကုန်ပြီ"

"နင့်သောက်ပါးစပ်ပုပ်ကြီးနဲ့ ဘာတွေလျှောက်ပြောနေတာလဲ၊ နင့်အဖေရော အပြင်ထွက်သွားတာ ပြန်မလာသေးဘူးလား"

"မလာသေးဘူး၊ အမေ့သမီးလည်း ကျူရှင်ထွက်သွားတာ ဘယ်တွေလျှောက်လိမ့်နေလဲမသိဘူး၊ ခုချိန်ထိ ပြန်မလာသေးဘူးဗျ"

"အဲဒါဘာဖြစ်သလဲ၊ သူလည်းဝယ်ချင်တာ သွားဝယ်နေမှာပေါ့၊ သွား.....အိမ်ပြန်တော့"

နေလင်းအောင်မှာ ခေါင်းကိုတွင်တွင်ကုတ်၍.....

"ခဏလိုက်ခဲ့ဦး အမေ၊ တကယ်ပြောတာ၊ အိမ်ထဲသူခိုးဝင်သွားတယ်၊ အထဲမှာ ဖရိုဖရဲနဲ့ဗျ"

"ဟင်..ဟုတ်လား၊ ဒါနောက်စရာမဟုတ်ဘူးနော် ဖိုးနေ"

"ဘုရားစူးရပါစေရဲ့ဗျာ၊ အဲဒါကြောင့် လာခေါ်တာပေါ့"

ဆံပင်အလှုပြင်ဆိုင်တွင် ပြင်နေသူများလည်း စိတ်ဝင်စားသွားကြသည်။ ဒေါ်ဖြူပြာလည်း ယောက်ယက်ခတ်သွား၏။

"ညီမရေ အိမ်လိုက်သွားမှဖြစ်မယ်ကွယ်၊ ဒုက္ခပါပဲ"

"ဟောတော်.....အချိန်ပြည့်လို့မှ ခေါင်းမလျှော်ရင် ဆံပင်တွေပျက်စီးကုန်တော့မှာပဲ"

"ပျက်စီးလည်း ပျက်စီးပါစေတော့ကွယ်၊ အရေးပေါ်ဖြစ်နေမှတော့ သွားရတော့မှာပဲ၊ ပြီးမှပြန်လာလုပ်မယ်"

ဆံပင်အလှုပြင်ဆိုင်မှ အမျိုးသမီးမှာ ပင့်သက်ချရင်း ကျန်ရစ်ခဲ့၏။ ဒေါ်ဖြူပြာလည်း သားနှင့်အတူ အိမ်ဆီသို့ အပြေးအလွှားသွားရတော့သည်။ နေ့လယ်ခင်းထမင်းစားသောက်ပြီးသည်နှင့် ယောက်ျားက အလုပ်ကိစ္စနှင့်အပြင်ထွက်သွားသလို သမီးက ကျူရှင်သွား၊ သားက အိမ်မကပ်ပေ။ အားလပ်ရက်ဖြစ်သော်လည်း ဒေါ်ဖြူပြာမှာ အိမ်စောင့်ကျန်ခဲ့၏။ သည်တော့ ဆံပင်ကောက်ချင်သည့် စိတ်ဆန္ဒကြောင့် အိမ်တံခါးသော့ခတ်၍ထွက်လာမိသည်။

အိမ်သားလေးယောက်လုံးတွင် အိမ်သော့ကိုယ်စီရှိကြသည့်အတွက် ဒေါ်ဖြူပြာက စိတ်ချလက်ချ ထွက်ခဲ့ခြင်းဖြစ်၏။ အခုတော့ အိမ်ထဲ

www.burmeseclassic.com



တွင် အိမ်စောင့်မရှိသည်ကို သူခိုးက လေ့လာနေပုံရသည်။ ထို့ကြောင့်လည်း လူအလစ်တွင် အိမ်ထဲဝင်မွှေသွားခြင်းဖြစ်ပေမည်။

"အိမ်ကိုဘယ်လိုလုပ်ထားခဲ့သလဲ ဖိုးနေ"

"သော့ပြန်ခတ်ခဲ့တယ် အမေ၊ သူခိုးက ဘယ်နေရာကနေ ဝင်ပြီးသမသွားလဲမသိဘူး၊ ဒီလိုလုပ်ပါလား အမေ၊ ကိုနေမျိုးကို သွားဝင်ခေါ်လိုက်မယ်"

"အေး..ကောင်းတယ်၊ အမေလည်း ဦးဇင်အောင်ကို ဝင်ခေါ်မယ်၊ သူတို့ကို သက်သေပြပြီး ရဲစခန်းကို တိုင်ရမယ်"

သားအမိနှစ်ယောက်လည်း သက်သေလူများကိုခေါ်၍ အိမ်သို့အမြန်သွားကြတော့သည်။ အိမ်ထဲရောက်သည့်နောက်.....

"အမယ်လေးတော်....ငါ့ဗီရိုကြီး ပွင့်နေပါလား၊ ဗီရိုကို ရိုက်ဖွင့်သွားတယ်၊ ကုန်ပြီလားမသိပါဘူး"

ဒေါ်ဖြူပြာလည်း သူ့ပစ္စည်းများနှင့် ငွေများထည့်ထားသည့် ဗီရိုအား မွှေနှောက်ရှာဖွေရာ.....

"အီး...ဟီး...ဟီး၊ သွားပါပြီတော်၊ သွားပါပြီ၊ ကုန်ပါပြီ၊ ဘာတစ်ခုမှ မကျန်တော့ပါလားတော့်၊ အီး.....ဟီး.....ဟီး"

ထိုင်ငိုနေတော့သည်။ လွန်ခဲ့သည့်လက အိမ်ရောင်းထားသည့် စရန်ငွေ သိန်းငါးဆယ်လည်း ပါသွား၏။ စုဆောင်းငွေ ငါးသိန်းလည်း မရှိတော့သလို ရတနာပစ္စည်းမျိုးစုံ သိန်း ၇၀ ဖိုးခန့်လည်း ပါသွားသေးသည်။ မှတ်မှတ်ရရ ညကမှ ယောကျ်ားက ငွေတစ်သိန်းပေး၍ ရေတွက်ပြီးမှ သားရေပင်နှင့် သေသေချာချာစည်းထားသည့်ငွေလည်း ပါသွားခဲ့သည်။

ထိုင်ငိုနေတော့သည်။

လွန်ခဲ့ သည့်လက

အိမ်ရောင်းထားသည့်

စရန်ငွေ

သိန်းငါးဆယ်လည်း

ပါသွား၏။

စုဆောင်းငွေငါးသိန်းလည်း

မရှိတော့သလို .....

"ငိုနေလို့မပြီးဘူး မဖြူပြာ၊ ခင်ဗျားယောကျ်ားကို အကြောင်းကြားဦးလေ၊ ပြီးရင် သက်ဆိုင်ရာကို အကြောင်းကြားဖို့လည်းရှိသေးတယ်"

"ဟုတ်တယ်၊ ဒီကိစ္စက ရဲကေ့စ်ပဲ၊ ခြေရာလက်ရာ မပျက်စေနဲ့ဦး"

"ရှင်တို့ကောင်းသလိုသာလုပ်ကြပါတော့ရှင်၊ ကျွန်မတော့ စိတ်ဆင်းရဲနေရပါပြီ၊ တစ်သက်လုံးစုဆောင်းထားသမျှ တစ်ရက်တည်းနဲ့ အကုန်ပါသွားပြီ၊ အီး...ဟီး.....ဟီး"

ဒေါ်ဖြူပြာမှာ ငိုလိုက်၊ ပြော လိုက်နှင့် စိတ်အညစ်ဆုံးဖြစ်သွား ရ၏။ သည်လိုမှန်းသိလျှင် ဆံပင် အလှပြင်ဆိုင်ကို ထွက်သွားခဲ့မည် မဟုတ်ပေ။ အလုမက်၍ အိမ် ဖောက်ခံရသည့်အဖြစ်ပင်။ ခဏ အကြာတွင် သက်ဆိုင်ရာမှ တာဝ ရှိသူများလည်း ရောက်လာကြပြီး စစ်ဆေးကြ၊ မေးမြန်းကြနှင့် လု ဆောင်နေကြ၏။ စုစုပေါင်း ငွေသား တန်ဖိုး ကျပ် သိန်း ၁၃၀ ခန့် သွား၏။ နှမြောလိုက်သည့်ဖြစ်ခြ ပင်။

ရဲတပ်ဖွဲ့ဝင်များ စစ်ဆေး ချိန်တွင် ယောကျ်ားနှင့် သမီး သူတို့လည်း ရောက်လာကြသ အမောတကောနှင့် သူတို့လည် လှမ်းမှကြားလာခဲ့ဟန်တူ၏။ သူ



www.burmeseclassic.com

ကိုတွေ့သည်နှင့် ဒေါ်ဖြူပြာက....

"ကုန်ပြီ.....ကုန်ပြီတော်၊ ကျွန်မတို့မိသားစုမှာ ဘာမှမရှိတော့ဘူး၊ ဟီး.....အီး.....အီး"

"ငွေက ပြန်ရှာရင် ရတာပဲကွာ၊ ပစ္စည်းဥစ္စာလည်း ငွေရှိရင် ဝယ်နိုင်တာပဲ၊ မင်း စိတ်မညစ်နဲ့ မိန်းမ၊ ငါပြန်ရှာပေးမယ်"

"ဟုတ်ပါတယ် အမေရယ်၊ မငိုနဲ့တော့နော်၊ ဖြစ်ချိန်တန်လို့ဖြစ်ရတာပါ၊ သမီးတို့လည်း ဘယ်စိတ်ကောင်းပါ့မလဲနော်"

"ဖြူပြာ့အမှားပါတော်၊ ဒီဆံပင်ကို သွားကောက်မိလို့ ဖြစ်ရတာ၊ ကတုံးတောင် တုံးပစ်လိုက်ချင်ပြီ"

"ဟယ်..အမေ့ဆံပင်က လုပ်တုန်းတန်းလန်းကြီးပေါ့၊ ဟီ...ဟိ"

"ဩော်.....ညည်းက ရယ်နိုင်သေးတယ်နော်၊ ကျူရှင်အပြန်အိမ်ကိုမြန်မြန်ပြန်လာခဲ့ပါလား၊ ဟိုဝင်ဒီထွက်နဲ့ ညည်းကိုမစောင့်နိုင်လို့ ထွက်သွားတာပဲ"

"တစ်ခါတည်းပါ အမေရာ၊ စိန်ဂေဟာမှာ ပရိုမိုးရှင်းလုပ်လို့ မီးမီးတို့နဲ့ လိုက်သွားတာပါ၊ အမေ့သားကျတော့ မဆူဘူးလား"

"မမနော် နင်ငါ့ကို ဆွဲမထည့်နဲ့ ငါပြောလို့ အမေသိတာ"

"ကဲပါကွာ မင်းတို့ အချင်းများမနေကြနဲ့၊ မင်းတို့အမေ စိတ်ညစ်နေတယ်"

သည်တော့မှ မောင်နှမနှစ်ယောက်လည်း အသံတိတ်သွားကြတော့၏။ ဒေါ်ဖြူပြာက ရှေ့ရေးနောင်ရေးကို မျှော်တွေးတတ်သူပီပီ အိမ်ရှင်မကောင်း ပီသသူပါ။ ယခုလိုဖြစ်လာခြင်းက သူမအတွက် ဆုံးရှုံးမှုတစ်ခုဟု မြင်ပြီး စိတ်ညစ်လွယ်တတ်သူဖြစ်သည်။ ဦးစိုးအောင်နှင့် သားသမီးနှစ်ယောက်က မက်မက်မောမော မရှိတတ်ပေ။ တစ်နည်းအားဖြင့် သခါရတရားကို နားလည်သူများဖြစ်ကြ၏။

"ပစ္စည်းသခါရ၊ လူသခါရပေါ့ကွာ"

ဦးစိုးအောင်က ထိုသို့နားချလိုက်မိသည်။



"ဟော့ကောင် အောင်မောင်း၊ မင်း ထောနေပါလားကွ"

အောင်မောင်းက သူ့အားမေးလာသူကို ရယ်ကျဲကျဲဖြင့် ပြောလိုက်၏။ ပေပေတေတေနေတတ်သည့် အောင်မောင်းမှာ အခုတော့ဖြင့် ဝတ်ကောင်းစားလှများဖြင့် ထောနေပုံရသည်။

"ယောက္ခမအမွေရလို့ဗျို့၊ မိန်းမက ဒါဝတ်ရမယ်ဆိုလို့ပါ"

"သိပါဘူးဗျာ၊ ထီများပေါက်သလားလို့ မေးကြည့်တာပါ"

"ဟာ....အောင်မောင်း၊ မင်းက လူလိုဝတ်ထားပါလား"

"ဟော.....လုပ်ပြီဗျာ၊ ကျုပ်က လူလိုမဝတ်လို့ ဘယ်လိုဝတ်ရမှာလဲ"

"အမြဲတမ်း အကျီကျွတ်နဲ့ နေတာကိုးကွ၊ ဟဲ.....ဟဲ"

အောင်မောင်းကို တွေ့သူတိုင်းက အထူးအဆန်းဖြစ်နေကြသည်။ ရပ်ကွက်ထဲတွင် ချို့တဲ့လွန်းသော အောင်မောင်းက လူတကာနှင့်ဖတ်

www.burmeseclassic.com



ဖြစ်၏။ အလုပ်ကြမ်းနှင့် ခြံကကာ အစ အိမ်သာတွင်းတူးသည်အထိ အလုပ်လုပ်နေရသည်။ အောင်မောင်းမိန်းမ ဝိုင်းစိန်မက ခိုင်းသော အိမ်များတွင် အဝတ်လျှော်၊ မီးပူတိုက်၊ သန့်ရှင်းရေးလုပ်ပေးရ၏။ ကလေးသုံးယောက်နှင့် ဆင်းရဲလွန်းသူပါ။ သို့ပေမယ့် သနပ်ခါးအဖွေးသားနှင့် ကလေးများကအစ လိမ်းကျံထားတတ်ကြသည်။



"ဟော.....ဒါက ဘယ်သွားကြမှာလဲ၊ မိသားစုတွေ စုံစုံလင်လင်နဲ့ပါလား"

ဝိုင်းစိန်မနှင့် ကလေးသုံးယောက်က ဝတ်ကောင်းစားလှများနှင့် တန်းစီထွက်လာကြသည်။ ဝိုင်းစိန်မလက်ထဲရှိ ဆွဲခြင်းအကြီးထဲတွင် စတီးလ်ငါးဆင့်ထမင်းချိုင့်နှင့် ရေသန့်ဘူးများ၊ အချိုရည်ဘူးများ ထည့်ထား၏။ မြင်ရသည်မှာ အထူးအဆန်းဖြစ်နေသည်။

"ဟုတ်ပ့ါ၊ ဘယ်ကိုသွားကြမှာလဲ၊ ပြောပါဦးဗျာ"

"ဘုရားနဲ့ တိရစ္ဆာန်ရုံလေ"

"ဟာ...ထိထိုးမယ်ဟေ့၊ ထူးထူးဆန်းဆန်းပါလား၊ သွားကြပါဗျာ၊ ပျော်ကြပါ"

"သွားမယ်နော်၊ မုဒိတာပွားကြပါရှင်"

ဝိုင်းစိန်မက တခါခါလုပ်၍ လျှောက်သွား၏။ သူတို့အပေါ် စိတ်ထားတတ်သူများက ပီတိဖြစ်နေကြ၏။

"သနားပါတယ်ကွာ၊ သူတို့ဘဝလေးတွေက အခုမှ ပျော်ရတာပါ၊ ယောက္ခမဆီက အမွေရလို့တဲ့"

"ရပါစေဗျာ၊ ဒါမှလည်း သူတို့ဘဝတွေ ပြောင်းလဲသွားကြမှာပါ၊ ငွေရှိတုန်း အလုပ်တစ်ခုခုကို အရင်း အနှီးလုပ်ဖို့ အောင်မောင်းကိုတိုက်တွန်းရမယ်"

"တော်ကြာ ဝိုင်းစိန်မ ဖြုံလရမ်းသုံးနေတာနဲ့ ကုန်မှာ"

သို့ပေမယ့် အောင်မောင်းတို့အပေါ် မုဒိတာပွားတတ်သူများက အမျိုးမျိုးဝေဖန်နေကြသည်။

"အလကားပါကွာ၊ ဘယ်နေရာက အချိုကြီးပွလာသလဲမှ မသိတာ၊ ယောက္ခမအမွေရဖို့ နေနေသာသာ သူ့ယောက္ခမက သူတို့လိုပဲနေမှာပေါ့၊ ဒါကြောင့်မို့ ဝိုင်းစိန်မနဲ့ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တာပေါ့ကွ"

"တို့တော့ မယုံဘူးဟေ့၊ ဟုတ်ချင်မှဟုတ်မှာပါ၊ တစ်နေရာရာက ခိုးလာသလားမှ မသိဘဲကွာ"

အမျိုးသမီးများကလည်း မနာလိုစိတ်ဖြင့် ပြောကြ၏။

"တစ်သက်လုံးက ထဘီစုတ်၊ အင်္ကျီစုတ်နဲ့ နေလာတဲ့ ဝိုင်းစိန်မက အခုမှ ကောင်းကောင်းမွန်မွန် နေရတာပါအေ၊ အထင်ကြီးစရာ မရှိပါဘူး"

"ဟင်း.....လည်ပင်းမှာလည်း ရွှေဆွဲကြိုးနဲ့တော့၊ လက်စွပ်တွေ၊ လက်ကောက်တွေနဲ့ ဘယ်လိုထောနေပါလိမ့်"

ဘဝတူချင်းများက အားကျစိတ်ဖြင့် ငွေလာချေးကြပြန်သည်။

"လှလိုက်တာအေ၊ ရှင့်မှာ အဝတ်၊ တောင်းမှာအကျ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သိပ်မှန်ပါလားနော်"

"အမေ့ကောင်းကျိုးကြောင့်အေ့"

"ဟုတ်လား၊ ဝိုင်းစိန်မအမေက ဘာရောင်းလိုက်လို့လဲ"

"အဖေ့ဘက်က အမွေလာပေးတာတဲ့၊ အဖေဆုံးတာ ကြာပြီလေ၊ အဲဒါ အဖေရသင့်ရထိုက်တဲ့ အမွေကို အမေ့ကိုပေးလို့တဲ့"

"ညည်းက ဘယ်လောက်ရခဲ့တာလဲ"

"ဩော်.....ဒါတော့ ပြောလို့ဖြစ်မလား၊ တော်ကြာ ကျုပ်ကိုအနှ ကြမ်းလာစီးရင် ဘယ်လိုလုပ်မလဲအေ"

"ဒါဆိုလည်း ကျုပ်တို့ကိုငွေချေးပါလား ဝိုင်းစိန်မရယ်"

"မချေးပါဘူးအေ၊ ညည်းတို့အတွက် ခေါင်းထဲထည့်ပြီးသားပါ၊ ရော့.....တစ်ယောက်တစ်သောင်းစီ၊ ကျုပ်အလှူနော်"

ဝိုင်းစိန်မသည် သူ့ကဲ့သို့ပင် မရှိရှာသူနှစ်ဦးအား ငွေကျပ်တစ်သောင်းစီ ပေးလိုက်၏။

"ကျေးဇူးတင်လိုက်တာအေ၊ ညည်းတို့မိသားစု ဒီ့ထက်မက ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ"

ဆုအသီးသီးပေးကြပြီးနောက် လှူလိုက်သောငွေတစ်သောင်းအား ဝမ်းသာအားရ ဆုပ်ကိုင်ကာ ပြန်သွားကြ၏။ အောင်မောင်းက ဝိုင်းစိန်မကို သတိပေးလိုက်ပြန်သည်။

"နင်နော် ငွေတွေတအားသုံးမနေနဲ့၊ ကိုယ့်မရှိရင် ဘယ်သူမှ လာပေးကြတာမဟုတ်ဘူး၊ နင်လည်း ကုန်းကောက်စရာမရှိတဲ့ဘဝက ဘက်လာတာပဲနော်၊ ငွေကို တနဖိုးရှိရှိသုံးစမ်းပါ၊ လျှောက်လှူမနေနဲ့၊ ကိုယ်က ပေးမကုန်၊ လှူမခန်းတဲ့ သူဌေးမ မဟုတ်ဘူး"

"စာနာလို့ပါတော်၊ ကျွန်မပေးတဲ့ငွေဟာ သူတို့အတွက် တစ်ဘဝစာမဖြစ်ပေမယ့် တစ်ခဏစာတော့ ဖူလုံသွားမှာပါ၊ တစ်ယောက်က သူ့ကလေး နေမကောင်းဖြစ်နေတယ်၊ အစာရေစာမဝတော့ ကျန်းမာရေး ချူချာပြီပေါ့ရှင်"

"ခဏခဏတော့ ပေးကမ်းမနေနဲ့နော်၊ တော်ကြာ ရမှန်းသိရင် အလုပ်လုပ်ချင်တော့မှာမဟုတ်ဘူး၊ သူတို့ယောကျ်ားတွေက သောက်ပျင်းတွေ"

အောင်မောင်းက အကြောင်းသိနေသဖြင့် ဝိုင်းစိန်မအား ကြိုတင်ပြောထားလိုက်၏။ သို့ပေမယ့် ဝိုင်းစိန်မက မိန်းမပီပီ အကြွားလေးနှင့် ရပ်ကွက်အလှူတွင်လည်းလှူလိုက်၊ ဝတ်ကာစားကာဖြင့် သွားလာလိုက် လုပ်နေတော့သည်။

စာနာလို့ပါတော်၊ ကျွန်မပေးတဲ့ငွေဟာ
သူတို့အတွက် တစ် ဘဝစာမဖြစ်ပေမယ့်
တစ်ခဏစာ တော့ ဖူလုံသွားမှာပါ၊ တစ်ယောက် က သူ့ကလေး
နေမကောင်းဖြစ်နေ တယ်၊
အစာရေစာမဝတော့

♛♛♛♛♛

"ဒီအိမ်က အောင်မောင်းတို့အိမ်လား၊ အထဲမှာ ဘယ်သူတွေရှိနေသလဲ"

နေ့လယ်ခင်းတွင် အိပ်နေသော အောင်မောင်းအား ဝိုင်းစိန်မ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဝိုင်းစိန်မတစ်ယောက် မျက်ရည်နှင့် မျက်ခွက်ဖြစ်နေရတော့၏။ သက်ဆိုင်ရာက ဝိုင်းစိန်မပစ္စည်းများအား အသိသက်သေများနှင့် လာသိမ်းသွားကြသည်။ ငွေသား လက်ကျန်ကအစ အပိုးတန် ဝယ်ယူထားသော.....

က နှိုးလိုက်သည်။

"ကိုအောင်မောင်း....ထပါဦးရှင်၊ အိမ်ရှေ့မှာ အမျိုးသားနှစ်ယောက် ရောက်နေတယ်၊ ရှင့်နာမည်ကို မေးနေတယ်တော့်"

"ဟုတ်လား"

အောင်မောင်းလည်း လူးလဲထလာရာ မျက်နှာစိမ်းအမျိုးသားနှစ်ဦးကိုတွေ့ရ၏။ သူတို့မေးသမျှကို ဖြေပြီးနောက် အောင်မောင်းကို ရဲစခန်းသို့ ခေါ်ဆောင်သွားရန်ပြင်ကြသည်။

"ကျွန်မယောကျ်ားကို ဘာဖြစ်လို့ ဖမ်းတာလဲဟင်"

"စစ်ဆေးစရာရှိလို့ပါ၊ မသင်္ကာမှုနဲ့ ရပ်ကွက်ထဲကတိုင်လို့ မေးမြန်းဖို့ပါဗျာ"

"ကိုအောင်မောင်းက ဘာလုပ်ခဲ့လို့လဲရှင်"

"အဲဒါတော့ ပြောလို့မဖြစ်ပါဘူးဗျာ"

အောင်မောင်းသည် ရဲဝံ့သောမျက်နှာထားဖြင့် ဝိုင်းစိန်မအား အပြစ်ပြောလိုက်၏။

"အေး.....အဲဒါ မင်းအသုံးမကျတာပဲ ဝိုင်းစိန်မ၊ ရပ်ကွက်ထဲမှာ ကြွားကြွား ကြွားကြွားလုပ်ဦးလေ၊ ထီပေါက်တာဆိုလည်း ထားတော့၊ အခုဥစ္စာက ဘယ်သူမှမယုံကြဘူးကွ"

ဝိုင်းစိန်မလည်း သူ့အမှားအား သိမြင်သွားပြီးနောက် အောင်မော
ကိုသာ စိတ်မချမ်းသာစွာဖြင့် ကြည့်
နေမိ၏။ ရပ်ကွက်ထဲတွင် မလို
များ၏ တိုင်ကြားမှုကြောင့် အော
မောင်းအား စစ်ဆေးရန် ခေါ်သွ
ခြင်းဖြစ်သည်။ ဤသည်ကိုလည်း
လူအများက စပ်စပ်စုစု ထွက်ကြည့်
ကြ၏။

"အောင်မောင်း ဘာဖြစ်လ
လဲဟင်၊ လမ်းထိပ်မှာ ရဲကားရ
ထားတာ တွေ့ရတယ်"

"ဘာဖြစ်ရမလဲ၊ အခုအချ
ပေါ်ပြီမဟုတ်လား၊ ဘယ်နေရာ
သွားခိုးလာသလဲမှ မသိတာ၊ အ
ကြောင့် ရဲလာဖမ်းတာပေါ့ဗျာ"

"ဟင်.....အောင်မောင်းက
လူရိုးပါဗျာ၊ ဆင်းရဲပေမယ့် ကို
ကျင့်တရားကောင်းပါတယ်၊ ရိုးသ
ရှာတယ်"

"မယုံရင် စောင့်ကြည့်ကြ
ဗျာ"

အောင်မောင်းသတင်းက
ရပ်ကွက်လုံးတွင် ပျံ့သွားတော့
သနားသူများရှိသလို အပြစ်တင်
ရဲ့သူများလည်း လူ့သဘာဝအတိ
ရှိနေကြသည်။

"မရှိတော့လည်း ခိုးမိမှာ
ကွာ"

"ပစ္စည်းထုပ်တစ်ခုခု
ရတာကို ပြန်မပေးဘဲ ယူထား
လည်းဖြစ်နိုင်တယ်၊ ပိုင်ရှင်မ



www.burmeseclassic.com

www.burmeseclassic.com

ယူမိတာပဲလေ''

''ခင်ဗျားတို့က ဘာသိလို့လဲ၊ သတင်းရလို့ ဖမ်းတာပေါ့ဗျ၊ သူ တစ်ပါးဥစ္စာ မယူမိရင် ဘာဖြစ်မှာ လဲ''

နောက်ဆုံးတော့ ပိုင်းစိန်မ တစ်ယောက် မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရတော့၏။ သက်ဆိုင်ရာက ပိုင်းစိန်မပစ္စည်းများအား အသိ သက်သေများနှင့် လာသိမ်းသွား ကြသည်။ ငွေသားလက်ကျန်ကအစ အဖိုးတန်ဝယ်ယူထားသော ပစ္စည်း အဆုံး တစ်ခုမျှမကျန်တော့ပေ။

''ဩော်.....ပိုင်းစိန်မလည်း အခုမှ ဒုံရင်းပြန်ဖြစ်သွားတော့ ဘယ်၊ အဲဒါပေါ့၊ သူတစ်ပါးပစ္စည်း ကို မတရားယူရင် မတရားဖြစ်မှာ ပဲ ရာဇဝတ်ဘေး ပြေးမလွတ်တဲ့''

''တို့ကတော့ သူတို့ကိုကြည့် ပြီး အားကျနေလိုက်တာနော်၊ တကယ်စသတ်တော့ သူခိုးလင်မယား ပဲ ဒါကြောင့်မို့ ငါတို့ကို ရက်ရက် ရောရော ပေးနေတာပဲကိုး''

စာနာစိတ်ဖြင့် ပိုင်းစိန်မ ပေး ကမ်းခဲ့သူများက ကောင်းချီးပေးကြ ၏။ သည်တော့မှ စေတနာသည် ...တိုင်းနှင့်မတန်ပါလားဆိုသော ...အား ပိုင်းစိန်မက အမှတ်ရ ...မိတော့သည်။ သည်နေ့သူဌေး ...ပြန် ငမွဲဖြစ်သူများတွင် ပိုင်း စိန်မတို့မိသားစုလည်း အပါအဝင် ပါ။ ပိုင်းစိန်မကိုယ်တိုင် အောင် မောင်း၏လုပ်ရပ်ကို မသိခဲ့ပေ။ အောင်မောင်းကလည်း သူ့အား ပြောပြခြင်းမရှိခဲ့။ သည်တော့ စိုး ရိမ်ခြင်းများဖြင့် စောင့်မျှော်နေရ၏။

''ကိုအောင်မောင်း တကယ် ပဲ သူတစ်ပါးပစ္စည်းကို ခိုးယူခဲ့တာ လား၊ ဒါဆိုလည်း သူငါ့ကို ပြော ပြမှာပေ့ါ၊ သူ့လက်ထဲမှာ ငွေလည်း မတွေ့၊ ငါပေးတာပဲ သူသုံးတာပါ၊ တကယ်ခိုးယူတယ်ဆိုရင် အဲဒီ ပစ္စည်းတွေကို သူဘယ်နေရာမှာ ထားခဲ့သလဲ၊ ဘယ်သူ့ကို အပ်ထား ခဲ့သလဲ၊ ငါ့အပြင် ဘယ်မိန်းမ ရှိ နေလို့လဲ''

တဖြည်းဖြည်းနှင့် အတွေးများ စွာ ချဲ့လာတော့၏။ ညနေစောင်း တွင် ပိုင်းစိန်မကိုပါ ရဲစခန်းကလာ ရောက်ခေါ်သွားပြန်သည်။ ပတ်ဝန်း ကျင်တွင် ထင်ကြေးအမျိုးမျိုးပေး နေကြသည်။ ကျန်ခဲ့သော ကလေး သုံးယောက်မှာလည်း ဗိုက်ဆာ သဖြင့် ငိုနေကြရာ စာနာတတ်သူ များက ကျွေးမွေးစောင့်ရှောက်ပေး ကြ၏။ ပိုင်းစိန်မ ပေးကမ်းခဲ့သော သူများက အနားသို့ပင် မလာကြ ပေ။

''ဩော်...ဒုက္ခ...ဒုက္ခ၊ မိဘ နှစ်ယောက်စလုံး ထောင်များကျ သွားရင် ဒီကလေးတွေ ဘယ်လို လုပ်ကြမလဲ''





www.burmeseclassic.com

www.burmeseclassic.com

"ရပ်ကွက်က စောင့်ရှောက်ပေးရမှာပေါ့ အဘရာ"

"မိဘမဲ့ဂေဟာကို ပို့ရတော့မှာပေါ့"

ကလေးအကြီးက ရှစ်နှစ်သာရှိသေး၏။ အလတ်က ငါးနှစ်နှင့် အငယ်ဆုံးက သုံးနှစ်ဖြစ်ကြ၏။ လူမမည်အရွယ်များဖြစ်၍ သင့်တော်မည့် နေရာမျိုးကိုသာ ရွေးချယ်နေကြသည်။ သို့ပေမယ့် ညဥ့်နက်မှ ရပ်ကွက်ထဲသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်ကို မည်သူမျှ မသိကြပေ။

♛♛♛♛

"တရားခံကို မိထားပါပြီဗျာ"

သုံးရက်မြောက်နေ့တွင်တရားခံဖမ်းမိသည့်သတင်းအားအကြောင်းကြားရာ ဦးစိုးအောင်နှင့် ဒေါ်ဖြူပြာတို့လည်း ရဲစခန်းသို့ ရောက်လာကြ၏။ တရားခံမိပြီဆို၍ ဝမ်းသာနေကြသည်။

"တရားခံကို ခြေရာခံမိခဲ့တာက ခင်ဗျားတို့ရပ်ကွက်နဲ့ မျက်နှာချင်းဆိုင်ရပ်ကွက်က တာဝန်သိပြည်သူတစ်ဦးက အကြောင်းကြားလို့ပါ၊ သူတို့ရပ်ကွက်မှာ မိသားစုတစ်စုဟာ ငွေကြေးအသုံးအစွဲများပြီး မသင်္ကာဖွယ်ဖြစ်တဲ့အတွက် သတင်းပေးတာပါ၊ ဒါကြောင့် သူတို့ကို စစ်ဆေးလိုက်မှ ဖြစ်ရပ်အမှန်ပေါ်လာတော့တာပါဗျာ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်လိုက်တာရှင်"

"အဲဒီကနေပြီး တရားခံကို ဖမ်းမိပုံကတော့ ဒီလိုဗျ....."

ရဲအရာရှိက ဦးစိုးအောင်တို့

**တရားခံကို ခြေရာခံမိခဲ့တာ က**
**ခင်ဗျားတို့ရပ်ကွက်နဲ့ မျက်နှာ ချင်းဆိုင်ရပ်ကွက်က တာဝန်သိ**
**ပြည်သူတစ်ဦးက အကြောင်းကြား လို့ပါ၊ သူတို့ရပ်ကွက်မှာ**
**မိသားစု တစ်စုဟာ**
**ငွေကြေးအသုံးအစွဲများ ပြီး မသင်္ကာဖွယ်ဖြစ်တဲ့အတွက် ....**

လင်မယားအား သူတို့ တရား[...]
ဖမ်းလာပုံကို ထပ်ဆင့်ရှင်းပြပေး[...]
တော့၏။ ဒေါ်ဖြူပြာမှာလည်း ဝမ်[...]
သာစွာဖြင့် စိတ်ဝင်တစား နာ[...]
ထောင်နေလေသည်။

♛♛♛♛

"အမေ....ရော့၊ ဒါတွေသိမ်[...]
ထားလိုက်"

ဒေါ်အေးသွင်က မဲလုံးကိုတ[...]
ချက်မော့ကြည့်ရင်း မေးလိုက်[...]
အထဲကပစ္စည်းများမှာ ငွေများသ[...]
ဖြစ်ပေမည်။ ပြီးတော့ ဘူးတစ်ခုနှ[...]
ထည့်ထားသည်က ရတနာပစ္စည်[...]
များဖြစ်ရမည်ဟု ကြိုသိနေ၏။

"သား ဒါတွေကောက်ရ[...]
တာလားကွယ်"

"ဘယ်ကလာ ကောက်ရ[...]
လဲဗျာ၊ တက်ခိုးလာတာ"

"ဟင်....ဘာဖြစ်လို့ အဲဒီ[...]
လုပ်ရတာလဲကွယ်၊ မင်းအဖမ်းခံ[...]
မှာ မကြောက်ဘူးလား သား[...]

မဲလုံးသည် အသက် ၁၈ နှ[...]
ပြည့်ပြီးသားဖြစ်ရာ နားလည်[...]
ပြီးသားဖြစ်နေ၏။

"အမေ စဉ်းစားကြည့်၊ သာ[...]
တို့ဘဝမှာ ဘာများပြည့်စုံကြသ[...]
အမေလည်း အဖေဆုံးပြီးကတည်[...]
က ခြေတိုအောင်လျှောက်ရော[...]
နေရတဲ့ အကြောင်းသည်ဘဝ၊ ကျ[...]

www.burmeseclassic.com



တော်လည်း ရေသန့်လိုက်ပို့ရတဲ့ ဘဝက မတက်နိုင်ဘူး၊ ခြေသလုံးတွေ တင်းမာတောင့်တင်းပြီး ခြေထောက်တွေ အသားမာတက်နေပြီ”

ဒေါ်အေးသွင်က သား၏ပင်ပန်းမှုကို သိနေပြီးသားပါ။ မဲလုံးသည် အလုပ်မှပြန်ရောက်သည်နှင့် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေတတ်၏။ အကြောပြေလိမ်းဆေး င် တစ်လနှစ်ဘူးလောက်ကုန်နေသည်။ မဲလုံးက မိဘကို ညှာတာတတ်သူဖြစ်ရာ ဒေါ်အေးသွင်အား အကြော်သည်ဘဝမှ ကယ်တင်ခဲ့၏။

“အစ်ကို့ကို ကြည့်မလား၊ နေ့က် ကုန်ထမ်း၊ ညဘက် ဆိုက်ကားနင်းဘဝနဲ့ မလွတ်မြောက်နိုင်သေးဘူး၊ ဒီကြားထဲ မိသားစုကများ မရီးလည်း ဟင်းရွက်သည်ဘဝနဲ့ ကျန်းမာရေးကမကောင်း၊ ကုစရာ ငွေကမရှိနဲ့”

မဲလုံးသည် သူ့ခံစားချက်များအား ဒေါ်အေးသွင်ကို ပြောပြနေ၏။

“ပြီးတော့ အစ်မကိုကြည့်ဦး၊ ကို ပြန်ထောက်ပံ့ဖို့ နေနေသာ သူ့အိမ်ရောက်တိုင်း စိတ် သာဘူး၊ အိမ်က မလုံခြုံ မြင်လမြင်နဲ့၊ မိုးပဲကျတော့ ...”



လူငယ်ပင်ဖြစ်သော်ငြားလည်း လူကြီးတစ်ဦးပမာ တွေးပူပန်တတ်သော မဲလုံးအား ဒေါ်အေးသွင်က သက်ပြင်းချကာ ကြည့်လိုက်သည်။

“သား.....လူဆိုတာ သူ့ဘဝနဲ့ သူ့အကြောင်းတွေချည်းပဲကွယ်၊ လူလာဖြစ်ရပေမယ့် အတိတ်ကံမကောင်းခဲ့လို့ ကံတရားချင်း ယှဉ်လို့မှ မရတာဘဲ သားရယ်၊ ဘယ်တတ်နိုင်ပါ့မလဲကွယ်”

“ကျွန်တော်တို့မိသားစုက ဘာကြောင့်ဆင်းရဲနေရတာလဲဗျာ၊ ကံတရားက ကောင်းပဲမကောင်းနိုင်တော့ဘူးလား၊ ဘယ်အချိန်ကျမှ ကောင်းနိုင်ပါ့မလဲ”

“အလှူအတန်းနည်းခဲ့လို့ပေါ့ကွယ်”

“ဒါဆို အလှူအတန်း များများလုပ်နိုင်ရင် ကံတကယ်ကောင်းမှာလား အမေ”

ဒေါ်အေးသွင်က မည်သို့ပြောရမည်မသိတော့ပေ။ မဲလုံးက အငယ်ဆုံးသားဖြစ်သော်လည်း မိသားစုအပေါ် ညှာတာတတ်၏။ အစ်ကိုနှင့် အစ်မတို့အား ပြန်ကြည့်တတ်သည်။ သူက လူပျိုဖြစ်သည့်အတွက် တူ၊ တူမများအား ပညာရေးအတွက် ထောက်ပံ့ပေးနေ၏။

“သား.....ဒီပစ္စည်းတွေကို အမေ မယူချင်ဘူး၊ ဒါတွေဟာ မင်းဘဝကို ချောက်ထဲတွန်းပို့ကြလိမ့်မယ်ကွယ်၊ ပိုင်ရှင်ကရော မနေမြောဘဲနေမလား၊ မင်းစဉ်းစား”

“ဒါပေမဲ့ သားရဲ့အစ်ကိုနဲ့ အစ်မကို စိတ်ချမ်းသာအောင်ထားချင်တယ် အမေ၊ သူတို့ပြည့်စုံတာကို သားမြင်ချင်တယ်”

“မင်းတော့ မလုပ်သင့်မလုပ်



www.burmeseclassic.com

www.burmeseclassic.com

ထိုက်တာတွေ လုပ်လာပြန်ပြီ၊ အမေ လက်မခံချင်ဘူးကွယ်"

"ဘယ်သူမှ မသိကြပါဘူး အမေရာ၊ ပြီးတော့ သားက အိမ်တွေကို ရေသန့်လိုက်ပို့ပေမယ့် အဲဒီအိမ်ကို တစ်ခါမှ မပို့ဖူးပါဘူး၊ သူက သားရဲ့ဖောက်သည်မဟုတ်ဘူး အမေ၊ ဘယ်သူမှလည်းမမြင်ဘူး၊ စိတ်ချ"


ဒေါ်အေးသွင်က ဒုတိယအကြိမ် ပင့်သက်ချပြီးနောက် မဲလုံး၏ဆန္ဒအား လက်ခံလိုက်ရတော့သည်။

"အဖေ့ဘက်က အမွေရတာဆိုပြီး ခွဲဝေပေးလိုက်ပေါ့ဗျာ၊ ငွေတွေလည်း အမေဝတ်ထားနော်၊ ဒါမှ ပတ်ဝန်းကျင်က မနှိမ်မှာ"

"ဒီအရွယ်ရောက်မှ မဝတ်ချင်ပါဘူးကွယ်၊ ကိုယ့်ရှိတာကို သိုသိုသိပ်သိပ်နေတာ အကောင်းဆုံးပဲ သား"

"ဟုတ်တယ် အမေ၊ သားလည်း ဒီအတိုင်းပဲနေမှာပါ၊ အရေးကြီးတာက အစ်ကိုနဲ့အစ်မ မိသားစုတွေပါဗျာ"

မဲလုံးသည် သူခိုးယူလာသော ပစ္စည်းများအား ဒေါ်အေးသွင်ထံ ပေးအပ်လိုက်၏။ တစ်သက်နှင့်တစ်ကိုယ် ထိုမျှလောက်သော ပစ္စည်းနှင့်ငွေများအား ဒေါ်အေးသွင်က မကိုင်ခဲ့ဖူးချေ။ ထိုအရာ



များကိုကြည့်ပြီး ဒေါ်အေးသွင်မှာ တုန်ယင်နေတော့သည်။

ပြဿနာဖြစ်လာလျှင် မဲလုံ
သာ အဖမ်းခံရပေမည်။ ညီအစ်ကို
မောင်နှမများအပေါ် မေတ္တာတရ
ကြီးလွန်းသော မဲလုံး၏ချစ်ခြင်
တရားက စံတင်လောက်၏။ ဒေါ်
အေးသွင်သည် မဲလုံးအပြစ်များအ
ခွင့်လွှတ်ပါရန် မြတ်ဘုရားထံတွ
အကြိမ်ကြိမ်တောင်းပန်မိ၏။ လိမ္
သော သားအပေါ် ညှာတာမှုပေ
ရန် ကံတရားအား မျက်နှာသာပေ
လှည့်စေချင်သည်။

သို့ပေမယ့် ဒေါ်အေးသွင်၏ဆ
တောင်းက မပြည့်ခဲ့ချေ။ ရဲတပ်
ဝင်များ၏ စွမ်းဆောင်မှုကြောင့်
လုံး အဖမ်းခံခဲ့ရ၏။ နောက်ဆ
တော့ သားသမီးမကောင်း မိ
ခေါင်းဆိုသလိုပင် ဒေါ်အေးသွင်
ကြံရာပါအဖြစ် ပတ်ဝန်းကျင်၏
ရဲ့မှုကို ခံခဲ့ရသည်။

"အမေ့ကို ဘာဖြစ်လို့ဖမ်း
တာလဲဗျာ၊ ကျွန်တော်ခိုးတာ
ကျွန်တော့်ကိုဖမ်းပါ ဦးလေးတို့ရ

"မင်းက ဥပဒေကို နာ
မလည်ဘဲကိုးကွ၊ ခိုးရာပါပစ္စည်း
လက်ခံထားပြီး အမှုကို သက်
ရာမတိုင်ဘဲ ထိမ်ချန်ထားတာ
ပူးပေါင်းပါဝင်တာပဲပေါ့ကွ၊ ဒါ
ကြံရာပါလို့ခေါ်တယ်၊ ဒါဟာ
မြောက်နေပြီ ကောင်လေး"



www.burmeseclassic.com

"ဗျာ.....ဒါဆို အမေလည်း ထောင်ကျမှာပေါ့နော်"

"ဒါပေါ့ကွ"

"သွားပါပြီဗျာ၊ ကျွန်တော်လုပ်မှ အမေပါ ဒုက္ခဖြစ်ရပြီ၊ သားမိုက်ပြစ်ကို ခွင့်လွှတ်ပါ အမေရာ"

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူးကွယ်၊ မင်းဟာ မောင်နှမတွေအတွက် ပေးဆပ်ခဲ့တာကိုက မင်းစိတ်ဓာတ်ကို အမေလေးစားတယ်၊ ဒါပေမဲ့ မင်းလုပ်ရပ်ကို အမေ မနှစ်သက်ဘူး၊ တစ်ချိန်မှာ အခုလိုဖြစ်လာမယ်လို့ အမေကြိုတွေးပြီးသားပါကွယ်၊ သားဆန္ဒကို အမေက လိုက်လျောပေးခဲ့တဲ့အတွက် အမေလည်း ခံနိုင်ရမှာပေါ့"

မိခင်ဖြစ်သူသည် သူ့ကြောင့် ဥပဒေ၏အပြစ်ပေးခြင်းကို ခံရတော့မည်ဖြစ်၍ စိတ်မကောင်းနိုင်ပေ။ အစကသာသိခဲ့လျှင် အမေ့ကို အသိမပေးဘဲ သူတစ်ယောက်တည်းသာ ခံပေးလိုက်ပေမည်။ သူလည်း မိဘကို မသတ်သော်လည်း မိဘထောင်ကျအောင်လုပ်ခဲ့၍ အဇာတသတ်လိုသားမျိုးဖြစ်နေ၏။

မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူးကွယ်၊ မင်းဟာမောင်နှမတွေအတွက် ပေးဆပ်ခဲ့တာကိုက မင်းစိတ်ဓာတ်ကို အမေလေးစားတယ်၊ ဒါပေမဲ့မင်းလုပ်ရပ်ကို အမေမနှစ်သက်ဘူး၊ တစ်ချိန်မှာအခုလိုဖြစ်လာမယ်လို့ အမေကြိုတွေးပြီးသားပါကွယ်၊ သားဆန္ဒကို အမေက....

♛♛♛♛

"ကြားရတဲ့အဖြစ်က ကြေကွဲစရာလည်းကောင်း၊ စိတ်မချမ်းသာစရာလည်းကောင်း၊ ဒေါသထွက်စရာလည်း ကောင်းနေတာပါဗျာ၊ ဒီကောင်လေးမှာ မှုခင်းအမြင်နဲ့ ဥပဒေအသိမရှိတော့ ချို့တဲ့တဲ့ မောင်နှမတွေအတွက် ခိုးမိတယ်၊ မကောင်းမှုကို ရှောင်ကြဉ်ပြီး ကောင်းမှုအလုပ်ကို လုပ်ရမယ့် အသိမရှိဘူး၊ ငွေရလွယ်တဲ့လမ်းကို လိုက်ချင်တာ သူ့အမှားပဲ၊ ဒါကြောင့်မို့ ဥပဒေအရဖမ်းပြီး ပြစ်ဒဏ်ချမှတ်ရမှာပဲပေါ့ဗျာ"

ရဲအရာရှိ၏ စကားအဆုံးတွင် ဒေါ်ဖြူပြာက.....

"ဩော်....သနားစရာပါလားရှင်၊ ကြားရတာ စိတ်မကောင်းလိုက်တာနော်၊ တကယ်တော့ ဒီကလေးက ရိုးသားရှာပါတယ်လေ၊ မိသားစုကို ထောက်ပံ့ချင်တာလေးနဲ့ သူ့ဘဝကို ပေးဆပ်ခဲ့ရှာတာပါ"

"ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်းလို့ ဆိုထားတယ် မဟုတ်လားဗျာ၊ ကောင်လေးက မကောင်းမှုကိုလုပ်ခဲ့တော့ မကောင်းတဲ့အကျိုးကို ခံစားရပြီပေါ့ဗျာ၊ ဒါဟာ သင်ခန်းစာယူသင့်တာပေါ့၊ ကံတရားကို အပြစ်ပုံချနေမယ့်အစား ကောင်းမြတ်တဲ့အလုပ်နဲ့ ကြိုးစားရှာဖွေရင် ကံတရားက ကြည့်နေမှာ မဟုတ်ပါဘူး"

www.burmeseclassic.com

"မှန်လိုက်လေ ဆရာရယ်"

ရဲအရာရှိသည် ဒေါ်ဖြူပြာဘက်သို့ တစ်လှည့်ပြောလိုက်ပြန်သည်။

"မှုခင်းတစ်ခုဖြစ်လာရင် တရားခံကိုချည်း အပြစ်တင်တာထက် ဒေါ်ဖြူပြာတို့လို တရားလိုတွေဘက်ကလည်း ကိုယ့်အမှားကို မြင်စေချင်ပါတယ်၊ မဲလုံးကိုစစ် လိုက်တော့ သော့ခတ်ထားတဲ့ တံခါးကြောင့် အိမ်ထဲမှာ လူမရှိမှန်း သိသွားတယ်၊ ဒါနဲ့ ပတ်ဝန်းကျင် မသိအောင် အိမ်ကိုပတ်ကြည့်လိုက်တော့ သော့ခတ်ထားတဲ့တံခါးက သော့ကြီးပြုတ်နေတယ်တဲ့၊ သော့တွေမှာ ဒါမျိုးမကြာခဏဖြစ်တတ်ပါတယ်၊ သော့ခတ်ပြီးပြီထင်ပြီး သော့ကို မခတ်မိဘဲ ထားတာမျိုး၊ သော့ခတ်လိုက်ပေမယ့် သော့အမျိုးအစားက မကောင်းတော့ သော့တံက အံမဝင်တာမျိုးတွေ ဖြစ်တတ်ပါတယ်၊ ဒီတော့ သော့က ပြုတ်ထွက်နေတယ်၊ အဲဒါကို ပြန်မစစ်ဆေးဘဲနဲ့ ထွက်လာတော့ တိုင်းရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အခန့်သင့်ဆိုသလိုပေါ့ဗျာ၊ အိမ်ကိုသူခိုးဝင်တဲ့အခါ အလွယ်တကူ အိမ်ထဲဝင်နိုင်ခွင့် ရသွားတာပေါ့"

"ဟုတ်တယ်ဗျ၊ သော့က အိမ်သားလေးယောက်လုံးမှာ ရှိနေတော့ သော့ခတ်လိုက်တိုင်း ပြန်ပြုတ် ထွက်တတ်တယ်၊ ဒါဆို ဒီမိန်းမ အပြစ်ပေါ့နော် ဆရာ"



ရဲအရာရှိက ရယ်လျက်ခေါင်းညိတ်ပြ၏။ ဒေါ်ဖြူပြာက ရှုံ့မဲ့သောမျက်နှာထားဖြင့်

"သော့မကောင်းတာပြင်ဖို့က ယောကျ်ားအလုပ်လေ၊ ကပ်စေးနဲပြီး မဝယ်ဘဲထားတော့ ဖြစ်ပြီပေါ့ရှင်၊ ပြီးတော့ ကျွန်မသာ ဆံပင်အလှပြင်ဆိုင်ကိုမသွားရင် အခုလိုဖြစ်မှာမဟုတ်ပါဘူး၊ အလှလေးသွားပြင်မိပါတယ်၊ ပြဿနာက နောက်ကနေ တန်းလိုက်လာတော့တာပဲ"


"အေးလေ၊ မင်းက လှချင်တာကိုး"

"ဘာလှချင်တာလဲ၊ အခုလည်း ကြည့်ဦးလေ၊ ဆံပင်လေးသွားကောက်မိပါတယ်၊ ဆေးများပြီး လျှော်ရမယ့်အချိန်လွန်သွားလို့ တစ်ခေါင်းလုံး ကပ္ပလီမဖြစ်နေပြီ၊ နောင်ဆိုမသွားရဲတော့ပါဘူးရှင်"

ဒေါ်ဖြူပြာမှာ ကွေးကောက်နေသော ဆံပင်များအား အုန်းဆီနှင့် ဖိသိပ်ထားလိုက်သော်လည်း ပိုကြည့်ရဆိုးသွား၏။ ဤသည်ကို ဦးစိုးအောင်က ဇနီးဖြစ်သူကိုကြည့်၍ သဘောကျစွာ ရယ်မောနေတော့သည်။ ရှီးရှီးယဉ်ယဉ်နှင့် ဆံပင်ရှည်အလှကို ဖျက်ဆီးလိုက်သည့် ကွေးကောက်နေသော ဆံပင်များကြောင့် အလှပျက်ခဲ့ရသည် ကိုတော့ ဒေါ်ဖြူပြာ အသိဆုံးသာ ဖြစ်ပါလိမ့်မည်။

**လေးစားစွာဖြင့်**
**ထက်လက်ဦးဝေ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# အောင်ကျော်ဇော
## ပန်သစ္စာ
### (ယခင်လမှ ဇာတ်လမ်းအကျဉ်းချုပ်)

ကျော်ပိုင်နှင့် ခက်နိုင်တို့ သူငယ်ချင်းနှစ်ဦး နံနက်တိုင်းဆုံနေကျ လက်ဖက်ရည်ဆိုင်တွင် ဆုံကြစဉ် အလွန်ချောမောလှပသော ပန်သစ္စာဆိုသူ မိန်းကလေးကို တွေ့ရှိရာမှ စိတ်ဝင်စားသွားကြသည်။ ပန်သစ္စာမှာ ရပ်ကွက်အတွင်းနေထိုင်သော်လည်း မည်သူကမှ အဝေါင်းအဖော် လုပ်လေ့မရှိ။

ခက်နိုင်က သတိပေး တားမြစ်သည့်ကြားမှ ကျော်ပိုင်က ပန်သစ္စာနောက်သို့ တကောက်ကောက်လိုက်ရင်း မိတ်ဆွေဖွဲ့သည်။

ကျော်ပိုင်က ပန်သစ္စာနောက်သို့လိုက်ပြီး စကားပြောစဉ် ကားတစ်စီးရောက်လာသည်။ အသက်(၅၀)အရွယ်ရှိသူနှင့် လူမိုက်ပုံပေါက်နေသူသုံးဦး လိုက်ပါလာသည်။

အသက်(၅၀)အရွယ်ရှိသူက စိတ်ဆိုးတကြီးဖြင့် ပန်သစ္စာကို ကားပေါ်တက်စေပြီး ကားမောင်းထွက်သွားခဲ့သည်။

တစ်နေ့ ဆိုင်ကယ်စီးလူနှစ်ဦးရောက်လာပြီး ပန်သစ္စာနှင့်ဝေးဝေးနေရန် ကျော်ပိုင်ကို မေးမြန်းကာ အနိုင်ကျင့်ထိုးကြိတ်ပြီး နောက်နောင်တွင် မပတ်သက်ရန် သတိပေး၍ ထွက်သွားခဲ့ကြသည်။

ကျော်ပိုင်နှင့် ခက်နိုင်တို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြစဉ် ပန်သစ္စာ ဆိုင်ထဲဝင်လာသည်။ လူတိုင်း၏အကြည့်က ပန်သစ္စာထံတွင် ရောက်နေ၏။ ထိုစဉ် ကားတစ်စီးနှင့် လူနှစ်ယောက် ရောက်လာသည်။ ကျော်ပိုင်အား ထိုးကြိတ်ပြီး ပန်သစ္စာနှင့် မပတ်သက်ရန် သတိပေးခဲ့သူများဖြစ်နေသည်။

ဆိုင်ထဲသို့ရောက်နေသော သူတို့တစ်တွေမှာ မသိသလိုထိုင်နေပြီး ဆယ်မိနစ်ခန့်အကြာ၌ လူနှစ်ဦးက စီးလာသောကားဖြင့် ပြန်သွားသည်။ အတန်ကြာမှ ပန်သစ္စာလည်း ပြန်သွားသည်။

သူတို့သုံးဦးပြန်သွားပြီး မကြာမီ လက်ဖက်ရည်လာသောက်သောကားထဲမှ ဘဏ်ထုတ်ငွေကျပ် သိန်း (၂၀၀) အခိုးခံရကြောင်း ကြားလိုက်ရ၏။ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိစစ်ဆေးခဲ့သည်။ ခက်နိုင်နှင့် ကျော်ပိုင်တို့ ဘဏ်လမ်းထိပ်၌ ငွေထုတ်ရန်စောင့်ဆိုင်းနေစဉ် ပန်သစ္စာနှင့် မသင်္ကာသူများကို တွေ့ရသည်။

ပန်သစ္စာနှင့် မသင်္ကာသူနှစ်ဦးက ဘဏ်ထဲမှငွေထုတ်လာသူ၏ကားနောက်သို့ လိုက်သွားကြသည်။ ကျော်ပိုင်နှင့် ခက်နိုင်တို့ကလည်း သူတို့နောက်သို့ ထက်ကြပ်မကွာလိုက်ရင်း အခြေအနေ စောင့်ကြည့်နေခဲ့ကြသည်။

**(ဟာသဓာတ်ထမ်း၊တို့ ဆက်လက်ဖတ်ရှုပါရန်.....)**



www.burmeseclassic.com

www.burmeseclassic.com




## အောင်ကျော်ဇော

## ပန်သစ္စာ

ကျော်ပိုင်နှင့် ခက်နိုင်တို့က သူတို့ငှားစီးနေသော တက္ကစီကားဖြင့် နောက်မှ နောက်ယောင်ခံလိုက်နေခဲ့ကြသည်။

ကျော်ပိုင်၏သူငယ်ချင်း လုမင်းကျော်က ဘဏ်မှထုတ်ယူလာသောငွေများကို သူ့ကားပေါ်သို့တင်ကာ ကိုယ်တိုင်ကားမောင်း၍ပြန်ခဲ့သည်။

လုမင်းကျော်က ငွေထုတ်ချိန်တွင် အကူအညီရရှိရန် ကျော်ပိုင်နှင့် ခက်နိုင်ကို အဖော်အဖြစ်ခေါ်သည်။

ငွေထုတ်ယူသည့်နေရာမှာ ဆိုးတန်းလမ်းနှင့် ဘဏ်လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်ဖြစ်သည်။

လုမင်းကျော် ဘဏ်အတွင်းရောက်၍ ငွေထုတ်နေချိန်၌ ကျော်ပိုင်နှင့်ခက်နိုင်တို့က လုမင်းကျော်၏ကားထဲမှာ ထိုင်စောင့်နေခဲ့ကြသည်။

သူတို့သူငယ်ချင်းနှစ်ဦး ကားထဲ၌ထိုင်စောင့်နေစဉ် ဘဏ်ရှေ့တွင်ရပ်ထားသော ကားတစ်စီးထဲတွင် ပန်သစ္စာကို မထင်မှတ်ဘဲ



လှမ်းတွေ့လိုက်ရသည်။

ပန်သစ္စာက သူတို့ကိုမမြင်။ ကျော်ပိုင်နှင့်ခက်နိုင်တို့ကသာ သတိ ထားမိ၍ တွေ့မြင်လိုက်ခြင်းဖြစ်သည်။

သူငယ်ချင်းနှစ်ဦးတို့ အံ့အားသင့်ပြီး ကြည့်နေချိန်၌ပင် ပန်သစ္စာထိုင်နေသောကားအနီးသို့ လူထွားကြီးနှစ်ဦး ရောက်လာကြသည်။ လူထွားကြီးနှစ်ဦးမှာ ကျော်ပိုင်ရှိရာသို့ ဆိုင်ကယ်နှင့်ရောက်ရှိလာပြီး ပန်သစ္စာနှင့်မပတ်သက်ရန် သတိပေးကြိမ်းဝါးခဲ့သူများဖြစ်နေသည်။

ထိုလူနှစ်ဦးနှင့် ပန်သစ္စာတို့ ကျော်ပိုင်နှင့်ခက်နိုင်တို့ထိုင်နေကျ ဆုံစည်းရာလက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြစဉ် ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြသည်။

ပန်သစ္စာက အရင်ဆုံးရောက်လာခဲ့ခြင်းဖြစ်သည်။ ဆိုင်ထဲရှိလူများက ပန်သစ္စာ၏အလှတွင် ယစ်မူးပြီး ငေးစိုက်နေခိုက် ပန်သစ္စာနှင့်

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဆက်သွယ်မှုရှိသည့် လူထွားကြီးနှစ်ဦး ကားတစ်စီးဖြင့် ရောက်လာသည်။

ထိုသူနှစ်ဦး ဆိုင်ထဲသို့ဝင်လာပြီး လက်ဖက်ရည်မှာသောက်ခဲ့ကြသည်။

ပန်သစ္စာနှင့် လုံးဝမသိသလို ခပ်လှမ်းလှမ်းတွင် ထိုင်နေခဲ့ကြ၏။ ကျော်ပိုင်နှင့်ခက်နိုင်တို့က ပန်သစ္စာနှင့် လူထွားကြီးနှစ်ယောက်၏ လျှို့ဝှက်ပတ်သက်မှုကို သိနေကြ၍ မသိမသာ အကဲခတ်ကြည့်နေခဲ့ကြ၏။

ခဏအကြာ၌ လူထွားကြီးနှစ်ဦး လက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်သွားခဲ့သည်။ သူတို့စီးလာသောကားဖြင့် ပြန်ထွက်သွားချိန်ကျမှ ရပ်ထားသောကားထဲတွင် လူတစ်ဦးပါရှိကြောင်း သိရသည်။

ထိုသူနှစ်ဦး ပြန်ထွက်သွားသည်ကို မည်သူကမှ သတိမထားနိုင်ခဲ့ကြ။ သူတို့၏မျက်လုံးနှင့် အကြည့်များမှာ ပန်သစ္စာထံ၌ပင် ရှိနေခဲ့ကြသည်။

လူထွားကြီးနှစ်ယောက် ကားဖြင့်ထွက်သွားပြီး မကြာမီမှာပင် ပန်သစ္စာလည်း ဆိုင်ထဲမှပြန်ထွက်သွားခဲ့သည်။ လူတွေက ပန်သစ္စာ၏ လှုပ်ရှားမှုတွင်သာ အာရုံစိုက်ထားခဲ့ကြ၏။

ဆုံစည်းရာလက်ဖက်ရည်ဆိုင်ထဲရှိလူများမှာ ပန်သစ္စာ ပြန်ထွက်သွားပြီးမှ ပုံမှန်အခြေအနေသို့ ရောက်သွားခဲ့ကြသည်။ ထိုအချိန်၌ပင် လူထွားကြီးနှစ်ယောက်စီးလာသည့်ကား ရပ်ထားရာနေရာတွင် ယှဉ်တွဲရပ်ထားသော ကားအတွင်းမှ ဘဏ်မှထုတ်ယူလာသောငွေများ အားလုံး ခိုးယူခံရကြောင်းသိသည့် ပြဿနာပေါ်လာသည်။



ကျော်ပိုင်က ကားထဲတွင်စီးနင်းလိုက်ပါလာရင်း အတိတ်မှပုံရိပ်များနှင့် ဆက်စပ်မှ မသကာ ဖွယ်ရာများကို ပြန်လည်တွေးကြည့်
နေခဲ့သည်။

လုမင်းကျော်၏ ဘဏ်ထုတ်
ငွေများပါလာသောကားက ရှေ့
ပုံမှန်မောင်းနှင်နေသည်။

လုမင်းကျော်ကား၏နောက်
ကပ်၍ လူထွားကြီးနှစ်ဦးစီးသော
ကားက ကပ်လိုက်ခဲ့သည်။

လူထွားကြီးနှစ်ယောက်စီးန
သည့်ကားအနောက်
မှကပ်၍ ပန်သစ္
စီးနင်းသောကာ
က ထက်ကြ
မကွာလိုက်သည်

ပန်သစ္စာ
ထိုင်စီးရှ်သ
သက်ဖြစ်
ကားမောင်း
တစ်ဦးက
ကား အ
အနေကိုကြ
ပြီး ကပ်
မောင်းနေ
သည်။

ကျော်ပိုင်နှင့်ခက်နိုင်တို့စီး
သော တက္ကစီကားက နောက်
မှလိုက်ပါနေခဲ့သည်။

"ကားဆရာကြီး ကျော်မ
နဲ့နော်"

"ဘယ်ကားကိုပြောတာ

"ရှေ့ကအဖြူသိမီး စီး



www.burmeseclassic.com

www.burmeseclassic.com

ကားကိုပေါ့"

"ငါ့ညီတို့နဲ့ ပတ်သက်လို့လား"

"ဆိုပါတော့"

ကျော်ပိုင်၏အပြောကို တက္ကစီယာဉ်မောင်းက သဘောကျစွာပြုံးလိုက်၏။ ကျော်ပိုင်က စကားပြတ်လျှင်ပြီးရောဆိုပြီး ပြန်ပြောခဲ့ခြင်းဖြစ်သည်။

"လှမင်းကျော် မင်း အလုပ်ကို တိုက်ရိုက်ပြန်မှာလား"

ကျော်ပိုင်က သူ့လက်ကိုင်ဖုန်းဖြင့် ရှေ့ဆုံးမှ ကားမောင်းနေသော လှမင်းကျော်ထံ လှမ်းမေးလိုက်သည်။

"မင်းတို့ပဲ တစ်ခုခုစားမယ်ဆို"

"အေး၊ ထမင်းစားမှာလား၊ ဖြည့်စွက်အစာစားမှာလား"

"ဘာလဲကွ၊ ဖြည့်စွက်အစာ"

"ထမင်းချိန်မဟုတ်ရင် အဆာပြေစားတဲ့ အစားအစာကို ဖြည့်စွက်အစာလို့ခေါ်တယ် ငတုံးရဲ့"

"အေး အဲဒါဆို ကန်တော်ကြီးဘက် သွားမယ်"

"ဘာစားမှာမို့လဲ"

"ဘီယာနဲ့အသားကင်ပေါ့ကွာ"

"ကောင်းပြီ၊ ဆိုင်အနားမှာ ကားရပ်လို့ရတဲ့ဆိုင်ကိုသွားမယ်"

"အဲဒါဆို ကန်တော်ကြီးပတ်လမ်းထဲကဆိုင်ကိုသွားမယ်"

"ဘယ်ဆိုင်လဲ"

"လက်ဘဒီပကျွန်းအနားကဆိုင်ပေါ့"

ကျော်ပိုင်က လှမင်းကျော်ကို ပြောပြီးသည်နှင့် လက်ကိုင်ဖုန်းကို ပိတ်လိုက်သည်။

လှမင်းကျော်က သူ့ကားကို စားသောက်ဆိုင်ရှိရာသို့ မောင်းနေခဲ့သည်။

လှမင်းကျော်ကားနောက်မှ လူထွားကြီးနှစ်ဦး၏ကားက မလှမ်း မကမ်းမှ ခွာပြီးလိုက်သည်။

လှမင်းကျော်၏ကား
စားသောက်ဆိုင်ရှေ့တွင်
ရပ်လိုက်သည်နှင့်
လူထွားကြီးနှစ်ယောက်ပါ
လာသောကားကလည်း
ကားချင်း
ယှဉ်၍ရပ်လိုက်၏။
ဆိုင်ရှေ့တွင်
ကားရပ်ချိန်၌
ပန်သစ္စာစီးလာသော
ကားက....

လှမင်းကျော်၏ကား စားသောက်ဆိုင်ရှေ့တွင် ရပ်လိုက်သည်နှင့် လူထွားကြီးနှစ်ယောက်ပါလာသောကားကလည်း ကားချင်းယှဉ်၍ရပ်လိုက်၏။

ဆိုင်ရှေ့တွင် ကားရပ်ချိန်၌ ပန်သစ္စာစီးလာသောကားက ဆိုင်ကိုကျော်ပြီး မောင်းသွားသည်။

ကျော်ပိုင်နှင့် ခက်နိုင်တို့က တက္ကစီယာဉ်မောင်းအား ဆိုင်ရှေ့မှ ဖြတ်မောင်းခိုင်းသည်။ မလှမ်းမကမ်းရောက်မှ ရပ်ခိုင်းပြီး ဆင်းနေခဲ့ကြသည်။

ကားပေါ်မှဆင်းသည်နှင့် ကျော်ပိုင်က တယ်လီဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်၏။ တစ်ဖက်မှ ပြန်ဖြေသံထွက်လာ၏။

"အစ်ကို ပိုက်ဖြန့်ပြီးပြီ"

"ဘယ်နေရာလဲ"

တစ်ဖက်မှအမေးကြောင့် ကျော်ပိုင်က ပြန်ဖြေလိုက်၏။

"----"

"ကောင်းပြီ၊ ငါတို့ အခုပဲရောက်လာခဲ့စေရမယ်"

ကျော်ပိုင်က တယ်လီဖုန်းကို ပိတ်လိုက်သည်။ ခက်နိုင်က ကျော်ပိုင်ကို နားမလည်သလို လှည့်ကြည့်လိုက်၏။

ကျော်ပိုင်က ဘာမှဆက်မမေးရန် လက်ကာပြပြီး သင်္ကေတပေးဟန့် တားလိုက်သည်။

www.burmeseclassic.com



ကျော်ပိုင်က သူငယ်ချင်းဖြစ်သူ ခက်နိုင်နှင့်အတူ ကန်တော်ကြီး ပတ်လမ်း ပလက်ဖောင်းအတိုင်း စားသောက်ဆိုင်ရှိရာသို့ ခြေကျင်လျှောက်လာခဲ့သည်။

♛♛♛♛♛

"ခက်နိုင် မင်းပဲ လှမင်းကျော် ဆီသွားလိုက်"

"မင်းကရော"

"ငါဒီမှာ ခဏနေခဲ့မယ်၊ ကိစ္စတစ်ခုရှိလို့"

"သိပ်မကြာနဲ့နော်"

ခက်နိုင်က ကျော်ပိုင်ကိုမှာကြားပြီး လှမင်းကျော်ရှိရာဆိုင်သို့ ထွက်သွားခဲ့သည်။

ကျော်ပိုင်က ဆိုင်အဝင်နှင့် မနီးမဝေးတွင် ရပ်နေခဲ့၏။ ခက်နိုင်က ကျော်ပိုင်ဘာလုပ်မည်ကိုမသိ။ ပန်သစ္စာ၏ကားကို စောင့်ကြည့်နေသည်ဟုသာ ထင်နေခဲ့သည်။

ခက်နိုင်က ဆိုင်ထဲဝင်သွားခဲ့၏။

ရပ်ထားသော လှမင်းကျော်၏ ကားကို လှမ်းကြည့်ခဲ့သေး၏။ လှမင်းကျော်က ငွေထုပ်ပါရှိသည့်အတွက် သူ့ကား၏မှန်တံခါးအားလုံးကိုပိတ်ထားသည်ကို တွေ့လိုက်ရ၏။

"ဟော့ကောင် ကျော်ပိုင်ရော"



ဆိုင်ထဲဝင်သည်နှင့် လှမင်းကျော်က လှမ်းမေးသည်။

"အပြင်မှာနေခဲ့တယ်၊ ပန်သစ္စာဆိုတဲ့အမျိုးသမီး ပြန်အလာကို စောင့်နေတယ်ထင်တာပဲ၊ ဒီကောင်က ပန်သစ္စာကို တမ်းတမ်းစွဲကွ"

ခက်နိုင်က ဝင်ထိုင်ရင်းပြောပြသည်။

"အဲဒီအမျိုးသမီးက ဘယ်လောက်လှလို့လဲ"

"ဟာ.....ရက်ရက်စက်စက်ကိုလှတာ၊ ဘယ်အချိန်ကြည့်ကြည့်လှနေတယ်၊ ငါတွေ့ဘူးတဲ့ အမျိုးသမီးထဲမှာတော့ အချောဆုံးပဲ၊ ဘယ်လိုကြောင့် အဲဒီလောက်လှနေမှန်း မသိဘူး"

"ငါ မင်းတို့ပြောပြဖူးလို့ သိပြီးပါပြီ၊ ပြောသလောက်လှလို့လား၊ ကြိုက်လို့လှနေတာများလား"

"မဟုတ်ဘူး၊ ကြိုက်လို့လှတဲ့ အမျိုးအစားမဟုတ်ဘူး၊ လှလို့ကြိုက်စရာဖြစ်နေတဲ့ အမျိုးသမီးကွ"

သူတို့နှစ်ဦး စကားပြောနေကြစဉ် ဆိုင်ထဲသို့ လူထွားကြီးနှစ်ယောက်ဝင်လာသည်။ လှမင်းကျော်နှင့် ခက်နိုင်တို့ထိုင်နေသည့် စားပွဲနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်သည်။

ကြက်ထမင်းကြော်နှင့်ဘီယာနှစ်ပုလင်းမှာလိုက်သံကြားရသည်။

မကြာမီ လှမင်းကျော်ကြိုတင်မှာထားသော ကြက်ကင်၊ ငုံးကြော်နှင့် ဘီယာပုလင်းများရောက်လာသည်။

လှမင်းကျော်နှင့် ခက်နိုင်တို့က ကျော်ပိုင်ကို စားရင်းသောက်ရင်း စောင့်မည်ဟုပြောကာ စားသောက်ပွဲကို စတင်လိုက်သည်။

သူတို့နှစ်ဦး စားသောက်နေကြစဉ် ပန်သစ္စာတစ်ဦးတည်း ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ဝင်လာသည်။

ပန်သစ္စာက လူထွားကြီးနှစ်ယောက်နှင့် မသိသလိုလုပ်ရင်း သီးခြားစားပွဲတွင် ဝင်ထိုင်သည်။ ကြက်ဆီထမင်းနှင့် ကြက်သားချဉ်စပ်တစ်ပွဲမှာသည်။

ဆိုင်ထဲရှိလူအားလုံးတို့၏အကြည့်များက ပန်သစ္စာထံရောက်နေကြသည်။ ကောင်တာတွင်ထိုင်နေသူ ဆိုင်မန်နေဂျာက ထိုင်ရာမှထရင်း ပန်သစ္စာထံသွားရောက်ခဲ့သည်။

"အစ်မကြီး ခဏလေးနော်၊ ချက်ချင်းစီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ မြန်မြန်တော့လုပ်ပေးနော်၊ ဆာလို့ပါ"

"စိတ်ချပါ၊ နောက်လည်း အားပေးပါနော်"

"ဟုတ်ကဲ့ပါရှင်"

မန်နေဂျာက စကားမရှိစကား ရှာ၍ ပန်သစ္စာအနီးတွင် ခရစ်ဝဲဝဲလုပ်နေခဲ့သည်။

ဆိုင်အလုပ်သမားများ၏မျက်လုံးများကလည်း အလုပ်လုပ်ရင်း ပန်သစ္စာထံ ရောက်နေကြသည်။

ကားပါကင်စောင့်သူနှင့် ဆိုင်အဝင်ဝတွင် လုံခြုံရေးတာဝန်ယူနေသူတို့က ဆိုင်ဝင်ပေါက်ဝတွင် စကားပြောရင်း ပန်သစ္စာကို လှမ်းကြည့်နေကြသည်။

ပန်သစ္စာမှာ မည်သည့်ပါရမီကြောင့်မှန်းမသိ။ အလှပါရမီထူးလှသည်။ ယောကျာ်းသားတိုင်းကို ဆွဲဆောင်နိုင်စွမ်းရှိနေသည်။



ဥမ္မာဒန္တီ၏အလှနှင့် ယှဉ်နိုင်သူဟု တင်စားထိုက်သူဖြစ်သည်။

ဆိုင်ဝန်ထမ်းအားလုံးနှင့် စားသောက်နေသူအားလုံး၏စိတ်များကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ကားပါကင်စောင့်သူကလည်း တာဝန်ပျက်ကွက်နေသည်။

ပန်သစ္စာ၏အလှကို ဂရုမစိုက်ဘဲ နေနိုင်သူနှစ်ဦးက လူထွားကြီးနှစ်ဦးသာဖြစ်သည်။ သူတို့နှစ်ဦးက အစားကိုသာ အာရုံစိုက်၍ စားနေကြသည်။

လှမင်းကျော်မှာ ကိုယ်တိုင်မျက်ဝါးထင်ထင်တွေ့ရမှ ပန်သစ္စာ၏အလှကို အတည်ပြုပြီး ချီးမွမ်းနိုင်ခဲ့တော့သည်။

"ဟေ့ကောင် စားစရာရှိတာ စား၊ ငိုင်မနေနဲ့"

ခက်နိုင်က သတိပေးမှ လှမင်းကျော်က ရက်ပြုံးဖြင့် ဘီယာခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟေ့ကောင် မင်းဘယ်မှာလဲ"

ခက်နိုင်က လက်ကိုင်ဖုန်းဖြင့် ကျော်ပိုင်ဆီဆက်သွယ်ပြီး စုံစမ်းသည်။

"ငါလာခဲ့မယ်၊ မကြာပါဘူး"

"မြန်မြန်လာ၊ စားလို့ကုန်သွားရင် ထပ်မမှာပေးဘူး"

"အေးပါကွာ၊ မင်းတို့စားနှင့်ကြပါ၊ မကြာပါဘူး"

"မင်းက အပြင်မှာဘာလုပ်နေတာလဲ၊ မင်းရဲ့မဟေသီက ဆိုင်ထဲရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးစကားကို ခက်နိုင်က အသံအုပ်၍ တိုးတိုးလေးပြောလိုက်၏။ ခက်နိုင်ရှိရာသို့ ပန်သစ္စာက မသိမသာလှမ်းကြည့်သည်။

ခက်နိုင်ကိုတွေ့သည်နှင့် ဖဝေဖဝါစိတ်ဖြင့် မျက်မှောင်ကြုတ်၍ စဉ်းစားနေခဲ့သည်။ သူ့ကိုလေ့လာနေမှန်းသိ၍ ခက်နိုင်က သူ၏မျက်နှာကို တစ်ဖက်သို့ လှည့်ကွယ်လိုက်သည်။

ထိုအချိန်၌ပင် စားသောက်နေသော လူထွားကြီးနှစ်ဦးက ဆိုင်ထဲမှ အပြင်သို့ ထွက်သွားခဲ့သည်။ ကျသင့်ငွေကို အမြန်ရှင်းပြီး အရေးတကြီးပုံစံနှင့် ထွက်သွားခဲ့သည်။

ထွက်သွားသူ လူထွားကြီးနှစ်ဦးက ပန်သစ္စာဘက်သို့ တစ်ချက်မျှသာ ငဲ့ကြည့်ရုံကြည့်သွားခဲ့သည်။ ပန်သစ္စာက အကြည့်မျက်လုံးကို ရွှေ့လျားရုံမျှ ရွှေ့လျားရင်း ဟန်အပြည့်ဖြင့် စားစရာများကိုဆက်စားနေခဲ့သည်။

လှမင်းကျော်က ဘာမှသတိမပြုမိ။

ခက်နိုင်ကသာ စိတ်ပင်တစားဖြင့် ကြည့်နေခဲ့သည်။

♛♛♛♛

လူထွားကြီးနှစ်ဦး ရပ်ထားသည့် သူတို့စီးလာသောကားအနီးသို့ ရောက်သောအခါ အစောင့်ထားခဲ့သူကို မတွေ့ရ။

ကားတံခါးအားလုံးကို ပိတ်ထားသည်။

အနီးအနားတွင် ရှာကြည့်သည်။ မတွေ့ရ။

မလှမ်းမကမ်းတွင် လို
ထရပ် ကားတစ်စီး ရပ်ထားသ
ကို တွေ့လိုက်ရ၏။ ကားပေါ်တ
ထိုင်နေသူ ငါးဦးခန့်ရှိသည်
ငါးဦးထဲတွင် အမျိုးသမီးနှစ်
ပါဝင်နေသည်ကိုတွေ့ လိုက်ရ

အမျိုးသမီးနှစ်ဦးအနီးတွင်
နေသော ကျော်ပိုင်ကို တွေ့သ
သည့်အတွက် လူထွားကြီးနှစ်ဦး
ခပ်ထန်ထန်အကြည့်ဖြင့် လှ
ကြည့်သည်။

လူထွားကြီးတစ်ဦးက ကျော်
ပိုင်ကို မှတ်မိသွားဟန်ရှိ၏။ ကျော်
ပိုင်ထိုင်နေသည့်ကားရှိရာသို့ လ
သွားခဲ့သည်။

"ဟော့ကောင်လေး မင်း
ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လူထွားကြီးတစ်ယောက်က ကျော်ပိုင်ကို မကျေမနပ်ဖြင့်မေးလိုက်၏။

ကျော်ပိုင်က ထိုင်ရာမှ ငဲ့ကြည့်ရုံကြည့်သည်။

"ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ပါ"

"မင်း ပန်းသစ္စာနောက်လိုက်လာတာမဟုတ်လား"

"ဘယ်ကပန်းသစ္စာလဲ၊ ကျုပ်မသိဘူး"

"ပန်းသစ္စာ ဆိုင်ထဲမှာရှိနေတယ်၊ ပန်းသစ္စာလာတာသိလို့လိုက်လာတာမဟုတ်လား"

"ဘာတွေလာပြောနေတာလဲ"

ထိုအချိန် ကျော်ပိုင်က တစ်နေရာသို့လှမ်းကြည့်ရင်း ညာလက်ညှိုးဖြင့် ဦးခေါင်းပေါ်သို့ ဝိုက်ပြလိုက်သည်။

ချက်ချင်းဆိုသလို လူ ၁၀ ဦးခန့် စုပြုံရောက်လာသည်။

မပြောမဆိုဖြင့် လူထွားကြီးနှစ်ယောက်ကို ဆတ်ခနဲ လက်ထိတ်တွဲခတ်လိုက်သည်။ လူထွားကြီးနှစ်ယောက်လုံး လန့်သွားကြ၏။

"ခင်ဗျားတို့ ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲလေ"

"ခင်ဗျားတို့က ဘာလဲ"

"အထူးအဖွဲ့ ရဲတပ်ဖွဲ့ဝင်တွေပါပဲ"

ခေါင်းဆောင်ဖြစ်သူက ခပ်မာမာနှင့်ပင် ခပ်ထန်ထန်မေးသူကိုပြန်ဖြေလိုက်သည်။

"ကျုပ်တို့ ဘာမှလုပ်ထားတာ မရှိဘူး"

"ကျုပ်တို့ကလည်းအကြောင်းမဲ့ မဖမ်းဘူး"

လူထွားကြီးနှစ်ယောက်က ရုန်းကြည့်သည်။ ယောကျ်ားမာနကိုထုတ်ပြရန် ကြိုးစားကြည့်သည်။

အထူးအဖွဲ့ရဲတပ်ဖွဲ့ဝင်တိုင်းသည် မြန်မာ့သိုင်းနှင့် ဂျူဒိုပညာကိုတတ်မြောက်ထားကြသူများဖြစ်သည်။

လိုင်းပုတ်လေ့ကို မည်သို့ကိုင်တွယ် ထိန်းထားရမည်ကို သိသူများဖြစ်သည်။ ရန်ပြုပြီး ထွက်ပြေးရန်ကြံသူနှစ်ဦးကို ပညာဖြင့် ချုပ်ကိုင်ထား၍ လှုပ်မရအောင်ဖြစ်နေခဲ့သည်။

"မင်းတို့ရဲ့အဖော်ကိုတွေ့ရင် မင်းတို့နှစ်ယောက် ဝန်ခံရတော့မှာပါ"

"ဘယ်ကအဖော်လဲ"

"မင်းတို့နှစ်ယောက်က ဆိုင်ထဲဝင်သွားတုန်း ကားထဲမှာထားခဲ့တဲ့ မင်းတို့ရဲ့အဖွဲ့ဝင်လေ၊ သူက ယှဉ်ရပ်ထားတဲ့ကားထဲက ဘဏ်ထုတ်ငွေတွေကို ခိုးယူခဲ့လို့ လက်ပူးလက်ကြပ် ဖမ်းမိထားပြီးပြီ"

"အဲဒါ ကျုပ်တို့မသိဘူး၊ သူ့အပိုင်းပဲ၊ ကျုပ်တို့က ဆိုင်ထဲမှာစားသောက်နေခဲ့ကြတာ၊ သူ့ကိုကားမောင်းသူအဖြစ် ခေါ်လာခဲ့တာ"

"ကဲ.....ဖမ်းထားတဲ့ မိုင်းလုံကိုခေါ်ခဲ့တော့"

ခေါင်းဆောင်ဖြစ်သူက အော်ဟစ်ပြီး အမိန့်ပေးလိုက်သည်။

ရဲတပ်ဖွဲ့ဝင်သုံးဦးက ကြိုတင်ဖမ်းမိထားသော ယာဉ်မောင်း မိုင်းလုံကို အတူတွဲခေါ်လာသည်။

"မိုင်းလုံရေ စောစောကအစစ်ခံတဲ့အတိုင်း ပြန်ပြောပြပါဦးကွာ"

"ဟုတ်ကဲ့ပါ၊ ရဲမှူးတို့ ဖမ်းထားတဲ့နှစ်ယောက်အနက် တစ်ယောက်က သံဒိုင်ပါ၊ နောက်တစ်ယောက်က ကျောက်လုံးပါ၊ သူတို့နဲ့ကျွန်တော်က တစ်ဖွဲ့တည်းပါ"

လူထွားကြီး သံဒိုင်နှင့်ကျောက်လုံးတို့ ဘာဆက်ပြောရမှန်းမသိတော့။ မိုင်းလုံက ဖော်ကောင်လုပ်ပြီးဖြစ်သည်ကို သဘောပေါက်ပြီးဖြစ်ခဲ့ကြဟန်ရှိသည်။

"မိုင်းလုံ ဆက်ပြီးပြောပြပါဦး"

"ကျွန်တော်တို့အဖွဲ့က ဘဏ်ကငွေထုတ်လာသူတွေနောက်လိုက်

www.burmeseclassic.com



ပြီး တစ်နေရာရာမှာ ရပ်ပြီးစား
သောက်နေကြတဲ့အချိန်မှာ ကား
ချင်းယှဉ်ရပ်ပြီးငွေခိုးလေ့ရှိပါတယ်"

"ဟုတ်ပြီ၊ သံဒိုင်နဲ့ကျောက်
လုံးတို့က ဘယ်အပိုင်းကို တာဝန်
ယူရသလဲ"

"သူတို့က ဘဏ်ရှေ့မှာစောင့်
ပြီး ငွေထုတ်တဲ့သူကို လေ့လာပေး
တယ်၊ ကျွန်တော့်ကားနဲ့အတူ
နောက်ယောင်ခံလိုက်တယ်၊ စား
သောက်ဆိုင်ရှေ့မှာ ကားချင်းယှဉ်
ရပ်ပေးရတယ်၊ အခြေအနေ
ကောင်းရင် ကျွန်တော်တစ်
ယောက်တည်း သော့တုန့် ကား
တံခါးဖွင့်ပြီး ခိုးပါတယ်"

"အခြေအနေခက်ခဲရင်ရော"

"သံဒိုင်နဲ့ကျောက်လုံးတို့ကိုယ်
တိုင် ကားချင်းယှဉ်ရပ်တဲ့နေရာမှာ
ကားပျက်သလိုပြင်သလိုလုပ်ရင်း ယှဉ်
ရပ်ထားတဲ့ကားကို သော့တုန့်ဖွင့်
တယ်၊ ငွေထုပ်ပြောင်းထည့်ပြီး
ချက်ချင်းကားကိုမောင်းပြေးခဲ့
တယ်"

"ဒီနေ့တော့ မင်းတို့က ဘာ
ကြောင့် စားသောက်ဆိုင်ထဲရောက်
နေရတာလဲ"

"ငွေပိုင်ရှင်က ဆိုင်ထဲက
အပြင်ထွက်မယ်ဆိုရင် မိတ်ဖွဲ့ပြီး
အချိန်ဆွဲထားဖို့ပါ၊ ဒီနေ့တော့ မိုင်း
လုံးတစ်ယောက်တည်းလုပ်နိုင်လို့
ဆိုင်ထဲမှာ ငွေပိုင်ရှင်ကိုလိုအပ်ရင်
ထိန်းဖို့ ဆိုင်ထဲရောက်နေတာပါ"

ကျောက်လုံးက သူတို့အဖွဲ့၏
လှုပ်ရှားဆောင်ရွက်မှုကို ဝန်ခံထွက်
ဆိုချက်ပေးခဲ့သည်။

"မင်းတို့အဖွဲ့ထဲမှာ ပန်သစ္စာ
က ဘယ်လိုတာဝန်ယူရသလဲ"

သံဒိုင်နှင့် ကျောက်လုံးက
ထုတ် မပြောကြ။

မိုင်းလုံးဘက်လှည့်ကြည့်ရင်း
မပြောပြရန် မျက်လုံးဖြင့်အချက်ပြ
သည်။

အထူးအဖွဲ့ခေါင်းဆောင်က
မျက်လုံးချင်းစကားပြောနေသည်ကို
အကဲခတ်မိသဖြင့် မိုင်းလုံးကိုပြော
လိုက်သည်။

"မိုင်းလုံး၊ မင်းကို ငါတို့က
ခိုး ရာပါငွေနဲ့ လက်ပူးလက်ကြပ်
ဖမ်း ထားတာနော်၊ မင်းမပြောဘဲ
နှုတ် ပိတ်ရှောင်လွှဲရင် ရှိသမျှ
အပြစ်တွေ ကို မင်းတစ်ယောက်ပဲ
ခံရလိမ့်မယ်"

"ကျွန်တော်တို့က အဖွဲ့နဲ့လှုပ်
ရှားတာပါ၊ အဖွဲ့ခေါင်းဆောင်က
ကုမ္ပဏီအမည်ခံထားပြီး ဒါရိုက်တာ
တစ်ဦးအဖြစ် ရှေ့ကရပ်ပေးနေတဲ့
ဦးအေးထွန်းပါ"

"ဟုတ်ပြီ၊ ဦးအေးထွန်းက
ဘာတာဝန်ယူသလဲ"

"သူက ငွေအထုတ်အသွင်း
ပြုမယ့်သတင်း စုဆောင်းတယ်၊
စောင့်ကြည့်ဖို့ သံဒိုင်နဲ့ ကျောက်လုံး
က တာဝန်ယူပြီး ဆက်တိုက်လှု
ရှားရတယ်၊ ကျွန်တော်က ဖော
ထွင်းဝိဇ္ဇာပါ"

"မင်းစောစောက အရေးပေ
စစ်ဆေးစဉ်မှာ ဝန်ခံထွက်ဆိုခဲ့သ
ပန်သစ္စာဆိုတဲ့ မိန်းမလှအကြော
ထပ်ပြောပါဦး"

"ဟုတ်ကဲ့၊ ပန်သစ္စာ
အရမ်းကိုလှပါတယ်၊ ကုမ္ပဏီပိုင်
ရှင်ဦးအေးထွန်းရဲ့ လူသိမခံတဲ့
ပါ၊ ကျွန်တော်တို့ ကားချင်းယှဉ်
ငွေခိုးမယ့်နေရာမှာ ပန်သစ္စာက သ
အလှနဲ့ လူတွေကိုဆွဲဆောင်
ထိန်းထားရပါတယ်၊ လူတွေရဲ့အ
ရုံက ပန်သစ္စာအပေါ် ရောက်နေ
အခါ ကျွန်တော်နဲ့ သံဒိုင်ရယ်
ကျောက်လုံးရယ်က ငွေထုပ်ကို
ပြီး ကြိုတင်ထွက်ပြေးရပါတယ်"

"မင်းတို့ ဘယ်မှာပြန်ဆုံလဲ"

"ဦးအေးထွန်းရဲ့အိမ်မှာပါ၊
အေးထွန်းက ရရှိလာတဲ့ငွေတွေ
သူ့ကုမ္ပဏီလုပ်ငန်းဝင်ငွေအနေ
ဘဏ်မှာအပ်ပါတယ်"

"ဝေစုဘယ်လိုခွဲသလဲ"

"ဝေစုကို ပန်သစ္စာက တာ
ဝန်ယူခွဲဝေပေးပါတယ်"

ဖမ်းဆီးရမိသည့်နေရာတွ
အရေးပေါ်စစ်ဆေးပြီးသည်နှင့်
သစ္စာကို ဆက်လက်ဖမ်းဆီး
လုပ်ရပြန်သည်။

ကျော်ပိုင်နှင့်အတူ ကားပေ



www.burmeseclassic.com

www.burmeseclassic.com

တွင် အသင့်ထိုင်စောင့်နေသော ရဲတပ်ဖွဲ့ဝင်အမျိုးသမီးနှစ်ဦးက ပန်သစ္စာကိုဖမ်းဆီးရန် ကားပေါ်မှ ဆင်း လိုက်သည်။

မိုင်းလုံး၊ ကျောက်လုံး၊ သံဗိုင် တို့ကို ဖမ်းဆီးခေါ်ဆောင်လာသည်ကို တွေ့ရသည်နှင့် စားသောက်ဆိုင်ထဲတွင်ရှိနေသော ပန်သစ္စာမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့သည်။

ရဲမေနှစ်ဦးက ပန်သစ္စာ၏ ဝဲယာမှညှပ်၍ ပန်သစ္စာကို စတင်ဖမ်းဆီးလိုက်တော့သည်။

"ပန်သစ္စာ သဘောပေါက်ပါပြီနော်"

အထူးအဖွဲ့ခေါင်းဆောင်က ပန်သစ္စာရှေ့မှရပ်၍ အသံမှန်မှန်ဖြင့် ပြောလိုက်သည်။ လူအများကို ဆွဲဆောင်မှုပြုနိုင်သော ပန်သစ္စာမှာ အဖမ်းခံရချိန်၌ လူအများ၏ စိတ်ဝင်စားမှုအခံရဆုံး မိန်းမလှတစ်ဦး ဖြစ်လာပြန်သည်။

"ရဲအုပ်ကျော်ထင်လား"

အထူးအဖွဲ့ခေါင်းဆောင်က ဆက်ကိုင်ဖုန်းဖြင့် သူ့လက်ထောက် ရဲအုပ်ကျော်ထင်အား ဆက်သွယ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

"ကုမ္ပဏီပိုင်ရှင် ဦးအေးထွန်းကို ဖမ်းလိုက်တော့"

"ဘာပြောရဦးမလဲ ရဲမှူး"

"သူ့ဘက်က ငြင်းဆန်ဖို့ကြိုးစားရင် ပန်သစ္စာနဲ့အတူ အဖွဲ့ဝင်



အားလုံးကို သက်သေခံငွေတွေနဲ့အတူ ဖမ်းမိထားပြီလို့ ပြောပြလိုက်ပါ"

အထူးအဖွဲ့ခေါင်းဆောင်၏ အမိန့်ပေးသံကို ကြားရသည်နှင့် ပန်သစ္စာမှာ ခေါင်းငိုက်စိုက်ကျသွားရတော့သည်။

အလှဂုဏ်ဝင့်၍ ဒုစရိုက်မှုကို ဦးဆောင်နေခဲ့သော ပန်သစ္စာ၏ မျက်လုံးအိမ်ထဲမှ မျက်ရည်ဥများသည် စားပွဲပေါ်သို့ ရုတ်တရက်ခုန်ဆင်းခဲ့တော့၏။

ပန်သစ္စာ၏ အလှမာနများသည် သူမ၏နောက်ဆုံးကာလအဖြစ် ပြိုလဲသွားခဲ့ရတော့၏။

ပန်သစ္စာက ခေါင်းမော့ကြည့်ချိန်တွင် သူမအား ချစ်ခွင့်ပန်ခဲ့သော ကျော်ပိုင်ကို တွေ့လိုက်ရ၍ ရှက်အားပိုစိတ်ဖြင့် ချက်ချင်း ခေါင်းပြန် ငုံ့ပစ်လိုက်၏။

အလုံးစုံသော အခြေအနေကို မြင်တွေ့လိုက်ရသည့် လုမင်းကျော်မှာ ကျော်ပိုင်အပေါ် လေးစားသည့် စိတ်ဖြင့် လှမ်းကြည့်ရင်း ဘဏ်မှ ထုတ်ယူလာသောငွေများ မဆုံးရှုံးစေရန် အကာအကွယ်ပေးခဲ့သည့် ကျော်ပိုင်ကို ကျေးဇူးတင်မဆုံး ဖြစ်နေခဲ့မိတော့၏။

**ပြီးပါပြီ။**

**စာပေသစ္စာဖြင့်**

**အောင်ကျော်ဇော**

www.burmeseclassic.com



# သူနာပြုအမှားကြောင့် လူနာတစ်ဦး အသက်ဆုံးရှုံး

တရုတ်နိုင်ငံ၊ ဟေနန်ပြည်နယ်တွင် သူနာပြုတစ်ဦး၏ မှားယွင်းဆေးချိတ်သွင်းမှုကြောင့် လူနာတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ဖြစ်စဉ်မှာ အသက် (၆၅)နှစ်အရွယ် ဝမ်ဟွာလီသည် ဟေနန်ပြည်နယ်အတွင်းရှိ ထျန်းတန်ဆေးရုံတွင် ခွဲစိတ်ကုသမှု ခံယူပြီးနောက် ၁၂ ရက်ခန့်အကြာတွင် ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့သော်လည်း ဆေးပုလင်းချိတ်ထားရလေ့ရှိသည်။

သို့ရာတွင် ဩဂုတ်လ ၃၁ ရက်နေ့တွင် ပုံမှန်အတိုင်း ဆေးနှစ်ပုလင်းသွင်းခဲ့ပြီး တတိယဆေးပုလင်းသွင်းချိန် ၎င်း၏လက်များ တုန်ယင်လာခဲ့ရာ ဆရာဝန်ထံသို့ သွားရောက်ခေါ်ယူခဲ့သော်လည်း အသက်မရှိတော့ပေ။ ဆေးရုံမှ စုံ စမ်းစစ်ဆေးမှုများပြုလုပ်ပြီး တာဝန် ကျ သူနာပြု၏ ဆေးရည်မှားယွင်း ချိတ်မိခြင်းကြောင့်ဖြစ်သည်ဟု ဆေး ရုံ၏ သူနာပြုအုပ်က ဝန်ခံပြောကြား ခဲ့သည်။

**ဆောင်းဟေမန်**

Ref: International News

2.10.2013








www.burmeseclassic.com

3:59 pm 10/28/13

www.burmeseclassic.com

# ကင်းမြီးကောက်နှင့်ပင့်ကူများပါသောပါဆယ်ထုပ်များ အိန္ဒိယလေဆိပ်တွင်သိမ်းဆည်းရမိ



အိန္ဒိယနိုင်ငံ၊ ရှန်နိုင်းလေဆိပ်တွင် ဖိလစ်ပိုင်နိုင်ငံနှင့် အီတလီနိုင်ငံသို့ ပျံသန်းမည့် လေယာဉ်နှစ်စင်းပေါ်မှ အဆိပ်ပြင်းသော ကင်းမြီးကောက်နှင့် ပင့်ကူများပါဝင်သည့် ပါဆယ်ထုပ် ခြောက်ထုပ်ကို အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းရမိခဲ့သည်။

ပါဆယ်သုံးထုပ်မှာ ကင်းမြီးကောက်အရှင်များ ထည့်ထားပြီး စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်တစ်စီးပေါ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသို့ပို့ရန် ပင့်ကူများထည့်ထားသော ပါဆယ်ထုပ်များကို Lufthanasa လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စီး ပေါ်မှ ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ သည်။

စုံစမ်းစစ်ဆေးမှုအရ ပါဆယ် ထုပ်များကို ပို့ဆောင်ရမည့်လိပ်စာကို မှားယွင်းစွာ ဖော်ပြထားကြောင်း သိရသည်။

**ဆောင်းဟေမန်** Ref:International News 1.10.2013

# ခါးပြတစ်ဦးအားခြေလက်ဖြတ်တောက်ရန်အမိန့်ချ

ယီမင်နိုင်ငံတွင် ခါးပြမှုဖြင့် ဖမ်းဆီးခံထားရသော အမျိုးသားတစ်ဦးအား ၎င်း၏ညာဘက်လက်နှင့် ဘယ်ဘက်ခြေထောက်ကို ဖြတ် တောက်ရန် တရားရုံး တစ်ခုက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထိုအမျိုးသားသည် ငွေလဲလှယ်ရေးကုမ္ပဏီတစ်ခုမှငွေများကို ယာဉ်တစ်စီးဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သော အမျိုးသားတစ်ဦးအား တိုက်ခိုက်၍ ငွေများအား လုယူခဲ့သည်ဟု ၎င်းကဝန်ခံပြောကြားခဲ့ပြီးနောက် ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ် ခံရခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**


Ref: International News27-9-13



www.burmeseclassic.com

www.burmeseclassic.com

# မြွေကိုက်လို့မသေသူအမျိုးသမီး ရက်သတ္တသုံးပတ်အကြာမှာ နကျယ်ကောင်အကိုက်ခံရလို့ သေဆုံးခဲ့မှု



ဆော်ဒီအာရေဗျနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် အဆိပ်ရှိသော မြွေ အကိုက်ခံရပြီးနောက် အသက်ရှင်ခဲ့သော်လည်း သီတင်းသုံးပတ်အကြာတွင် နကျယ်ကောင်အကိုက်ခံရ၍ သေဆုံးသွားခဲ့သည်။

အသက် ၂၆ နှစ်အရွယ် အဆိုပါအမျိုးသမီးသည် ၎င်းနေထိုင်သောရွာရှိ ဆိုင်တစ်ဆိုင်မှ သူမ၏ နေအိမ်သို့ အပြန်လမ်းတွင် မြွေ အကိုက်ခံရခြင်းဖြစ်သည်။ အဆိပ်ရှိသော မြွေဖြစ်သောကြောင့် သူမအား ဆေးရုံသို့ လျင်မြန်စွာပို့ဆောင်၍ ကုသမှုခံယူစေခဲ့သဖြင့် ရက်အနည်းငယ်အကြာ အသက်ချမ်းသာရာရရှိ၍ ဆေးရုံမှ ဆင်းခဲ့လေသည်။

ဆေးရုံမှဆင်းပြီး သုံးပတ်အကြာ သူမသည် နကျယ်ကောင် အကိုက်ခံရသဖြင့် အဆိုပါဆေးရုံသို့ ပင် ထပ်မံပို့ဆောင်၍ ဆေးကုသမှုခံယူ ခဲ့သော်လည်း သေဆုံးသွားခဲ့ရ သည်။

**ဆောင်းဟေမ**

Ref: International Ne

-28-9-1




www.burmeseclassic.com

3:59 pm 10/28/13

www.burmeseclassic.com



# ရေခဲသေတ္တာအဟောင်းတစ်လုံးထဲမှ ကလေးသုံးဦး၏အလောင်းများတွေ့ရှိရမှု



တောင်အာဖရိကနိုင်ငံ၊နော့သ်ဝက်စ်ပြည်နယ်၊ အေသိမ်းလန်းမြို့တွင် ရေခဲသေတ္တာဟောင်းတစ်လုံးအတွင်းမှ ကလေးငယ်သုံးဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဖြစ်စဉ်မှာ ကလေးသုံးဦးသည် နေအိမ်အပြင်ဘက်၌ စက်တင်ဘာ ၁၂ ရက်က ဆော့ကစားနေရာမှ ရုတ်တရက် ပျောက်ဆုံးသွားခဲ့ကြောင်း၊ မိဘများက ရှာဖွေသော်လည်း မတွေ့ဘဲ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကလေးတစ်ဦး၏ အဘိုးဖြစ်သူက သိမ်းဆည်းထားသော ရေခဲသေတ္တာဟောင်းအတွင်းမှ ကလေးငယ်သုံးဦး၏ အလောင်းကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်၏။

ကလေးသုံးဦးလုံးမှာ အသက် နှစ်နှင့် လေးနှစ်အကြားရှိကြပြီး နေစဉ် ရေခဲသေတ္တာအတွင်း ၌ ၎င်းတို့ကိုယ်တိုင် တံခါးကို လော့ခ်ချထားခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးငယ်များ သေဆုံးရသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့ဝင်များ က ဆက်လက်စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

**ဆောင်းဟေမန်** Ref: International News

17.9.2013



www.burmeseclassic.com

www.burmeseclassic.com



# တက်တူးထိုးထားသော အမျိုးသမီးအား အများသုံးရေချိုးခန်း၌ ရေချိုးခွင့်ပိတ်

Maori မျိုးနွယ်စု၊ နယူးဇီလန်နိုင်ငံသူဖြစ်သည့် Erana Te Heaata Brewerton အား မျက်နှာတွင် ဆေးမင်ကြောင်ရုပ်ထိုးထားသောကြောင့် အများပြည်သူရေချိုးရာနေရာသို့ ဝင်ရောက်ခွင့်ပိတ်ပင်ခံခဲ့ရမှု ဂျပန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည်။

သူမသည် တိုင်းရင်း သားပညာ ရပ်ဆိုင်ရာ စည်း ဝေးပွဲသို့ တက်ရောက်နေသူဖြစ်ပြီး ထိုသို့ ငြင်းပယ်ခံရခြင်းမှာ ယာကူဇာကဲ့သို့ မြေအောက်ဂိုဏ်းသားများ လာရောက်ခြင်းကို ဟန့်တားထားသည့် စည်းမျဉ်းနှင့် ငြိစွန်းနေကြောင်း သိရသည်။

မျက်နှာတွင် ta mo ko ဆေးမင်ကြောင်ထိုးခြင်းဓလေ့မှာ မည်သည့်လူမျိုး၊ မည်သည့်ဒေသမှလာ သူဖြစ်ကြောင်းကို လူအများ သိစေရန်ဖြစ်ကြောင်း၊ ရိုးရာ



ဆေးမင်ကြောင် ထိုးခြင်းသည် လူမှုရေးဆန့်ကျင်သည့် သဘောမျိုးမဟုတ်ကြောင်း ရှင်းပြခဲ့သည်။

**ဆောင်းဟေမန်** Ref: International News 25/9/2013



www.burmeseclassic.com

www.burmeseclassic.com

# သုံးနှစ်အရွယ်ကလေးထံမှ ဆေးခြောက်များတွေ့ရှိ

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ ဟာလမ်အရပ်ရှိ နေ့ကလေးထိန်းကျောင်း၌ သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ ဆေးခြောက် (၁၄) ထုပ်ကို ရှာဖွေတွေ့ရှိခဲ့သည်။


အဆိုပါ ကလေးထိန်းကျောင်းမှ ဝန်ထမ်းများက ရှာဖွေတွေ့ရှိခဲ့၍ ရဲတပ်ဖွဲ့ထံသို့ အကြောင်းကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ကလေးငယ်အား မေးမြန်းပြီး အပြစ်မရှိ၍ ကလေးကို မိဘများထံ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုဆေးခြောက်ထုပ်များသည် ကလေးငယ်၏အစ်ကိုဝမ်းကွဲပိုင်ဆိုင်သော ပစ္စည်းဖြစ်ကာ ၎င်းအား ဆေးခြောက်ပိုင်ဆိုင်မှု၊ ရောင်းဝယ်ဖောက်ကားမှုဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းသည် ဆေးခြောက်ကို မုန့်များနှင့်ရောနှောကာ ကလေးငယ်၏ ကျောပိုးအိတ်အတွင်းသို့ထည့်ကာ ကလေးငယ်၏ဖခင်ဖြစ်သူ၏ ကားအတွင်း၌ ထားခဲ့သည်ဟု ဝန်ခံခဲ့သည်။

**ဆောင်းဟေမန်**

Ref: International News

-2-10-13






www.burmeseclassic.com

www.burmeseclassic.com

# မန္တလေး အောင်မြေသာစံမြို့နယ်အတွင်း ဆိုင်ကယ် (၂၂)စီး ခိုးယူသူကို လှည့်ကင်းက တွေ့ရှိ အရေးယူခဲ့နိုင်မှု



မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နယ်အတွင်းရှိ နေရာဒေသအသီးသီးမှ သော့တန်းလန်းဖြင့် ရပ်ထားသော ဆိုင်ကယ်များကို ခိုးယူရောင်းစားခဲ့သူအား အောင်မြေသာစံ ရဲစခန်းလှည့်ကင်းအဖွဲ့က မသင်္ကာဖွယ်တွေ့ရှိ၍ ခေါ်ယူ စစ်ဆေးရာမှ ဆိုင်ကယ်(၂၂)စီးခိုးမှုကို ဖော်ထုတ်နိုင် ခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၁၈-၉-၂၀၁၃ရက်နေ့ ညဥ့်သန်းခေါင်ကျော်(၁၂)နာရီခွဲ အချိန်က အောင်မြေသာစံမြို့မရဲစခန်းမှ စခန်းမှူးနှင့် နယ်ထိန်းခေါင်းဆောင်တို့ ဦးဆောင်သောအဖွဲ့သည် ပြည်သူလူထုပူးပေါင်း ပါဝင်သော ရဲလုပ်ငန်းစနစ်ဖြင့် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင် ရပ်ကွက်၊ ၈၂လမ်း၊ ၂၀×၂၁ လမ်းကြားတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရသည့် ဖြိုးသူရကျော်(ခ) လက်ကောက်(ခ) ဖက်တီးအား ခေါ်ယူစစ်ဆေးရာ ၎င်းအတူ တွေ့ရှိရသော ဆိုင်ကယ်မှာ ခိုးယူရရှိ[illegible] သော ဆိုင်ကယ်ဖြစ်ကြောင်း ဝန်ခံ[illegible] ထွက်ဆိုခဲ့သည်ဆို၏။

ဖြိုးသူရကျော်ကို စခန်းမှူး[illegible] ဦးဆောင်သောအမှုစစ်အဖွဲ့က[illegible] စစ်ဆေးခဲ့ရာ ၎င်းသည် နံနက်[illegible] ပိုင်းအချိန်၌ ၎င်းနေထိုင်သော[illegible] အကွက်(၅၀၇)၊ ကျွန်းလုံးဦးသျှောင်[illegible] ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်မှ[illegible] မန္တလေးမြို့တွင်းသို့ ခရီးသည်တင်[illegible] လိုင်းကားစီး၍ သွားရောက်ခဲ့[illegible] ကြောင်း၊ လူစည်ကား ရာနေရာ[illegible] များသို့ ရောက်သောအခါ မြို့ကျင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လည်သွားလာ၍ သော့တန်း ဖြင့် ရပ်ထားသော ဆိုင် များနှင့် ဇက်သော့မခတ် ထား ဆိုင်ကယ်များကို ခိုးယူ၍ င်းချခဲ့ကြောင်း ဝန်ခံထွက် သည်။ အမှုစစ်နှင့် အဖွဲ့က သက်သေခံဆိုင်ကယ်များကို သိမ်းဆည်း နိုင်ခဲ့သည်။ ခိုးရာ ပါဆိုင်ကယ် များမှာ (၂၂) စီးဖြစ်ကြောင်း သိရသည်။

အောင်မြေသာစံမြို့မ ရဲစခန်း (ပ)၅၂၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄ဖြင့် အရေးယူ၍ ကွင်းဆက်အမှုများကို ဆက်စပ်စစ် ဆေးကာ အရေးယူနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေကြောင်း သိရသည်။

**ရဲကျော်**
**(နေပြည်တော်)**

# အသက်မပြည့်သူကို ခိုးယူသွားပြီး ပေါင်းသင်းသူကို မိဘက ခွင့်မပြုလို့ ဥပဒေအရ အရေးယူခံလိုက်ရမှု

BURMESE CLASSIC .com

န်ကုန်တိုင်းဒေသကြီး၊ လှိုင် မြို့နယ်အတွင်း မိဘအုပ် ကောင်းသေး သည့် အမျိုး သ်အား ခိုးယူပေါင်းသင်း မိဘက သဘောမတူ ၍ ဥပဒေအရ အရေးယူခံ ကြောင်း သိရသည်။

စဉ်မှာ ၆-၁၀-၂၀၁၃ ည၈နာရီအချိန်က မ-- (ဈေးရောင်း)၊ --- ရွာ၊ ယာမြို့နယ်နေသူသည် ရှိနေစဉ် တစ်ရပ်ကွက် ညီမဖြစ်သူ မ---- သို့ သွားရောက် လည် သော သမီး မ---(၁၅ ---(၈နှစ်)တို့ နှစ်ဦး နေအိမ်သို့ ပြန်လည် ရောက်ရှိလာ ခြင်းမရှိသဖြင့် စုံစမ်းရှာဖွေခဲ့ကြ သည်ဆို၏။

ထိုသို့ ရှာဖွေခဲ့ရာ ၂ရက် မြောက်နေ့ဖြစ်သည့် ၈-၁၀-၂၀၁၃ရက်နေ့ ည ၁၁နာရီ အချိန် တွင် သမီးငယ် မ-----မှာ နေအိမ်သို့ တစ်ဦးတည်း ရောက် ရှိ လာခဲ့သည်။ ၎င်းအား မေး မြန်းရာ သမီးအကြီး ဖြစ်သူ၏ ရည်းစားဖြစ်သူ ထက်နိုင်(၁၈နှစ်)၊ အလယ်ရွာ၊ လှိုင်သာယာမြို့နယ် နေသူက ၎င်းတို့နှစ်ဦးအား ရွှေပြည်သာမြို့နယ်သို့ ခေါ်သွားပြီး အစ်မဖြစ်သူနှင့် ပေါင်းသင်းနေထိုင် ကြောင်း၊ ၎င်းအား ကျောင်းတက်ရန် နေအိမ်သို့ ပြန်ခိုင်းလိုက် ခြင်းဖြစ်ကြောင်း ပြောပြ၍ သိရှိခဲ့ရ သည်။

၉-၁၀-၂၀၁၃ရက်နေ့ နံနက် ၁နာရီအချိန်တွင် မိခင်ဖြစ်သူက သမီးကြီးဖြစ်သူအား သွားရောက် ခေါ်ဆောင်လာပြီး ၁၃-၁၀-၂၀၁၃ ရက်နေ့တွင် မ---က **တရားလို** ပြုလုပ်တိုင်ကြားခဲ့ရာ **လှိုင်သာယာ မြို့မရဲစခန်း(ပ)၁၁၇၃/၂၀၁၃၊ ပြစ်မှု** ပုဒ်မ ၃၆၃/၃၆၆ဖြင့် **အမှုရေးဖွင့်ပြီး** အမှုစစ် ဒုရဲအုပ်**အောင်နိုင်ဦးက** ထက်နိုင်(၁၈နှစ်)ကို **ဖမ်းဆီး စစ် ဆေးလျက်ရှိကြောင်း၊ သတင်း ရရှိသည်။**

**အေးအေးဆိုင်**



www.burmeseclassic.com

www.burmeseclassic.com



# ပိုင်ဆိုင်ကြောင်း အထောက်အထားမရှိဘဲ

## ဖုန်းရောင်းသူ မသင်္ကာမှုဖြင့် စစ်ဆေးခံနေရပြီ

၉-၁၀-၂၀၁၃ရက်နေ့ မွန်းလွဲ၁၂နာရီ၃၀မိနစ်အချိန်က လက်ပံတန်းမြို့၊မြို့မရပ်ကွက်၊ (၁)လမ်းတစ်လျှောက် ဖွင့်လှစ်ထားကြသည့် မိုဘိုင်းဖုန်းရောင်း ဝယ်ဆိုင်များသို့ အောင်ကိုလင်း(ခ)ပန်းသီး(၂၄နှစ်)၊ ဗောဓိကုန်းလမ်း၊ နယ်မြေ၂၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့နေသူက SIM Card ပါ Handsetလက်ကိုင်ဖုန်းတစ်လုံးအား လိုက်လံရောင်းချနေကြောင်း သတင်းရရှိသဖြင့် ဒုရဲအုပ်ကျော်မင်းဟန်၊ တပ်ကြပ်ရဲဝင်းသန်း၊ ဒုတပ်ကြပ်ဟန်ဝင်းအောင်၊ ဒုတပ်ကြပ်စိုးမင်းဦး တို့အဖွဲ့က စုံစမ်းရှာဖွေတွေ့ရှိ၍ သက်သေ ရာအိမ်မှူး ဦးမြင့်ဦး၊ ဆယ်အိမ်မှူး ဦးမျိုးအောင်တို့နှင့်အတူ ခေါ်ယူစစ်ဆေးခဲ့သည်။

အောင်ကိုလင်း(ခ)ပန်းသီး၏လက်ဝယ်တွင် တွေ့ရှိရသည့် G 610 HUAWEIအမျိုးအစား အဖြူရောင် လက်ကိုင်ဖုန်း ၀၉၃၃၄၉---SIM Cardတပ်ဆင်ထားသော လက်ကိုင်ဖုန်းတစ်လုံး (တန်ဖိုးကျပ်၂,၃၀,၀၀၀)မှာ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်း၊ ပြောဆိုနိုင်ခြင်း မရှိသည့်အတွက် သက်သေ များရှေ့တွင် ဖမ်းဆီးခဲ့သည်။

ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ်ကျော်မင်းဟန်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် လက်ပံတန်းမြို့မရဲစခန်း(ပ)၃၇၀/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၈၀/ကျင့် ၅၄(နေအိမ်အဆောက်အအုံ အတွင်းမှ ခိုးယူလာသည်ဟု မသင်္ကာမှု)ဖြင့် အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိန်ဝင်းမောင်**

BURMESE CLASSIC .com

# ညအချိန် အိမ်ရှင် အမျိုးသမီးကို

## အိမ်ငှားအမျိုးသားက အဓမ္မပြုကျင့်ခဲ့ပါတယ်ဆိုတဲ့ တိုင်ကြားခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ညအချိန် အိမ်သာတက်ရာမှ အိပ်ခန်းသို့ ပြန်လာသူအိမ်ရှင် အမျိုးသမီးကို အိမ်ငှားဖြစ်သူက အဓမ္မကျူးလွန်မှု ဖြစ်ပွားသွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၅-၁၀-၂၀၁၃ ရက်နေ့ ည၉နာရီအချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ---ရပ်ကွက်နေ မ---သည် နေအိမ်ရှိ အိမ်သာသို့ တက်ပြီး အိပ်ခန်းသို့ပြန်လာစဉ် ၎င်း၏နေအိမ်တွင် ငှားရမ်းနေထိုင်သူနိုင်ဝင်းက"နေဦး" ဟု ပြောသဖြင့် မ---က"ငါ့ ပိုက်ဆံပြန်ပေးမလို့လား"ဟု မေးမြန်းရာ နိုင်ဝင်းက"ဟုတ်တယ်"ဟု ပြောဆိုပြီး ပိုက်ဆံအား ပစ်ချလိုက်ကာ "ဒီပိုက်ဆံလောက်ကို ဂရုမစိုက်ဘူး"ဟု ပြောလျက် မ--၏လက်ကိုဆွဲ၍ ၎င်း၏အခန်းအတွင်းသို့ ဆွဲသွင်းကာ သားမယားအဖြစ် ပြုကျင့်ခဲ့သည်ဆို၏။

ထိုဖြစ်ရပ်ကြောင့် မ---က တရားလိုပြုလုပ် တိုင်ကြား သဖြင့် မြောက်ဥက္ကလာပ မြို့မရဲစခန်း(ပ) ၈၃၄/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၇၆ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူးဒုရဲမှူး ညီညီလွင်က ဖမ်းဆီးစစ်ဆေး အရေးယူ တည်ဆောက်လျက်ရှိကြောင်း သိရ သည်။

**ပေါက်ကျိုင်း**



www.burmeseclassic.com

www.burmeseclassic.com



# နှမော်နမ့်နဲ့ လျှပ်စစ်မိန်းခလုတ် ဖွင့်ခဲ့သူကြောင့်

## ဓာတ်တိုင်ပေါ်မှာ ချိန်ညှိနေသူတစ်ဦး ဓာတ်လိုက်သေဆုံးသွားရရှာတဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ရွာရှိ ဓာတ်တိုင်ပေါ်တွင် ချိန်ညှိမှုများ ပိတ်နေ၍ ရှင်းလင်းရာမှ လူတစ်ဦး မသေသင့်ဘဲ သေဆုံးသွားရရှာတဲ့ သေမှုသေခင်းဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

BURMESE CLASSIC .com

ဖြစ်စဉ်မှာ ၁၁-၁၀-၂၀၁၃ရက်နေ့ မွန်းလွဲ၁နာရီ ၄၅မိနစ်အချိန်က လှည်းကူးမြို့မရဲစခန်း တာဝန်မှူး ဒုရဲအုပ်သံချောင်းသည် လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာတွင် လူတစ်ဦးဓာတ်လိုက်သေဆုံး နေကြောင်း သတင်းရရှိ၍ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဇော်မင်း ဦး(၃၅နှစ်) (ကျပန်း)၊ ရဲမွန်ကျေး ရွာ၊ လှည်းကူးမြို့နယ်နေသူဖြစ်ပြီး ကျော်ထက်(၂၄နှစ်) (ကျပန်း)၊ ရဲမွန်ကျေးရွာ၊ လှည်း ကူးမြို့နယ်နေသူ၏ အိမ်ရှေ့ ဓာတ်တိုင်ပေါ်တွင် ချိန်ညှိမှုများ ပိတ်နေပြီး လေတိုက်ပါက မီးများပွင့်နေ၍ ချိန်ညှိမှုများ ရှင်းလင်းရန် တာဝန်ရှိသူအား အကြောင်းကြားခဲ့သည်ဆို၏။ တာဝန်ရှိသူမှ မီးပျက်ပါက မိန်းခလုတ်ချ၍ ရှင်းလင်းရန်နှင့် ဦးစိုးနိုင် (၄၆နှစ်)၊ ရေ၊ မီး တာဝန်ခံအား ခွင့်ပြုရန် ပြောဆိုခဲ့သည်။

၁၁-၁၀-၂၀၁၃ရက်နေ့ နံနက် ၁၁နာရီ ၃၀မိနစ်အချိန်တွင် မီးပျက်နေ၍ ဦးစိုးနိုင်မှ မိန်းခလုတ်ချပြီး ဇော်မင်းဦးနှင့်ကျော်ထက်တို့က ချိန်ညှိမှုများ ရှင်းလင်းခဲ့သည်ဆို၏။ ကျော်ထက်က ဦးစိုးနိုင်အား ၎င်းလာပြောမှ မိန်းခလုတ်တင်ရန် ပြောဆိုထားရှိသော် လည်း ကျော်ထက်မှ လာရောက်ပြောဆိုခြင်းမရှိဘဲ ၁၅ မိနစ်ခန့်အကြာတွင် ဦးစိုးနိုင်က လျှပ်စစ်မီး မိန်းခလုတ်အား တင်လိုက်၏။

ထိုသို့ မိန်းခလုတ် တင်လိုက်စဉ် ဓာတ်တိုင်ပေါ် သို့တက်၍ ချိန်ညှိရှင်းလင်းနေသူ ဇော်မင်းဦးမှာ ဓာတ်တိုင်ပေါ်တွင် ဓာတ်လိုက်ခဲ့ရ၍ သေဆုံးနေကြောင်း သိရသည်။

လျှပ်စစ်မိန်းခလုတ်အား ပေါ့ဆစွာတင်သူ ဦးစိုးနိုင်အား အရေးယူပေးရန် ဒုရဲအုပ် သံချောင်းက တိုင်တန်းခဲ့၍ လှည်းကူးမြို့မ ရဲစခန်း (ပ) ၄၀၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-ကဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ်သံချောင်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**လင်းဦး**



www.burmeseclassic.com

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

**တနင်္ဂနွေ**

ယခုလအတွင်း နေအိမ်၊ တိုက်၊ ကား၊ မြေ အသစ်သို့ ပြောင်းရွှေ့ရကိန်းမြင်သည်။ စာအုပ်စာတမ်း၊ စက္ကူ၊ စာပေ၊ စာရေးဆရာ၊ စက်မှုလက်မှုလုပ်ငန်းရှင်ဖြစ်ပါက ခနကံ တိုးတက်ကြီးပွားမည်မှတ်ပါ။ သူတစ်ပါးကိစ္စ အမှုအခင်း၊ အရှုပ်အရှင်းကို ဖြေရှင်းပေးလျှင် အောင်မည်။ ခရီးမထွက်သင့်ပါ။ ဘေးရန်မြင်သည်။ ကျန်းမာရေးသင့်၍ လူမှုရေးညံ့မည်။

**ကံကောင်းအရောင်။** ။ စိမ်းပြာ၊ ခိုပြာရောင် ဝမ်းဆက်ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ အနက်ထဲမှာ အစိမ်းရင့်ကွက်ကျဲ ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်ရသမျှ သောကပင်လယ်ဝေပြီး ခွဲခွာရကိန်းမြင်သည်။
**အိမ်ထောင်ရေး။** ။ ကြာလေ ခိုင်မြဲလေ၊ ချစ်လေ စွဲလေမြဲလေမှတ်ပါ။
**ထီထိုးရန်။** ။ (က) ၆-၉၊ (ခ) ၆-၄၊ (ဂ) ၆-၁။
**ယတြာ။** ။ မွေးနံ့ထောင့်မှာ ထီးဖြူ ငါးလက်၊ တံခွန်တိုင် သုံးခု လှူဒါန်းပေးပါ။

BURMESE CLASSIC .com

**တနင်္လာ**

ယခုလအတွင်း စီးပွားဥစ္စာ ရတနာတို့ မမျှော်လင့်ဘဲ ပျက်စီးတတ်သည်။ ဝင်ငွေ ထွက်ငွေ မမျှတဘဲ ဖြစ်နေတတ်သည်။ ဘာပဲလုပ်လုပ် တစ်ခုမဟုတ်တစ်ခု ပြဿနာတက် တတ်သည်။ မိတ်ဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်းတို့မှ လုပ်ငန်းအတွက် ငွေထုတ်ပေး ကိန်းရှိသည်။ ကျန်းမာရေးညံ့၍ လူမှုရေးကောင်းပြီး ဘာသာရေး၊ သာသနာရေး ဂန္ဓာရီထွက်ရကိန်းရှိသည်။

**ကံကောင်းအရောင်။** ။ ပန်းနုရောင်၊ ဘဲခေါင်းစိမ်းရောင်ဝမ်းဆက်
**ကံညံ့အရောင်။** ။ အညို၊ အနီ၊ အနက် လုံးဝရှောင်ပါ။
**အချစ်ရေး။** ။ စေ့စပ်ကြောင်းလမ်း တောင်းရမ်းလာလျှင် လက်ခံလိုက်ပါ။
**အိမ်ထောင်ရေး။** ။ ကွဲကွာ၊ ခွဲခွာနေခြင်းကြောင့် ကံကောင်းတတ်သည်။
**ထီထိုးရန်။** ။ (ဃ) ၆-၃၊ (င) ၅-၄၊ (စ) ၇-၂။
**ယတြာ။** ။ အိမ်ဘုရားမှာ ဆီးညွန့်ကိုးညွန့်နှင့် ဆီးယို ကပ်လှူပေးပါ။

**အင်္ဂါ**

ယခုလအတွင်း ဘေးရန်၊ အန္တရာယ်မရှိဘဲ လာဘ်ခနကံ အထူးဝင်တတ်သည်။ မြို့ ခြား၊ နယ်ခြား၊ ပြည်ပခရီးဝေးသို့ သွားရကိန်းရှိသည်။ ရေထွက်ပစ္စည်း၊ ရေကြောင်းသဘော နိုင်ငံခြား အလုပ်ဘက်ဆိုင်ရာစာမေးပွဲ အောင်မြင်မှုရမည်။ ခြံမြေနှင့် ရှေးဟောင်းပစ္စည်း ဝယ်ရောင်းပါက ကံကောင်းတတ်ပါသည်။ ထီပေါက်ကိန်းမြင်သည်။ ထီမှန်မှန်နှင့်မြဲမြဲထိုးပါ။ အနောက်အရပ်သို့ ခရီးမသွားသင့်သေးပါ။ ဘေးရန်မြင်သည်၊ သတိထားပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကံကောင်းအရောင်။** ။ စတော်ဘယ်ရီရောင်၊ အစိမ်းရင့်ဝမ်းဆက်
**ကံညံ့အရောင်။** ။ မပေါ်ဂနီရောင်၊ ကျောက်ကွဲရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ဆက်လက်ကြိုးစားပါ။ သင်ရည်ရွယ်သူက လက်ခံလိမ့်မည်။
**အိမ်ထောင်ရေး။** ။ သာယာလှပသော အိမ်ထောင်ကံပါ၍ ကံကောင်းမည်။
**ထီထိုးရန်။** ။ (တ) ၂-၇၊ (ထ) ၂-၉၊ (ဒ) ၂-၅။
**ယတြာ။** ။ မွေးနံထောင့်မှာ ကြာဆံကြော်၊ ခေါက်ဆွဲကြော်ကပ်လှူပါ။ (ပုံသကု)

## ဗုဒ္ဓဟူး

ယခုလအတွင်း မွေးရပ်မြေ၊ သို့မဟုတ် မိဘနှစ်ပါးအတွက် ဒါနပြုရကိန်းရှိသည်။ စီးပွားရေးအတွက် သောကကြုံတွေ့တတ်သည်။ မရောက်ဘူးသောအရပ်သို့ မမျှော်လင့်ဘဲ ခရီးသွားကိန်းရှိသည်။ နေအိမ်၊ ခြံမြေ၊ ကား တစ်ခုခုဝယ်ယူရကိန်းမြင်သည်။ မိသားစုအတွက် ပျော်ရွှင်စွာနေရကိန်းရှိသည်။ ဘာပဲလုပ်လုပ် မုချအောင်မြင်မည်မှတ်ပါ။

BURMESE CLASSIC .com

**ကံကောင်းအရောင်။** ။ ရွှေဝါ၊ ငွေဖလားရောင် ဝမ်းဆက်
**ကံညံ့အရောင်။** ။ နီညိုရောင်၊ ကြာညိုရောင် ရှောင်ပါ။
**အချစ်ရေး။** ။ လိုက်လေဝေးလေ ဖြစ်နေဦးမည်။ လက်လျှော့လိုက်ပါ။
**အိမ်ထောင်ရေး။** ။ မိန်းမအပေါ် အထင်အမြင်လွဲနေသည်။ ပြုပြင်လိုက်ပါ။
**ထီထိုးရန်။** ။ (တ) ၆-၃၊ (န) ၆-၉၊ (ဖ) ၆-၅။
**ယတြာ။** ။ အိမ်ဘုရားမှာ ဥသျှစ်ဖျော်ရည်သုံးခွက် ကပ်လှူပေးပါ။

## ကြာသပတေး

ယခုကာလသည် ဘာပဲလုပ်လုပ် ရန်ဘက်၊ပြိုင်ဘက်၊အနှောင့်အယှက်များတတ်သည်။ ဆက်လက်လုပ်ပါ။ မိမိကပဲ အောင်ပွဲဆင်ကိန်းရှိသည်။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်မိုတယ်လုပ်ငန်းရှင်တို့ ကံအထူးကောင်းတတ်သည်။ ငွေရှင်ပြီး (မ)အဖျက်ဝင်တတ်၍ ဂုဏ်သိက္ခာထိခိုက်တတ်သည်။ သတိအထူးရှိပါ။ ငွေကြေးပြဿနာ အမှုအခင်းဖြစ်တတ်သည်။ သတိအထူးရှိပါ။

**ကံကောင်းအရောင်။** ။ အုန်းခွံရောင်၊ အဖြူ၊ အဝါ ရောယှက်ရောင်
**ကံညံ့အရောင်။** ။ အနက်ထဲမှာ အနီပန်းပွင့် ရှောင်ပါ။
**အချစ်ရေး။** ။ တူနှစ်ကိုယ် အချစ်ရေးကံကောင်းနေပြီမှတ်ပါ။
**အိမ်ထောင်ရေး။** ။ မတည့်အတူနေ၊ ရန်ဖြစ်လေ စီးပွားတက်လေမှတ်ပါ။
**ထီထိုးရန်။** ။ (ဒ) ၆-၄၊ (မ) ၆-၈၊ (ယ) ၇-၂။
**ယတြာ။** ။ မွေးနံထောင့်မှာ ကြံရည်သုံးခွက် ကပ်လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာ**

ယခုလအတွင်း ဒေါသကြောင့် ခိုက်ရန်ဖြစ်ပွားမှုဖြစ်တတ်သည်။ စိတ်ကိုလျှော့ပါ။ မေတ္တာ ပို့ပါ။ မင်္ဂလာသုတ်၊ မေတ္တာသုတ် များများရွတ်ပေးပါ။ နေရာ၊ ရာထူး၊ ဌာန ရွှေ့ပြောင်းကိန်း ရှိသည်။ မိသားစုအရေး အလေးပေးပါ။ အပေါင်းအသင်းတို့နှင့် ပျော်ပါးမော်ကြွားနေမှုကို ရှောင်ပါ။ အရက်နှင့် လောင်းကစားတို့ကြောင့် ဒုက္ခတွေ့မည်။ အဓိဋ္ဌာန်ပုတီးစိပ်၍ သတ် သတ်လွတ်စားပါ။ အနန္တောအနန္တငါးပါး မမေ့ပါနှင့်။

**ကံကောင်းအရောင်။** ။ စကားဝါရောင်၊ နို့သာရောင် ဝမ်းဆက်

**ကံညံ့အရောင်။** ။ အနီ၊ အနက်၊ အပြာ ရောယှက်ရောင် အားလုံးရှောင်ပါ။

**အချစ်ရေး။** ။ အစစအရာရာ အဆင်ပြေမည်။ လက်ထပ်ရန် မသင့်သေးပါ။

**အိမ်ထောင်ရေး။** ။ ဘာပဲလုပ်လုပ် လင်မယားနှစ်ဦး သဘောကွဲလွဲတတ်သည်။

**ထီထိုးရန်။** ။ (စ) ၅–၄၊ (ဆ) ၆–၃၊ (ဖ) ၈–၁။

**ယတြာ။** ။ အိမ်ဘုရားမှာ သစ်ကြားသီးကိုးလုံးနှင့် ရေသက်စေ့ကပ်လှူပါ။

BURMESE CLASSIC .com

**စနေ**

ယခုလအတွင်း ဘာသာရေး၊ သာသနာရေးလုပ်ငန်းဖြင့် ဂန္ဓာရီခရီးသွားလုပ်ငန်း အောင်မြင် မှုရမည်။ အိမ်ကိစ္စ၊ မြေကိစ္စ၊ ငွေကိစ္စ အရှုပ်အရှင်းပေါ်တတ်သည်။ ဘာပဲလုပ်လုပ် လုပ်ငန်း စီးပွားရေးသင့်၍ ကျန်းမာရေးကောင်းပြီး ပညာရေးတွင် ရာထူးလုပ်ငန်းတို့ တိုးတက်မှုရှိ မည်။ ရွှေ၊ ငွေ၊ စိန်၊ ရတနာကိစ္စ လူလိမ်လူကောက်တွေ့မည်။ သတိနှင့်ယှဉ် ဉာဏ်ဖြင့်မြင်ပါ။ ဗုဒ္ဓဂယာ ဘုရားဖူးသွားရကိန်းမြင်သည်။

**ကံကောင်းအရောင်။** ။ ဖက်ဖူးရောင်ထဲမှာ အနီကွက်စိပ်

**ကံညံ့အရောင်။** ။ အဖြူထဲမှာ အနက်ကွက်ကျဲရှောင်ပါ။

**အချစ်ရေး။** ။ လုံးဝမကောင်းပါ၊ ရှောင်ပါ။

**အိမ်ထောင်ရေး။** ။ တစ်သက်တာ ရာသက်ပန် ကံကောင်းတတ်သည်။

**ထီထိုးရန်။** ။ (က) ၆–၃၊ (ခ) ၆–၉၊ (ဂ) ၆–၃။

**ယတြာ။** ။ မွေးနံထောင့်မှာ ထီးနီ၊ ထီးဖြူ ငါးလက်စီ ကပ်လှူလိုက်ပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါ**

**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းဇေ**

**နက္ခတ်ဗေဒင် လက္ခဏာပညာ**



www.burmeseclassic.com